# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။ **ယမကဝဂ် (ဓမ္မပဒ - ၁၂)**


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၀၇)


# ကယားပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းသစ်များ ရရှိနေပြီဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က(၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)**

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား။**

ယနေ့ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ကျရောက်တဲ့ (၆၅)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခွင့်ရတဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ယနေ့ချိန်ခါဟာ ကယားပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမများရဲ့ နေ့ထူးနေ့မြတ်အဖြစ် အသိအမှတ်ပြုထားတဲ့ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ ကယားပြည်နယ်နေ့ ဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်း နေထိုင်ကြတဲ့ ကယားတိုင်းရင်းသားများ၊ နိုင်ငံတစ်ဝန်းလုံးမှာ ပျံ့နှံ့နေထိုင်လျက်ရှိကြတဲ့ ကယားတိုင်းရင်းသားများနှင့်တကွ ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း နေ့ထူးနေ့မြတ်ဖြစ်တဲ့ ကယားပြည်နယ်နေ့မှာ ဆုမွန်ကောင်းနဲ့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်နယ်နှင့် တိုင်းများ ဖွဲ့စည်းတည်ထောင်ရာမှာ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(၁)အရ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်အတွင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက်အက်ဥပဒေ (၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၂) ပုဒ်မ ၈ အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ

*စာမျက်နှာ ၃ ကော်လံ ၅*

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ချင်းတွင်းတံတား(ခန္တီး) တည်ဆောက်ရေးစီမံကိန်းကြည့်ရှု

လဟယ် ဇန်နဝါရီ ၁၄

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နှင့် လဟယ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။**

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးဝင်းခိုင်၊ ဒေါက်တာဝင်းမြတ်အေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့နှင့်အတူ ယနေ့ နံနက်ပိုင်းက နေပြည်တော်မှ ခန္တီးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်ပုံ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ခန္တီးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှု ခံယူနေကြသူများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ခန္တီးခရိုင်နှင့် နာဂဒေသသို့ ဆက်သွယ်တည်ဆောက်မည့် ချင်းတွင်းတံတား(ခန္တီး) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချင်းတွင်းမြစ်ဝှမ်းတစ်လျှောက်ရှိ လမ်းကွန်ရက်များနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လမ်းကွန်ရက်များအခြေအနေ၊ ချင်းတွင်းတံတား (ခန္တီး၊ ဟုမ္မလင်း၊ ကလေးဝ) တည်ဆောက်ရေးစီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၃ ကော်လံ ၁*





**တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ခန္တီးခရိုင်နှင့် နာဂဒေသသို့ ဆက်သွယ်တည်ဆောက်မည့် ချင်းတွင်းတံတား (ခန္တီး) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

ဆင်းကတ် မှတ်ပုံတင်ခြင်းများကို ဤနေရာများတွင် ဆောင်ရွက်ပေးနေပါပြီ။

MPT လက်လီအရောင်းဆိုင်များ
MPT အိတ်ချိန်းရုံးများ
MPT အမှတ်တံဆိပ်အရောင်းဆိုင်များ
သမဝါယမဘဏ် (သတ်မှတ်ဘဏ်ခွဲများ)
ကမ္ဘောဇဘဏ် (သတ်မှတ်ဘဏ်ခွဲများ)

MPT နယ်လှည့်ရှိုးပွဲများ
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ တက္ကသိုလ်များ
နိုင်ငံတစ်ဝှမ်းရှိ စာတိုက်များ
Bestone ဖုန်းဆိုင်များ

အသေးစိတ်သိရှိလိုပါက www.mpt.com.mm/mm/sim-registration-mm/ တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# အပြုသဘောဆောင် အကျိုးရှိစေမည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများ

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်မှာ အစိုးရသစ်၏ ဦးစားပေးဖော်ဆောင်နေသောလုပ်ငန်းများတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ယခင်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်၏ အဆက်အဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို ဩဂုတ်လကုန်တွင် ကျင်းပခဲ့ရာ NCA စာချုပ်ပါ သတ်မှတ်ချက်အရ ဒုတိယအကြိမ်ကို ယခုနှစ်ဖေဖော်ဝါရီလတွင် ကျင်းပရမည်ဖြစ်ပါသည်။

ယခုကြားကာလအတွင်း ပြင်ဆင်ဆောင်ရွက်နေသော ကိစ္စမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံတွင် ဆွေးနွေးဆုံးဖြတ်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတဟူ၍ ခေါင်းစဉ် ၅ ခု သတ်မှတ်ထားရာ လုံခြုံရေးကဏ္ဍကို ပြည်ထောင်စုအဆင့်တွင်သာ ဆွေးနွေးကြမည်ဖြစ်သည်။ ကျန်ကဏ္ဍ '၄' ခုကိုသာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ဆွေးနွေးရန်ဖြစ်ပါသည်။ ထိုအမျိုးသားအဆင့် ဆွေးနွေးပွဲများကို လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် '၃' မျိုးခွဲ၍ ဆွေးနွေးမည်ဖြစ်ရာ လူမျိုးအလိုက် ဆွေးနွေးပွဲများကို ကရင်ပြည်နယ်တွင် လည်းကောင်း၊ ဒေသအလိုက် ဆွေးနွေးပွဲများကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ အကြောင်းအရာအလိုက် ဆွေးနွေးပွဲများကို နေပြည်တော်နယ်မြေတွင် လည်းကောင်း ဆွေးနွေးကြမည်ဖြစ်သည်။

ယခုလိုဆွေးနွေးပွဲများကို ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တက်တက်ကြွကြွ ဆွေးနွေးနေကြသည်ကို အားတက်ဖွယ်ရာ တွေ့မြင်ရပါသည်။ ကရင်ပြည်နယ်တွင်း ဆွေးနွေးပွဲများတွင် အချက် '၆၀' ကျော်ပါ လူမှုရေးကဏ္ဍဆိုင်ရာ အခြေခံမူကြမ်းကို ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။ ၎င်းကဏ္ဍတွင် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDP) နယ်စပ်နှင့် တစ်ဖက်နိုင်ငံရောက် ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူငယ်အရေး၊ သက်ကြီးရွယ်အို၊ အမျိုးသမီးနှင့် ကလေး၊ မူးယစ်ဆေးဝါးစသည့် ခေါင်းစဉ်များပါဝင်သည်ဟု ဆိုပါသည်။ အဆိုပါ မူကြမ်းများအားလုံးကို ပြန်လည်စုစည်းပြီးနောက် ကဏ္ဍအားလုံးကို ဇန်နဝါရီလ ၁၈ ရက်မှ ၂၀ ရက်အထိ ဘားအံမြို့တွင် ကျင်းပမည့် နိုင်ငံတော်အဆင့် သတ်မှတ်ပေးသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် တင်သွင်းသွားမည်ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်ခရိုင်၊ ထားဝယ်ခရိုင်နှင့် ကော့သောင်းခရိုင်ဟူ၍ '၃' နေရာခွဲပြီး ကျင်းပရန်ရှိနေပါသည်။ မြိတ်ခရိုင် ဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၂ ရက်နေ့က စတင်ကျင်းပနေရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူးတို့ တက်ရောက်သည်ကိုလည်း တွေ့ရပါသည်။ မြိတ်ခရိုင်၏ ပထမနေ့ ဆွေးနွေးပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ အမျိုးသားတိုးတက်ရေးပါတီနှင့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)တို့က နိုင်ငံရေးနှင့် ပတ်သက်သောစာတမ်းများ ဖတ်ကြားခြင်း၊ အထွေထွေအကြောင်းအရာများ ဆွေးနွေးခြင်းပြုလုပ်ကြမှာဖြစ်သည်။ ထို့ပြင် စီးပွားရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများနှင့် ပတ်သက်၍လည်း ဆွေးနွေးကြမည်ဟု သိရသည်။

ဤသည်တို့မှာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အားတက်ဖွယ်ရာ ခြေလှမ်းများအဖြစ် တွေ့မြင်ကြရခြင်းဖြစ်ပါသည်။ ဤရက်ပိုင်းများအတွင်း မြန်မာပြည်မြောက်ဖျားဒေသများနှင့် ရှမ်းမြောက်ဒေသတို့တွင် သေနတ်သံများ ထွက်နေခဲ့သော်လည်း တစ်ဖက်တွင် ငြိမ်းချမ်းရေး ကော်မရှင်အကြံပေးအဖွဲ့နှင့် NCA လက်မှတ် မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များ ထိုင်းနိုင်ငံချင်းမိုင်တွင် တွေ့ဆုံနိုင်ခဲ့ကြသည်ကို တွေ့ရသည်။ ထိုဆွေးနွေးပွဲတွင် တိုင်းရင်းသားများဘက်မှ တင်ပြထားသော အချက် '၈' ချက်နှင့်ပတ်သက်၍လည်းကောင်း၊ မူဘောင်ပြန်လည်သုံးသပ်မှုအစီအစဉ်များအပြင် အပစ်အခတ် ရပ်စဲမှုစောင့်ကြည့်ရေး (JMC) ကိစ္စများပါ အလွတ်သဘောဆွေးနွေးခဲ့ရာ တိုးတက်မှုရှိခဲ့သည်ဟု သိရသည်။

ငြိမ်းချမ်းရေးသည် အားလုံးရည်မှန်းရာ ပန်းတိုင်ဖြစ်သည်သာမက တထစ်ချင်း လျှောက်လှမ်းရာဖြစ်စဉ်ကြီးတစ်ခုလည်းဖြစ်သဖြင့် မမိုတ်မသုန်သော မျှော်လင့်ချက်ထားပြီး လျှောက်လှမ်းကြရမည်သာဖြစ်ပါသည်။ ယခုသွားနေသော လမ်းကြောင်းမှာ NCA စာချုပ်၊ နိုင်ငံရေးမြေပုံပါ လမ်းကြောင်းအတိုင်းဖြစ်ရာ အားလုံးအတွက် လက်ခံနိုင်သော လမ်းကြောင်းပင်ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် မပါဝင်နိုင်သေးသည့် အဖွဲ့များအတွက်လည်း လက်ရှိအမျိုးသားအဆင့်ဆွေးနွေးပွဲများက NCA စာချုပ်တွင် ပါဝင်လာဖို့ အပြုသဘောဆောင်အကျိုးရှိစေမည့် ကိစ္စရပ်များဖြစ်လာမည်ဟု မျှော်လင့်ရပါကြောင်း တင်ပြရပါသည်။ ။




## မြန်မာနိုင်ငံစိတ်ပညာအသင်းမှ စိတ်ပိုင်းဆိုင်ရာ Basic Counselling Skills and Counselling for Behaviour Change သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံစိတ်ပညာအသင်းသည် အသုံးချစိတ်ပညာရပ်ဆိုင်ရာ ရက်တိုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် စိတ်ပိုင်းဆိုင်ရာ သင်တန်းတစ်ခုဖြစ်သော Basic Counselling Skills and Counselling for Behaviour Change သင်တန်းကို အထက်တန်းစိတ်ပညာရှင်ဆရာကြီး ဦးအုန်းလှိုင်နှင့် စိတ်ပညာဌာနမှ အငြိမ်းစားဆရာမကြီး ဒေါ်သက်ထားဝင်းတို့က ဟောပြောပို့ချမည်ဖြစ်သည်။

စိတ်ပါဝင်စား၍ တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံစိတ်ပညာအသင်း ရုံးခန်းအမှတ် (၂၁)၊ ၉ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၁၂၂၄၃၊ ၀၁-၂၃၀၆၈၆၁၊ ၀၉-၅၀၀၁၁၂၃ တို့သို့ ဆက်သွယ်၍ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရန်ကုန်တက္ကသိုလ်၌ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနနှင့်မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ပူးပေါင်းကျင်းပသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ စာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါစာတမ်းဖတ်ပွဲတွင် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ (အချိန်ပိုင်း) ပါမောက္ခ ဦးကျော်ဝင်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် "ပျူ" မြို့ဟောင်းများ ခေါင်းစဉ်ဖြင့် စာတမ်းကို မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်စန္ဒာခင်က လည်းကောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာနိုင်ငံတွင်းဘုရားဖူးခြင်း ဓလေ့ခေါင်းစဉ်ဖြင့် ကိုရီးယားနိုင်ငံ Fusan University of Foreign Studies မှ တွဲဖက်ပါမောက္ခ ဒေါက်တာမျိုးဦးကလည်းကောင်း၊ ပျူခေတ်မှသည် ယနေ့ထက်တိုင် ရှင်သန်နေဆဲဖြစ်သော မြန်မာ့ဆိုင်းဝိုင်း ခေါင်းစဉ်ဖြင့် ရန်ကုန် တက္ကသိုလ် မနုဿဗေဒဌာနမှ ကထိက ဒေါက်တာကေသီထွန်းက လည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကြေးမောင်း ခေါင်းစဉ်ဖြင့် မန္တလေးတက္ကသိုလ် မနုဿဗေဒဌာနမှ ကထိက ဒေါက်တာလဲ့ရွှေစင်မြင့်ကလည်းကောင်း၊ ထင်ရှားကျော်ကြား သော ပုဂံရှေးဘုန်းတော်ကြီးကျောင်းများရှိ လူမှုရေးနှင့် ဘာသာရေးဆိုင်ရာလှုပ်ရှားမှုများအပေါ် တန်ဖိုးထားမှု



ခေါင်းစဉ်ဖြင့် ရတနာပုံတက္ကသိုလ် မနုဿဗေဒဌာနမှ ပါမောက္ခဒေါက်တာ လွင်လွင်မွန်ကလည်းကောင်း၊ ရှမ်းတို့ အမွေမိုင်းမောမြေ ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ကထိကဒေါ်လှမော်က လည်းကောင်း၊ တောင်ကြီး တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှတွဲဖက်ပါမောက္ခ ဒေါက်တာအေးအေးအောင်က လည်းကောင်းစာတမ်းများကို ဖတ်ကြားခဲ့ကြသည်။

စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ (အချိန်ပိုင်း) ပါမောက္ခ ဦးကျော်ဝင်း၊ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှပါမောက္ခ (ဌာနမှူးဒေါက်တာမြမြခင်၊ ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါက်တာတင်အောင်ချစ်တို့က အလှည့်ကျ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ-ထိန်လင်း**

## သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးမည်

**သီပေါ ဇန်နဝါရီ ၁၄**

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏ဩဝါဒခံယူလျက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တပညာသီရိအရှင်သူမြတ်၏ ကြီးကြပ်မှုဖြင့် (၃၇) ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား ဇန်နဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိသီပေါ သီတဂူစက္ခုဒါနဆေးရုံ၌ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ပြီး ဝေဒနာရှင်များအနေဖြင့် စတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီးဆရာတော်က မိန့်ကြားသည်။

ဆေးကုသမှုခံယူကြမည့် မျက်စိဝေဒနာရှင်များအနေဖြင့် ရပ်ဝေးရပ်နီးမည်သည့်ဒေသမှမဆို လူမျိုးဘာသာမရွေးအခမဲ့ လာရောက်ကုသမှုခံယူနိုင်ပြီး မျက်စိဝေဒနာရှင်များအတွက် တည်းခိုနေထိုင်ရန်စီစဉ်ထားရှိကာ မဟာမြတ်မုနိဘုရားကြီး ဆရာတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ရေးအတွက် ကုသိုလ်ပါဝင်ကြမည်ဖြစ်သည်။

လုပ်အားဒါန၊ ငွေကြေးဒါန၊ ပညာဒါနများပါဝင် ကုသိုလ်ယူလှူဒါန်းလိုပါက သီတဂူစက္ခုဒါန ဆေးရုံတော်ဖုန်း ၀၉-၅၂၇၈၁၇၃ ထံဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၄-၁-၂၀၁၇

**ခင်ရတနာ-စုစည်းသည်။**

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၆ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၃ · ၃၁ |
| ထိုင်း | တစ်ဘတ် | ၃၇ · ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၇၃ |
| တရုတ် | တစ်ယွမ် | ၁၉၄ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀ · ၃၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်သမ္မတ ဦးထင်ကျော် လဟယ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လမ်း၊ တံတားအခြေအနေများကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့သို့ ရောက်ရှိကြရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ဂုဏ်ပြုဝတ်ဆင်ပေး**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား စာရာမေရိရိပ်သာ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နာဂရိုးရာဝတ်စုံများကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မာလာတောင် အားကစားခန်းမ၌ လဟယ်မြို့ရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းနှင့် အဖွဲ့ဝင်များ၊ နာဂရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်းက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသ၏အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍများနှင့် စပ်လျဉ်း၍ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**လိုအပ်ချက်များ ရှင်းလင်းတင်ပြ**

ထို့နောက် လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်နှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီနာယက ဦးယားပေါ်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က နာဂဒေသ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။

**ချမှတ်ဆောင်ရွက်**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နာဂဒေသ၏ လိုအပ်ချက်များကို အလေးအနက်ထား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍများအလိုက် ဖြည့်ဆည်းပေးနိုင်သည်များကို ရေတိုရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကျောင်းအဆင့်တိုးမြှင့်ရေး၊ လိုအပ်သည့် ဆရာ ဆရာမ အင်အားဖြည့်တင်းရေးနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးသွားမည်**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နာဂဒေသအတွက် ဆန်အိတ် ၆၀၀၀၊ သွပ်အချပ် ၈၀၀၀ ၊ ခြုံစောင် ၁၂၀၀ နှင့် နေအိမ် ၁၅၀ အတွက် ဆိုလာမီးအိမ်များ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ချင်းတွင်းမြစ်ကူးတံတား(ခန္တီး) တည်ဆောက်မှုအခြေအနေ၊ ဆင်သေ- လဟယ်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးမည့်အခြေအနေ၊ လဟယ် - နန်းယွန်းလမ်းနှင့် လေရှီး- လဟယ်လမ်း ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နာဂဒေသအတွင်း ဆရာဝန်၊ ကျန်းမာရေးမှူး၊ သားဖွားဆရာမ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးမည့်အခြေအနေ ၊ ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်းများနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထောက်ပံ့ဖြည့်ဆည်းပေးနိုင်မည့်အခြေအနေ၊ ကာကွယ်ဆေးများ ဖြန့်ဝေပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက နာဂဒေသအတွင်း လူမှုဝန်ထမ်းနည်းလမ်းနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများဖြင့် ကူညီစောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လဟယ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသူများအား အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

**(သတင်းစဉ်)**

# စနစ်သစ် ဘတ်စ်ကားပြေးဆွဲမှု လမ်းကြောင်းပြခရီးစဉ်နှင့် မြေပုံ အခမဲ့ဖြန့်ဝေမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့တော်၏ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ဘတ်စ်ကားပြေးဆွဲမှု စနစ်သစ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်မည်ဖြစ်ရာ ဘတ်စ်ကားစီး ခရီးသည်များ အခက်အခဲမကြုံတွေ့စေရန် ဘတ်စ်ကားမှတ်တိုင်များ၌ ယာဉ်လိုင်းနံပါတ်နှင့် လမ်းကြောင်းခရီးစဉ်များပြ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်လျက်ရှိသည်။ ထို့အတူ ခရီးသွားပြည်သူများအတွက် စနစ်သစ်အရ ပြေးဆွဲမည့်ယာဉ်လိုင်းလမ်းကြောင်းများကို မြန်မာဘာသာဖြင့် ရေးသားထားပြီး မြေပုံများပါဝင်သည့် လမ်းညွှန်လက်ကမ်းစာစောင်များကို ဇန်နဝါရီ ၁၅ ရက်ညမှစတင်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ မြို့နယ်အလိုက် တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များမှတစ်ဆင့် အခမဲ့ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်အတည်ပြုချက်ရယူပြီး တယ်လီနော(မြန်မာ)၏ ပံ့ပိုးကူညီမှုဖြင့် DPS က မြေပုံထုတ်ယူ ရိုက်နှိပ်မည်ဖြစ်ကြောင်း DPSမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ ပထမအသုတ် စောင်ရေနှစ်သိန်းကို နယူးပရင့်စ်သတင်းစာစက္ကူသားဖြင့် ရိုက်နှိပ်ကာ ဒုတိယအသုတ် စောင်ရေသုံးသိန်းကို ပိုမိုကောင်းမွန်စေရန် ဝူဖရီစက္ကူသားဖြင့် ရိုက်နှိပ်ပြီး ခုနစ်ရက်အတွင်း အခမဲ့ပေးဝေမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ စီးပွားရေးသမားအချို့က ယာဉ်လိုင်း ၆၁ လိုင်း၏ ခရီးစဉ်များကို ရေးသားဖော်ပြထားသည့် လက်ကမ်းစာရွက်များကို ငွေကျပ် ၁၀၀ ကျပ်၊ ၂၀၀ တို့ဖြင့် ရောင်းချလျက်ရှိရာ ဖတ်ရှုသူတို့အဖို့ ရှင်းလင်းခြင်းမရှိကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က အတည်ပြုထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။

**အောင်သူရ**

✪ ရှေ့ဖုံးမှ

“ကရင်နီပြည်နယ်”ဆိုတဲ့ စကားရပ်ပါရှိတဲ့ နေရာတိုင်းမှာ အဲဒီစကားရပ်အစား “ကယားပြည်နယ်” ဆိုတဲ့ စကားရပ်ကို ထည့်သွင်းရမယ်လို့ ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီလို ကရင်နီပြည်နယ်မှ ကယားပြည်နယ်သို့ ပြောင်းလဲခေါ်တွင်တဲ့ ပထမဦးဆုံးသော “ကယားပြည်နယ်နေ့” အခမ်းအနားကို ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့မှာ စတင်ကျင်းပခဲ့တဲ့အတွက် ဒီနှစ်ဆိုရင် (၆၅)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား။**

သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ကယားပြည်နယ်မှာ ကယားမျိုးနွယ်စုဝင် (၉) မျိုးအပြင် အခြားတိုင်းရင်းသားများလည်း ရှေးပဝေသဏီကတည်းက ချစ်ခင်ရင်းနှီးစွာ နေထိုင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအကြား သံသယများကြောင့် ပဋိပက္ခများ ဆယ်စုနှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့တဲ့အတွက် မြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှာ အိမ်နီးချင်းနိုင်ငံများထက် နောက်ကျခဲ့ရပါတယ်။ ဒါကြောင့် မိမိတို့ အစိုးရသစ်အနေနဲ့ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည်မျှော်လင့်တောင့်တခဲ့ရတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးနိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို စတင်အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်စက်ရုံများဟာ နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာမှာ အဓိကကျတဲ့ စက်ရုံများအဖြစ် နှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပြီး သဘာဝလျှိုမြောင်၊ တောတောင်၊ ရေတံခွန်စိမ့်စမ်းတွေနဲ့ သာယာလှပတဲ့ ပြည်နယ်ဖြစ်တဲ့အတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်း မြှင့်တင်ပေးနိုင်ဖို့ အလားအလာကောင်းတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား။**

ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများဟာ ခက်ခဲကြမ်းတမ်းတဲ့ခရီးလမ်းကို ကာလကြာရှည်စွာ ဖြတ်သန်းခဲ့ကြရပါတယ်။ တိုင်းရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ယုံကြည်မှုအားနည်းခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့တဲ့နေရာမှာ တိုင်းရင်းသားအများစုနေထိုင်ရာ ဒေသတွေဟာ ထိခိုက်မှုအခံခဲ့ရဆုံးဖြစ်ပါတယ်။ နှစ်ပေါင်းများစွာအတွင်း မျိုးဆက်အလိုက် လူငယ်များရဲ့ အနာဂတ်တွေ ဆုံးရှုံးခဲ့ရပါတယ်။ ဒါပေမယ့် ဒီနေ့ဒီချိန်ခါမှာ ကယားပြည်နယ်အတွင်း သေနတ်သံ၊ ဗုံးသံတွေ တိတ်သလောက်

**‘ပြည်ထောင်စုရဲ့ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်း အဖြေရှာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် မိမိတို့အားလုံး မျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အခြေခံမူဝါဒများ ထွက်ပေါ်လာမယ်လို့ အခိုင်အမာယုံကြည်ထား’**

ဖြစ်နေပါပြီ။ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လာခြင်းကြောင့် ပြည်နယ်သူ၊ ပြည်နယ်သားတွေအနေနဲ့ ငြိမ်းချမ်းရေးရဲ့အရသာကို စတင်ခံစားကြရပြီဖြစ်သလို ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းသစ်များလည်း ရရှိနေပြီဖြစ်ပါတယ်။ အခုလို သေနတ်သံတွေရပ်နိုင်ရာက ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးဖြစ်ဖို့အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး လက်တွဲပါဝင်ဖို့လိုပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် တည်ဆောက်ရာမှာ တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ဖော်ဆောင်နိုင်ရေးဟာ အထူးအရေးကြီးလှပါတယ်။ ပြည်ထောင်စုရဲ့ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကတစ်ဆင့် မိမိတို့အားလုံး မျှော်မှန်းတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် အခြေခံမူဝါဒများ ထွက်ပေါ်လာမယ်လို့ အခိုင်အမာယုံကြည်ထားပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ တက်ကြွစွာပါဝင်ခဲ့သလို ငြိမ်းချမ်းရေးခရီးလမ်းကို သတ္တိရှိရှိ၊ အမြော်အမြင်ပြည့်ပြည့်ဝဝနဲ့ လျှောက်လှမ်းခဲ့ကြတဲ့ ကယားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးအနေနဲ့ ရှေ့ဆက်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့မှာ စုစည်းညီညွတ်တဲ့ စွမ်းပကားနဲ့ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါ၊ မိမိတို့ခေတ်အတွက်သာမက အနာဂတ်မှာပါ ပြည်နယ်ခေတ်မီတိုးတက်သာယာလှပစေရေးအတွက်ပါ ကြိုးပမ်းတည်ဆောက်သွားကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း သဝဏ်လွှာပေးပို့လိုက်ပါတယ်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**

# ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်များအတွက်ပါ စိတ်ဝင်စားစရာ နေရာတစ်ခုဖြစ်လာမည့် စနေ- တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း

**သတင်း - မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ - ဇော်မင်းလတ်**


ဦးနေမျိုးညွန့် (စာအုပ်လမ်း ကြီးကြပ်ကော်မတီဥက္ကဋ္ဌ)


ဦးနေစေး (နေစေးစာပေဖြန့်ချိရေး)


ဇကလေး (စာရေးဆရာ)


ဦးစိုးဝင်း (အိပ်မက်ရိပ်စာပေ)


မအိဇင်ထွန်း

**ရန်ကုန် ဇန်နဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် စနေ - တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်း၌ ယနေ့နံနက်ပိုင်းမှစတင်ကာ စာအုပ်လာရောက်ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့ အတွင်းဝန်များရုံး (ဝန်ကြီးများရုံး)ရှေ့ လမ်းတစ်ဖက်စီနှင့် အနော်ရထာလမ်း ဗဟိုပုံနှိပ်စက်ရုံဘေးတို့၌ စာအုပ်ဆိုင်ခန်းများဖြင့် ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

ထောက်ကြံ့မြို့နယ်မှ စာအုပ်လာရောက်ဝယ်ယူသူ မအိဇင်ထွန်းက "အရင်က စာအုပ်ဝယ်မယ်ဆို တစ်နေရာဆီ လိုက်ရှာဝယ်နေရတယ်၊ သွားပြန်တော့လည်းမရှိတာက များတယ်၊ ဒီလိုတစ်နေရာတည်းမှာ စာအုပ်မျိုးစုံရောင်းတော့ ဝယ်ယူသူတွေအနေနဲ့ တော်တော်အဆင်ပြေတယ်။ ကိုယ်လိုချင်တဲ့ စာအုပ်တွေကိုလည်း တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ဝယ်လို့ရတယ်၊ အချိန်လည်း မကုန်တော့ဘူး"ဟု ပြောသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းသည် ပြည်တွင်းစာပေဝါသနာရှင်များသာမက နိုင်ငံခြားသား ခရီးသွားဧည့်သည်များအတွက်ပါ စိတ်ဝင်စားစရာ နေရာတစ်ခုဖြစ်လာကြောင်း စနေ-တနင်္ဂနွေ စာအုပ်လမ်း ကြီးကြပ်ကော်မတီမှ သိရသည်။

"ဒီနေရာလေးက ဝန်ကြီးများရုံးကလည်း ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံ၊ ပုံနှိပ်စက်ရုံကလည်း ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံနှစ်ခုကြားမှာ ဖွင့်ထားတာဆိုတော့ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေအတွက် စိတ်ဝင်စားစရာ နေရာတစ်ခု ဖြစ်လာနိုင်တယ်။ ပြည်တွင်းမှာရှိတဲ့ သူတွေအတွက်လည်း သွားစရာနေရာလေးတစ်ခု ဖြစ်လာမယ်"ဟု စနေ-တနင်္ဂနွေ စာအုပ်လမ်း ကြီးကြပ်ကော်မတီဥက္ကဋ္ဌ ဦးနေမျိုးညွန့်က ပြောကြားသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် စာအုပ်စာပေရောင်းချသည့် ဆိုင်ခန်းများအပြင် ပန်းချီကားဆိုင်၊ အမှတ်တရ လက်ဆောင်ပစ္စည်း ရောင်းချသည့်ဆိုင်များလည်း ဖွင့်လှစ်ရောင်းချလျက်ရှိရာ ယခုအခါ ဆိုင်ခန်းပေါင်း ၁၇၀ ကျော်ခန့် ရှိပြီဖြစ်ကြောင်း စနေ-တနင်္ဂနွေ စာအုပ်လမ်း ကြီးကြပ်ကော်မတီမှ သိရသည်။


ဇန်နဝါရီ ၁၄ ရက်က ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ **Yangon Books Street** စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းရှိ စာအုပ်အရောင်းဆိုင်၌ စာပေချစ်မြတ်နိုးသူများ ကြည့်ရှုလေ့လာ ဝယ်ယူနေကြစဉ်

"ဒီနေရာလေးက စာအုပ်ဆိုင်တွေအတွက် အဆင်ပြေပါတယ်။ တစ်ပတ်ကို နှစ်ရက်ဆိုပေမယ့် အပတ်တိုင်းရောင်းရရင်တော့ လူသိများလာမှာပါ။ စာအုပ်ဈေးတန်းတွေက ပျောက်ကွယ်ကုန်ပြီ၊ စာအုပ်အငှားဆိုင်တွေကလည်း တဖြည်းဖြည်းနဲ့ မရှိတော့ဘူး။ ဒီလိုလုပ်ပေးတဲ့အတွက် စာအုပ်ရောင်းတဲ့သူတွေအတွက် အဆင်ပြေတယ်။ ရောင်းအားကတော့ အသင့်အတင့်ပဲရှိသေးတယ်"ဟု နေစေးစာပေမှ ကိုနေစေးက ပြောသည်။

ထို့အတူ အိပ်မက်ရိပ်စာပေမှ ဦးစိုးဝင်းက "ဒီတစ်ပတ်မှ စဖွင့်တယ်၊ ဝယ်သူအတွက်ရော ရောင်းသူအတွက်ပါ ဒီနေရာလေးက အဆင်ပြေတယ်။ နယ်က စာအုပ်လာဝယ်တဲ့သူတွေ အတွက်ဆို စာအုပ်စုံစုံလင်လင် ရသွားတော့ ပိုအဆင်ပြေတာပေါ့။ ဖွင့်ခါစဆိုတော့ ရောင်းအားက သိပ်မတက်သေးဘူး"ဟု ပြောသည်။

စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို ဇန်နဝါရီ ၇ ရက် (စနေနေ့)နှင့် ဇန်နဝါရီ ၈ ရက် (တနင်္ဂနွေနေ့)တို့တွင် စတင်ဖွင့်လှစ်ခဲ့ကာ ယခုအခါ ဒုတိယအပတ် စနေ၊ တနင်္ဂနွေ ဖွင့်လှစ်ခြင်းဖြစ်ပြီး လာမည့် စနေ၊ တနင်္ဂနွေ ရက်များတွင်ဖွင့်လှစ်မည့် စာအုပ်ဈေးတန်းတွင် စာအုပ်ဆိုင်များအပြင် ကာတွန်းပြပွဲများနှင့် တခြားစိတ်ဝင်စားဖွယ်အစီအစဉ်များလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။



## မြစ်ပြင်ကျဉ်းမြောင်းမှုကြောင့် ရေယာဉ်များ ဆိပ်ကမ်းပြောင်းရွှေ့ဆိုက်ကပ်

**မန္တလေး ဇန်နဝါရီ ၁၄**

ရေနည်းရာသီသို့ ရောက်ရှိလာသဖြင့် မန္တလေးဒေသအတွင်းရှိ ဧရာဝတီမြစ်ရေပြင် ကျဉ်းမြောင်းလာမှုကြောင့် မန္တလေးဆိပ်ကမ်းတွင် ကုန်တင်/ကုန်ချ ပြုလုပ်ရန် ဆိုက်ကပ်ထားသော ရေယာဉ်အချို့မှာ ရွှေကြက်ယက်ဆိပ်ကမ်း၌ ပြောင်းရွှေ့ဆိုက်ကပ်မှုများ ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အဓိကအချက်အချာဖြစ်သော ဧရာဝတီမြစ်အထက်ပိုင်းတွင် ယခုရာသီမှာ ရေနည်းရာသီရောက်ရှိနေသဖြင့် ဂေါဝိန်ဆိပ်ကမ်းနှင့် မရမ်းခြံဆိပ်ကမ်းတို့၌ ဆိုက်ကပ်သည့် ရေယာဉ်များက ယင်းနေရာသို့ ပြောင်းရွှေ့ဆိုက်ကပ်ကြခြင်းဖြစ်သည်။

"ရေယာဉ်တွေ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ဖို့ ပြောင်းရွှေ့ဆိုက်ကပ်ကြတယ်။ ကုန်တင်ယာဉ်တွေ အများဆုံးဆိုက်ကပ်တာဖြစ်လို့ တစ်စီးနဲ့တစ်စီး ထိခိုက်မှုမဖြစ်အောင် ကုန်တင်/ကုန်ချဖို့ အလုပ်မကျသေးတဲ့ သင်္ဘောတွေက ရေပြင်ကျယ်တဲ့ ဒီနေရာမှာ ယာယီပြောင်းရွှေ့ဆိုက်ကပ်ကြတယ်"ဟု ကုန်တင်ရေယာဉ်တွဲပိုင်ရှင် ကိုလင်းက ပြောကြားသည်။

ဧရာဝတီမြစ်ကြောင်းတွင် မန္တလေး-ရန်ကုန် ရေယာဉ် ၂၀၀ ကျော်၊ မန္တလေး-ဗန်းမော် ပြေးဆွဲသည့် ရေယာဉ် ၃၀ ကျော်ရှိသည့်အပြင် မရမ်းခြံဆိပ်ကမ်း၌ ဆိုက်ကပ်ထွက်ခွာသည့် နိုင်ငံခြားသား ပို့ဆောင်ရေးရေယာဉ်များလည်းရှိသဖြင့် ဆိပ်ကမ်းကျပ်တည်းမှုမရှိရန်နှင့် အန္တရာယ်ကင်းစွာ ဆိုက်ကပ်ထွက်ခွာနိုင်ရန် ယခုကဲ့သို့ ပြောင်းရွှေ့ဆိုက်ကပ်ကြကြောင်း သိရသည်။

"မြစ်ပြင်က ဒီအချိန်မှာ ကျဉ်းသွားတာကြောင့် ကုန်တင်ရေယာဉ်ကြီးတွေက ကုန်တွေချပြီးတာနဲ့ သွားစရာနေရာမရှိတာရယ်၊ မန္တလေးဆိပ်ကမ်းမှာလည်း နေရာမရှိတော့ သူတို့သဘောနဲ့ အဆင်ပြေအောင် ရပ်နားကြတာပါ။ သွားလာနေတဲ့ ရေကြောင်းလမ်းကို ပိတ်ရပ်နားလို့တော့ မရဘူး"ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောကြားသည်။

ရေနည်းရာသီဖြစ်၍ မန္တလေးဆိပ်ကမ်း၌ ဆိုက်ကပ်နေရာကျပ်တည်းမှုရှိနေပြီး ရွှေကြက်ယက်ဆိပ်ကမ်း၌ ဆိုက်ကပ်သည့် ရေယာဉ်များသည် တံတားနှင့် လွတ်ကင်းသည့် နေရာတွင် ဆိုက်ကပ်ရပ်နားရန်လိုကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# စာကြည့်တိုက်သို့ စာဖတ်သူမလာရောက်နိုင်လျှင် မိမိတို့က စာဖတ်သူထံသွားရောက်၍ စာအုပ်စာစောင်များ ငှားရမ်းပေးသည့် ဝန်ဆောင်မှုစနစ်ကို ဆောင်ရွက်ပေးရမည်

**ညောင်ဦး ဇန်နဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဇန်နဝါရီ ၁၄ ရက်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးခရိုင်ရုံးစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများနှင့်တွေ့ဆုံကာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအသိပညာမြင့်မားရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ရုံးစာကြည့်တိုက်များအား အများပြည်သူ အကျွမ်းဝင်သည့်နေရာ၊ အများပြည်သူအား အကျိုးပြုသည့်နေရာ၊ အများပြည်သူ အသိပညာရှာမှီးနိုင်သည့် နေရာများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် စာကြည့်တိုက်သို့ စာဖတ်သူမလာရောက်နိုင်လျှင် မိမိတို့က စာဖတ်သူထံသွားရောက်၍ စာအုပ်စာစောင်များ ငှားရမ်းပေးသည့် ဝန်ဆောင်မှုစနစ်ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကလေးများအား စာပေဖတ်ရှုရုံသာမက ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်စေမည့်၊ ပျော်ရွှင်တက်ကြွစေမည့်ကစားနည်းများကိုပါ စီစဉ်ဆောင်ရွက်ပေးစေလိုကြောင်း၊ သို့မှသာ ကလေးများက စာကြည့်တိုက်တွင်ပျော်ပြီး စာကြည့်တိုက်သို့ လာရောက်ကြမည်ဖြစ်ကြောင်း ၊ ထို့ပြင် မိမိဒေသက ထွက်ရှိသည့်ပစ္စည်းများ၊ စာပေယဉ်ကျေးမှုအမွေအနှစ်လက်ရာပစ္စည်းများကို စုဆောင်း၍ ပြတိုက်ငယ်များသဖွယ်လည်း ခင်းကျင်းပြသဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့ရုံးစာကြည့်တိုက်ကို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူမှုအခြေပြုဗဟိုဌာန (Community Centre)များ ပေါ်ပေါက်လာအောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားခဲ့သည် ။

**(ခရိုင် ပြန်/ဆက်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ညောင်ဦးခရိုင်ရုံးစာကြည့်တိုက်၌ ကြည့်ရှုစစ်ဆေးစဉ်

*❍ ကျော့ဖုံးမှ*

မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့မှ သွားလာရေးခက်ခဲသောဒေသများရှိ ကျောင်းများမှ ဆရာမများအား ၎င်းတို့၏နေရပ်ဒေသများသို့ပြောင်းရွှေ့ခွင့်ပြုခဲ့ရာ မောင်တောမြို့နယ်အတွင်း လစ်လပ်သွားသောနေရာတွင် ခန့်ထားသည့် အသက်(၃၅)နှစ်အောက် နေ့စားလပေးမူလတန်းပြဆရာလောင်း ၂၈၈ ဦးအား ပြည်နယ်ပညာရေးမှူးက ယနေ့တွင် တွေ့ဆုံ၍ သြဝါဒအမှာစကားပြောကြားခဲ့သည်။

နေ့စားလပေးကျောင်းဆရာအဖြစ် မောင်တောမြို့နယ် တရင်းကျေးရွာအမကတွင် တာဝန်ကျသည့် ဆရာ ဦးအေးထွန်းက “မောင်တောဒေသမှာရှိတဲ့ ဒေသခံကလေးတွေရယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ကလေးတွေကို သူတို့ရဲ့ ရှေ့အနာဂတ်အတွက် ပညာတတ်တွေဖြစ်အောင်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကိုယ်တတ်ထားတဲ့ပညာကို ပြန်လည်မျှဝေသင်ကြားပေးနိုင်တဲ့ ကျောင်းဆရာအဖြစ် တစ်ထောင့်တစ်နေရာကနေ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ကျောင်းဆရာဆိုတာကတော့ မည်သည့်လူမျိုးဖြစ်စေ မသိနားမလည်တဲ့ ကလေးတွေကို စာသင်ရမယ့် တာဝန်ရှိပါတယ်။ အဲဒီကလေးတွေကို ပညာရေးဘက်မှာ ထူးချွန်အောင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ သင်ကြားပေးသွားမှာပါ”ဟု ပြောသည်။



နေ့စားလပေးခန့်အပ်ခံရသည့် ကျောင်းဆရာများကို တွေ့ရစဉ် — ဓာတ်ပုံ - သီဟစည်သူ

## ကျောက်ပန်းတောင်းမြို့နယ် သင်ပေါင်းကျေးရွာ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆိုလာမီးအိမ်များ လှူဒါန်း

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျောက်ခွက်ကျေးရွာအုပ်စု သင်ပေါင်းကျေးရွာအိမ်ထောင်စုများအတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် ဆိုလာမီးအိမ်များပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁၂ ရက်က အဆိုပါကျေးရွာရှိ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းဝင်းအတွင်း ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ဆိုလာမီးအိမ်များ ပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်နှင့် ဦးမျိုးဆွေဦးတို့က အမှာစကားပြောကြားခဲ့ကြသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဆိုလာမီးအိမ်များကို အိမ်ထောင်စုအလိုက် ပေးအပ်ကြသည်။ ထို့နောက် သင်ပေါင်းကျေးရွာခွဲတာဝန်ခံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျောက်ခွက်ကျေးရွာအုပ်စု သင်ပေါင်းကျေးရွာ၌ အိမ်ထောင်စု ၈၈ စုရှိရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆိုလာမီးအိမ် ၈၈ ခုပေးအပ်လှူဒါန်းခဲ့သည့်အတွက် ကျေးရွာနေပြည်သူများ နေရောင်ခြည်စွမ်းအင်သုံးမီးအလင်းရောင်ရယူသုံးစွဲနိုင်ကြသဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# လှိုင်သာယာမြို့နယ်ရှိ မူလတန်းကျောင်းများ၌ သန့်စင်ခန်းများဆောက်ပေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေပြီး သန့် ရှင်းသော အလေ့အထကောင်းများရရှိစေရန်ရည်ရွယ်၍ လှိုင်သာယာမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများ၌ သန့်စင်ခန်းများ ဆောက်လုပ်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း International Cultural Charity Group ၏ ဥက္ကဋ္ဌဖြစ်သူ စင်ကာပူသံအမတ်ကြီး၏ဇနီး မစ္စစ် ဟီဆာယိုချွားက ပြောသည်။

“ကျောင်းတွေမှာ ကလေးတွေရဲ့ကျန်းမာရေးအလေ့အကျင့်ကောင်းတွေတိုးတက်ဖို့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်မတို့ ကိုယ်တိုင်ကျောင်းတွေကိုသွားရောက်ပြီး သန့်စင်ခန်းတွေကို သန့်ရှင်းရေးပြုလုပ်ပုံနဲ့ စနစ်တကျလက်ဆေးနည်းတွေကို သင်ကြား ပြသပေးသွားမှာဖြစ်ပါတယ်” ဟု မစ္စစ် ဟီဆာယိုချွားက တော်ဝင်စင်တာ၌ ယနေ့ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

အဆိုပါ ပရဟိတအဖွဲ့အစည်းသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀ ကျော်ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အခြေစိုက် သံရုံးအသီးသီးရှိ သံအမတ်ကြီးများ၏ဇနီးများ၊ အမျိုးသမီးသံအမတ် သံအရာရှိများ၊ သံတမန်အဖွဲ့အစည်းများနှင့် ဖွဲ့စည်းထားသော ပရဟိတအဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

ယင်းပရဟိတအဖွဲ့အစည်းအနေဖြင့် လှိုင်သာယာမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများသို့ သန့်စင်ခန်းများဆောက်လုပ်ပေးရန် လိုအပ်သည့်ရန်ပုံငွေအတွက် လာမည့်ဖေဖော်ဝါရီ ၉ ရက်တွင် ဆူးလေရှန်ဂရီလာဟိုတယ်၌ Valentine Gala Ball အခမ်းအနားတစ်ရပ်ကိုလည်း ကျင်းပသွားရန် စီစဉ်ထားကြောင်း၊ ယင်းရန်ပုံငွေပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လက်မှတ်ရေးထိုးပေးထားသည့် တီရှပ်တစ်ထည်ကိုလည်း လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း၊ အလှူရှင်များအနေဖြင့် ယင်းပရဟိတပွဲတွင်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ်အတွင်း မူလတန်းကျောင်းများအတွက် တည်ဆောက်ပေးမည့်အစီအစဉ်တွင် သန့်စင်ခန်း၊ ရေတိုင်ကီ၊ ရေတွင်း၊ ကလေးများအတွက် လက်ဆေးရန်နေရာများ ပါဝင်ကြောင်း၊ မတ်လတွင်တည်ဆောက်ရေးလုပ်ငန်းများစတင်မည်ဖြစ်ကြောင်း ယင်းပရဟိတအဖွဲ့မှ အကြံပေးအရာရှိ ဒေါ်မြတ်ကေသီက ပြောသည်။

ယင်းပရဟိတလုပ်ငန်းအတွက် ကနဦးရန်ပုံငွေအဖြစ် တော်ဝင်ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကိုကိုထွေးက ငွေကျပ်သိန်း ၃၀၀ လှူဒါန်းပေးခဲ့ကြောင်းလည်း သိရသည်။ သံအမတ်ကြီးများ၏ ဇနီးများအနေဖြင့် ကလေးများ လက်ဆေးခြင်းအလေ့အထနှင့်သန့်စင်သော လူ့ပတ်ဝန်းကျင်ကောင်းများ ရရှိစေရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

ယင်းပရဟိတအဖွဲ့သည် ယမန်နှစ်က သာယာဝတီတွင် သိန်း ၄၀၀ ကျော်တန်ဖိုးရှိ ကျောင်းတစ်ကျောင်းဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**




## အအေးပိုနေမည်

**နေပြည်တော် ဇန်နဝါရီ ၁၄**

မနက်ဖြန်ညနေအထိခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အအေးပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဘဘရဲ့ မှာတမ်းလေး ခြွေခဲ့ရရင် (၄)

**ဘဘထွန်း**

**ငြိမ်းချမ်းရေးကော်မရှင်နဲ့ NCA လက်မှတ်မရေးထိုးသေးတဲ့ ညီညွတ်တဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖက်ဒရယ်ကောင်စီ (UNFC) နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (DPN) တို့အကြား တွေ့ဆုံညှိနှိုင်းပွဲတွေကို ငြိမ်းချမ်းရေးဗဟိုဌာန (ရန်ကုန်) မှာ ကျင်းပခဲ့ကြတာကို ၁၁ - ၁၁ - ၂၀၁၆ ရက်နေ့ ကြေးမုံသတင်းစာမှာ ဖတ်လိုက်မိတယ်။**

EAOS တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ အားလုံးမပါဝင်တာ အဓိကပြဿနာလို့ တိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးက ဆိုပါတယ်။ မှန်ပါတယ်။ နှစ်ပေါင်း ၇၀ လောက် ပြဿနာဟာ အားလုံးခံစားနေကြရပါတယ်။ အသက်တွေ ဆုံးရှုံးကြရတယ်၊ ဒုက္ခိတတွေဖြစ်ကြရတယ်။ ပြည်သူတွေ တောတောင်၊ သစ်ပင်တွေအောက် သွားခိုနေကြရတယ်။ သူများနိုင်ငံမှာ သွားခိုကြရတယ်။

ဘဘပြောပြမယ်။

ဘဘအသက်ငယ်ငယ် ၁၆ နှစ် ကနေ ၄၈ နှစ်အထိ တပ်ထဲ အမှုထမ်းခဲ့ဖူးတယ်။ တိုက်ရင်းခိုက်ရင်း တောထဲတောင်ထဲ မှာပဲ အချိန်ကုန်ခဲ့တယ်၊ တိုက်ပွဲမှာ ဒဏ်ရာရရတယ်။ တစ်နိုင်ငံလုံးနေရာအနှံ့ တိုက်ခဲ့ရတဲ့ အတွေ့အကြုံအရ အလွယ်ဆုံးပြောရရင် ဒီနိုင်ငံမှာ တိုက်ပွဲတွေ မဖြစ်တော့ရင် ငြိမ်းချမ်းပါပြီ။ အခုတိုးတက်နေတဲ့ တခြားနိုင်ငံတွေ မှာလိုပေါ့နော်။

တိုက်ပွဲတွေဖြစ်တာနဲ့ အစိုးရ တပ်ရော၊ လက်နက်ကိုင်အဖွဲ့တွေရော သေကျေကြ၊ ငွေကုန်ကြ၊ အချိန်ကုန်ကြ၊ လုပ်အားကုန်ကြ၊ အဆိုးဆုံးက အပြစ်မဲ့ ပြည်သူတွေ သေကျေကြ၊ ဒဏ်ရာရကြဆိုတော့၊ ကမ္ဘာမှာ စည်းလုံးမှု အားနည်းတဲ့ နိုင်ငံ၊ မအေးချမ်းတဲ့ နိုင်ငံပေါ့။ ကိုယ့်လူမျိုး၊ ကိုယ့်ပြည်နယ်အတွက် ကိုယ်စားပြုပြီး လိုအပ်တာတွေတောင်းဖို့ဆိုရင် ဒီမိုကရေစီအရ အများဆန္ဒရယူ၊ ကိုယ်စားလှယ်အရွေးခံ။ လွှတ်တော်မှာ ကိုယ့်ဒေသအတွက် အကြိတ်အနယ် တောင်းခံရင်ရတာပဲ။ ခုဒီမိုကရေစီခေတ် ရောက်ပြီလေ။ ဒါမှမဟုတ်လည်း အစိုးရကဖွဲ့ထားတဲ့ နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (DPN) နဲ့ များများဆွေးနွေးလိုက်ရင် အားလုံးလိုလို ပြေလည် သွားနိုင်ပါတယ်။ အတိုး၊ အလျှော့တော့ ရှိမှာပေါ့။

တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ ၆ ချက်ကို ဖတ်ကြည့်ပါဦး-

(၁) ငြိမ်းချမ်းရေးအတွက် ဆန္ဒအမှန်ရှိရမည်၊
(၂) သဘောတူထားသည့် စာချုပ်၊ ကတိကဝတ်များ မဖောက်ဖျက်ရန်၊
(၃) နှစ်ဖက်သဘောတူ တည်ဆောက်ထားသည့် ငြိမ်းချမ်းရေးကာလအတွင်း အမြတ်မထုတ်ရန်၊
(၄) ဒေသခံများအပေါ်မှာ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်၊
(၅) တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်၊
(၆) ဒို့တာဝန်အရေး ၃ ပါးနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လိုက်နာရန်။

ငါ့လူမျိုးအတွက်၊ ငါ့ဘာသာအတွက်ဆိုပြီး အကြောင်းမျိုးစုံ လုပ်နေကြတော့ ဒီနိုင်ငံ ဘယ်လိုအေးချမ်းပြီး ဘယ်လိုတိုးတက်မှာလဲ။ မိုင်းတွေထောင်၊ လမ်းတံတားတွေဖျက်၊ ကားတွေကို ပစ်တော့ ပြည်သူပဲသေကျေ ဒုက္ခရောက်ရတယ်။ ကုန်တွေလည်း မစီးဆင်းတော့ဘူး၊ ကုန်စျေးနှုန်းတက်၊ စီးပွားပျက်တာပဲ အဖတ်တင်တယ်။

❒ **ငါ့လူမျိုးအတွက်၊ ငါ့ဘာသာအတွက်ဆိုပြီး အကြောင်းမျိုးစုံ လုပ်နေကြတော့ ဒီနိုင်ငံ ဘယ်လိုအေးချမ်းပြီး ဘယ်လိုတိုးတက်မှာလဲ။ မိုင်းတွေထောင်၊ လမ်းတံတားတွေဖျက်၊ ကားတွေကိုပစ်တော့ ပြည်သူပဲ သေကျေ ဒုက္ခရောက်ရတယ်။ ကုန်တွေလည်း မစီးဆင်းတော့ဘူး၊ ကုန်စျေးနှုန်းတက်၊ စီးပွားပျက်တာပဲ အဖတ်တင်တယ်။**

အာဆီယံနိုင်ငံတစ်ခုက ဝန်ကြီးချုပ်တစ်ဦးကလည်း မြန်မာပြည်မှာ သူတို့ဘာသာဝင်တွေကို သတ်နေကြတယ်ဆိုပြီး နိုင်ငံတော်နဲ့ ဘာသာရေးကို ခုတုံးလုပ် ဆန္ဒဝင်ပြလေရဲ့။ အစိုးရချင်း မေးမြန်းလို့ရပေမယ့် ဒီလိုလုပ်တော့ သူတို့ဆီကခေါင်းဆောင်ဟောင်းတွေတောင် မကျေနပ်ကြတော့ဘူး။

နောက်ပြီး တို့နိုင်ငံရဲ့စရိုက်ဆိုးကို ဖျောက်ဖို့သင့်ပြီ။ ရှက်စရာကောင်းလို့ပါ။ ငယ်ငယ်တုန်းက တို့ရဲ့အဘိုး စျေးလိုက်ပြတဲ့ သင်ခန်းစာကို ခုထိမမေ့ဘူး၊ ငါ့မြေး ဒီတောင်းထဲက ကဏန်းတွေကိုတွေ့လား၊ တွယ်တက်နေကြတာလေ၊ တောင်းနှုတ်ခမ်းရောက်တော့ လွတ်ခါနီးမှာ အောက်က ဆင့်ကဲတွယ်တက်တဲ့ အကောင်တွေက သူ့ခြေထောက်ကို ဆွဲချလို့ပြုတ်ကျ၊ နောက်တစ်ကောင် ထပ်တက်၊ အဲဒီအကောင် တောင်းနှုတ်ခမ်းနားကို ရောက်လာပြန်တော့ သူ့အောက်အကောင်ကဆွဲချ ပြန်ပြုတ်ကျ၊ ကဏန်းရောင်းတဲ့ မိန်းမက တောင်းကိုလှည့်တောင်မကြည့်ဘူး၊ သေသေချာချာမှတ်ထား၊ အဲဒါတို့နိုင်ငံကလူမျိုးတွေရဲ့ စရိုက်ပဲ ..... တဲ့။ တစ်ယောက်ကောင်းစား တစ်ယောက်မနာလိုတဲ့ စရိုက်မဟုတ်ဘူးလား။

မကြာသေးမီက လူတစ်စု အဖွဲ့တချို့နဲ့ပေါင်းပြီး အခု ပြည်သူတင်ထားတဲ့ အစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်ကြတယ်။ အပြစ်ပြောကြ၊ ဆိုကြတယ်။ တို့ရဲ့အဘိုးကို သတိရလိုက်တာ။ အခုတို့လည်း အဲဒီအဘိုးအရွယ်ရောက်လာပြီ။ မြေးတွေကို စျေးလိုက်ပြရမယ် ထင်ပါရဲ့။ ရှက်ကြပါဗျာ၊ တော်လောက်ပါပြီ။ နိုင်ငံကြီးသား ပီသကြစေလိုပါတယ်။ ဘယ်အစိုးရတက်တက် ပြည်သူတင်မြှောက်ထားတဲ့ အစိုးရကို ဝိုင်းကူပြီး အကောင်းဘက်က အကြံပြုကြရင် မကောင်းဘူးလား၊ ဒါမှပြည်သူတွေကလည်း ကြည်ညိုမှာပေါ့၊ သိက္ခာလည်းတက်မှာပေါ့၊ ပတ်မကြီး ပေါက်တော့မယ်ထင်ပြီး ဝမ်းသာနေသလို ဖြစ်မနေဘူးလား၊ သဲနဲ့ ပက်သလို ဖြစ်မနေဘူးလား။ ကိုယ်အဖွဲ့သိက္ခာကိုယ်ချသလို ဖြစ်မနေဘူးလား။ ပြည်သူကို ကြည်ညိုလေးစားချစ်ခင်ရင် မကောင်းဘူးလား။ ပြည်သူကို ကြည်ညိုမှ အောင်မြင်မှာလေ။ ပါးစပ်ကပဲ ပြည်သူကိုချစ်ပြမနေနဲ့။ ခုခေတ်ပြည်သူတွေကို အထင်မသေးပါနဲ့။ ပြီးတော့ နိုင်ငံတော်ကြီး တိုးတက်ဖို့ လုပ်နေတာကို အချိန်လေးတောင် လုံလုံလောက်လောက် မပေးချင်ကြတော့ဘူးလား။ အစိုးရကို မျက်ဖြူဆိုက်စေချင်တာလား။ မုဒိတာလေး ပွားပေးပါလား။

ရခိုင်အရေးနှင့် ရှမ်းအရှေ့မြောက်အရေးကို အစိုးရက နည်းမျိုးစုံနဲ့ ကြိုးစားဖြေရှင်းနေတာကိုလည်း အမြင်ကျယ်ကျယ်နဲ့ ဝိုင်းဝန်းပံ့ပိုးစေချင်ပါတယ်၊ ဒါပေမယ့် မကူညီချင်ရင်နေပါ။ မနှောင့်ယှက်ပါနဲ့။ ပြည်သူတွေ ဒွိဟဖြစ်အောင် မလုပ်စေလိုပါ၊ မလိုအပ်တာတွေ မပြောကြ၊ မဆိုကြစေလိုပါ။ တိုက်ရိုက်ဆိုင်တဲ့လူပဲပြောပါစေ။ နိုင်ငံတကာက အာရုံစိုက်နေတာဖြစ်လို့ အစိုးရရဲ့လုပ်ဆောင်မှုကို အားပေးစေလိုပါတယ်။ နေရာတကာ အဆိုးဘက်ကပဲ ဝေဖန်နေရင်တော့ အချိန်ကုန်ရုံပဲမဟုတ်ဘူးလား။ မြန်မာတွေ မညီညွတ်ကြသေးဘူးလား။ စည်းကမ်းဖောက်လို့ ထီးနန်းလည်း ပျောက်ခဲ့ပြီးပြီ။ မလိုတဲ့မာနတွေ၊ သဘာဝမကျတဲ့ အတွေးအခေါ်တွေ၊ အထောက်အထားမဲ့ ဝေဖန်မှုတွေ ဘေးဖယ်ထားကြရအောင်လား။ ညီကြရအောင်။ သမိုင်းသင်ခန်းစာတွေ ယူကြရအောင်။

တို့ရဲ့ လူကြီးသူမတွေ၊ ပညာရှိကြီးတွေပြောတာ မှတ်မိတယ်။ "မိဘ၊ သားမယား ဆွေမျိုးများနဲ့၊ စေပါးလုပ်ဖော်၊ နတ်သူတော်၊ သင့်အပေါ်ချစ်ပါစေ"တဲ့။ နေရာတကာ အမြင်မတူတာကို ရန်သူလိုသဘောထား၊ ပြဿနာရှာ၊ တိုက်ကြခိုက်ကြ၊ အပြစ်တင် ဝေဖန်ကြ၊ အနှောင့်အယှက်ပေးကြ၊ ထကြွသောင်းကျန်းကြ၊ ဆူပူအောင်ဖန်တီးကြဆိုရင်တော့၊ အင်း.... ရင်လေးတယ်။ ကျေးဇူးပါပဲ။

# အလုပ်အကိုင်ရရှိရေးဝန်ဆောင်ခ အလုပ်ရှင်ထံမှသာ တောင်းခံရမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ပြည်တွင်းလိုင်စင်ရ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများအနေဖြင့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေး ဝန်ဆောင်ခများ တောင်းယူရာတွင် အလုပ်လျှောက်ထားသူ အလုပ်သမားများထံမှ တောင်းယူခြင်းမပြုဘဲ အလုပ်ရှင်များ၊ ကုမ္ပဏီများထံမှသာ တောင်းယူရမည်ဖြစ်ကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောသည်။

"အလုပ်ရှင်ထံမှသာ အလုပ်သမားရဲ့ တစ်လစာကို ဝန်ဆောင်ခအဖြစ် တောင်းယူရမှာဖြစ်ပါတယ်။ အလုပ်သမားထံမှ တောင်းယူရမှာ မဟုတ်ပါဘူး" ဟု ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တပ်မတော်ခန်းမ၌ ကျင်းပသော အလုပ်အကိုင်အခွင့်အလမ်းပြပွဲအခမ်းအနားတွင် ၎င်းက ပြောကြားသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန် ရည်ရွယ်ပြီး ၁၉၅၉ ခုနှစ် အလုပ်ခန့်ထားမှုကန့်သတ်ရေး အက်ဥပဒေနှင့် ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတို့အရ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးဆောင်ရွက်လိုသည့် ကုမ္ပဏီများအား ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင် လိုင်စင်များကို ၂၀၁၀ ပြည့်နှစ်မှ စတင်ထုတ်ပေးခဲ့ရာ ယခုအချိန်အထိ အေဂျင်စီ ၉၁ ခုရှိပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနကလည်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခုတွင် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၇၈ ရုံး ဖွင့်လှစ်ထားပြီး အလုပ်ရှာဖွေလိုသူ အလုပ်သမားများအား မှတ်ပုံတင်ပေးခြင်း၊ အလုပ်သမား အလိုရှိသော အလုပ်ရှင်များထံမှ အမှာစာများ လက်ခံခြင်း၊ အမှာစာအရ ကိုက်ညီသော အလုပ်သမားများ စုဆောင်းပေးပို့ခြင်း၊ ရွေးချယ်သူများအား အလုပ်ခန့်ထားရေး ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးတော်ဆောင် လိုင်စင်ရရှိထားသော ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီများ၊ လုပ်ငန်းဌာနများ၊ စက်ရုံများမှ အလုပ်သမားလိုအပ်ကြောင်း အမှာစာရရှိပါက သက်ဆိုင်ရာ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ယင်းအမှာစာကို ပေးပို့ရမည်ဖြစ်ကြောင်း၊ အမှာစာအရ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများတွင် မှတ်ပုံတင်ထားသူများအနက် လိုအပ်သော အရည်အချင်းနှင့် ကိုက်ညီသူများကို စုဆောင်းပေးနိုင်သကဲ့သို့ မိမိအေဂျင်စီ၏ အစီအစဉ်ဖြင့် စုဆောင်းထားသော အရည်အချင်းနှင့် ကိုက်ညီသူများကို အလုပ်ရှင်ထံ ပေးပို့ရမည်ဖြစ်ကြောင်း၊ သို့ရာတွင် အလုပ်သမားများ အလုပ်အကိုင်ရရှိရေးဝန်ဆောင်ခကို အလုပ်ရှင်များထံမှသာ တောင်းခံရမည်ဖြစ်ကြောင်း သိရသည်။




အလုပ်အကိုင်ရရှိရေးအတွက် လာရောက်လျှောက်ထားသူများအား တွေ့ရစဉ်

ယခုအခါ အလုပ်အကိုင်ပြပွဲများ ကျင်းပပေးခြင်းဖြင့် အလုပ်သမားနှင့် အလုပ်ရှင်တို့ တိုက်ရိုက်ထိတွေ့ အလုပ်ခန့်ထားနိုင်သဖြင့် အလုပ်အကိုင်များ ဖန်တီးပေးရေးအတွက် များစွာ ထိရောက်မှုရှိကြောင်း၊ ယခုအလုပ်အကိုင်ပြပွဲကို ဇန်နဝါရီ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး အလုပ်အကိုင်နေရာပေါင်း နှစ်သောင်းဝန်းကျင်ခန့်ထားပေးရန် မျှော်လင့်ထားကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# သစ်တောတက္ကသိုလ် ကျောင်းသား ကျောင်းသူများ သစ်တောဝန်ထမ်းကောင်း၊ နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစား

**နေပြည်တော် ဇန်နဝါရီ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် သစ်တောတက္ကသိုလ်(ရေဆင်း)သို့ ယမန်နေ့ မွန်းလွဲ ၂ နာရီကရောက်ရှိပြီး သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းသား ကျောင်းသူများအား ဩဝါဒစကား ပြောကြားရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် အဓိက ဦးတည်ဆောင်ရွက်ရမည်မှာ စာမေးပွဲအောင်မြင်ရေးအတွက် ကြိုးစားကြရန်နှင့် အကျင့်စာရိတ္တကောင်းမွန်စွာ ပြုမူနေထိုင်ကြရန်ဖြစ်ကြောင်း၊ ရှေးဆိုရိုးစကားတွင်လည်း မြစ်မရေနက် သောင်ပြင်ဖျက်၊ စေတီဘုရားတည်ထားကောင်းလည်းညောင်ပင်ဖျက်၊ သူကောင်းသားမူ ကောင်းထားလည်းအပေါင်းဖျက် ဟူ၍ ဆိုထားသောကြောင့် မိမိကိုယ်မိမိထိန်းသိမ်းပေါင်းသင်း နေထိုင်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများအားလုံး သစ်တောဝန်ထမ်းကောင်းများ၊ နိုင်ငံ့သားကောင်းများဖြစ်အောင် ကြိုးစားကြပါရန် တိုက်တွန်းပြောကြားခဲ့သည်။

အခမ်းအနားသို့ သစ်တောတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅၀ တက်ရောက်ခဲ့ကြသည်။ ထို့နောက် သစ်တောတက္ကသိုလ် စာသင်ဆောင်များ၊ လက်တွေ့ခန်းတို့ကို စစ်ဆေးပြီး ကျောင်းသား ကျောင်းသူအင်အားနှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်ချက်ရှိက ဖြည့်ဆည်းပေးနိုင်ရေးအတွက် တင်ပြကြရန် မှာကြားသည်။



ပြည်ထောင်စုဝန်ကြီးအား သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူးနှင့် သုတေသနဌာန ဝန်ထမ်းများက ကြိုဆိုကြသည်။ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ သစ်တောသုတေသနဌာနရှိ အပင်မျိုးစုံမျိုးကွဲထိန်းသိမ်းရေးသုတေသနဌာန၊ ရေနေဇီဝမျိုးစုံမျိုးကွဲသုတေသနဌာန၊ ဆေးဖက်ဝင်အပင်များသုတေသနဌာန၊ စွမ်းအားမြင့် မီးဖိုထုတ်လုပ်ရေး သုတေသနဌာန၊ သစ်အင်္ဂါဗေဒဌာနစု၊ လူသုံးနည်းသစ်မျိုးများပြခန်းနှင့် ယူကလစ်တစ်ရှူးမျိုးပွားခာတ်ခွဲခန်း၊ ရေမြေသားငှက်နှင့် သစ်တောသယံဇာတဌာနစုရှိ သစ်တောမြေခာတ်ခွဲခန်းနှင့် ရေခာတ်ခွဲခန်းများ၌ လက်တွေ့သုတေသနလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

**(သတင်းစဉ်)**

# ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များပေါ်ထွန်းရေးတို့ကို တစ်ဖက်တစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်းစာပေဆု" ကို ၂၀၀၆ ခုနှစ်က စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ်ချီးမြှင့်နိုင်ရန် စာအုပ်/စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ ၂၀၁၆ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုများ ချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်/စာမူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

၂၀၁၆ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်များအဖြစ် ဆရာကြီး စည်သူဒေါက်တာသော်ကောင်းနှင့် ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) တို့အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

စီးပွားရေးစာပေဆုတွင် သံအမတ်ကြီး ဦးလှမောင်(ဘောဂ) ရေးသားသည့် ကမ္ဘာ့ငွေရေးကြေးရေးနှင့် စီးပွားရေးအကျပ်အတည်းများ၊ ကျန်းမာရေးစာပေဆုတွင် ဒေါက်တာ ဝင်းထိုက်ကြည်ရေးသားသည့် နား၊ နှာခေါင်း၊ လည်ချောင်း၊ လည်ပင်းရောဂါသိကောင်းစရာ၊ ကလေးစာပေဆုတွင် သိပ္ပံစိုးမြင့်နိုင်ရေးသားသည့် သားလေးအိပ်ချိန်ကလေးကဗျာများ၊ လူငယ်စာပေဆုတွင် ဇေယျာသူ ရေးသားသည့် ငန်းနက်နှင့်နှံကောင်၊ အတ္ထုပ္ပတ္တိစာပေဆုတွင် ခင်သန်းဖြူ ရေးသားသည့် မြန်မာနိုင်ငံ၏ အသက်အကြီးဆုံး ဂန္ထဝင်ပန်းချီဆရာကြီး ဦးစန်းလှိုင်၊ သမိုင်းစာပေဆုတွင် ကံလှ(ငါန်းဇွန်) ရေးသားသည့် မြန်မာ့မြေယာအုပ်ချုပ်ပုံ သမိုင်း၊ ယဉ်ကျေးမှုစာပေဆုတွင် ရွှေရိုး(မန္တလေး) ရေးသားသည့် မင်းတုန်းမင်း မြို့နန်းမတည်မီက မန္တလေးနှင့် ကျော်သူရိန်(ပန်းချီနည်းပြ) ရေးသားသည့် (၁၃) ရာစုနှောင်းပိုင်းမှ (၁၉) ရာစုအစောပိုင်းအထိ ကမ္ဘာ့ပန်းချီသမိုင်း၊ ရှေးဟောင်းကျမ်းစာပေဆုတွင် လှိုင်ထွန်းနိုင်ရေးသားသည့် မဟာမှိုင်း၏ ဆယ်ကုဋေကျော်ဋီကာ၊ ရည်ညွှန်းစာပေဆုတွင် မောင်ဇေယျာရေးသားသည့် ရှင်ကျော် ၁၀၀၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစာပေဆုတွင် သစ်ရိုင်းရေးသားသည့် ကိုလိုနီခေတ်လွန် မြန်မာ့သစ်တောစီးပွားရေးတစေ့တစောင်း၊ သုတပဒေသာဘာသာရပ်တွင် သမိုင်းပါမောက္ခ ဒေါက်တာကျော်ဝင်း(ငြိမ်း) ရေးသားသည့် ညောင်ရမ်းမင်းသား၏ နောက်ဆုံးနေ့ရက်များနှင့် အခြားစာတမ်းများ၊ စာပဒေသာဘာသာရပ်တွင် ခင်မောင်တင် (မဟာဝိဇ္ဇာ)၏ နှစ် (၆၀) မြန်မာ-ဂျပန်နှင့် သံတမန်ဘဝခရီးစာအုပ်တို့က ရရှိကြပြီး အတ္ထုပ္ပတ္တိစာပေဆု (အင်္ဂလိပ်) တွင် Junior Win ရေးသားသည့် A Memory of My Grandparents၊ သုတပဒေသာစာပေဆု (အင်္ဂလိပ်)တွင် Professor Dr.Tin Aung Aye ရေးသားသည့် Constitutions and Constitutional Courts of the Nations တို့က ရရှိကြသည်။

စာမူဆုအတွက် ကလေးစာပေဆုတွင် (လှမွန်-ပခုက္ကူ) ရေးသားသည့် ကေဂျီတန်းမှာ ပျော်စရာကလေးကဗျာများ၊ ယဉ်ကျေးမှု စာပေဆုတွင် (မောင်မောင်ချစ်ဦး-မုံရွာ) ရေးသားသည့် အင်းလူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သုတပဒေသာ ဘာသာရပ်တွင် ဒေါက်တာ စိုးနိုင်ရေးသားသည့် ဆရာဇော်ဂျီ၏ စကားပြေရေးဟန်၊ ကျန်းမာရေးစာပေဆု (အင်္ဂလိပ်) တွင် Dr.Aye Kyaw (Medical Research) ရေးသားသည့် "JENESYS" Food safety Research Expedition တို့က ရရှိကြသည်။

(၁၁)ကြိမ်မြောက် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆုအတွက် ဆုငွေကျပ်သိန်း ၂၀ နှင့် စာအုပ်ဆုအတွက် ဆုငွေကျပ် ၁၅ သိန်းတို့ကို ထွန်းဖောင်ဒေးရှင်း အမှတ်တံဆိပ်ပါ ရွှေတံဆိပ်နှင့် ပူးတွဲချီးမြှင့်မည်ဖြစ်ပြီး စာမူဆုအတွက် ဆုငွေကျပ် ခုနစ်သိန်းတိတိ ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်သည့် အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များ အသင်းအဆောက်အအုံ၌ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပရန် လျာထားပြီးဆုချီးမြှင့်သည့် အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီ၊ အမှတ် (၂၃/၂၄) ဗဟိုရ်စည်အိမ်ရာ ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ဖုန်း-၀၉-၇၃၁၀၄၄၈၇ သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသည့်စာအုပ်များနှင့် မိမိကိုယ်တိုင် ရေးသားပြုစုထားသော စာမူများကို ပေးပို့လိုသောစာပေပညာရှင်များသည် ယနေ့မှစ၍ စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

# စည်းကမ်းချက်နှင့်ကိုက်ညီသည့် ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား လုပ်ငန်းလိုင်စင်များ ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ တရားမဝင် လက်လီရောင်းချနေသည့် ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်များအား စနစ်တကျရှိလာစေရန်နှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ ယာယီလိုင်စင် ထုတ်ပေးထားသော ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးပြီး စည်းကမ်းချက်နှင့် ကိုက်ညီသည့် အရောင်းဆိုင်များကို လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့်လိုင်စင် (ဃ)နှင့် (င)ထုတ်ပေးလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြန်မာ့ရေနံဓာတုဗေဒ လုပ်ငန်းမှ ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများအတွက် လိုင်စင်(က)-ရေနံဓာတ်ငွေ့ရည် (Liquified Petroleum Gas-LPG) ကို ပြည်ပမှတင်သွင်း၍ သိုလှောင်စခန်း (Terminal) ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်း(တင်/ချ ဆိပ်ခံတံတားအပါအဝင်)၊ လိုင်စင်(ခ) - ရေနံဓာတ်ငွေ့ရည်ကို ပြည်ပမှတင်သွင်း၍ သိုလှောင်ကန် (StorageTank)၊ သိုလှောင်ရုံ(Cylinder Warehouse)ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း (တင်/ချ ဆိပ်ခံတံတားမပါ)၊ လိုင်စင်(ဂ) -ရေနံဓာတ်ငွေ့ရည်ကို Filling Station ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း၊ လိုင်စင်(ဃ)-ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို Filling Station ဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းနှင့် လိုင်စင် (င)-ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည်အိုးများကို တိုက်ခန်း၊ ဆိုင်ခန်းများဖြင့် သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း စသည့် လိုင်စင်ငါးမျိုးကို ခေတ်နှင့်အညီ ပြင်ဆင်သတ်မှတ်ပြီး ယခင်ထုတ်ပေးထားသည့် လိုင်စင်များကို အမျိုးအစားပြောင်းလဲ ထုတ်ပေးခဲ့ကြောင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကုန်ထုတ်ဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ထံမှ သိရသည်။

"ရန်ကုန်-မန္တလေး အပါအဝင်မြို့ကြီးတော်တော်များများမှာ ဒီ LPG အိုးတွေကို တိုက်ခန်းတွေ၊ ဆိုင်ခန်းတွေ၊ ဈေးတွေမှာ ရောင်းချနေတာတွေ အများကြီးတွေ့ရပါတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး အင်မတန်အန္တရာယ်များတဲ့အတွက်ကြောင့် လိုင်စင်နဲ့ စနစ်တကျစိစစ်ပြီး ထုတ်ပေးဖို့လိုအပ်လာပါတယ်။ လိုင်စင်ရရှိဖို့အတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရတွေဆီကနေ သူတို့မြို့နယ်တွေ၊ တိုင်းတွေမှာရှိတဲ့ဆိုင်တွေ စာရင်းကောက်ပေးပါ။ စာရင်းပေးသွင်းထားရင် ပထမဆုံးအနေနဲ့ ယာယီလိုင်စင်တွေကို အခမဲ့ထုတ်ပေးပါ့မယ်။ လျှောက်လွှာတွေကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ရက်သတ်မှတ်ပြီးတော့ ရက် ၁၀၀ စီမံကိန်းမှာ စုစည်းထားရှိခဲ့ပါတယ်။ အဲဒီနောက်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ကွင်းဆင်းပြီးတော့ သက်ဆိုင်ရာ လုပ်ငန်းရှင်တွေနဲ့တွေ့ပြီး ယာယီလိုင်စင်တွေ ထုတ်ပေးခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆိုင်ပေါင်း ၆၂၀ ကျော်ကို ယာယီလိုင်စင်ထုတ်ပေးထားပါတယ်။ ပါမစ်လိုင်စင်မဟုတ်ပါဘူး။ အဲဒါနဲ့ ပတ်သက်ပြီး လုပ်ငန်းလိုင်စင်လိုချင်ရင်တော့ နေရာအကျယ်အဝန်းက ဘယ်လောက်ရှိရမယ်။ မီးသတ်ဆေးဘူးက ဘယ်လိုထားရမယ်။ နောက်ပြီး မီးဘေးလုံခြုံရေးကို ဘယ်လိုဆောင်ရွက်ရမယ်ဆိုတဲ့ စည်းကမ်းချက်တွေကို ရှင်းပြပြီး လက်ကမ်းစာစောင်တွေ ဝေငှခဲ့ပါတယ်။

"ယာယီလိုင်စင်ရရှိပြီးတော့ ပြင်ရမယ့် စည်းကမ်းချက်တွေကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားပြီး ပြင်ဆင်ဖို့နဲ့ အားလုံးစည်းကမ်းချက်အတိုင်းပြင်ဆင်ပြီးရင်တော့ ကွင်းဆင်းစစ်ဆေးတဲ့အခါမှာ စည်းကမ်းချက်နဲ့ ကိုက်ညီတဲ့ဆိုင်တွေကို ပတ်ကားလိုင်စင် ထုတ်ပေးသွားမှာဖြစ်ပါတယ်။ အခုလောလောဆယ်မှာလည်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လိုင်စင်ဆောင်ရွက်လိုသည့် ကုမ္ပဏီများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်များနှင့်အတူ စစ်ဆေးရေးအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီလျှင် သက်ဆိုင်ရာ လိုင်စင်အမျိုးအစားအလိုက် လိုင်စင်ထုတ်ပေးခဲ့သည့်အပြင် လိုင်စင်(ဃ၊ င) တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဖြည့်တင်းပြီး ရေနံဓာတ်ငွေ့ရည် ဆလင်ဒါများကို လက်လီဖြန့်ဖြူးနေသော အရောင်းဆိုင်များကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေး ဆွေးနွေးဟောပြောခြင်းနှင့် ယာယီလိုင်စင်စိစစ်ခွင့်ပြုထုတ်ပေးခြင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ၂၀၁၆ ခုနှစ်အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာ စည်းကမ်းချက်နဲ့ မလျော်ညီသေးဘူးဆိုရင်လည်း သူတို့အနေနဲ့ခက်ခဲမှုတွေ ဘာတွေရှိလဲ၊ ဘာတွေ ဖြေလျှော့ပေးလို့ရသလဲ၊ လူနေထူထပ်တဲ့နေရာတွေမှာဆိုရင် နေရာအကျယ်အဝန်းကို ဘယ်လိုသတ်မှတ်မလဲ၊ ဒါတွေကို အန္တရာယ်မဖြစ်အောင် ဖြေလျှော့နိုင်သလောက် စိစစ်ပြီးတော့ ထုတ်ပေးသွားမှာဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ ရန်ကုန်၊ မန္တလေးနဲ့ မကွေးတိုင်းဒေသကြီးတွေမှာ ကွင်းဆင်းဆောင်ရွက်နေပါတယ်။ တချို့မြို့တွေမှာ စည်းကမ်းချက်နဲ့ကိုက်ညီတာတွေ့ရပေမယ့် တချို့မြို့ကြီးတွေမှာတော့ ကိုက်ညီမှုမရှိတာကိုတွေ့ရပါတယ်။ ယာယီလိုင်စင်ထုတ်ပေးခဲ့တဲ့ သက်တမ်းက ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာ သက်တမ်းကုန်ပြီဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်ကစပြီး သက်တမ်းတစ်နှစ်ရှိတဲ့ လိုင်စင်တွေကိုလည်း ထုတ်ပေးထားပါတယ်။ တစ်နှစ်ပြည့်တိုင်း တစ်ဆိုင်ချင်းစီကိုလည်း ကွင်းဆင်းစစ်ဆေးနေပါတယ်" ဟု ၎င်းက ပြောကြားသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် (၃၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၄**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၏ (၃၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူဘွဲ့ရရှိသူ ကိုးဦး၊ သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံဘွဲ့(အထူးပြု) ရရှိသူရှစ်ဦး၊ အထွေထွေသွားရောဂါကုဒီပလိုမာဘွဲ့ရရှိသူ ၁၂ ဦးနှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရရှိသူ ၁၃၆ ဦး စုစုပေါင်း ၁၆၅ ဦးတို့အား သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ ရွှေတိုးက ဘွဲ့များအပ်နှင်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရခိုင်ပြည်နယ်အတွင်း အာဟာရဖြည့်တင်းရေးလုပ်ငန်းများအရှိန်မြှင့်တင်ရေး ညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ်အတွင်း အာဟာရဖြည့်တင်းရေးလုပ်ငန်းများ အရှိန်မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (Coordination Meeting on Strengthening Nutrition Promotion Activities in Rakhine State) ကို ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် လူမှုရေးဝန်ကြီးများနှင့် ပူးပေါင်းဆောင်ရွက်၍ အမျိုးသားကျန်းမာရေးစီမံကိန်း (၂၀၁၇- ၂၀၂၁) ၏ လုပ်ငန်းမူဘောင်ကို အလုံးစုံပါဝင် ရေးဆွဲထားပြီးဖြစ်ကြောင်း ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများကလည်း အနာဂတ်ကျန်းမာရေးလုပ်ငန်းများတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများကို ထိရောက်စွာအသုံးချခြင်း၊ ရန်ပုံငွေခွဲဝေခြင်းများကို ကျွမ်းကျင်မှုပိုင်းမှသုံးသပ်ပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။ **(ယာပုံ)**

သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ သုတေသနကျင့်ဝတ်ကော်မတီ၏ ခွင့်ပြုချက်ကိုရရှိပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်သည်။ အာဟာရနှင့်ပတ်သက်၍ သုတေသနတွေ့ရှိချက်များအရ အိမ်ထောင်ဖက်၏ ငြင်းဆန်မှုနှင့် အာဟာရအသိပညာနည်းပါးမှုတို့သည် အဓိကကျပါသဖြင့် အာဟာရဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်သွားရန်လိုအပ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မစ္စ ရန်ဟီလီ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ဘူးသီးတောင်မြို့အကျဉ်းထောင်တို့ကို ကြည့်ရှုလေ့လာ



**မောင်တော ဇန်နဝါရီ ၁၄**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းက စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ရဲကင်းစခန်းသို့သွားရောက်ပြီး စခန်းအတွင်း ကြည့်ရှုကာ ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

ထို့နောက် မောင်တောမြို့သုံးမိုင်ရှိ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) သို့ သွားရောက်သည်။

မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့ အကျဉ်းထောင်ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

## လက်နက်ချ အလင်းဝင်ရောက်လာသူများအား ထောက်ပံ့



**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် နယ်မြေခံတပ်ရင်း အရာရှိရိပ်သာ၌ လက်နက်ချ အလင်းဝင်ရောက်လာသူများအား ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ထောက်ပံ့ရေးပစ္စည်းများကို ယနေ့ မွန်းလွဲ ၁ နာရီက ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကို ပြည်နယ် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးရဲနိုင်ဦး (ကြီး/ရေး)နှင့် လှိုင်းဘွဲ့မြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က KKO(ခွဲထွက်)အဖွဲ့မှ လက်နက်ချ အလင်းဝင် ရောက်လာသူ ဗိုလ်ကြီးအဆင့်ရှိ စောစိုးစိုးအပါအဝင် ၂၃ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာနှင့် ကျားဝတ်လုံချည်၊ မဝတ်လုံချည်၊ မျက်နှာသုတ်ပဝါ၊ စောင်၊ ဒန်အိုး၊ ဇလုံ၊ တီရှပ်၊ ဆပ်ပြာနှင့် နှစ်ယောက်အိပ် ခြင်ထောင်များ ထောက်ပံ့ပေးအပ်ရာ စစ်ဗျူဟာ (အခြေချ) လှိုင်းဘွဲ့မှ တပ်ခွဲမှူး ဗိုလ်မှူး ထွန်းအေးလင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## TNLA အဖွဲ့က အကြောင်းမဲ့ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

**လားရှိုး ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် ဟိုချောင်းကျေးရွာ၌ TNLA အဖွဲ့က အကြောင်းမဲ့ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လားရှိုးမြို့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသော ထိခိုက်ဒဏ်ရာရရှိသူ ၁၀ ဦး အား ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီခွဲက လားရှိုးပြည်သူ့ဆေးရုံတွင် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၁၀ သိန်းကို ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## နောင်ချိုမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**နောင်ချို ဇန်နဝါရီ ၁၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ဦးစီးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် နောင်ချိုမြို့နယ် ကြိမ်ဂနိုင်ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က ခြေမြစ်ပင်ကျေးရွာ အလက(ခွဲ)စာသင်ကျောင်း၌ ကျင်းပခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ခိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး ကြိမ်ဂနိုင်ကျေးရွာအုပ်စုအတွင်းရှိ သပြေဝန်း၊ ခဲထိပ်၊ ဆင်လမ်းစု၊ ခြေမြစ်ပင် ကျေးရွာတို့ရှိ ကျောင်းသား ကျောင်းသူ ၁၂၄ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

## ထူးခြားသည့်ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၁၄**

ဟားခါးမြို့၌ -၃ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၌ ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ဟဲဟိုးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့၌ ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့၊ နောင်ချိုမြို့နှင့်တီးတိန်မြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **(မိုး/ဇလ)**

# ရခိုင်ယူနိုက်တက်ဘောလုံးအသင်း၏ ဝေသာလီဘောလုံးကွင်းဖွင့် အိမ်ကွင်းအဖြစ် ပွဲဦးထွက်ကစားသောပွဲ သရေနှင့်သာကျေနပ်ရ

**စစ်တွေ ဇန်နဝါရီ ၁၄**

ရခိုင်ယူနိုက်တက်ဘောလုံးအသင်း၏ အိမ်ကွင်းဖြစ်သော ဝေသာလီဘောလုံးကွင်းဖွင့်ပွဲနှင့် ရခိုင်ယူနိုက်တက်ဘောလုံးအသင်း၏ ပထမဦးဆုံး အိမ်ကွင်းပွဲအဖြစ် ယှဉ်ပြိုင်ကစားသည့်ပွဲကို စစ်တွေမြို့ရှိ ဝေသာလီ ဘောလုံးကွင်း၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၅ နာရီ ၄၅ မိနစ်အထိ ကျင်းပရာ ပြည်သူ ၅၄၃၃ ဦး တက်ရောက်ပြီး အားကစားစိတ်ဓာတ်အပြည့်ဖြင့် စည်းကမ်းရှိရှိ သောင်းသောင်းဖြဖြ အားပေးကြကြောင်း သိရသည်။

ကွင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မွန်းလွဲ ၁ နာရီခွဲကပင် နိုင်ငံကျော်ရုပ်ရှင်သရုပ်ဆောင်များ၊ စတီရီယိုအဆိုတော်များနှင့် နာမည်ကြီး ရခိုင်အဆိုတော်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။ မွန်းလွဲ ၂ နာရီတွင် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြည်နယ်ရှိ ကျောင်းသား ကျောင်းသူများသို့ ဘောလုံး အလုံး ၅၀၀ ကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။ မွန်းလွဲပိုင်းတွင် ရခိုင်မင်္ဂလာစည်တော်မွမ်းပြီး ဘောလုံး ကွင်းကို ဖွင့်လှစ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ ချမ်းသာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရခိုင်ယူနိုက်တက် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာနေရှင်နယ်လိဂ်မန်နေဂျာ ဦးစိုးမိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(ယာပုံ)** နှစ်ဖက်အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။



ယင်းနောက် ရခိုင်ယူနိုက်တက် ဘောလုံးအသင်း Rakhine United Football Club (RUFC) အား ပြည်နယ်အစိုးရနှင့် ပြည်သူလူထုသို့အပ်နှံရာ ရခိုင်စည်တော်အဖွဲ့နှင့် ရခိုင်အမျိုးသမီးငယ်များက သာလီစွရခိုင်ပြည် တေးသီချင်းကို စည်တော်တီးကာ သီဆိုပေးကြသည်။

"ပွဲကြည့်ရတာကောင်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့လို ဒေသခံမီဒီယာသမားတွေအတွက်တော့ ဟန့်တားမှုတစ်ခုလို့ မြင်ပါတယ်။ ရခိုင်ပြည်နယ်အနေနဲ့ ဒီမိုကရေစီအစိုးရတွေ လက်ထက်မှာ အခုလိုနိုင်ငံတော်အဆင့် ဘောလုံးပွဲတွေကို လက်ခံကျင်းပတာ ပထမဆုံးအကြိမ်ပါ။ ဒါကြောင့် ဒေသခံသတင်းသမားတွေနဲ့ လက်တွဲသင့်တယ်။ ဒေသခံသတင်းသမားတွေကလည်း အဆင်သင့်ပါပဲ။ အခုက ဒေသခံသတင်းသမားတွေကို သတင်းယူခွင့် ကန့်သတ်ထားသလို ဖြစ်နေတယ်။ ဘောင်းဘီဝတ်မှ ဝင်ရမယ်၊ ပုဆိုးဝတ်လို့ မဝင်ရဘူးဆိုတာကတော့ မဖြစ်သင့်တဲ့ကိစ္စပါ။ နောက်နောင်ပွဲတွေမှာ ဒေသခံသတင်းသမားတွေကို လွတ်လပ်စွာ သတင်းယူခွင့်ပေးပါ။ သူတို့တစ်တွေကလည်း သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို လိုက်နာကြပါလိမ့်မယ်လို့ တောင်းဆိုချင်ပါတယ်" ဟု ဒေသခံသတင်းထောက် ကံထွန်းက ပွဲကျင်းပပုံနှင့် ဒေသခံမီဒီယာများ၏အမြင်ကို ရှင်းပြသည်။

ညနေ ၄ နာရီတွင် ဘောလုံးပြိုင်ပွဲအဖြစ် ရခိုင်ယူနိုက်တက်ဘောလုံးအသင်း (RUFC)နှင့် ဆောက်သမ်းမြန်မာအသင်း (SMFC) တို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ အထိ အကြိတ်အနယ် ကစားကြပြီး သရေပွဲဖြစ်သွားသည်။ ယခု ယှဉ်ပြိုင်ကစားသောပွဲသည် ရခိုင်ယူနိုက်တက်ဘောလုံးအသင်း (RUFC) အနေဖြင့် ပထမဦးဆုံး အိမ်ကွင်းကစားသောပွဲဖြစ်ပြီး သရေရလဒ်နှင့်သာ ကျေနပ်ခဲ့ရကြောင်း သိရသည်။

**သတင်း-ကိုကြီးစော**

**ဓာတ်ပုံ-ဖရုံကာသား**

# စတုတ္ထမြောက် ပြည်တွင်းဆက်သွယ်ရေးအော်ပရေတာ ကျေးလက်ဒေသကို အခြေခံမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

မြန်မာနိုင်ငံ၏စတုတ္ထမြောက် ပြည်တွင်းဆက်သွယ်ရေး အော်ပရေတာဖြစ်သည့် Myanmar National Tele & Communications Co.,Ltd. ၏ မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်းရှိ MELIA ဟိုတယ်၌ ကျင်းပသည်။

MNTC အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးက ယခုအခါ MNTC အနေဖြင့် စတုတ္ထမြောက် ပြည်တွင်းဆက်သွယ်ရေး အော်ပရေတာအဖြစ် Star High Co.,Ltd. မှ ရှယ်ယာ ၂၈ ရာခိုင်နှုန်း၊ Myanmar National Telecom Holding Public Ltd. မှ ရှယ်ယာ ၂၃ ရာခိုင်နှုန်းပူးပေါင်း၍ ပြည်တွင်းအစုရှယ်ယာ ၅၁ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအဖြစ် ဗီယက်နမ်နိုင်ငံ Viettel Global Investment JSC မှ ရှယ်ယာ ၄၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း လုပ်ငန်းဖွဲ့စည်းဆောင်ရွက်ခဲ့ပုံနှင့် မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို မြို့ပြကျေးလက်နှင့် တောင်ပေါ်ဒေသများပါမကျန် နေရာအနှံ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒုတိယမြောက် မြန်မာအမျိုးသားပိုင် ဆက်သွယ်ရေးအော်ပရေတာအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့်ဗီယက်နမ် ချစ်ကြည်ရေးကို ဖော်ညွှန်းသော သဘောဆောင်သည့်အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

MNTC မှ CERO ဦးဇော်မင်းဦးက အမျိုးသားပိုင်အော်ပရေတာဖြစ်သဖြင့် ကျေးလက်ဒေသများကို အခြေခံပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံလူဦးရေ၏ ၉၅ ရာခိုင်နှုန်းကို ကွန်ရက်လွှမ်းမိုးမှုရှိအောင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ဝန်ဆောင်မှုအကောင်းဆုံးပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ Chief Technical Officer Mr. Nguyen The Nghia နှင့် CERO ဦးဇော်မင်းဦးတို့က မီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**






# ဖျာပုံမြို့ ဆိပ်ကမ်းဈေး ကမ်းပြိုကျ၍ ဆိုင်ခန်းအချို့ ပိတ်ထားရ

**ဖျာပုံ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ အမှတ်(၆)ရပ်ကွက် ပထမလမ်းရှိ စည်ပင်သာယာ ရေးအဖွဲ့ပိုင် ဆိပ်ကမ်းဈေးတွင် ဇန်နဝါရီ ၁၂ ရက် ည ၁၁ နာရီ ၁၅ မိနစ်ခန့်က မြစ်ရေ တိုက်စားမှုကြောင့် မြစ်ကမ်းထိန်းနံရံ လန်ကျ၍ ဈေးရုံမှ ဆိုင်ခန်းအချို့ သုံးပေခန့်အထိ နိမ့်ကျသွားခဲ့ကာ ဆက်လက်၍လည်း နိမ့်ဆင်းနေသဖြင့် အန္တရာယ်ရှိနယ်မြေ အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

ဆိပ်ကမ်းဈေး(A)ရုံ အခန်းအမှတ်(၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂)၏ အနောက်ဘက်ခြမ်းရှိ အခန်းအမှတ်(၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀) အခန်းများ နိမ့်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (A)ရုံတွင် အရှေ့ဘက်ဆိုင်ခန်း ၁၂ ခန်း၊ အနောက်ဘက် ၁၂ ခန်းရှိသည့် အနက် ခြောက်ခန်းတွဲမှာ နိမ့်ဆင်းသွားခဲ့ကာကျန် ခြောက်ခန်းတွဲမှာ အနည်းငယ်ကွဲ အက်နိမ့်ကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ နိမ့်ကျသွားသည့် ပမာဏမှာ အလျား ၈၅ ပေ၊ အနံ ၂၉ ပေရှိပြီး အခန်းတစ်ခန်းလျှင် ၆ ပေပတ်လည် ကျယ်ဝန်း၍ လူသွားလမ်း (ဘေး) အကျယ်အဝန်းမှာ ၁၃ ပေ၊ ရှေ့ / နောက် လူသွားလမ်းအကျယ်အဝန်းမှာ ၁၇ ပေဖြစ်ကြောင်း သိရသည်။

မြစ်ကမ်းပါးနိမ့်ကျသည့်နေရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်စိုးနှင့် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက သွားရောက်စိစစ်ဆောင်ရွက်ခဲ့ပြီး နိမ့်ကျသွားသော ဈေးဆိုင်ခန်းများမှာ နောက်တစ်ရက် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီ မြစ်ရေတက်ချိန်တွင် ထပ်မံ၍ တဖြည်းဖြည်းနိမ့်ဆင်းလာသဖြင့် မွန်းလွဲ ၂ နာရီတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆိုပါနေရာကို အန္တရာယ်ရှိ နယ်မြေအဖြစ် သတ်မှတ်၍ ဈေးရောင်းချခြင်းမပြုရန် တားမြစ်အသိပေးခဲ့ပြီး ဈေးဆိုင်ခန်းများအတွင်း သိုလှောင်ထားသည့်ပစ္စည်းများကို ပြောင်းရွှေ့ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။ ယင်းကမ်းပြိုကျမှုနှင့်ပတ်သက်၍ ဈေးသူဈေးသားများနှင့် ဖျာပုံမြို့နေပြည်သူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**သပြေထွန်း**

# မှုခင်းကြိုတင်ကာကွယ်ရေးတွင်အသုံးပြုရန် စက်ဘီးနှင့် ဆက်သွယ်ရေးစက်များ ရဲတပ်ဖွဲ့သို့ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် စက်ဘီးများနှင့် ဆက်သွယ်ရေးစက်များကို ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ဇန်နဝါရီ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ပေးအပ်လှူဒါန်းခဲ့သည်။

တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပသည့် လှူဒါန်းပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး မစ္စတာ ဟုန်လျှန်က လှူဒါန်းသည့် ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျပ်သိန်း ၁၆၀ တန်ဖိုးရှိ စက်ဘီးအစီး ၁၀၀ နှင့် ကျပ် ၁၃၅ သိန်းတန်ဖိုးရှိ HYT အမျိုးအစား ဆက်သွယ်ရေးအထိုင်စက်ခုနစ်လုံး၊ လက်ကိုင်စကားပြောစက် ၁၃ လုံးတို့ကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်ထံ ပေးအပ်လှူဒါန်းခဲ့ပြီး တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ရဲတပ်ဖွဲ့အတွက် အသုံးဝင်သောပစ္စည်းများကို လှူဒါန်းပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ယခုလှူဒါန်းသည့်ပစ္စည်းများကို အသုံးပြုပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုရဲ**



# ငွေလှုရတနာပဋ္ဌာန်းမြတ် သင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်ဆရာတော် အရှင်ကောသလ္လ (ဇလွန်ဆရာတော်)၏ စီစဉ်မှုဖြင့် ငွေလှုရတနာပဋ္ဌာန်းမြတ် သင်တန်းကို အဆိုပါကျောင်းတိုက် လေးထပ်ဓမ္မဗိမာန်တော်ကြီး၌ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းတွင် သင်တန်းနည်းပြဆရာမ ဒေါ်ခင်သန္တာဦးက ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်ထိနှင့် ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ပဋ္ဌာန်းမြတ်ဒေသနာတော်များကို ပို့ချမည်ဖြစ်သည်။

**ကိုချစ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဘတ်စ်ကားလိုင်းစနစ် ပြောင်းလဲမှုတွင် BRT Lite ယာဉ်လိုင်းမှ လိုင်းအမှတ် ၃၇ ဖြင့် လမ်းကြောင်းသစ် ဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်ဘတ်စ်ကား ပြေးဆွဲမှုစနစ် စတင်ပြောင်းလဲမည့် ဇန်နဝါရီ ၁၆ ရက်တွင် BRT Lite ယာဉ်လိုင်းမှ လည်း ယာဉ်လိုင်းအမှတ် ၃၇ ဖြင့် လမ်းကြောင်းသစ်ကို စတင်ပြောင်းလဲပြေးဆွဲမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ရန်ကုန်မြို့တွင် ပြေးဆွဲနေသည့် BRT Lite ယာဉ်လိုင်းသည် လမ်းကြောင်းသုံးခုဖြင့် ယာဉ်အစီးရေ စုစုပေါင်း ၈၅ စီးဖြင့် ပြေးဆွဲနေပြီး ဘတ်စ်ကားစနစ်သစ် စတင်ပြောင်းလဲသည့်နေ့မှစ၍ အဆိုပါလမ်းကြောင်းသုံးခုအား ဖျက်သိမ်းကာ ရန်ကုန်ဘတ်စ်ကား သယ်ယူပို့ဆောင်ရေး၏ ယာဉ်လိုင်းအမှတ် ၃၇ ဖြင့် လမ်းကြောင်းသစ်ကို စတင်ပြေးဆွဲမည်ဟု အဆိုပါယာဉ်လိုင်းမှ သိရသည်။

"အရင်က ယာဉ်လိုင်းရဲ့နဖူးစည်းကို YBPC BRT Lite လို့ကပ်ထားတာပါ။ အခု စနစ်သစ်မှာ YBS ၃၇ လို့ ပြောင်းလဲကပ်ထားမှာဖြစ်ပါတယ်။ ကားရှေ့မှန်ရဲ့ ဘယ်ဘက်အပေါ်ထောင့်မှာတော့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုကော်မတီ (YRTA) ရဲ့ တံဆိပ်ကို ကပ်ထားမှာဖြစ်ပါတယ်။ ယာဉ်တစ်စီးနဲ့တစ်စီးကို ပျမ်းမျှ ၃ မိနစ်ခြားလောက် စေလွှတ်ပေးမှာဖြစ်ပါတယ်။ မနက်ပိုင်း ထောက်ကြန့်ဂိတ်ရင်းက နေသာ ကားတွေ စေလွှတ်တဲ့ပုံစံဖြစ်ပြီး မော်တင်ကနေ ပြန်လှည့်မယ့်စနစ်ဖြစ်ပါတယ်"ဟု အဆိုပါယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။



YBS ၃၇ ယာဉ်လိုင်းပြေးဆွဲမည့် လမ်းကြောင်းမှာ ထောက်ကြန့်ဂိတ်ရင်း (ဂိတ်ဟောင်းမှတ်တိုင်)မှ ဘုရားလေးကွေ့၊ ထောက်ကြန့်လမ်းဆုံ၊ ပုပ္ပားလမ်းသစ်၊ ကျောင်းရှေ့၊ နွယ်ခွေ၊ ရေစင်၊ ခြံပေါက်၊ ဘုရားလေးကုန်းထိပ်၊ ရဲဘော်ဟောင်း၊ ရှမ်းစု၊ ဘိုခြံ၊ တစ်နံပါတ်၊ ရေကြည်အိုင်၊ ဝိုင်ယာလက်၊ ကျိုက္ကလော့၊ ဆပ်ပလိုင်း၊ နိုင်ငံရေး၊ မင်္ဂလာဒုံဈေး၊ ခရေပင်လမ်းခွဲ၊ စာတိုက်၊ ဆေးကျောင်း၊ ဘီအိုစီ၊ ပန်းခြံကုန်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်း၊ ကျောက်တော်ကြီး၊ ဆယ်မိုင်ကုန်း၊ ကိုးမိုင်ခွဲ၊ ကိုးမိုင်၊ အေဝမ်း၊ မဟာစည်၊ ရှစ်မိုင်၊ ၇ မိုင်၊ အေဒီ၊ ကျောင်းကွေ့၊ ခြောက်မိုင်ခွဲ၊ တံတားဖြူ၊ မာလာဆောင်၊ စိုက်ပျိုးရေး၊ ဟံသာဝတီအဝိုင်း၊ မဟာမြိုင်၊ မြေနီကုန်း၊ ဟယ်လ်ပင်၊ ပဲခူးကလပ်၊ စိန်ဂျွန်း၊ စံပြ၊ မော်တင် လမ်းကြောင်းအတိုင်း အသွားအပြန် ပြေးဆွဲသွားမည်ဖြစ်သည်။ ယာဉ်စီးခပေးချေမှုစနစ်ကိုလည်း ယခင်ကတ်စနစ်ကိုသာ ဆက်လက်အသုံးပြုသွားမည်ဖြစ်ပြီး ခရီးစဉ်အကွာအဝေးအလိုက် ယာဉ်စီးခငွေကျပ် ၁၀၀၊ ၂၀၀၊ ၃၀၀ ဟူ၍ ပိုင်းဖြတ်ကောက်ခံနိုင်ရန် စီစဉ်နေသည်ဟု သိရသည်။ ယာဉ်ပေါ်တွင် ယခင်အတိုင်း ယာဉ်မောင်းတစ်ဦးသာ ပါရှိမည်ဖြစ်ပြီး ယာဉ်နောက်လိုက်ထားရှိမည် မဟုတ်ဘဲ ခရီးသည်များအနေဖြင့် ယာဉ်၏ ရှေ့ပေါက်မှတက်ကာ နောက်ပေါက်မှ ဆင်းရမည့် စနစ်ပင်ဖြစ် ကြောင်း သိရသည်။

အဆိုပါယာဉ်လိုင်း၏ အစောဆုံး ယာဉ်ထွက်ခွာချိန်ကို နံနက် ၅ နာရီနှင့် ညပိုင်း နောက်ဆုံးထွက်ခွာချိန်ကို ည ၁၀ နာရီဟူ၍ လျာထားသတ်မှတ်ထားပြီး အပြောင်းအလဲရှိပါက ထပ်မံကြေညာပေးသွားမည်ဟု သိရသည်။ ခရီးစဉ်လမ်းကြောင်းတစ်လျှောက် ယာဉ်ရပ်မှတ်တိုင်များအားလုံးတွင် ရပ်နားပေးသွားမည်ဖြစ်ပြီး ယခင် BRT Lite သီးသန့်ယာဉ်ရပ်မှတ်တိုင်များတွင် ရပ်နားတော့မည်မဟုတ်ကြောင်း သိရသည်။

ယခင်က BRT Lite ယာဉ်လိုင်းသည် အမှတ်(၁) ပြည်လမ်း၊ အမှတ်(၂) ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၃) မြောက်ဥက္ကလာ- အင်းစိန်ဟူ၍ လမ်းကြောင်း သုံးခုကို ပြေးဆွဲနေခြင်းဖြစ်ပြီး ယခု ဇန်နဝါရီ ၁၆ ရက်တွင် အထက်ဖော်ပြပါလမ်းကြောင်းသစ်အတိုင်း စတင်ပြေးဆွဲမည်ဖြစ်သည်။ ယာဉ်အစီးရေ စုစုပေါင်း ၈၅ စီးဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး ယာဉ်အစီးရေ ၁၀၀ ထပ်မံတိုးချဲ့ရန်စီစဉ်လျက်ရှိသည်။ လက်ရှိတွင် အဆိုပါယာဉ်လိုင်း၌ အသုံးပြုနေသော ယာဉ်အမျိုးအစားများမှာ Scania၊ Higer၊ Hyundai၊ Daewoo၊ Kinglong တို့ဖြစ်သည်။

အဆိုပါယာဉ်လိုင်းကို အစိုးရ-ပုဂ္ဂလိကပူးပေါင်းပါဝင်မှု (Public-Private Partnership-PPP) စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး အစိုးရ၏ ထည့်ဝင်ငွေကျပ် ၁၀ ဘီလီယံ (စုစုပေါင်းထည့်ဝင်အရင်းအနှီး ၂၅ ဘီလီယံ၏ ၄၀ ရာခိုင်နှုန်း)၊ ပုဂ္ဂလိကကဏ္ဍမှ ထည့်ဝင်ငွေကျပ် ၁၅ ဘီလီယံ (၆၀ ရာခိုင်နှုန်း)ဖြင့် စတင်ထူထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် လမ်းကြောင်း (၁)ကို စတင်ပြေးဆွဲ ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြောင်းလဲတော့မည့် ဘတ်စ်ကားလိုင်းစနစ်များသည် အဆိုပါ အများပိုင်ယာဉ်လိုင်းကဲ့သို့ ကားသစ်များဖြင့် ပြေးဆွဲသည့် ပုံစံနှင့်ကတ်စနစ်သုံး ငွေပေးချေကတ်အသုံးပြုသည့် အများပိုင်ကုမ္ပဏီအဆင့်သို့ ပြောင်းလဲဆောင်ရွက်သွားမည်ဟု သိရသည်။

**ဆုနှင်းလှဲ့**

# ထရန့်အနေဖြင့်ကန်သံရုံးအားပြောင်းရွှေ့ပါက ငြိမ်းချမ်းရေး ထိခိုက်နိုင်ကြောင်း ပါလက်စတိုင်းသမ္မတပြောကြား



**ဂျေရုဆလင် ဇန်နဝါရီ ၁၄**

အကယ်၍ အမေရိကန်ရွေးချယ်ခံသမ္မတ ထရန့်အနေဖြင့် အမေရိကန်သံရုံးအား ပြောင်းရွှေ့မှုပြုလုပ်ပါက ငြိမ်းချမ်းရေး ဖော်ဆောင်မှုအား ထိခိုက်စေမည်ဖြစ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ဇန်နဝါရီ ၁၄ ရက်က ပြောကြားခဲ့သည်။

"အဆိုပါကိစ္စအား စောင့်ကြည့်နေကြောင်း၊ အကယ်၍ ဖြစ်ပွားခဲ့ပါက ငြိမ်းချမ်းရေးကို ထိခိုက်မည်ဖြစ်ကြောင်း၊ ထိုသို့မဖြစ်စေရန် မျှော်လင့်ကြောင်း" ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် အရှေ့အလယ်ပိုင်းကိစ္စ ဆွေးနွေးပြီးနောက် အဘတ်စ်က ဗာတီကန်ဂိတ်အပြင်ဘက်တွင် သတင်းထောက်များကို ပြောခဲ့သည်။

အဘတ်စ်သည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးညီလာခံအတွက် ပါရီသို့ သွားသည့် ခရီးစဉ်တစ်ထောက်တွင် ဗာတီကန်ဆိုင်ရာ ပါလက်စတိုင်းသံရုံး ဖွင့်လှစ်ရန် ပြင်သစ်တွင် ခေတ္တရပ်နားခဲ့ကြောင်း သိရသည်။ အမေရိကန်သံရုံးအား တယ်အဗစ်မှ ဂျေရုဆလင်သို့ ပြောင်းရွှေ့ရန် ထရန့်၏ကတိပေးမှုသည် အမေရိကန်မူဝါဒအား ကပေါက်တိကပေါက်ချာ ဖြစ်စေနိုင်ကြောင်း သိရသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့က ဂျေရုဆလင်အား မြို့တော်အဖြစ် စောဒကတက်ပြောကြားခဲ့သည်။ သို့သော်လည်း အချို့က တယ်အဗစ်အား ပါလက်စတိုင်းမြို့တော်အဖြစ် ပြောကြားနေမှုနှင့် ပတ်သက်ပြီး အမေရိကန် အုပ်ချုပ်ရေးအသိုင်းအဝိုင်းက မြို့တော်အင်္ဂါရပ်များအား ညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဂျေရုဆလင်သည် အစ္စရေးတို့အလိုအရ စုစည်းညီညွတ်သည့် ထာဝရ မပြောင်းလဲသည့် မြို့တော်ဖြစ်ပြီး ဂျူးလူမျိုးများ၊ မွတ်စလင်များနှင့် ခရစ်ယာန်များနေထိုင်ကြောင်း သိရသည်။

**(ရိုက်တာ)**

# ယူအေအီးတွင် ဒစ်ဂျစ်တယ်စီးပွားရေးစနစ်ဖန်တီးရန် စက်ရုပ်ဖြင့် ဆေးဝါးများရောင်းချ

**ဒူဘိုင်း ဇန်နဝါရီ ၁၄**

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ ဒူဘိုင်းမြို့ ရာရှစ်ဆေးရုံတွင် ဆေးဝါးများအား ယမန်နေ့က စက်ရုပ်ဖြင့် စမ်းသပ်ရောင်းချခဲ့ကြောင်း နိုင်ငံပိုင် ဒဗလျူအေအမ်သတင်းဌာန၏ ဖော်ပြမှုကိုကိုးကား၍ ဆင်ဟွာသတင်းတစ်ရပ်က ဇန်နဝါရီ ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

စက်ရုပ်ဖြင့် ရောင်းချခြင်းကို ဇန်နဝါရီ ၁၅ ရက်တွင် စတင်အသုံးပြုမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ခြင်းကြောင့် လူကြောင့်ဖြစ်သည့် အမှားများကို အနည်းဆုံး လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းစနစ်သည် ဘားကုတ်တစ်ခုပေါ်တွင် အခြေခံထားပြီး ခလုတ်တစ်ခုကို နှိပ်လိုက်ရုံဖြင့် ဆေးဝယ်ယူနိုင်မည်ဖြစ်သလို ဆေးဝါးအမျိုးအစား စုစုပေါင်း ၃၅၀၀၀ အထိ သိမ်းဆည်းထားနိုင်ကာ ဆေးမှာယူမှု ၁၂ ခုအား တစ်မိနစ်အတွင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



၂၀၁၆-၂၀၂၁ခုနှစ်အတွက် ချမှတ်ထားသော မဟာဗျူဟာနှင့် ကိုက်ညီမှုရှိစေရန်နှင့် ပျော်ရွှင်ကျန်းမာသည့် လူ့အဖွဲ့အစည်းဖြစ်လာစေရန် ဒူဘိုင်းကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းက ၎င်းတို့၏ ဆေးရုံအားလုံးတွင် စက်ရုပ်အသုံးပြု၍ ဆောင်ရွက်ခြင်းကို အသုံးပြုသွားရန် စီစဉ်ထားကြောင်း သိရသည်။

ယူအေအီးနိုင်ငံသည် အာရပ်ကမ္ဘာတွင် ဒစ်ဂျစ်တယ်စနစ် စီးပွားရေးစနစ်အား ရှေ့ဆုံးမှဦးဆောင်နိုင်ရန် အများပြည်သူဆိုင်ရာနေရာများတွင် စက်ရုပ်များထားရှိ အသုံးပြုနိုင်ရေး ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ထိပ်သီးမူးယစ်ရာဇာများအား ဖက်ဒရယ်အကျဉ်းထောင်သို့ ပြောင်းရွှေ့ရေး ဘရာဇီးစဉ်းစားနေ

**ဆော်ပိုလို ဇန်နဝါရီ ၁၄**

အကျဉ်းထောင်များတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ထိပ်သီးဘရာဇီးမူးယစ်ရာဇာလေးဦးနှင့် ဝါရင့်အကျဉ်းသား ၁၂ ဦးအား ဖက်ဒရယ်အကျဉ်းထောင်သို့ ပြောင်းရွှေ့ရေး ဘရာဇီးနိုင်ငံက စဉ်းစားဆုံးဖြတ်နေကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါ လျှို့ဝှက်သတင်းအား မည်သို့ရရှိခဲ့သည်ကို ပြောပြခြင်းမရှိသော ဘရာဇီးသတင်းစာတစ်စောင်ဖြစ်သည့် O Estado de S. Paulo က ဘရာဇီးနိုင်ငံသည် ပီစီစီလူဆိုးဂိုဏ်းမှ ဝါရင့်အကျဉ်းသား ၁၂ ဦးအား တင်းကျပ်သောစည်းမျဉ်းများအတိုင်း ထိန်းသိမ်းထားနိုင်မှုအခြေအနေများနှင့် ပတ်သက်ပြီး ဖက်ဒရယ်အာဏာပိုင်များနှင့် ဆွေးနွေးနေကြောင်း သိရသည်။

ဆွေးနွေးမှုတွင် ရည်ရွယ်ချက်များစွာရှိသည့်အနက် မာကိုလာဟု နာမည်ကြီးသည့် မာကိုဟာဘတ်နှင့် ပီစီစီလူဆိုးဂိုဏ်း၏ အထင်ကရပုဂ္ဂိုလ်တို့အား တင်းကျပ်သောစည်းမျဉ်းများအတိုင်း ထိန်းသိမ်းထားနိုင်ရန်ဟူသည့် ရည်ရွယ်ချက်လည်း တစ်ချက်အပါအဝင်ဖြစ်ကြောင်း ယင်းသတင်းစာတွင် ဖော်ပြသည်။

အဆိုပါကိစ္စများနှင့်ပတ်သက်ပြီး ဘရာဇီးနိုင်ငံဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက မည်သည့်စကားမှ မှတ်ချက်ပြုပြောဆိုခြင်းမရှိပေ။

**(ရိုက်တာ)**

# ထိုင်းလေတပ်လေယာဉ်တစ်စင်းပျက်ကျ လေယာဉ်မှူးသေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၁၄**

ထိုင်းနိုင်ငံလေတပ် ဂရီပန်တိုက်ခိုက်ရေးလေယာဉ်တစ်စင်းသည် နိုင်ငံတောင်ပိုင်းရှိလေဆိပ်တစ်ခုတွင် ဇန်နဝါရီ ၁၄ ရက်ကပျက်ကျခဲ့ရာမှ လေယာဉ်မှူးသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆွီဒင်နိုင်ငံလုပ် ဂရီပန်တိုက်လေယာဉ်သည် ဗန်ကောက်မြို့တောင်ဘက် ၇၅၀ ကီလိုမီတာအကွာ ဟတ်ယိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး လေယာဉ်အုပ်စုမှူး ဒီလိုကရစ်ပါသာဗီ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကလေးများနေ့အခါသမယတွင် အလှပြပျံသန်းမှုပြုလုပ်နေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ပျက်ကျရသည့်အကြောင်းရင်းကို လေတပ်က စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။

ဂရီပန်တိုက်လေယာဉ်ပျက်ကျပြီးနောက် ခရီးသည်တင်လေယာဉ်များအတွက် ဦးစားပေးဖွင့်လှစ်ထားသော ယင်းလေဆိပ်ကို နာရီအနည်းငယ်ကြာ ယာယီပိတ်ထားခဲ့ကြောင်း သိရသည်။ ဆူရတ်သနီပြည်နယ် အမှတ် ၇ လေယာဉ်စခန်းတွင် ဖြန့်ကြက်ထားသော လေယာဉ် ၁၂ စင်းနှင့် JAS 39 ဂရီပန်တိုက်လေယာဉ်လေးစင်းအပြင် နောက်ထပ်ထပ်မံအားဖြည့်နိုင်ရေး လေယာဉ်များဝယ်ယူသွားရန် ထိုင်းနိုင်ငံလေတပ်က စီစဉ်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ကမ္ဘောဒီးယားနိုင်ငံတွင် ရက်လွန်အစားအစာများစားမိပြီး ကျောင်းသားများ အော့အန်မှုဖြစ်ပွား

**ဖနောင်ပင် ဇန်နဝါရီ ၁၄**

ကမ္ဘောဒီးယားနိုင်ငံတွင် ရက်လွန်အစားအစာများစားမိသည့် ကျောင်းသား ၂၂၂ ဦး အော့အန်မှုဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ရဲချုပ်က ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သည့်ရက်က မူလတန်းကျောင်းတစ်ကျောင်းမှ ကလေးများသည် အလှူရှင်အဖွဲ့တစ်ဖွဲ့ ကျွေးမွေးသည့်အစားအစာများကိုစားမိပြီး အော့အန်မှုဖြစ်ပွားခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံအနောက်ပိုင်း ပါရဲဆတ်ပြည်နယ် ဖနွမ်းကရာဗန်ခရိုင် ရဲချုပ်ဖွန်ဆာရက်က ပြောသည်။

ထိုသို့ဖြစ်ပွားပြီးနောက် ကလေးများကို ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ပို့ဆောင်ခဲ့ပြီး ကျွေးမွေးခဲ့သည့်အစားအစာနမူနာများကို စမ်းသပ်စစ်ဆေးရန် ပြည်နယ်အစားအစာဘေးကင်းရေးဗျူရိုသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ယခုအခါတွင် ဆေးရုံသို့ရောက်ရှိနေသည့် ကလေးအတော်များများ နာလန်ထလာပြီဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံတွင် ရက်လွန်အစားအစာ စစ်ဆေးမှုပြုလုပ်ခြင်းများ နည်းပါးလျက်ရှိကြောင်း သိရသည်။ လွန်ခဲ့သောနှစ် နိုဝင်ဘာ၌ အော့ဒါမင်ချေးပြည်နယ်တွင် ရက်လွန်နေသည့် ရိုးရာအချိုပွဲများစားသောက်ပြီးနောက် ကျောင်းသား ၁၃၉ ဦးအော့အန်မှု ဖြစ်ပွားခဲ့သေးကြောင်း သိရသည်။

**(ဆင်ဟွာ)**

# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၄

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ မူဟာမက်နဝပ်ဇ်ရှာရစ်ဖ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် ပြည်သူများထံသို့ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့နှင့် ပြည်သူများ ကိုယ်စား လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

လွတ်လပ်ရေးရရှိချိန်မှစတင်ကာ ပါကစ္စတန်နှင့် မြန်မာနိုင်ငံတို့သည် ခင်မင်ရင်းနှီးစွာဖြင့် ဆက်ဆံလာခဲ့ကြပါသည်။ လာမည့်ရက်များတွင် ရှိရင်းစွဲ ခင်မင်ရင်းနှီးမှုသည် ပိုမိုတည်တံ့ခိုင်မြဲလာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပါသည်။ အဆွေတော်နှင့် နိုင်ငံသားများ ကျန်းမာခြင်းနှင့် ပြည့်စုံပြီးလျှင် ရေရှည်အကျိုးစီးပွားများ တိုးတက်ဖြစ်ထွန်းပါစေကြောင်း ဆန္ဒမွန်ဖြင့် ဆုတောင်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မန်ဂါလာဆာမာရာဝီရက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ကျရောက်မှုသည် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ လှိုက်လှဲဝမ်းသာကြောင်းနှင့် ဆုတောင်းမေတ္တာများပို့သရန် ကျွန်ုပ်အတွက် အချိန်အခါကောင်းတစ်ခု ဖြစ်ပါသည်။ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ဆက်နွယ်မှုများအပေါ် အခြေခံလျက် ကာလကြာမြင့်စွာ တည်ရှိလာခဲ့သည့် သီရိလင်္ကာနှင့် မြန်မာနှစ်နိုင်ငံဆက်ဆံရေးသည် ပိုမိုကျယ်ပြန့်နက်ရှိုင်းလာပြီး အရေးကြီးသည့် ဖွံ့ဖြိုးတိုးတက်မှုများကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။ နှစ်နိုင်ငံဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် များစွာသောကိစ္စရပ်များကိုလည်း အတူတကွ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်ခဲ့ပြီဖြစ်ပါသည်။ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားတိုးတက်အောင် ဆက်လက်ကြိုးပမ်းသွားနိုင်မည်ဟု ယုံကြည်မိပါသည်ဟု ဖော်ပြပါရှိသည်။

**ဘယ်လာရုစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဘလက်ဒီမီယာမာကိုင်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် လှိုက်လှဲဝမ်းသာစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြလိုပါသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာနက်ရှိုင်းလာလိမ့်မည်ဟု မျှော်လင့်မိပါသည်။ အဆွေတော်ကျန်းမာသက်ရှည်၍ မွန်မြတ်သည့်လုပ်ငန်းဆောင်တာများကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဂျာမန်အနုပညာရှင် Wolfgang Laib ၏ ရေမြေအဆုံးနေရာထိတိုင်အောင် အနုပညာပြပွဲ ရန်ကုန်အတွင်းဝန်များရုံး၌ပြသ

**ရန်ကုန် ဇန်နဝါရီ ၁၄**

ယနေ့ခေတ်၏ အရေးပါဆုံးသော အနုပညာရှင်ဦးရေ ၁၀၀ ထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည့် ဂျာမန်အနုပညာရှင် Wolfgang Laib ၏ "ရေမြေအဆုံးနေရာထိတိုင်အောင်" ခေါင်းစဉ်ဖြင့် အနုပညာပြပွဲကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ အတွင်းဝန်များရုံး(ဝန်ကြီးများရုံး)၌ ပြသရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

"သမိုင်းဝင်အဆောက်အအုံမှာ အနုပညာကို စတင်ပြီးဆိုတာ ပြလိုက်တာပါ။ အနုပညာဟာ ဘယ်လောက်အထိ နူးညံ့သိမ်မွေ့တာကို သူ့ရဲ့အနုပညာကို ထင်ဟပ်အောင်ပြသခဲ့တယ်။ နူးညံ့သိမ်မွေ့တဲ့ အနုပညာနဲ့ တင်ဆက်ပြသသွားမှာပါ"ဟု ပြပွဲစီစဉ်သူ Goethe-Institut မှ ဒါရိုက်တာက ပြောသည်။

ယနေ့ စတင်ပြသသည့် ဂျာမန်အနုပညာရှင် Wolfgang Laib ၏ အနုပညာပြပွဲသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၊ အနုပညာကို ချစ်မြတ်နိုးသူများနှင့် စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုလေ့လာကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ဒုတိယပါမောက္ခချုပ် ဦးမြတ်သူရက "ဒီပြပွဲက ပန်းချီ ပန်းပုနဲ့ဆိုင်တာပေါ့၊ ထူးခြားချက်က ပန်းချီလို့လည်း ပြောလို့မရဘူး။ ပန်းပုလို့လည်း ပြောလို့မရဘူး။ ပန်းချီနဲ့ပန်းပု ပေါင်းစပ်ထားတယ်။ ပစ္စည်းတွေနဲ့ပုံဖော်ပြီး ရောထွေးသော အနုပညာရသ တစ်ခုလို့မြင်ပါတယ်။ အမြင်သစ်ပေါ့။ မြန်မာက အနုပညာရှင်ကလေးတွေအတွက်လည်း အမြင်သစ်တစ်ခုပေါ့။ ယဉ်ကျေးမှုတက္ကသိုလ်က ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် လာရောက်လေ့လာကြတယ်"ဟု ပြောသည်။

ပြပွဲတွင် ဂျာမန်အနုပညာရှင် Wolfgang Laib ကိုယ်တိုင် လာရောက်ကြည့်ရှုသူများအား အနုပညာရသကို သရုပ်ဖော်ပြသခဲ့သည်။ ပြပွဲတွင် Wolfgang Laib ကိုယ်တိုင် ဖန်တီးပုံဖော်ထားသည့် အနုပညာပြကွက်များကို ခင်းကျင်းပြသထားသည်။

အနုပညာပြပွဲဖြစ်မြောက်ရေးအတွက် Goethe-Institut၊ တိုင်းဒေသကြီးအစိုးရ၊ အနော်မာအနုပညာအုပ်စုနှင့် မြန်မာ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့က အဓိကပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

ဂျာမန်အနုပညာရှင် Wolfgang Laib ၏ အနုပညာပြပွဲကို ဇန်နဝါရီ ၁၄ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ အတွင်းဝန်များရုံး (ဝန်ကြီးများရုံး)၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင်လည်း "ခေတ်ပြိုင်အနုပညာ"ခေါင်းစဉ်ဖြင့် Wolfgang Laib နှင့် အနုပညာရှင်များက ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-ဇော်မင်းလတ်**



**ဂျာမန်အနုပညာရှင် Wolfgang Laib ၏ အနုပညာပြပွဲကို ရန်ကုန်အတွင်းဝန်များရုံး၌ပြသရာ စိတ်ပါဝင်စားသူများ လာရောက်ကြည့်ရှုကြစဉ်** (သတင်းစဉ်)

# ထိုင်း-မြန်မာပိုင် မယ်ဆိုင်ချောင်း ငှက်ပျောတော ရေဆိပ်တွင် စောင့်ကြည့်ရန်တာဝန်ချ

**တာချီလိတ် ဇန်နဝါရီ ၁၄**

မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့အကြား ထိုင်းနိုင်ငံ မယ်ဆိုင်ဘက်ဒေသခံ လယ်သမားများ သဲအိတ်များဖြင့် ရေချောင်းအားပိတ်ကာ ရေတားများ ပြုလုပ်လာခြင်းကြောင့် မြန်မာနိုင်ငံဘက် ပါလျံ၊ ငှက်ပျောတော ရေဆိပ်တွင် စောင့်ကြည့်အဖွဲ့များထားမည်ဟု သိရသည်။ **(ယာပုံ)**



မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့အကြား ရန်အောင်မြေရပ်ကွက်ရှိ ငှက်ပျောတော ရေဆိပ်၌ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက ထိုင်းနိုင်ငံ မယ်ဆိုင်ဘက် ပါဆတ်ဝိန်းဟောင်ရွာသား ဒေသခံလယ်သမား ၂၀၀ ခန့်တို့မှ သဲအိတ်များဖြင့် ရေချောင်းကိုပိတ်ကာ ရေတားပြုလုပ်ပြီး ၎င်းတို့လယ်ထဲသို့ ရေများသွင်းယူမည် သတင်းများကြောင့် တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနေ၊ တပ်နယ်မှ ဗိုလ်ကြီး ကျော်စိုးဝင်းနှင့် ထိုင်း-မြန်မာ နယ်ခြားကော်မတီအဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာန၊ ဆည်မြောင်းနှင့် စိုက်ပျိုးရေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ ၃၀ တို့မှ မယ်ဆိုင်ဘက်ကမ်းတွင် သဲအိတ်များ ချထားရန် ဆောင်ရွက်နိုင်ခြေ ရှိ/မရှိကို သွားရောက် စစ်ဆေးကြည့်ရှုခဲ့သည်။

ထိုင်းနိုင်ငံဘက်မှ တောင်သူလယ်သမားများသည် မြန်မာတာဝန်ရှိသူများ၏ တားဆီးမှုနှင့် ရေရရှိရန် နှစ်ဖက်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရန်နှင့် အထက်အကြီးအကဲနှင့် ပြည်နယ်အစိုးရထံ တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောဆိုဖြေရှင်းပေးသဖြင့် ထိုင်းတောင်သူ ၂၀၀ တို့ အဆိုပါရေဆိပ်မှ မွန်းလွဲပိုင်းတွင် လူစုခွဲ၍ ပြန်လည် ထွက်ခွာသွားကြကြောင်း သိရသည်။

တာချီလိတ် - မယ်ဆိုင် ကြားရှိ မယ်ဆိုင်ချောင်းပေါ်တွင် နှစ်စဉ် သဲအိတ်များချကာ ရေတားသဖွယ်ပြုလုပ်မှုကြောင့် မိုးရာသီကာလများတွင် တာချီလိတ်မြို့တွင်းသို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်လေ့ရှိသည့်အတွက် မြန်မာဘက်မှ ကန့်ကွက်ထားခြင်းဖြစ်ပြီး မယ်ဆိုင်မြို့ မြို့ပိုင်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများထံ ထိုင်း-မြန်မာနယ်ခြားကော်မတီမှတစ်ဆင့် အကြောင်းကြားထားကာ ရန်အောင်မြေရပ်ကွက် ပါလျံ၊ ငှက်ပျောတောရေဆိပ်တွင် ပြည်သူ့စစ်သုံးဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့မှ စောင့်ကြည့်ရန်ချထားဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

**သထုံ ဇန်နဝါရီ ၁၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (ရုံးချုပ်)၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့- ဝင်းစိန် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမှုနှင့် လမ်းပခုံးကပ်ခြင်းလုပ်ငန်းများကို ပြည်နယ်ဦးစီးမှူး ဦးမျိုးကြည်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မဝေ**

# ကံကုန်း-မြင်းကဆိပ်လမ်းပိုင်း ကွန်ကရစ်ခင်းခြင်းအဆင့်မြှင့်တင်

**ကန်ကြီးဒေါင့် ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးဒေါင့်မြို့နယ်အတွင်းရှိ ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြလမ်းပိုင်းတွင်ပါဝင်သည့် ကံကုန်း-မြင်းကဆိပ်လမ်းပိုင်း(၁၃/၁-၁၄/၃) မိုင်မှ (၁၄/၅- ၁၅/၃) မိုင်ရှိ ယခင်ကတ္တရာလမ်းဟောင်းပိုင်းအား အများပြည်သူ သွားလာမှုလွယ်ကူစေရေးအတွက် ကွန်ကရစ်ခင်းခြင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ ယမန်နေ့က ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုးထွန်း၊ ဒေါ်ခင်စောမူနှင့် ဒေါ်ခိုင်ဇင်ဦးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါလမ်းပိုင်းအား ကန်ကြီးဒေါင့်မြို့နယ် လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်းအကျယ် ၁၈ ပေနှင့် လမ်းအမြင့် ရှစ်လက်မထု ခင်းကျင်းနေခြင်းဖြစ်ကြောင်း သိရပြီး လမ်းအရည်အသွေးကောင်းမွန်စေရေး၊ စံချိန်စံညွှန်း ပြည့်မီရေး၊ အချိန်မီပြီးစီးနိုင်ရေးနှင့် လမ်းလုပ်သားများ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများက လမ်းတာဝန်ခံများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

# သီတဂူဆေးရုံများမှ ၂၃ နှစ်အတွင်း မျက်စိဝေဒနာရှင် လေးသိန်းနီးပါးကို ကုသပေးနိုင်ခဲ့

**ရန်ကုန် ဇန်နဝါရီ ၁၄**
မြန်မာနိုင်ငံတစ်ဝန်းရှိ သီတဂူစက္ခုဒါန ဆေးရုံတော်များတွင် ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီး၏ ဩဝါဒနှင့် လမ်းညွှန်မှုကိုခံယူပြီး မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသမှုနှင့် ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ၁၉၉၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၂၃နှစ်တာကာလအတွင်း မျက်စိဝေဒနာရှင် လူနာပေါင်း ၃၈၈၁၇၀ ကို စမ်းသပ်ကုသပေးနိုင်ခဲ့ပြီး လူနာပေါင်း ၇၁၀၉၀ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သီတဂူစက္ခုဒါန ဆေးရုံတော်များကိုလည်း မြို့နယ်အသီးသီးတွင် ဖွင့်လှစ်လျက်ရှိရာ ကချင်ပြည်နယ် ဖားကန့်မြို့၌ သီတဂူစက္ခုဒါနဆေးရုံကို ဇန်နဝါရီ ၁၂ ရက်(ပြာသိုလပြည့်နေ့)က အောင်မြင်စွာ ဖွင့်လှစ်ခဲ့သည်။ ဖားကန့်မြို့ သီတဂူစက္ခုဒါနဆေးရုံ ဖွင့်ပွဲမတိုင်မီ နှစ်ရက်မှစ၍ မျက်စိဝေဒနာရှင်များကို အခမဲ့ စမ်းသပ်ကြည့်ရှု ကုသပေးခဲ့ရာ ဇန်နဝါရီ ၁၃ ရက်အထိ လေးရက်တာအတွင်း ပြင်ပလူနာ စမ်းသပ်ကုသဝေဒနာရှင် ၁၉၂၉ ဦးနှင့် ခွဲစိတ်ကုသပေးခဲ့သည့် ဝေဒနာရှင် ၂၀၂ ဦးတို့အား စက္ခုအလင်း ကုသိုလ်ပြုပေးနိုင်ခဲ့ကြောင်း သိရသည်။



**သတင်း-ခင်ရတနာ၊
ဓာတ်ပုံ-သီတဂူကျော်ဆန်းဝင်း**

# စိုက်စရိတ်ချေးငွေများမှ ကျပ်ဘီလီယံ ၁၀၀၀ ကျော် ပြန်လည်ရရှိထား

**နေပြည်တော် ဇန်နဝါရီ ၁၄**
ယခုဘဏ္ဍာနှစ်တွင် တောင်သူလယ်သမားများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ထုတ်ချေးပေးထားသည့် ချေးငွေများထဲမှ ကျပ်ဘီလီယံ ၁၀၀၀ ကျော်ကို ပြန်လည်ရရှိထားပြီးဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် လယ်သမားများကို မိုးရာသီစိုက်စရိတ်ချေးငွေအဖြစ် ကျပ်ဘီလီယံ ၁၄၀၀ ကို အတိုးနှုန်း ရှစ်ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမျိုးတင့်ထွန်းက ပြောကြားသည်။ "ချေးထားတဲ့ ဘီလီယံ ၁၄၀၀ ထဲက ၁၀၀၀ ကျော်တော့ ပြန်ရထားပြီ။ လေးရာကျန်သေးတယ်။ မိုးရာသီစိုက်စရိတ်ချေးငွေ ပြန်ဆပ်ရမယ့် သတ်မှတ်ကာလကတော့ ကျော်လွန်နေပြီ"ဟု လက်ထောက်အတွင်းဝန်က ပြောသည်။

ဆက်လက်၍ လက်ထောက်အတွင်းဝန်က "ရေနစ်မြုပ်မှုဒဏ်ကိုခံခဲ့ရတဲ့ဒေသတွေက လယ်သမားတွေအနေနဲ့ စိုက်စရိတ်ချေးငွေပြန်ဆပ်ဖို့ကာလကို နောက်ဆုတ်ပေးဖို့တောင်းဆိုလာရင် ရက်ရွှေ့ဆိုင်းပေးမယ်လို့ ထုတ်ပြန်ထားပေမယ့် တောင်းဆိုလာတဲ့လယ်သမား မရှိသေးဘူး"ဟု ပြောကြားသည်။

ယခုနှစ် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လအတွင်းက အချိန်အခါမဲ့ မိုးရွာသွန်းမှုများကြောင့် စပါးရိတ်သိမ်းခြင်း၊ စပါးလှန်းရန်အခက်အခဲများရှိခြင်း၊ ရိတ်သိမ်းပြီးသည့်စပါးများ အစိုပြန် အညှောင့်ပေါက်လာခြင်း စသည့် ပြဿနာများကိုလည်း လယ်သမားများ ရင်ဆိုင်ခဲ့ရသည့်အပြင် စပါးဈေး အဆမတန်ကျဆင်းနေမှုကြောင့် သွင်းအားစုစရိတ်ကိုပင် ကာမိခြင်းမရှိသည့်အတွက် အစိုးရထံမှချေးယူထား သည့် စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်ချိန်တွင် အခက်အခဲဖြစ်နေ ကြောင်း တင်ပြလာပါက ရက်ရွှေ့ဆိုင်းပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားခြင်းဖြစ်သည်။

**ဖြိုးလွင်အောင်(AMIA)**

# မှူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**ညောင်ရွှေ ဇန်နဝါရီ ၁၄**
ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် နန်းပန်ကျေးရွာ ဓမ္မာရုံ၌ မှုခင်းကျဆင်းရေးအတွက် ဒေသခံပြည်သူများအား အသိပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဇန်နဝါရီ ၁၃ ရက်က ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးက မှုခင်းကျဆင်းရေး၊ မူးယစ်အန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူ ၁၈၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက် )**

## သတင်းတိုများ

### ဘိုးဘွားများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေး

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဟွေဖကျေးရွာအုပ်စု ဟွေဖကျေးရွာရှိ အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများကို ဇန်နဝါရီ ၁၃ ရက်က သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဘိုးဘွားများအတွက် လိုအပ်သည့် ဆေးဝါးများ၊ အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ကာ အားပေးစကား ပြောကြားခဲ့ပြီး ဆက်လက်၍ ကျေးရွာရှိ နွမ်းပါးသည့်အိမ်ထောင်စု ကိုးစုကိုလည်း ဆန်နှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။
**(မြို့နယ် ပြန်/ဆက်)**

### ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေး

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် မိုင်းငေါ့မြို့ တိုက်နယ်ကျန်းမာရေးဌာန၌ မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဇန်နဝါရီ ၉ ရက်က လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။ ကာကွယ်ဆေးတိုက်/ဆေးထိုးပေးရာတွင် ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ဝက်သက်၊ ဂျိုက်သိုးစသည့် ရောဂါကာကွယ်ဆေး ၁၀ မျိုးကို ထိုးနှံပေးခဲ့ရာ စုစုပေါင်း ကလေးငယ် ၄၈ ဦးကို ထိုးနှံပေးနိုင်ခဲ့ကြောင်း၊ ကလေးငယ်များကို ပေါင်ချိန်၍ ကိုယ်အလေးချိန်မှတ်တမ်းရယူခြင်းများလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကိုလည်း မေးခိုင်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

**မြင်းခြံ ဇန်နဝါရီ ၁၄**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့နှင့် Help Age International အဖွဲ့တို့ ပူးပေါင်းပြီး မသန်စွမ်းမှုဆိုင်ရာအသိပညာပေးသင်တန်းကို မြင်းခြံမြို့ ရွှေပြည်စိုးသာသနာ့ဗိမာန်၌ ဇန်နဝါရီ ၁၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်ခြင်းမှာ အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေးစီမံကိန်းအရ မိမိတို့ပတ်ဝန်းကျင်တွင် မသန်စွမ်းမှုနှင့်ဆိုင်သော အသိပညာဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာပြီး မသန်စွမ်းသူများအား အကူအညီပေးနိုင်ရန်၊ မသန်စွမ်းသူများနှင့်ပတ်သက်၍ ထောက်ပံ့ကြေးပေးရန်လိုအပ်သောသူများကို စိစစ်၍ ထောက်ပံ့ကြေးများပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာ ၃၀ မှ တစ်ရွာလျှင် သုံးဦးနှုန်း တက်ရောက်ပြီး သင်တန်းတွင် မသန်စွမ်းမှုဆိုင်ရာ အသိပညာများကို စာတွေ့၊ လက်တွေ့ သရုပ်ပြခြင်းများဖြင့် ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။
**ဇော်မင်းနိုင်(မြင်းခြံ)**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ မင်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၉၃၂၊ ဝါးဒရယ်၊ ဦးပိုင်အမှတ် ၁၄ခ၊ လယ် ၅ဒသမ၇၃ဧကကို လယ်ယာမြေဥပဒေ နှင့်အညီ လုပ်ပိုင်ခွင့်(ပိုင်ဆိုင်ခွင့်)ရှိသူ ရန်ကုန်တိုင်းဒေသကြီး၊ ဖောင်ကြီးအရှေ့ရွာမရပ်ကွက်နေ ဦးတင်စိုး ၁၂/လကန(နိုင်) ၀၄၉၀၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက လယ်ယာမြေဥပဒေပုဒ်မ ၉(ခ)နှင့်အညီ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလယ်မြေ လုပ်ပိုင်ခွင့်(ပိုင်ဆိုင်ခွင့်)နှင့် စပ်လျဉ်း၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံ၌ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အောက်ပါလိပ်စာသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းဖေခိုင်
တရားလွှတ်တော်ရှေ့နေ (၇၅၇၉)
အမှတ် ၁၂၂(ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၉၇၄၂၅၈၉၊ ၀၉-၂၅၅၉၁၂၉၃၉

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4J/3895၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/3228၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၉၁၈၉ SuzukiViva 110 M.C ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ဆန်းအောင် ၉/ခအဇ(နိုင်)၀၀၂၂၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

THREE STAR
Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။
Split Type Air-con Brand New
၃ နှစ် အာမခံ
တပ်ဆင်ပြီးဈေးနှုန်း
1HP 255000-Ks
1.5HP 310000-Ks
(Copper Pipe-10', Wire, Frame, Transportation)
"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"
တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

## ဖခင်အမည်မှန်

အထက(၁) မင်္ဂလာတောင်ညွန့်၊ န၀မတန်း(A)မှ မောင်ဘက်စုံဖြိုး၏ဖခင် အမည်မှန်မှာ ဦးလှမျိုးအောင် ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/ 1439, Swan Htet L/T (1) Ton, P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင် ၅/ပလန(နိုင်)၀၆၅၆၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ အမှတ် ၃၃၊ ၆လွှာ (ဘယ်ဘက်-ခြေရင်းခန်း)၊ ပေ(အလျား ၁၂×အနံ ၅၀)ရှိတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းသန္တာဘို ၁၂/စခန(နိုင်) ၀၁၁၂၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရာ၌ စရန်ငွေတချို့တစ်ဝက်အား ပေးချေဝယ်ယူထားပါသည်။ ယင်းတိုက်ခန်း၏ ရောင်းချမှု၊ ဝယ်ယူမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၂၈-၁-၂၀၁၇ရက်အထိ နောက်ဆုံးထားလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်းရောင်းဝယ်မှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသိန်းဇော် (LL.B) — ဒေါ်လေးစန္ဒာသိန်း (LL.B)
အထက်တန်းရှေ့နေ — တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၆၃၊ လေးလွှာ၊ ၃၈လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ရွှေပေါက်ကံ၊ ပုဂံလမ်း၊ မြေကွက်အမှတ် ၆၁၉၊ အကျယ်အဝန်းပေ (၄၀×၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မြေချပါမစ်အမည်ပေါက် ဒေါ်ခြေခြေလှိုင် (PKU-၀၅၉၇၉၅)ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဦးမျိုးနိုင်ထွန်း ၁၂/မဂဒ(နိုင်)၀၂၁၁၅၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစည်သူဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၄)
တိုက် (၉/၁၁)၊ အခန်းအမှတ် ၃၀၆(၁/၂)၊ လေးလွှာ၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၀၅၀၉၀၉၁

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ တိုက်ခန်းအား ကန်ထရိုက်တာထံမှ ဝယ်ယူပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးသက်နိုင်ဦး ၁၂/ဗဟန(နိုင်)၀၈၂၃၇၂(မှ) နိုင်ဂရု(ပ်)ဆောက်လုပ်ရေး | ဦးရဲရင့်ဝင်း ၁၂/ကတတ(နိုင်)၀၂၆၅၆၃ | အမှတ် (၆၉၃/၇၀၁)၊ အခန်း (7-E)၊ ကုန်သည်လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/ 4069, Zaw L/T (1) Ton, Van (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၁၂/သကတ(နိုင်)၁၂၇၂၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)
သန်လျင်မြို့

# တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းဆီးရမိ



**မိုးကောင်း ဇန်နဝါရီ ၁၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၃ ရက်က မိုးကောင်းမြို့နယ် ရှစ်မိုင်လမ်းဆုံ၌ ဖားကန့်ဘက်မှ မောင်းနှင်လာသော UD ခြောက်ဘီးယာဉ်အမှတ် 7B/------ ယာဉ်မောင်း သက်ထွန်းနှင့် ယာဉ်နောက်လိုက်သိန်းဌေးဦးတို့ မောင်းနှင်သည့် ယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်ပေါ်တွင် တင်ဆောင်လာသော ကားတာယာများအတွင်း သိုဝှက်၍ တရားမဝင်သယ်ဆောင်လာသည့် ဆာလာအိတ်နှင့် ထည့်ထားသော အိတ် ၆၄ အိတ်အတွင်းမှ ကျောက်စိမ်းအရိုင်းတုံး ၆၁၇ တုံး စုစုပေါင်း အလေးချိန် ၁၂၈၆ ပိဿာ အား တွေ့ရှိသဖြင့် သိမ်းဆည်းနိုင်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသူတို့အား မိုးကောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၆၇)**

# အိမ်ခွဲနေရန်ပြောသည့်ကိစ္စ မကျေနပ်၍ တူက အဒေါ်ကိုကတ်ကြေးဖြင့်ထိုး

**ရေတာရှည် ဇန်နဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု မုန်စီကျေးရွာ၌ ဇန်နဝါရီ ၁၃ ရက်က အတူနေထိုင်လာသည့် တူဖြစ်သူအား အခြားနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ရန်ပြောသည့်ကိစ္စကို မကျေနပ်၍ ကတ်ကြေးဖြင့် ထိုးသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မုန်စီကျေးရွာနေ မောင်စိုးသူ(၂၃နှစ်)သည် အဒေါ်ဖြစ်သူ ဒေါ်နွယ်နီမြင့်နှင့်အတူ လွန်ခဲ့သောငါးနှစ်ခန့်ကတည်းက အတူနေထိုင်ခဲ့ပြီး မောင်စိုးသူအား အဒေါ်ဖြစ်သူက မင်္ဂလာဆောင်ပေးခဲ့သည်။

ယင်းနောက်ပိုင်း ၎င်းတို့လင်မယားအား အခြားနေအိမ်သို့ ပြောင်းရွှေ့နေထိုင်ကြရန် ပြောဆိုခဲ့သည်ကို မကျေနပ်၍ ကတ်ကြေးဖြင့် ထိုးခဲ့ခြင်းဖြစ်သည်။

ကတ်ကြေးဖြင့် အထိုးခံရမှုကြောင့် ဒေါ်နွယ်နီမြင့်တွင် ဒဏ်ရာများရရှိသေဆုံးသွားခဲ့၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# တရားမဝင်သစ်များ သယ်ဆောင်လာသော မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ဖောင်းပြင် ဇန်နဝါရီ ၁၄**

ဗန်းမောက် - ဖောင်းပြင်ကားလမ်း နောင်မနားရွာအရှေ့ဘက် ငါးဖာလုံခန့်အကွာတွင် ဇန်နဝါရီ ၁၃ ရက်က ဗန်းမောက်ဘက်မှ ဖောင်းပြင်ဘက်သို့ ယာဉ်မောင်းစိုးမြင့်အောင် မောင်းနှင်လာသည့် အပြာရောင်ကိုက်ဖန် အမျိုးအစား လေးလုံးထိုးအင်ဂျင်တပ် ကန့်လန့်ဂျီယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ကျွန်းခွဲသားဆိုက်စုံ ၁၀၈ ချောင်း ၁ ဒသမ ၅၁၃၈ တန်၊ အင်ကြင်းခွဲသားဆိုက်စုံ ခုနစ်ချောင်း ၀ ဒသမ ၁၅၁၈ တန်တို့ကိုတွေ့ရှိ၍ တရားမဝင် သစ်များလက်ဝယ်ထားရှိ သယ်ဆောင်လာသူ စိုးမြင့်အောင်(ခ) မောင်စိုးကို ဖောင်းပြင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖောင်းပြင်သားလေး**

# မြစ်သားမြို့ လမ်းခွလမ်းဆုံတွင် ဆီသယ်ယာဉ်တစ်စီး တိမ်းမှောက်

**မြစ်သား ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ဇန်နဝါရီ ၁၃ ရက်က လမ်းခွလမ်းဆုံ၏ တောင်ဘက်တွင် ယာဉ်မောင်း အောင်ဇော်လတ်သည် ဆီသယ်ယာဉ် (ဂါလန် ၁၀၀၀ ယာဉ်)ကို မန္တလေးမှ မိတ္ထီလာ-ပျဉ်စည်သို့ပို့ရန် မန္တလေး-ရန်ကုန်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် ၃၈၅/၆-၇ကြားအရောက်တွင် လမ်း၏ဝဲဘက်အရှေ့ခြမ်းသို့ အရှိန်လွန်ပြီး လမ်းဘေးရှိ လျှပ်စစ်ဓာတ်တိုင်အားဝင်တိုက်ကာ ယင်းယာဉ်မှာ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်မောင်းတွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိပြီး မြို့မရဲစခန်း(မြစ်သား)က အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြစ်သားမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးနှင့်တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ကုန်ရထားနှင့်ပွတ်တိုက်မိ၍ အမျိုးသားတစ်ဦးသေဆုံး

**သာစည် ဇန်နဝါရီ ၁၄**

သာစည်မြို့တောင်ဘက် နွားထိုးဘူတာနှင့် ညောင်ရမ်းဘူတာကြား မိုင်တိုင်အမှတ် (၃၀၁/၁၃)နှင့် (၃၀၁/၁၄)ကြား၌ ဇန်နဝါရီ ၁၃ ရက်က အမျိုးသားတစ်ဦး ကုန်တင်ရထားနှင့် ပွတ်တိုက်မိ၍ သေဆုံးနေကြောင်း သတင်းအရ သာစည်ရထားရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ မေတ္တာရှင်နာရေးကူညီမှုအသင်းယာဉ်ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြသည်။

အဆိုပါသေဆုံးသူမှာ အသက်(၃၅နှစ်)ခန့်ရှိပြီး ၎င်း၏အမည်နှင့် နေရပ်လိပ်စာကို စုံစမ်းဆဲဖြစ်ကြောင်းနှင့် ရထားရဲတပ်ဖွဲ့စခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ထော်လာဂျီတစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**ဖောင်းပြင် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁၃ ရက် ညနေ ၅ နာရီက ဖောင်းပြင်မြို့နယ် ပင်သာကျေးရွာအုပ်စု စစ်တပ်ကုန်းအဆင်း(မုံရွာ- ခန္တီးဗျူဟာလမ်းမပေါ်) မိုင်တိုင်အမှတ် (၁၃၅)နှင့် (၁၃၆)ကြားတွင် ထော်လာဂျီတစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက် ခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်လိုက်ပါလာသူ ခုနစ်ဦးတို့ ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မောင်း မြင့်အောင်(၂၅)နှစ် မန်သက်ရွာ ဟုမ္မလင်းမြို့နယ်နေသူအား ဖောင်းပြင်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဖောင်းပြင်သား(ပြန်/ဆက်)**

# ဆိုင်ကယ်နှင့်ကားမျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေဆုံး

**မော်လမြိုင် ဇန်နဝါရီ ၁၄**

မော်လမြိုင်မြို့ သံလွင်တံတားပေါ်၌ ဇန်နဝါရီ ၁၂ ရက်က မော်လမြိုင်ဘက်မှ မုတ္တမဘက်သို့ မုတ္တမမြို့ရေးစုရပ် ခိုင်သဇင်လမ်းနေ ရန်နောင်စိုး (၁၇နှစ်) မောင်းနှင်လာသော ဆိုင်ကယ်သည် မော်လမြိုင်မြို့ သံလွင်တံတား RP 11 -RP 12 ကြားတွင် အရှိန်ပြင်းစွာ မောင်းနှင်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး မော်လမြိုင်မြို့နေ သက်နိုင်စိုး(၃၈နှစ်) မောင်းနှင်လာသော ယာဉ်ရှေ့ပိုင်းကို ဝင်တိုက်မိခဲ့သဖြင့် ရန်နောင်စိုးမှာ ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ


### အများသိစေရန်ကြေငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသောဦးထွန်းထွန်းဦး၊ ဒေါ်သီဂီဦး၊ ဒေါ်မေဦးတို့သည်၊ ရန်ကုန်ကုန်မြို့ ရန်ကင်းမြို့နယ်(၂)ရပ်ကွက်၊ တိုက်အမှတ်(၂၇၅)၊ အခန်း(၄)တွင်ဖွင့်လှစ်ရောင်းချလျက်ရှိသောဆေးဝိဇ္ဇာအမှတ်တံဆိပ်ပါ သွေးတိုးကျဆေးကို လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကျော်ထဲကထုတ်လုပ်ရောင်းချဖြန့်ဖြူးခဲ့ပါသည်။ တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 003768(0418) နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် TMR 003768(0418) ကိုရရှိထားပြီး ရန်ကုန်တိုင်းစာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်း မှတ်ပုံတင်အမှတ်၃၅၆၄/၂၀၁၁ဖြင့်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ဆေးဝိဇ္ဇာအမှတ်တံဆိပ်
သွေးတိုးကျဆေး
ပင်ရင်း - အမှတ်(၂၇၅)၊ အခန်း(၄)၊
(၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

အထက်ဖော်ပြပါဆေးဝိဇ္ဇာကုန်အမှတ်တံဆိပ်အမည်အမှတ်သားဖြင့်သွေးတိုးကျဆေးမှုန့်တစ်မျိုးတည်းကိုသာ ဗူးများဖြင့်ထုတ်လုပ်ပြီး မြန်မာပြည်တစ်ဝှမ်းလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဤအမှတ်တံဆိပ်အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများမှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှားဆင်တူယိုးမှားတုပမှိုငြမ်းသုံးစွဲခြင်းများ၊ ပြုလုပ်သုံးစွဲအသုံးပြုနေပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်းသတိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ငြိမ်းချမ်း
(LL.B)
တရားလွှတ်တော်ရှေ့နေ
စဉ် - ၈၅၁၈

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(စံပြ)၊ မြေကွက်အမှတ်(၁၅၀)၊ အကျယ်အဝန်း ပေ ၂၅×ပေ၅၀ နှစ် ၆၀ ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ၅လမ်း၊ အမှတ်(၁၅၀)၊ မြေညီထပ်၊ (၁၇ပေ)ထပ်ခိုးပါ (၁၁ ပေခွဲ×၄၈ ပေ)ရှိ ကန်ထရိုက်တာဦးတင်ညွန့် ပိုင်ဆိုင်သည့် (ခြေရင်းဘက်အခြမ်း)တိုက်ခန်းနှင့် ကိုယ်ပိုင်လျှပ်စစ်မီတာ၊ ကိုယ်ပိုင်ရေမော်တာ အပါအဝင်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဦးတင်ညွန့် ၁၂/သဃက(နိုင်)၀၅၃၂၁၃ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်မင်းနိုင် LL.B, C.B.L, WIPO DL-101(GENERVA)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)
အမှတ်(၁၇၃)၊ ပထမထပ်၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၀၀၃၂၂၊ ရုံး-၀၁-၂၄၂၂၀၉

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း၊သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် ၊ တိုက်အမှတ်(၃) ၊ အခန်းအမှတ် (၅၂၂)၊ Type (B) ၊ ဧရိယာ (၉၀၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသန်းကျော် (၉/မခန (နိုင်) ၁၁၉၇၄၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၁၉-၁-၂၀၁၇)ရက်နေ့ မတိုင်မီ လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး LL.B, D.B.L, D.L.L., တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
ဦးထိန်လင်းသန်း LL.B, D.B.L, D.I.L, D.M.L, တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၉၂)
Hein Htet San Law Firm
ဖုန်း- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အင်းလျက်ကျေးရွာအုပ်စု၊ ရေပြာကျေးရွာ၊ ကွင်းအမှတ် ၅၇၂ ᵏ၊ ကွင်းအမည် ကျွန်းတောတောင်၊ ဦးပိုင်အမှတ် ၄၂/၁၊ ၄၂/၂နှင့် ၄၂/၆ဥယျာဉ်ခြံစိုက်ပျိုးထားသော RR ဟုမှတ်သားထားသည့် မြေအမျိုးအစား စုစုပေါင်း ၁၅ဧကနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့် ဒေါ်တင်ညီညီလတ် ၇/ရကန(နိုင်)၀၃၆၀၃၇ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဟုန်းလိန်း ၄/မတန(နိုင်)၀၁၂၅၁၂၈ အထက်ဖော်ပြပါ ဥယျာဉ်ခြံမြေ(၁၅)ဧက အနက်မှ ၅ဧကကို အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းသန္တာလှိုင် LL.B,D.B.L,D.I.L
အထက်တန်းရှေ့နေ(စဉ်-၄၃၉၅၄)
ရုံး-ရှေ့နေများရုံးခန်း၊ ရွှေပြည်သာမြို့နယ်တရားရုံးရှေ့၊ ရွှေပြည်သာမြို့နယ်၊
ဖုန်း-၀၉-၂၅၁၁၀၉၈၆၀

### ကန့်ကွက်နိုင်ပါကြောင်း

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအကွက်အမှတ်(၃)၊ (အထက်မြောက်ရပ်) ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ၀ဒသမ၀၇၂ ဧကရှိ (ဥယျာဉ်ခြံမြေ)နှင့် ၎င်းမြေကွက်ပေါ်ရှိ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ အမှတ်(၈၀)၊ မဟာဗန္ဓုလလမ်း၊ (၃)ရပ်ကွက်၊ သံတွဲမြို့ဟုခေါ်တွင်သော အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်)မှဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်အဆောက်အအုံနှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသူများအနေဖြင့်ကျွန်ုပ်ထံသို့ဖြစ်စေ၊ မြဝတီဘဏ်လီမိတက်(ရုံးချုပ်) စီမံ(ပစ္စည်း)ဌာနသို့ဖြစ်စေ၊ ကြော်ငြာပါသည့် နေ့မှ(၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မြဝတီဘဏ်လီမိတက်(ရုံးချုပ်)စီမံ(ပစ္စည်း)ဌာန၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရာစိုး B.A (Law) LL.B တရားလွှတ်တော်ရှေ့နေ(စဉ်၁၁၈၄/၇၁)
အခန်း(၃)၊ တိုက်(၄၆)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊
မြဝတီဘဏ်လီမိတက်(ရုံးချုပ်)၏ ဘဏ်အကျိုးဆောင်ရှေ့နေကြီး

# ကလပ်ပေါင်းစုံကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ထွန်းထွန်းအောင်နှင့်နှင်းနှင်းအေး ဆွတ်ခူး

**ရန်ကုန် ဇန်နဝါရီ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အောက်ရှိ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပထမဆုံးအကြိမ် ကလပ်ပေါင်းစုံ ကာယဗလနှင့်ကာယ ကြံ့ခိုင်မှုပြိုင်ပွဲကြီးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MMC ခန်းမ၌ ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် ကျင်းပသော အဆိုပါပြိုင်ပွဲကြီးတွင် သတ်မှတ်ဝိတ်တန်း အသီးသီးနှင့် အလွတ်တန်းပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ကာ ပြိုင်ပွဲတွင် ပထမဆုရှင်များပေါင်းစည်းကာ ထပ်မံယှဉ်ပြိုင်ရာ ကာယဗလပြိုင်ပွဲတွင် ထွန်းထွန်းအောင်က ပထမထပ်မံရရှိပြီး Over All အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် မနှင်းနှင်းအေးက ထပ်မံဆွတ်ခူးခဲ့ကြောင်း သိရသည်။

ကာယဗလမောင် ပြိုင်ပွဲတွင် ဝိတ်တန်းအလိုက် ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၀ အထက်ကီလိုတန်းနှင့် အလွတ်တန်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ပြီး အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အငယ်တန်းအဆင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းအငယ်တန်းအဆင့်မှ ပထမ၊ ဒုတိယနှင့် တတိယ ဆုရှင်များက နောက်ဆုံး Over All အမျိုးသမီး အလွတ်တန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ လက်ရွေးစင်ပထမဆုရှင်များနှင့် ထပ်မံယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

"ဒီနေ့ကျင်းပတာကတော့ မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပတဲ့ ကာယဗလနဲ့ ကာယကြံ့ခိုင်မှုပြိုင်ပွဲကြီးပဲဖြစ်ပါတယ်။ အရင်နှစ်တွေက အခုလို ကလပ်ပေါင်းစုံပြိုင်ပွဲ တစ်ခါမှမလုပ်ခဲ့ဖူးပါဘူး။ ဒါကြောင့် ဒီနေ့ပြိုင်ပွဲက နိုင်ငံတစ်ဝန်းကလာပြိုင်ကြတော့ ပြိုင်ပွဲကတော်တော်လေးကို အကြိတ်အနယ်ရှိပါတယ်။ အခုလို ကျင်းပတာကလည်း မြန်မာနိုင်ငံကိုယ်စားပြု လက်ရွေးစင်တွေရွေးချယ်ဖို့နဲ့ မျိုးဆက်သစ် အားကစားသမားအသစ်တွေ ပေါ်ထွန်းစေဖို့ ရည်ရွယ်ကျင်းပတာ ဖြစ်ပါတယ် "ဟု မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



**အမျိုးသား Over All နှင့် အမျိုးသမီး အလွတ်တန်း Over All ပြိုင်ပွဲများတွင် ပထမဆုရရှိခဲ့သော ထွန်းထွန်းအောင်နှင့် နှင်းနှင်းအေးကို ဆုယူအပြီး တွေ့ရစဉ်**

ဝိတ်တန်းအလိုက် ကာယဗလမောင်ပြိုင်ပွဲ ၅၅ ကီလိုတန်းတွင် ပထမဆုကို ဖြိုးဝေလင်း၊ ဒုတိယဆုကို ဇော်မင်းဌေးနှင့် တတိယဆုကို မျိုးသန်းတို့ကလည်းကောင်း၊ ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆု ခင်မောင်ထူး၊ ဒုတိယဆု ရန်ပိုင်စိုးနှင့် တတိယဆုကို စထောင်ဖန်းတို့က လည်းကောင်း၊ ၆၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆု မိုးဆွေ၊ ဒုတိယဆု ဇော်နိုင်ဦးနှင့် တတိယဆုကို သန်းဇော်တို့ကလည်းကောင်း၊ ၇၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမဆု ရဲထက်အောင်၊ ဒုတိယဆု ထက်ဝဠာထင်ရှားနှင့် တတိယဆုကို သန်းဇော်ထိုက်တို့က လည်းကောင်း၊ ၇၀ အထက်ကီလိုတန်းပြိုင်ပွဲတွင် ပထမဆု မျိုးမင်းအေး၊ ဒုတိယဆု ကျော်ဇေယျနှင့် တတိယဆုကို သူရိန်ဘိုတို့က လည်းကောင်းရရှိခဲ့ပြီး အလွတ်တန်းကာယဗလမောင်ပြိုင်ပွဲတွင် ပထမဆု ထွန်းထွန်းအောင်၊ ဒုတိယဆု မောင်ကျော်(ခ) ထွန်းမင်းနှင့် တတိယဆုကို ရဲထွန်းနောင်တို့ကရရှိခဲ့သည်။ ပထမဆုရှင်များပေါင်းစည်းကာ အမျိုးသား Over All ကာယဗလမောင်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုကို အလွတ်တန်းပြိုင်ပွဲမှ ပထမဆုရရှိသူ လက်ရှိ မြန်မာပြည် အလွတ်တန်းချန်ပီယံ ထွန်းထွန်းအောင်က ထပ်မံရရှိခဲ့ပြီး အလားတူ ယနေ့ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသူများနှင့် ယခင်မြန်မာနိုင်ငံ လက်ရွေးစင်များ ဆက်လက်ယှဉ်ပြိုင်ရာ အငယ်တန်းမှ ပထမဆုရရှိခဲ့သော မနှင်းနှင်းအေးက ထပ်မံဆွတ်ခူးရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲတွင် ကာယဗလမောင်ပြိုင်ပွဲ၌ ဝိတ်တန်းအလိုက် ပထမဆုရရှိသူကို ဆုငွေကျပ် ငါးသိန်းနှင့် ဆုဖလား၊ ဒုတိယဆုကို ငွေကျပ်သုံးသိန်းနှင့် ဆုဖလား၊ တတိယဆုကို ငွေကျပ်နှစ်သိန်းနှင့် ဆုဖလား၊ အငယ်တန်းအမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင်လည်း ပထမဆု ငွေကျပ်ငါးသိန်းနှင့် ဆုဖလား၊ ဒုတိယဆု ငွေကျပ်သုံးသိန်းနှင့် ဆုဖလား၊ တတိယဆုရှင်ကို ငွေကျပ်နှစ်သိန်းနှင့် ဆုဖလား ချီးမြှင့်ပေးခဲ့ပြီး အလားတူ အမျိုးသား Over All နှင့် အမျိုးသမီး အလွတ်တန်း Over All ပြိုင်ပွဲများတွင် ပထမဆုရရှိသူ နှစ်ဦးကိုလည်း ဆုငွေကျပ် ငါးသိန်းနှင့် ဆုဖလားချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မင်းထက်**

# စပါးအသင်း အိမ်ကွင်းတွင် ဂိုးပြတ်အနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၁) စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် စပါးနှင့် ဝက်စ်ဘရွန်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်စပါးအသင်း လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် စပါးအသင်းသည် ၃-၄-၂-၁ ပုံစံဖြင့် ဟယ်ရီကိန်းကို အထောင်ထားခဲ့ပြီး ဧည့်သည်ဝက်စ်ဘရွန်းသည်လည်း ရွန်ဒန်ကို အထောင်ထားကာ ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ပွဲစပြီး ၁၂ မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက စပါးအတွက် အဖွင့်ဂိုးကို သွင်းယူခဲ့ပြီး ပွဲချိန် ၂၆ မိနစ်တွင် ဝက်စ်ဘရွန်း နောက်တန်းကစားသမား မက်စ်အူလေ ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သဖြင့် စပါးအသင်း ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် စပါးအတွက် ထပ်မံအနိုင်ဂိုးများကို ၇၇ မိနစ်နှင့် ၈၂ မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲတွင် ဟယ်ရီကိန်းသည် ဟက်ထရစ်သွင်းယူခဲ့ပြီး ပရီမီယာလိဂ်သွင်းဂိုး ၁၃ ဂိုးထိသွင်းယူထားကာ မန်ယူမှ အီဘရာဟီမိုဗစ်နှင့် ဂိုးအရေအတွက် တူညီခဲ့သည်။ ယနေ့ပွဲတွင် စပါးအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးရခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၈ ကြိမ်ရရှိကာ ၁၁ ကြိမ်မြောက် ဂိုးပေါက်တည့်ခဲ့သည်။ ဝက်စ်ဘရွန်းသည် သုံးကြိမ်သာကန်ခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။

ဝက်စ်ဘရွန်းအသင်းသည် ရမှတ် ၂၉ မှတ်ဖြင့် အဆင့်(၈)တွင် ဆက်လက်ရပ်တည်နေပြီး စပါးသည် ရမှတ် ၄၅ မှတ်ဖြင့် ဇယားထိပ်မှ ချယ်လ်ဆီးနှင့် လီဗာပူးကို ဖိအားပေးနေပြီး တနင်္ဂနွေနေ့ညတွင် မန်ယူနှင့်လီဗာပူးပွဲ၌ လီဗာပူးအသင်းအနိုင်မရခဲ့လျှင် အဆင့်(၂)နေရာမှ စပါးအသင်းကို ဖယ်ပေးရမည်ဖြစ်သည်။

အခြားပွဲစဉ်များအဖြစ် ဆွမ်ဆီးနှင့် အာဆင်နယ်ပွဲတွင် အဝေးကွင်း၌ အာဆင်နယ်က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်အတွက် အနိုင်ဂိုးများကို ၃၇မိနစ်တွင် ဂျီရော့ဒ်၊ ၅၄မိနစ်နှင့် ၆၇ မိနစ်တွင် ဆွမ်ဆီးကစားသမားဖြစ်သော ဂျက်ကော့နှင့် ကီလီနော့တန်တို့ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့ပြီး ပွဲချိန် ၇၃ မိနစ်တွင် ဆန်းချက်ဇ်က အာဆင်နယ်အတွက် စတုတ္ထမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။ ဆန်းချက်ဇ်သည် ပရီမီယာလိဂ်သွင်းဂိုး ၁၄ ဂိုး ရရှိခဲ့ပြီး ဂိုးအများဆုံးသွင်းယူထားသည့် ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာနှင့် ဂိုးအရေအတွက် တူညီခဲ့သည်။ ဘန်လေက ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဟားလ်စီးတီးက ဘုန်းမောက်ကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဝက်ဖို့ဒ်နှင့် မစ်ဒယ်ဘရော့ပွဲမှာ ဂိုးမရှိသရေကျခဲ့ပြီး စတုတ်စီးတီးက ဆန်းဒါးလန်းကို သုံးဂိုး-တစ်ဂိုးနှင့် ဝက်စ်ဟမ်းကပဲလေ့စ်ကို သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ **သီဟ**

| စပိန်လာလီဂါပွဲစဉ် (၁၈) ရလဒ်များ | | |
|---|---|---|
| လီဂါနက်စ် | ၀ - ၀ | ဘီဘာအို |
| ဘာစီလိုနာ | ၅ - ၀ | လက်စ်ပါးမက် |

Congratulations

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန
မှ
စတုတ္ထမြောက် နိုင်ငံအဝှမ်းဆက်သွယ်ရေး Operator လိုင်စင်အား
Myanmar National Tele & Communications Co.,Ltd(MNTC) သို့ (၁၂-၁-၂၀၁၇)ရက်နေ့တွင်
ပေးအပ်ချီးမြှင့်ခဲ့မှုအပေါ် အထူးဂုဏ်ပြုဝမ်းမြောက်ကြောင်းနှင့် မြို့ပြကျေးလက်နေရာအနှံ့ပြည်သူလူထုအကျိုးကို
ဆထက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Myanmar Edible Oil Industrial Public Corporation Limited
Myanmar Industries Alliances Public Ltd
Myanmar Technology & Investment Corporation Ltd
Royal Yatanarpon Telecom Public Co.,Ltd
ရွှေပြည်တံခွန် တယ်လီကွန်းစ် အများပိုင် ကုမ္ပဏီလီမိတက်
Myanmar Information & Communication Technology Development Corporation Ltd
Golden Land East Asia Development Limited
International Power Generation Public Co.,Ltd
Mahar Yoma Public Co.,Ltd
Myanmar Agricultural & General Development Public Limited
Myanmar Agribusiness Public Corporation Limited

ခ ရီး သွား ဆော င်း ပါး

# ချင်းတောင်တန်းပေါ်မှ မင်းတပ်မြို့ဆီသို့

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - မောင်ချစ်ကြည်

**တောင်ကြောတစ်ခုကိုကွေ့ပြီး တောင်ပတ်လမ်းကို ဖြတ်သန်းလိုက်သည်နှင့် နှင်းမြူများဝေဆိုင်းနေသော ချင်းတောင်တန်းကို လှမ်းမြင်လိုက်ရသည်။ ဆောင်းရာသီမို့ အအေးဓာတ်က သိသိသာသာ လွှမ်းခြုံထားရာ တောင်လေအဟုန်၌ ရင်ထဲစိမ့်နေအောင်အေးလေသည်။ နံနက် စောစောမို့ ချင်းတောင်တန်းများပေါ်ဝယ် နှင်းများက တအိအိကျဆင်းနေရာ မြင်ကွင်းကမသဲကွဲ၊ ကတ္တရာလမ်းပေါ်အထိ ကျဆင်းနေသော နှင်းများကြောင့် ကားကို ဖြည်းဖြည်းမောင်းနေရသဖြင့် ခရီးကမတွင်၊ မိနစ်အတန်ကြာမှ "ကဲ... ရောက်ပြီ" ဟု ယာဉ်မောင်းက သတိပေးလိုက်မှ မှိတ်ထားသော မျက်စိကိုဖွင့်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ မလှမ်းမကမ်း၌ စိုက်ထူထားသော ဆိုင်းဘုတ်ကို တွေ့ရသည်။ အစိမ်းရောင်အောက်ခံပေါ်တွင် အဖြူရောင်စာလုံးဖြင့် ရေးသားထားသော " မင်းတပ်မြို့"။**

ချင်းတောင်တန်းတောင်ထိပ်ပေါ်တွင် တည်ထားသော အိမ်ခြေများ၊ တောင်ကြောပေါ်အထိ တည်ဆောက်ထားသည့် သစ်သားအိမ်ငယ်များကို နှင်းမှုန်များကြားမှ ဝိုးတဝါးတွေ့မြင်ရသည်။ သဘာဝအတိုင်းလှပနေသော မြင်ကွင်းကို ဇာပဝါပါးပါးဖြင့် ဖုံးလွှမ်းထားသကဲ့သို့ ရှိလေသည်။ ကန်ပက်လက်မြို့သို့ တာဝန်ဖြင့်လာရောက်ခဲ့သည့် ကျွန်တော်သည် တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသော မင်းတပ်မြို့သို့ အလုပ်တာဝန်ပြီးချိန် အခိုက်အတန့်မှာပင် ရောက်အောင် လာခဲ့ခြင်းဖြစ်သည်။

ကန်ပက်လက်နှင့် မင်းတပ်မြို့သည် ၃၇ မိုင် ၅ ဖာလုံသာ ကွာဝေးသည်ဖြစ်ရာ ကန်ပက်လက်မှ နံနက်စောစော မော်တော်ယာဉ်ဖြင့် ထွက်လာခဲ့ခြင်းဖြစ်ပြီး မင်းတပ်မြို့သို့ ရောက်ချိန်၌ နံနက် ၇ နာရီခန့်သာရှိသေးသည်။ မင်းတပ်မြို့ အဝင်ဆိုင်းဘုတ်ကို ကျော်ဖြတ်လာခဲ့ပြီးနောက် ကားကို ဖြည်းဖြည်းမောင်းဝင်ကာ မြို့တွင်းသို့ လာရောက်ခဲ့သည်။ ဆောင်းရာသီကာလတွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၄၈၆၀ ၌ တည်ရှိနေသော မင်းတပ်မြို့က ဆောင်းရာသီ ညပိုင်းအချိန်များတွင် အရိုးကွဲမတတ်အေးကြောင်း၊ ဒေသခံ အချို့မီးဖိုများဖြင့် နေထိုင်ကြရကြောင်း သိရသည်။ နွေရာသီတွင် အအေးဓာတ်ပေ့ါပြီး သွားလာနေထိုင်၍ကောင်းကြောင်း၊ ခရီးသွားဧည့်သည်အများစုမှာ နွေရာသီကာလကို ရွေးချယ်ကာ မင်းတပ်မြို့နှင့် အနီးဝန်းကျင်သို့ လာရောက်လည်ပတ်ကြကြောင်းလည်း သိရသည်။ မိုးရာသီကာလ၌ မိုးရွာသွန်းမှုများပြားရာ လမ်းများပျက်စီးတတ်ပြီး သွားလာရေးခက်ခဲတတ်ကြောင်း အတူလိုက်ပါလာသော ကန်ပက်လက်မြို့သား ကျွန်တော့်မိတ်ဆွေ ကိုထန်လျံက ပြောသည်။

မင်းတပ်မြို့တွင်းသို့ ကျွန်တော်တို့ ရောက်ရှိချိန်သည် နံနက်စောစောဖြစ်သော်လည်း ဒေသခံချင်းတိုင်းရင်းသားများက သွားလာလှုပ်ရှားနေကြပြီဖြစ်သည်။ ခြင်းတောင်းကို ကျောပိုးပြီး နဖူးတွင် ကြိုးတပ်ဆင်ထားကာ သယ်ဆောင်သွားလာနေကြသော မင်းတပ်မြို့သား ချင်းတိုင်းရင်းသားများက ကိုယ်စီလုပ်ငန်းခွင်ဝင်ရောက်ရန် စတင်နေသည့် မြင်ကွင်းကို တွေ့မြင်ရသည်။ ဆောင်းတွင်း နံနက်စောစော သူတို့လုပ်ငန်းများကို အအေးဓာတ်လွှမ်းခြုံနေသော်လည်း တလှုပ်လှုပ်နှင့် သွားလာနေကြသည်။

မင်းတပ်မြို့က ချင်းတောင်တန်းပေါ်တွင် တည်ရှိပြီး အရှေ့အနောက် သွယ်တန်းတည်ဆောက်ထားသော အိမ်များကြောင့် မြင်ကွင်းကထူးခြားသည်။ အပေါ်စီးကကြည့်လျှင် မြို့လယ်လမ်းမ၊ လမ်းမတစ်ဖက်တစ်ချက်၌ စီတန်းတည်ဆောက်ထားသော နေအိမ်များ၊ ပတ်ဝန်းကျင်တွင် နှင်းများဝေနေသည့် ချင်းတောင်တန်း၊ တောင်စွယ်များဖြင့် တည်ငြိမ်အေးချမ်းပြီး လှပနေသော မင်းတပ်မြို့က သက်ငြိမ်ပန်းချီကားတစ်ချပ် ကဲ့သို့ပင်။

ကျွန်တော်မင်းတပ်မြို့အကြောင်း စဉ်းစားမိသည်။ မြန်မာနိုင်ငံ ရတနာပုံခေတ်က မြို့ဝန်များ အခွန်ဘဏ္ဍာကိစ္စဖြင့် သွားလာခဲ့ရာတွင် ဤကုန်းမြေနေရာ၌ တပ်စခန်းချရာ



မင်းတပ်မြို့အား အပေါ်စီးမှ တွေ့မြင်ရစဉ်

နေရာဖြစ်ခဲ့ရာမှ နောက်ပိုင်း မြို့နှင့်ရွာများတည်ထောင်ခဲ့သဖြင့် မင်းတပ်မြို့ဟု အမည်တွင်ခဲ့ကြောင်း အဆိုရှိကြသည်ကို အမှတ်ရမိသည်။ ဗြိတိသျှလက်ထက်က မင်းတပ်ကို ပခုက္ကူ တောင်တန်းခရိုင်ဝန်က အုပ်ချုပ်ခဲ့ပြီး ပါလီမန်ခေတ်တွင် ပြည်တော်သာစီမံကိန်းအရ အစိုးရက အခြေခံအဆောက်အအုံများဖြစ်သော ကျောင်းများ၊ တံတားများတည်ဆောက်ပေးခဲ့သလို လမ်းများကောင်းမွန်အောင်လည်း ကြိုးစားဆောင်ရွက်ပေးခဲ့သည်။ စံပြတိုက်အလုံး ၅၀ ကိုလည်း တည်ဆောက်ပေးခဲ့သည့်အပြင် ကန်ပက်လက်မြို့မှ ခရိုင်ဝန်ရုံးကိုလည်း ၁၉၅၈ ခုနှစ်၌ မင်းတပ်မြို့သို့ ပြောင်းရွှေ့ခဲ့ရာ မင်းတပ်မြို့သည်လည်း တဖြည်းဖြည်း တိုးတက်စည်ကားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ မင်းတပ်မြို့လယ်ရှိ ဈေးသို့ရောက်ရှိခဲ့သည်။ ဗဟိုလမ်းမကြီးဘေး၌ တည်ရှိသော မင်းတပ်ဈေးက နံနက်ပိုင်းတွင် ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလှသည်။ အနွေးထည်၊ ခေါင်းပေါင်းများကိုယ်စီဖြင့် ဈေးရောင်း ဈေးဝယ်နေကြသည့် ဒေသခံချင်းတိုင်းရင်းသားများကို တွေ့ရသည်။ ရာသီကုန်ဟင်းသီးဟင်းရွက်များက လတ်လတ်ဆတ်ဆတ်ရှိပြီး စိုက်ခင်းများမှခူးကာ ကိုယ်တိုင်လာရောက် ရောင်းချကြသူများဖြစ်ကြသည်။

မင်းတပ်မြို့သည် မြို့နယ်ရုံးစိုက်ရာ မြို့ဖြစ်သည့်အပြင် ကျေးရွာအုပ်စု ၄၆ အုပ်စုနှင့် ကျေးရွာပေါင်း ၄၉၇ ရွာရှိသော မြို့နယ်ဖြစ်ရာ မင်းတပ်မြို့အနီး ကျေးရွာများ ဝိုင်းရံလျက် တည်ရှိကြောင်း သိရသည်။

မင်းတပ်မြို့အနီး ကျေးရွာများမှ ချင်းတိုင်းရင်းသားတို့ စိုက်ပျိုးသော ဟင်းသီးဟင်းရွက်များမှာ မင်းတပ်ဈေးသို့ သယ်ယူရောင်းချကြသဖြင့် ဈေးချိုပြီး လတ်ဆတ်နေခြင်းဖြစ်သည်။ အရောင်အဆင်းစုံလင်သော ချင်းရိုးရာခလေ့ဝတ်စုံကိုဝတ်ဆင်ကာ ဈေးအတွင်းသွားလာလှုပ်ရှားနေကြသော ချင်းတိုင်းရင်းသား အမျိုးသမီးကြီးငယ်များကို တွေ့မြင်ရသည်မှာ ခလေ့ရိုးရာဟန်ကို သဘာဝဆန်စွာ ဝတ်ဆင်ထားခြင်းဖြစ်ကြောင်း ခံစားမိသည်။ ဈေးအတွင်း ချင်းရိုးရာခလေ့ရောင်စုံလည်ဆွဲများ၊ ရောင်စုံအဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ ရောင်းချသည်ကိုလည်း တွေ့ရသည်။ ထူးခြားသည်မှာ နိုင်ငံခြားသားခရီးသွားဧည့်သည်အချို့ ကင်မရာကိုယ်စီဖြင့် ဈေးအတွင်း သွားလာနေကြခြင်း ဖြစ်သည်။

မင်းတပ်မြို့၌ ဟိုတယ်နှင့် တည်းခိုခန်းများရှိနေရာ ကမ္ဘာလှည့်ခရီးသွားများ လာရောက်တည်းခို လည်ပတ်ကြကြောင်းလည်း သိရသည်။ ပတ်ဝန်းကျင် ရှုခင်းကောင်းမွန်မည့်နေရာနှင့် သွားလာရေးအဆင်ပြေသောနေရာများတွင် တည်ဆောက်ထားသဖြင့် ဟိုတယ်နှင့် တည်းခိုရိပ်သာများမှာ ပွင့်လင်းရာသီတွင် ဧည့်သည်မပြတ်ကြောင်းလည်း သိရသည်။

နယ်မြေတည်ငြိမ်အေးချမ်းပြီး သဘာဝအလှများ ဝိုင်းရံနေသည့်အပြင် ရာသီဥတုကလည်း အေးမြသည်ဖြစ်ရာ ဥရောပမှ ခရီးသွားဧည့်သည်များအကြိုက် ဖြစ်နေသည်။

ကျွန်တော်တို့မင်းတပ်မြို့ စံပြရပ်ကွက်ရှိ မိတ်ဆွေဖြစ်သူ ဦးထန်းလိန်းအိမ်သို့ သွားရောက်ခဲ့သည်။ ဦးထန်းလိန်းမှာလွန်ခဲ့သည့် ငါးနှစ်ခန့်က ရင်းနှီးခဲ့သူဖြစ်ပြီး မင်းတပ်မြို့ကို ရောက်လျှင် ဝင်ဖြစ်အောင်ဝင်လည်ပါဟု အကြိမ်ကြိမ်ဖိတ်ခေါ်ထားသဖြင့် ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

အိမ်ရှေ့ရောက်သည်နှင့် အိမ်တွင်းမှ ဦးထန်းလိန်းကို အသင့်တွေ့ရပြီး အံ့သြဝမ်းသာဟန်ဖြင့်ဆီးကြိုသည်။ ရိုးသားပွင့်လင်းသော ဦးထန်းလိန်းက မင်းတပ်မြို့သို့ ရုတ်တရက်ရောက်ရှိလာသော ကျွန်တော့်ကိုကြည့်ကာ ဝမ်းသာပျော်ရွှင်နေပြီး ကောက်ညှင်းပေါင်း၊ ဆိတ်သားအခြောက်ဖုတ်များဖြင့် တည်ခင်းဧည့်ခံကျွေးမွေးလေသည်။ ထူးခြားသင်းပျံ့သော လက်ဖက်ခြောက် အဖန်ရည်၊ ပူနွေးနေဆဲ ကောက်ညှင်းပေါင်းနှင့် ဆိတ်သားအခြောက်ဖုတ်များကို ဆာဆာနှင့်စားလိုက်ရာ ပြိုက်ခနဲကုန်သွားသဖြင့် ဦးထန်းလိန်းက သဘောကျဝမ်းသာလျက်ရှိပြီး ထပ်ထည့်ကာ ကျွေးပြန်သည်။ အတန်ကြာ စကားပြောဆိုပြီးနောက် ကျွန်တော်တို့ မင်းတပ်မြို့အတွင်း ပြန်ထွက်လာခဲ့သည်။

မင်းတပ်မြို့လယ်သည် ဈေးဆိုင်များ၊ စီးပွားရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများဖြင့် စည်ကားနေသည်။ ဆိုင်ကယ်အသုံးပြုသူများသလို ဆိုင်ကယ်သုံးဘီးယာဉ်ဖြင့် ကုန်တင်၊ လူစီးသွားလာသူများလည်းရှိသည်။ နှစ်ထပ်အိမ်များပြီး သုံးထပ်အိမ်က အနည်းငယ်သာတွေ့ရသည်။ မြို့လယ်လမ်းမကြီးတစ်လျှောက် အိမ်များသွယ်တန်း တည်ဆောက်ထားသော်လည်း လမ်းမကြီးမှာ လမ်းသွယ်များရှိပြီး တောင်စောင်း၊ ဆင်ခြေလျှောနေရာများ၌လည်း သစ်သားအိမ်ငယ်များ တည်ဆောက်နေထိုင်ကြသည်။ အများအားဖြင့် အိမ်များမှာ သေးငယ်ပြီး မိသားစုနေထိုင်ရုံမျှသာ ကျယ်ဝန်းကြောင်း သိရသည်။

ထို့နောက် မင်းတပ်မြို့ တောင်ပုလုဘုရားသို့ သွားရောက်ခဲ့ကြသည်။ အေးချမ်းတိတ်ဆိတ်သော တောင်ပုလုဘုရားရင်ပြင်ပေါ်တွင် လူသူရှင်းလင်းနေသဖြင့် ဆိတ်ငြိမ်ရာဖြစ်ပြီး တရားဘာဝနာအားထုတ်ရန် ကောင်းလေသည်။ အအေးဓာတ်ပါသော လေကြောင့် အေးစိမ့်အောင် ခံစားရသည်။ အနီးရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ခဲ့ရာ ဗုဒ္ဓဆင်းတုတော်များတည်ရှိ ပူဇော်ထားမှုမှာ သပ္ပာယ်ဖွယ်ရာဖြစ်သည်။

ဘုန်းတော်ကြီးကျောင်း၌ ကလေးငယ်များအား စာပေအခမဲ့သင်ကြားပေးလျက်ရှိရာ အောင်မြင်မှုရရှိကြောင်း သိရသည်။ ကျောင်းထိုင်ဆရာတော် ခရီးထွက်နေသဖြင့် မဖူးတွေ့ခဲ့ရချေ။

ကျွန်တော်တို့ ဘုန်းတော်ကြီးကျောင်းမှ ပြန်ထွက်လာခဲ့ပြီး မြို့လယ်လမ်းပေါ်အရောက် ရဟန်းသံဃာတော်နှင့် ကိုရင်အချို့ဆွမ်းခံကြွလာသည်ကို တွေ့မြင်ဖူးတွေ့ရသည်။ နယ်စပ်တောင်တန်းဒေသများအထိ ဘာသာသာသနာ ထွန်းကားပြန့်ပွားရေးကြိုးစားနေရာ အောင်မြင်မှုများရရှိနေသော်လည်း ဆက်လက်တိုးပွားစေရန် ဝိုင်းဝန်းအားထုတ်ကြရဦးမည်ဖြစ်ကြောင်း အတွေးနက်နေမိသည်။

မင်းတပ်မြို့တောင်ဘက် နာမည်ကျော် နတ်မတောင် (ဗစ်တိုးရီးယားတောင်)ရှိနေသော်လည်း အချိန်မရ၍ မသွားရောက်ဖြစ်တော့၊ နတ်မတောင်သည် မြန်မာနိုင်ငံတွင် တတိယအမြင့်ဆုံးတောင်ဖြစ်ပြီး ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာ ခရီးစဉ်နေရာတစ်ခုအဖြစ် ရောက်ရှိလာနေပြီဖြစ်သည်။ မင်းတပ်မြို့သည် ခရီးသွားဒေသတစ်ခုအဖြစ် တိုးတက်ဖွံ့ဖြိုးလာရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်သင့်သည်က အမှန်ပင်။


ခရီးလမ်းပန်းဆက်သွယ်ရေး မခက်ခဲသောမင်းတပ်မြို့သည် အရှေ့ဘက်တွင် ကျောက်ထုမြို့၊ တောင်ဘက်တွင် နတ်မတောင်၊ အရှေ့တောင်ဘက်တွင် ကန်ပက်လက်မြို့နှင့် အနောက်ဘက်တွင် မတူပီမြို့တို့ရှိနေသည်။ မင်းတပ်-ကန်ပက်လက်လမ်းသည် ၃၇ မိုင် ၅ ဖာလုံရှိပြီး မင်းတပ်-မတူပီလမ်းမှာ ၁၀၁ မိုင်ရှိရာ သွားလာရေးအဆင်ပြေသည်။


မင်းတပ်မြို့အနီးဝန်းကျင်တွင် ချင်းတိုင်းရင်းသားကျေးရွာများရှိနေပြီး ဒေသခံချင်းတိုင်းရင်းသားတို့၏ လူမှုဘဝနေထိုင်မှုများကို အနီးကပ်တွေ့မြင်လေ့လာနိုင်သည်။ ကျွန်တော်တို့ မင်းတပ်မြို့ ဗဟိုလမ်းမကြီးမှ အရှေ့ဘက်သို့ မြေကြီးလမ်းအတိုင်းဆင်းလာရာ အတန်ငယ် လမ်းလျှောက်ပြီးနောက် ချင်းတိုင်းရင်းသားတို့၏ ရွာငယ်တစ်ရွာကို လှမ်းမြင်ရသည်။ ယင်းရွာသည် အိမ်ခြေ ၄၀ ခန့်ရှိသော ရွာဖြစ်ပြီး နောက်ထပ် မိနစ် ၃၀ ခန့်သွားလျှင် ရောက်နိုင်သော်လည်း အသွား၊ အပြန်အချိန် တွက်ဆပြီးနောက် မသွားဖြစ်တော့။


မင်းတပ်မြို့တွင်းသို့ ပြန်လာရင်း မင်းတပ်ဇာတိဖြစ်သော ၎င်းတို့သည် ဦးဝမ္ဗသူးမောင်းနှင့် ဦးဖေလိန်းမောင်းတို့ကို သတိရမိ သည်။ တိုင်းပြည်အကျိုး၊ ဒေသအကျိုးကိုဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး ဦးဝမ္ဗသူးမောင်းမှာ မင်းတပ်မြို့ ဝမ္ဗသူးရွာသားဖြစ်ပြီး ဦးဖေလိန်းမောင်းမှာ တောင်ကုန်းရွာသားဖြစ်သည်။ ထို့အတူ ဦးဟာကီးဖေလိန်း(ခေါ်) သခင်အောင်မင်းမှာလည်း မင်းတပ်မြို့ တောင်ကုန်းရွာသားဖြစ်ကာ တိုင်းပြည်အကျိုးကို ဆောင်ရွက်ခဲ့သူဖြစ်သည်။


မင်းတပ်မြို့မှ ကန်ပက်လက်မြို့သို့ ပြန်ထွက်လာခဲ့သည်။ မင်းတပ်မြို့ဝန်းကျင်ဒေသသည် သဘာဝအခြေခံခရီးသွားလုပ်ငန်းတိုးတက်ရန် အလားအလာကောင်းများရှိနေပြီး သဘာဝအတိုင်းလှပနေသော ချင်းတောင်တန်းများအပြင် ချင်းတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုနှင့် လူမှုဘဝများရှိနေသည်။ ရိုးသားပွင့်လင်းပြီး ချစ်ခင်ဖွယ်ရာကောင်းသည့် ချင်းတိုင်းရင်းသားတို့ ပျော်မွေ့ရာမင်းတပ်မြို့ဆီသို့ အချိန်ရလျှင် တစ်ခေါက်ထပ်ရောက်ချင်သည့်စိတ်က အပြန်ခရီးတစ်လျှောက် မမေ့မပျောက်ရှိနေဦးမည်မှာ အမှန်ပင်။


**မင်းတပ်မြို့ဝန်းကျင်ဒေသသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း တိုးတက်ရန် အလားအလာကောင်းများရှိနေပြီး သဘာဝအတိုင်း လှပနေသော ချင်းတောင်တန်းများအပြင် ချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုနှင့် လူမှုဘဝများရှိနေ**
















# မြန်မာသရ (၅)

မောင်ခင်မင်(ဓနုဖြူ)

“သရရိုးရိုးခုနစ်လုံးကို မှတ်မိပြီနော်”

“ဟုတ်ကဲ့၊ မှတ်မိပါပြီ ဆရာ”

“အဲဒီသရရိုးရိုးတွေထဲက ‘အီ’၊ ‘အာ’၊ ‘အူ’ဆိုတဲ့ သရသုံးလုံးကို နှာခေါင်းသံ၊ အဲ နှာသံဆိုပါတော့၊ အဲဒီမှာသံနဲ့ ရွတ်ဆိုရင်‘အင်’၊ ‘အန်’၊ ‘အွန်’ ဆိုတဲ့အသံတွေဖြစ်လာတယ်။ အဲဒီသရတွေကို နှာသံသရတွေလို့ ခေါ်တယ်။ အင်္ဂလိပ်လို nasalized vowels ပေါ့”

“ဟုတ်ကဲ့ပါ”

“ဗျည်းအကြောင်းပြောတုန်းက နှာသံဗျည်းတွေ ဖြစ်လာပုံကို ပြောဖူးပါတယ်။ အခု နှာသံပါသရတွေရွတ်ဆိုတဲ့အခါမှာလည်း သာဓကချင်း အတူတူပဲ။ ပုံမှန်အတိုင်းဆိုရင်တော့ အာခေါင်ပျော့ဟာအာစောက်ရဲ့ နောက်နံရံနဲ့ထိနေတဲ့အတွက် နှာခေါင်းလေလမ်းကြောင်းကို တံခါးပိတ်ထားသလိုဖြစ်နေတာပေါ့။ ‘အင်’လို့ ဆိုလိုက်တဲ့အခါ အာခေါင်ပျော့ကို အောက်ကိုနိမ့်ချလိုက်ရတဲ့အတွက် နှာတွင်းလေလမ်းကြောင်းပွင့်သွားတယ်။ တံခါးဖွင့်ပေးလိုက်တာပေါ့။ လေက ပါးစပ်ကရော နှာခေါင်းကရောထွက်တယ်။ ‘အီ’ကို ရွတ်ဆိုရင်း နှာသံပါသွားရင် ‘အင်’ ဖြစ်သွားတာပေါ့”

“ဟုတ်ကဲ့ပါ။ တစ်ခုမေးချင်ပါတယ်ဆရာ။ ဆရာက ဗျည်းကိုပြောတော့‘နှာသံဗျည်း’လို့သုံးတယ်။ သရကိုပြောတော့‘နှာသံပါသရလို့ သုံးတာသတိထားမိပါတယ်။ ‘နှာသံ’နဲ့ ‘နှာသံပါ’၊ တမင်ခွဲပြီးသုံးတာပါလားဆရာ”

“အေး...ဆရာ့ကို သဒ္ဒဗေဒသင်ခဲ့တဲ့ ဆရာကြီးဦးရွှေသွင်က အဲဒီလိုစကားအသုံးအနှုန်းကို တိတိကျကျခွဲခြားသုံးတယ်။ ‘နှာသံဗျည်း’က နှာခေါင်းကပဲလေထွက်တယ်။ ဗျည်းက သရမပါဘဲ သူ့ဟာသူ အသံမထွက်နိုင်လို့ နှာခေါင်းက လေထွက်ရုံကလေးပဲ။ ‘နှာသံပါသရ’ကျတော့ နှာခေါင်းက ရော ပါးစပ်ကရော လေထွက်တယ်။ ကျန်တဲ့ သရအားလုံးက ပါးစပ်ကပဲ လေထွက်တာ။ နှာသံပါသရကျတော့ တခြား သရတွေလိုပဲ ပါးစပ်က လေထွက်တဲ့အပြင် နှာခေါင်းကပါ လေထွက်လို့နှာသံပါ သရလို့ခေါ်တာ။ ကွဲပြားအောင် မှတ်ထားပေါ့ကွယ်”

“ဟုတ်ကဲ့ပါ။ မှတ်ထားပါ့မယ် ဆရာ”

“နှာသံဗျည်းကို nasal consonant ၊ နှာသံပါသရကို nasalized vowel လို့ ခွဲပြီးမှတ်နိုင်တာပေါ့”

“ဟုတ်ကဲ့”

“ကဲ... နောက်တစ်မျိုးဆက်ရအောင်။ ‘အီ’၊ ‘အယ်’၊ ‘အာ’၊ ‘အူ’ ဆိုတဲ့ သရလေးလုံးကို ရပ်သံလို့ခေါ်တဲ့အသက်အောင့်သံနဲ့ ရွတ်ဆိုရင် ‘အစ်’၊ ‘အက်’၊ ‘အတ်’၊ ‘အွတ်’ ဆိုတဲ့အသံတွေဖြစ်လာတယ်။ အဲဒီသရတွေကိုတော့ ရပ်သံသရ၊ ဒါမှမဟုတ် အသက်အောင့်သံ သရလို့ခေါ်တယ်။ အင်္ဂလိပ်လိုရေးရင်တော့ vowel followed by a glottal stop လို့ ဖော်ပြလေ့ရှိတယ်”

“ဆရာ glottal stop ဆိုတာရပ်သံကိုခေါ်တာပေါ့နော်”

“ဟုတ်တယ်လေ၊ ဗျည်းအကြောင်းပြောတုန်းက ဒီဝေါဟာရကို ပြောပြီးပါပြီ”

“မှတ်မိပါတယ် ဆရာ”

“ခုပြောပြီးတာက သရတစ်လုံးချင်းတွေပဲ။ သရ နှစ်လုံးကို တစ်ဆက်တည်းဆိုရတဲ့ သရတွဲတွေလည်း ရှိသေးတယ်။ dipthong လို့ခေါ်တယ်။ ခုနပြောတဲ့သရတွေထဲက ‘အေအင်’၊ ‘အိုအွန်’၊ ‘အာအင်’၊ ‘အာအွန်’ဆိုတဲ့ သရနှစ်လုံးစီကို တစ်ဆက်တည်း မြန်မြန်ရွတ်ဆိုရင် သရတွဲတွေ ဖြစ်လာတယ်။ နှာသံနဲ့ အဆုံးသတ်တာမို့ နှာသံပါသရတွဲလို့ခေါ်တယ်။ “အသံက တစ်ဆက်တည်းထွက်တယ်”

**‘နှာသံဗျည်း’က နှာခေါင်းကပဲလေထွက်တယ်။ ဗျည်းက သရမပါဘဲ သူ့ဟာသူ အသံမထွက်နိုင်လို့ နှာခေါင်းက လေထွက်ရုံကလေးပဲ။ ‘နှာသံပါသရ’ကျတော့ နှာခေါင်းက ရော ပါးစပ်ကရော လေထွက်တယ်။ ကျန်တဲ့ သရအားလုံးက ပါးစပ်ကပဲ လေထွက်တာ။ နှာသံပါသရကျတော့ တခြား သရတွေလိုပဲ ပါးစပ်က လေထွက်တဲ့အပြင် နှာခေါင်းကပါ လေထွက်လို့နှာသံပါ သရလို့ခေါ်တာ။ ကွဲပြားအောင် မှတ်ထားပေါ့ကွယ်”**

“ရှင်၊ တစ်ဆက်တည်းထွက်တယ်ဆိုတာ ဘယ်လိုပါလဲ ဆရာ”

“ကဲ.. လက်တွေ့ ဆိုကြည့်ရအောင် ‘အေအင်’ ကို တစ်ဆက်တည်း မြန်မြန်ဆိုကြည့်စမ်းပါ”

“အေအင်၊ အေအင်၊ အိန်၊ အိန် ဖြစ်သွားတယ် ဆရာ”

“ဟုတ်တယ်။ အေနဲ့အင်ကို တစ်ဆက်တည်းမြန်မြန်ဆိုရင် ‘အိန်’လို့အသံထွက်တာ လက်တွေ့ဆိုကြည့်နိုင် တယ်။ ‘အိုအွန်’ကို ဆိုကြည့်ပါဦး”

“အိုအွန်၊ အိုအွန်၊ အုန်၊ ‘အုန်’ပါ ဆရာ”

“ ‘အာအင်’ ကိုရော”

“အာအင်၊ အာအင်၊ အိုင်၊ ‘အိုင်’ပါ ဆရာ”

“ ‘အာအွန်’ ကိုရော”

“အာအွန်၊ အာအွန်၊ အောင်၊ ‘အောင်’ ပါ ဆရာ”

“ဟုတ်တယ်။ ‘အေ’ နဲ့ ‘အင်’ကို တစ်ဆက်တည်း ရွတ်ဆိုရင်‘အိန်’၊ ဆိုနဲ့အွန်၊ ကိုတစ်ဆက်တည်း ဆိုရင်‘အုန်’၊ ‘အာ’နဲ့၊ ‘အင်’ကို တစ်ဆက်တည်းဆိုရင် ‘အိုင်’၊ ‘အာနဲ့ အွန်’ ကို တစ်ဆက်တည်း ဆိုရင်‘အောင်’ဖြစ်တယ်။ အဲဒီလေးလုံးက နှာသံပါသရတွဲတွေပါပဲ”

“ဟုတ်ကဲ့ပါ”

“အဲဒီလိုပဲ‘အေအစ်’၊ ‘အိုအွတ်’၊ ‘အာအစ်’၊ အာအွတ်’၊ ဆိုတဲ့ သရနှစ်လုံးတွဲစီကို တစ်ဆက်တည်းရွတ်ဆိုရင် ‘ အိတ်၊ အုတ်၊ အိုက်၊ အောက်’ ဆိုပြီး ရပ်သံ သရတွဲတွေ ဖြစ်သွားရောလေ။ အသက်အောင့်သံသရတွေလို့လည်း ခေါ်တယ်”

“ ဒါဆိုရင် ကျွန်တော်ပြောကြည့်ပါ့မယ်။ ‘ အေ’နဲ့ ‘ အစ်’ ကို တစ်ဆက်တည်း ရွတ်ဆိုရင် ‘ အိတ်’ဖြစ်ပါတယ်။ ‘ အို’ နဲ့ ‘ အွတ်’ ကို တစ်ဆက်တည်းရွတ်ဆိုရင် ‘ အုတ်’ဖြစ်ပါတယ်။

“ သမီးဆက်ပြောပါ့မယ်။ ‘ အာ’နဲ့ ‘ အစ်’ကို တစ်ဆက်တည်းဆိုရင် ‘ အိုက် ’ ဖြစ်ပါတယ်။ ‘ အာ ’ နဲ့ ‘အွတ်’ကို တစ်ဆက်တည်းဆိုရင် ‘ အောက်’ ဖြစ်ပါတယ်”

“ ဟုတ်ပြီ၊ ဟုတ်ပြီ။ ဗျည်းမှာတုန်းက ပြောခဲ့သလိုပဲ ဘာသာဗေဒအမြင်နဲ့ ကြည့်တာက အသံကို မူတည်ပြီး သရုပ်ဖော်တာဆိုတော့ အသံထွက်ကို အခြေခံပြီး သရရိုးရိုး၊ နှာသံပါသရ၊ ရပ်သံသရဆိုတဲ့ အသုံးအနှုန်းတွေနဲ့ သရုပ်ဖော်ရတော့ပေါ့ကွယ်”

“ ဟုတ်ကဲ့ပါ”

“ မြန်မာသရ အမျိုးအစားကတော့ ကုန်ပါပြီ။ ဒါပေမယ့် မြန်မာသရတွေကို ရွတ်ဆိုရာမှာ တက်ကျသံလို့ခေါ်တဲ့ အသံအနိမ့်အမြင့်တွေလည်း တစ်ပါတည်းပါနေတာမို့ တက်ကျသံအကြောင်းမပါရင် သရအကြောင်းက မပြည့်စုံဘူး။ ဒါကြောင့် တက်ကျသံအကြောင်းပါ ဆက်ပြောရဦးမယ်”

“ ပြောပြပါဆရာ”

“ တက်ကျသံဆိုတာ သားတို့သမီးတို့ သိပြီးသားပါ” စာစသင်ကတည်းက ‘ အ-အာ-အား’၊ ‘ ကု-ကူ-ကူး’၊ ‘ပန့်-ပန်-ပန်း’ဆိုတာမျိုး အသံသုံးသံတွဲသင်ရတယ် မဟုတ်လား။ အဲဒီ အသံအနိမ့်အမြင့် အတက်အကျတွေကို တက်ကျသံလို့ ခေါ်တာပဲ။ tone ပေါ့”

“ ဟုတ်ကဲ့ပါ”

“ သရတွေကို ရွတ်ဆိုရာမှာ တက်ကျသံ သုံးသံစီ ပွားပြီးရွတ်ဆိုရတာမို့ အဲဒီလိုပွားလိုက်ရင် သရသံ ဘယ်နှသံ ရှိတယ်ဆိုတာ တိတိကျကျ ပြောနိုင်တာပေါ့”

“ ဟုတ်ကဲ့ပါဆရာ။ ဒီလိုဆိုရင် ဆရာစပြောတဲ့ သရရိုးရိုးခုနစ်လုံးကို တက်ကျသံတွေ ပွားရမှာပေါ့နော်ဆရာ”

“ ဟုတ်တယ်။ အီ၊ အေ၊ အယ်၊ အာ၊ အော်၊ အို၊ အူ ဆိုပြီး သရရိုးရိုး ခုနစ်လုံးကို တက်ကျသံ သုံးသံစီပွားကြည့်လို့ရပါတယ်။ ပွားကြည့်ကြလေ” “ ဟုတ်ကဲ့။ ‘ အီ’ဆိုတော့ အိ-အီ-အီးလို့ ပွားရမှာပေါ့နော်”

“ ဟုတ်တယ်လေ”

“ ဟုတ်ကဲ့။ အိ-အီ-အီး၊ အေ့-အေ-အေး၊ အဲ့-အယ်-အဲ၊ အ့ာ-အာ-အား၊ အော့-အော်-အော၊ အို့-အို-အိုး၊ အု-အူ-အူး”

“ ဟုတ်ပါပြီ။ အဲဒီတော့ သရရိုးရိုးကို တက်ကျသံပွားတာ ဘယ်နှသံရသလဲ”

“ (၂၁) သံပါဆရာ”

“ ပြီးတော့ နှာသံပါသရ သုံးလုံး၊ ‘ အင်၊ အန်၊ အွန်’ ပေါ့။ အဲဒီသုံးသံကိုလည်း တက်ကျသံပွားကြည့်ပါဦး”

“ အင့်-အင်-အင်း၊ အန့်-အန်-အန်း၊ အွန့်-အွန်-အွန်း အားလုံး ကိုးသံပါ ဆရာ”

“ ဟုတ်ပြီ။ ပြီးတော့ရပ်သံသရ လေးလုံး၊ ‘ အစ်၊ အယ်၊ အတ်၊ အွတ်’ကို ဘယ်လိုပွားမလဲ”

“ ‘အစ်’ကို ဘယ်လိုအသံပွားမလဲ။ အစ်-အစ်၊ ဟာ .. ရပ်သံတွေက အသံပွားလို့မရပါဘူး ဆရာ”

“ ဟုတ်ပါတယ်” ရပ်သံတွေက တက်ကျသံ ထပ်ပွားလို့ မရပါဘူး”

“ ကဲ.. နှာသံပါသရတွဲ လေးလုံးကရော။ အိန်-အုန်၊ အိုင်-အောင်ကို ဘယ်လိုပွားသလဲ”

“ အိန့်-အိန်-အိန်း၊ အုန့်-အုန်-အုန်း၊ အိုင့်-အိုင်-အိုင်း၊ အောင့်-အောင်-အောင်း။ လေးလုံးကို သုံးသံစီပွားတော့ ၁၂ သံပါ ဆရာ”

“ ရပ်သံ သရတွဲ လေးလုံးကရော ‘ အိတ်၊ အုတ်၊ အိုက် အောက်လေ။” “အသံသွားလို့မရပါဘူး ဆရာ”

“ ကဲ ...ဟုတ်ပြီ။ ဒီတော့ ပြန်စုစည်းကြည့်ရအောင်။ သရရိုးရိုးက ခုနစ်လုံးကို ပွားလိုက်တာ ၂၁ သံ၊ နှာသံပါသရ သုံးလုံးကို ပွားလိုက်တာက ကိုးသံ၊ ရပ်သံသရလေးလုံးက ပွားလို့မရတော့ လေးသံပဲ။ နှာသံပါ သရတွဲလေးလုံးကပွားလိုက်တော့ ၁၂ သံ၊ ရပ်သံသရတွဲလေးလုံးက ပွားမရတော့ လေးသံ စုစုပေါင်း ဘယ်နှသံရှိသလဲ”

“ အားလုံး အသံ (၅၀) ပါဆရာ”

“ ဟုတ်တယ်။ ဘာသာဗေဒအမြင်အရ မြန်မာစကားမှာ သရသံ ၅၀ ရှိတယ်ဆိုတာ ပညာရှင်တွေ သဘောတူကြပါတယ်။ ဟိုတစ်ခါပြောတဲ့ အလတ်သရကိုထည့်ရင် ၅၁ သံရှိပါတယ်”

“ ဟုတ်ကဲ့ပါ”

“ ကဲ.. သရ ၅၁ သံ ဘယ်လိုဖြစ်လာတယ်ဆိုတာ ကြေအောင်လေ့လာထားကြနော်”

# အထီးကျန်ကမ္ဘာထဲက ဖောက်ထွက်နိုင်မယ့်နည်းလမ်းများ

ကလျာမိုးမြင့်

အသက်အရွယ်အိုမင်းလာသူတွေဟာ များသောအားဖြင့် အထီးကျန်မှုနဲ့ သီးခြားဆန်မှုတွေကို ခံနိုင်ရည်မရှိကြပါဘူး။ ဒီအချက်တွေက ကျန်းမာရေးကိုလည်း ဆိုးဆိုးရွားရွားထိခိုက်စေတဲ့ အခြေအနေတွေဖြစ်လာပါတယ်။ ဒါပေမယ့် အထီးကျန် ဝေဒနာ ခံစားနေရပြီလို့ ကိုယ့်ကိုယ်ကိုယ်သတိထားမိနေပြီဆိုရင်တောင် အထီးကျန်မှုကို ကျော်လွှားနိုင်မယ့် နည်းလမ်းတွေရှိနေတာဖြစ်တဲ့အတွက် လွတ်မြောက်မှုရရှိအောင် အတတ်နိုင်ဆုံး ကြိုးပမ်းအားထုတ်သင့်ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ အထူးသဖြင့်အသက် ၇၅ နှစ် ကျော်လွန်လာပြီဆိုရင် လူမှုအသိုင်းအဝိုင်းနဲ့ အဆက်အသွယ်ပြတ်တောက်ပြီး အထီးကျန်ဆန်နေရတဲ့ သက်ကြီးပုဂ္ဂိုလ်တွေရာထောင်ချီပြီး ရှိနေပါတယ်။ ဗြိတိန်မှာဆိုရင် အသက်အရွယ်အိုမင်းလာသူ တစ်သန်းကျော်လောက်ဟာ သူငယ်ချင်းမိတ်ဆွေတွေ၊ အိမ်နီးနားချင်းတွေ၊ မိသားစုဝင်တွေနဲ့ တစ်လကျော်လောက် စကားမပြောဘဲ နှုတ်ဆိတ်နေရတဲ့အခါတွေ ရှိတယ်လို့ သိရပါတယ်။

လူတွေဟာအသက်ကြီးလာလို့၊ အင်အားချည့်နဲ့လာလို့၊ မိသားစုတွေက လျစ်လျူရှုထားလို့၊ လုပ်ငန်းခွင်ကနေ အနားယူလိုက်လို့၊ ဆွေမျိုးသားချင်းတွေ ဆုံးပါးကုန်လို့ ဒုက္ခိတဘဝရောက်ရှိသွားလို့ စတဲ့အကြောင်းမျိုးစုံတွေကြောင့် အထီးကျန်ဘဝကို ရောက်ရှိလာကြပါတယ်။ ဘာတွေပဲဖြစ်ဖြစ် အထီးကျန်မှုကြောင့် စိတ်ဓာတ်ကျဆင်းပြီး ကျန်းမာရေးကို ထိခိုက်လာတာမျိုးမဖြစ်ရလေအောင် ကုစားပေးနိုင်မယ့် နည်းလမ်းတွေကို လက်တွေ့ကျင့်သုံးကြရအောင်။

**သူငယ်ချင်းတွေကို လက်ဖက်ရည်အတူသောက်ဖို့ ဖိတ်ခေါ်ပါ။** ။ စိတ်ဓာတ်ကျဆင်းပြီး တစ်ကိုယ်တည်း ဝမ်းနည်းအားငယ်နေချိန်မှာ သင့်ဆီကိုဘယ်သူမှ လာလည်ချင်မှာ မဟုတ်ဘူးဆိုတဲ့ အတွေးမျိုးဝင်လာလေ့ရှိပါတယ်။ ဒါပေမယ့် ရံဖန်ရံခါဆိုသလို အိမ်နီးနားချင်းမိတ်ဆွေတွေဟာ သင့်ရဲ့ အလည်အပတ်ဖိတ်ခေါ်မှုကို အသိအမှတ်ပြုလိုစိတ်ရှိပြီးသင်နဲ့အတူ အချိန်အနည်းငယ်လောက်ဖြစ်ဖြစ်ကုန်ဆုံး ဖို့ ဆန္ဒရှိတတ်ပါတယ်။

**ဖုန်းနဲ့ဆက်သွယ်စကားပြောပါ။** ။ ဆွေမျိုးသားချင်းတွေနဲ့ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြီး စကားစမြည်ပြောတာမျိုးကလည်း မိသားစုနဲ့အတူရှိနေသလိုမျိုး ခံစားရစေမယ့် နောက်ထပ်အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါတယ်။


**ကွန်ပျူတာ၊ တက်ပလက်များနှင့် ရင်းနှီးကျွမ်းဝင်အောင်ပြုလုပ်ထားခြင်း။** ။ မိတ်ဆွေသူငယ်ချင်းတွေနဲ့ မိသားစုဝင်တွေ အဝေးတစ်နေရာကို ထွက်သွားတဲ့အခါ မြေးငယ်လေးတွေနဲ့အတူရှိပြီး အချိန်ကုန်ဆုံးလို့ရတဲ့ နည်းလမ်းကောင်းတစ်ခုကတော့ ကွန်ပျူတာ သို့မဟုတ် တက်ပလက်(လက်ကိုင်ကွန်ပျူတာအသေးစား)လေးကို အသုံးပြုတတ်အောင် အနည်းအကျဉ်းလေ့လာထားခြင်းဖြစ်ပါတယ်။ ဒါမှသာ ကွန်ပျူတာကနေတစ်ဆင့် မိသားစုတွေ၊ သူငယ်ချင်းမိတ်ဆွေတွေဆီကို အီးမေးလ်ပို့တာဓာတ်ပုံတွေမျှဝေတာတွေပြုလုပ်နိုင်မှာဖြစ်ပြီး ဗီဒီယိုကောနဲ့ ဆက်သွယ်ပြီး စကားပြောဆိုနိုင်တဲ့အတွက် သီးခြားမဖြစ်တော့ပါဘူး။

**ရပ်ရွာအဖွဲ့အစည်းလှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်ပါ။** ။ သင်နေထိုင်တဲ့နေရာကိုလိုက်ပြီး အဖွဲ့အစည်းတွေကတော့ အမျိုးမျိုးကွဲပြားသွားနိုင်ပါတယ်။ ဂီတအသင်း၊ လမ်းလျှောက်အသင်း၊ စာပေအသင်း၊ ရန်ပုံငွေအသင်းစသဖြင့် အရွယ်တူမိတ်ဆွေတွေနဲ့အတူ အသင်းအဖွဲ့တွေမှာ ပါဝင်လှုပ်ရှားခြင်းက ပတ်ဝန်းကျင်နဲ့ ပုံမှန်ထိတွေ့မှုရှိစေမယ့် နည်းလမ်းကောင်းတစ်ခုဖြစ်ပါတယ်။

**ပုံမှန်သွားလာလှုပ်ရှားမှုပြုပါ။** ။ နေ့စဉ်နေ့တိုင်းပန်းခြံထဲမှာလမ်းလျှောက်ပေးတာမျိုး၊ ကော်ဖီဆိုင်သွားထိုင်တာမျိုး၊ စာကြည့်တိုက်၊ အားကစားရုံ၊ ရုပ်ရှင်ရုံသွားတာနဲ့ပြတိုက်တွေကို သွားရောက်လည်ပတ်တာမျိုးကလည်း လူမှုအသိုင်းအဝိုင်းထဲမှာ ကျင်လည်လှုပ်ရှားတာပဲဖြစ်လို့ အထီးကျန်ခြင်းကင်းဝေးစေမှာပါ။

**ပြုံးပါ။** ။ ထိုင်းမှိုင်းတွေဝေပြီး မှုန်ကုပ်ကုပ်ဖြစ်နေတဲ့သင့်ရဲ့မျက်နှာသွင်ပြင်ဟာ သင်ကိုယ်တိုင်လည်း စိတ်ဓာတ်ပိုကျစေပြီး တခြားသူတွေကလည်း သင့်အနားလာပြီး စကားပြောနှုတ်ဆက်ချင်စိတ် ပျောက်သွားစေနိုင်ပါတယ်။ လန်းဆန်းတက်ကြွတဲ့ဟန်ပန်နဲ့ အပြုံးက သင့်ကိုလူတွေခင်မင်ရင်းနှီးလာစေပြီး မိတ်ဆွေသစ်တွေနဲ့ စကားလက်ဆုံကျစေမယ့် သော့ချက်ဖြစ်ပါတယ်။ တရားထိုင်ခြင်း၊ တရားအားထုတ်ခြင်းကတော့ သက်ကြီးပုဂ္ဂိုလ်တွေအတွက် လောကီအရရော လောကုတ္တရာအတွက်ပါ အကျိုးဖြစ်ထွန်းစေမယ့် နည်းလမ်းကောင်းဆိုတာ ပြောဖို့တောင်မလိုတော့ပါဘူး။

(Health news)



မြန်မာ့ရိုးရာလက်ဝှေ့ အားကစား

# မြန်မာ့ရိုးရာလက်ဝှေ့ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုလားရာအပေါ် ပြည်တွင်း ပြည်ပ ပွဲစီစဉ်သူများ၏ သုံးသပ်ချက်

**သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ - မင်းထက်**



မန္တလေး၌ကျင်းပသော ရိုးရာလက်ဝှေ့ပွဲ၌ တူးတူးနှင့် ချန်နာဂျွန်တို့ ယှဉ်ပြိုင်ထိုးသတ်နေစဉ်

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ရိုးရာအားကစားအမြောက်အမြားရှိခဲ့သည်ကို ရိုးရာအားကစားချစ်ပြည်သူများ အသိပင်ဖြစ်သည်။ ယင်းရိုးရာအားကစားများအနက် စိတ်ဝင်စားမှုမှာ အားကစားနည်းအလိုက် တစ်မျိုးစီရှိကြသည်မှာ အမှန်ဖြစ်သည်။ ယနေ့ ရိုးရာအားကစားများတွင် မြန်မာရိုးရာလက်ဝှေ့သည် ပြည်သူများစိတ်ဝင်စားမှုတွင် ထိပ်တန်းကပြေးနေသည်ကို ယုံမှားစရာမရှိ။ သို့သော် ပြည်ပသို့ ထိုးဖောက်နိုင်မည်လားမေးလျှင် ရိုးရာလက်ဝှေ့ လောကသားများပင် အဖြေရခက်နေဦးမည်ဖြစ်သည်။ ထိုးဖောက်နိုင်ဖို့ ကြိုးစားနေတယ်ဟုပင် ရိုးရာလောကသားတိုင်း ဖြေကြမည်။ အကြောင်းမှာ ဘာလဲ ----။ ငွေကြေးလား၊ နည်းစနစ်ပိုင်းဆိုင်ရာ ပညာလား၊ မျိုးဆက်သစ်အားကစားသမား မွေးထုတ်မှုအပိုင်းလား၊ ပြည်သူများ စိတ်ဝင်စားမှုလား၊ အားပေးမှုလား၊ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်မှုလား၊ အဖွဲ့ချုပ်လိုအပ်ချက်လား၊ နိုင်ငံတော်က ပံ့ပိုးကူညီမှုလား သို့လော သို့လော အဖြေရှာစရာများက ဘက်ပေါင်းစုံတွင် ရှိနေသည်။ သို့သော် ယခင်ထက် ပြည်တွင်း၊ ပြည်ပပွဲများ အရေအတွက်များလာမှု၊ ပွဲစီစဉ်သူများ တိုးလာမှု၊ စီးပွားရေးလုပ်ငန်းရှင်များ ယခင်ထက် စိတ်ဝင်စားမှု လွန်ကဲလာမှုနှင့် ယခင်ရိုးရာလက်ဝှေ့လောကနှင့် မတူတာ ကွဲပြားလာနိုင်သည်ကိုတော့ ယနေ့ မျက်ဝါးထင်ထင် တွေ့မြင်နေရသည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာ့ရိုးရာလက်ဝှေ့ ပြည်တွင်းပြည်ပ ပွဲစီစဉ်သူ ဦးဝဏ္ဏ (မာဂျေ)က "ရိုးရာလက်ဝှေ့အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရိုးရာလက်ဝှေ့ပွဲတွေကို ပြည်တွင်းမှာလည်း ဒီထက်ပိုမိုထွန်းကားအောင်နဲ့ ပြည်ပကိုလည်းထိုးဖောက်နိုင်ဖို့ဆိုရင် ဖြေလျှော့မှုတွေ ဒီထက်ပိုလုပ်ပေးဖို့ လိုအပ်တယ်။ အဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာ အဆင့်မီ စည်းမျဉ်းတွေ၊ ဥပဒေတွေကို ရေးဆွဲနိုင်ရမယ်။ အစိုးရက ငွေအားနဲ့မကူညီ မပံ့ပိုးနိုင်ရင်တောင် လူအားနဲ့ ကူညီပံ့ပိုးပေးမယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တွေ ဒီထက်ပိုမို စိတ်ဝင်စားလာလိမ့်မယ်။ အစိုးရ တာဝန်ရှိသူတွေ စိတ်ဝင်စားလာရင် စီးပွားရေးလုပ်ငန်းရှင်တွေ အလိုလိုစိတ်ဝင်စားလာမှာပဲ။ အဲဒီလိုဆိုရင် ဒီရိုးရာလက်ဝှေ့က ယနေ့မွေထိုင်းလို ဖြစ်လာမှာဖြစ်တယ်။

"ကျွန်တော့်အနေနဲ့ကတော့ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာကို ပြန့်ပွားအောင် ရည်ရွယ်ချက်နဲ့ လောလောဆယ် လုပ်နေတယ်။ ဂျပန်မှာဆို မနှစ်က တစ်ပွဲ၊ ဒီနှစ်မှာ ခြောက်ပွဲရှိတယ်။ ဇွန်လမှာလည်း နယူးဇီလန်မှာ မြန်မာ့လက်ဝှေ့ပွဲ ထိုးဖို့ရှိတယ်။ နယူးဇီလန်မှာ နန်မတူဆိုတဲ့ ရိုးရာလက်ဝှေ့ ကလပ်ရှိတယ်။ အဲဒီကလပ်ကလူတွေက ဒီကိုလာပြီးထိုးကြတယ်။ ၂၀၁၇ မှာ ဂျပန်မှာခြောက်ပွဲ၊ နယူးဇီလန်မှာ တစ်ပွဲ စုစုပေါင်း ပြည်ပသွားလုပ်မယ့်ပွဲ ခုနစ်ပွဲရှိတယ်။ ပြည်ပပွဲစီစဉ်မယ်ဆိုရင် ကိုယ်အလေးချိန်တွေ၊ ပွဲမှတ်တမ်းတွေ ကြည့်ရတယ်။ ဟိုဘက်က ပွဲစီစဉ်သူနဲ့ သေချာဆွေးနွေးရတယ်။ ဆွေးနွေးပြီး စာချုပ်ကိုလည်း အဖွဲ့ချုပ်ကိုပေးရတယ်။ အခုဆိုရင် ရိုးရာလက်ဝှေ့ကို စီးပွားဖြစ် မသွားနိုင်သေးဘူး။ မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာကို ပြန့်ဖို့ ဂျပန်ကို ခြေကုပ်ယူထားတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အောက်တိုဘာပွဲရဲ့ အောင်မြင်မှုက ဘာဖြစ်လာလဲဆိုတော့ ဂျပန်ကိုယ်လုံပညာရှင် တော်တော်များများက လက်ဝှေ့ကို ကူးပြောင်းလာကြတယ်။ တချို့ဆိုရင် တရားဝင်သတင်းစာရှင်းလင်းပွဲလုပ်တယ်။ အထူးသဖြင့် ကရာတေးသမားတွေနဲ့ ကစ်ဘောက်စင်သမားတွေ ရိုးရာလက်ဝှေ့ကို ကူးပြောင်းလာကြတယ်။ ခု ဖေဖော်ဝါရီပွဲမှာဆိုရင် မြန်မာဘက်က တစ်ခြမ်းနဲ့ ဂျပန်ဘက်ကတစ်ခြမ်း၊ ဂျပန်ဘက်တစ်ခြမ်းက ကစ်ဘောက်စင်၊ ကရာတေးနဲ့ မွေထိုင်းသမားတွေ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မယ်။ ခုဆိုရင် ရိုးရာလက်ဝှေ့ကို ဂျပန်မှာ စိတ်ဝင်စားမှုမြင့်တက်လာတယ်။ အဲဒီမှာ ခြေကုပ်ယူပြီးရင် တောင်ကိုရီးယားတို့၊ ဖိလစ်ပိုင်တို့၊ မကာအိုတို့ ဘက်ကိုသွားမယ်။

"အရင်ကလက်ဝှေ့ပွဲတစ်ပွဲမှာ နိုင်ငံခြားသားပါမယ်ဆိုရင် သမ္မတဆီအထိတင်ရတယ်။ နိုင်ငံခြားရေးမူဝါဒကောင်စီကို တင်ရတယ်။ အစိုးရကက်ဘိနက်ကို တင်ရတယ်။ သုံးလလောက်ကြိုလုပ်ရတယ်။ အခုတော့ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကို တင်လိုက်တယ်။ လက်ဝှေ့အဖွဲ့ချုပ်ကနေ အား/ကာကို ပြန်တင်တယ်။ အား/ကာက ခွင့်ပြုတာနဲ့ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့ကို ပွဲစီစဉ်သူက သွားဆွေးနွေးရတယ်။ အရင်နဲ့စာရင်တော့ အဆင့်တွေ အများကြီးသက်သာသွားတယ်။ အရင်ကဆို နိုင်ငံခြားသားတွေပါရင် နေပြည်တော်ကို ခဏခဏ သွားဖြေရှင်းရတယ်။ တစ်ခါတလေပွဲက မနက်ဖြန်စတော့မယ်၊ထိုးမယ့်သူက ရောက်နေပြီ။ ဒီနေ့အထိ ပွဲမိန့်မကျသေးတာ ရှိသေးတယ်။ ၂၀၁၂ လောက်အထိ အဲဒီစနစ်က ရှိတုန်းပဲ။ ပြောရရင် အရင်ခေတ်က နိုင်ငံခြားသားပါတဲ့ပွဲတစ်ပွဲလုပ်ရင် တော်တော်ကို စိတ်ပျက်စရာကောင်းတာ။ ခုတော့ တော်တော်လွယ်သွားတယ်။ ဒါကြောင့်လည်း ပွဲသွင်းတဲ့သူ များလာတယ်လို့ထင်တယ်။ နောက်တစ်ခုက လိုင်စင်ကိစ္စ A ၊ B ၊ C ဆိုပြီး လိုင်စင်ခွဲလိုက်တယ်။ ပိုက်ဆံရှိတိုင်းလည်း ထလုပ်လို့မရဘူး။ သတ်သတ်မှတ်မှတ်ဖြစ်လာတယ်။ မွေနဲ့ ရိုးရာလက်ဝှေ့နဲ့က ခပ်ဆင်ဆင်တူတယ်။ ခေါင်းတိုက်တာရယ်။ လက်အိတ်မစွပ်တာရယ်ပဲ ကွာတာ။ ဆီးဂိမ်းမှာ မွေကိုလက်ခံတော့ ကျွန်တော်တို့ ရိုးရာလက်ဝှေ့က ထည့်ဖို့ခက်နေတယ်။ မလွယ်ဘူး။ ဒါကြောင့် ၂၀၁၃ အိမ်ရှင်အဖြစ်ကျင်းပတဲ့ ဆီးဂိမ်းပြိုင်ပွဲမှာတော့ မွေကိုပဲ ကျင့်သုံးသွားတာပေ့ါ။ ဆီးဂိမ်းမှာပါဝင်ဖို့က နည်းနည်းတော့ အလှမ်းဝေးနေဦးမယ်။ ပြီးတော့ ပြောချင်တာ အဖွဲ့ချုပ်က ပွဲစီစဉ်သူတွေကို တစ်ပြေးညီရှိသင့်တယ်။ မဟုတ်တာလုပ်တဲ့ ပွဲစီစဉ်သူတွေကို အရေးယူရဲရမယ်။ လိုင်စင်ပိတ်သိမ်းရဲရမယ်။ အားကစားသမားတွေကို လက်ဝါးကြီးအုပ်ထားတဲ့သူတွေကိုလည်း မလုပ်ဖို့ တားမြစ်ရဲရမယ်။ မလိုက်နာရင်လည်း စည်းမျဉ်းဥပဒေနဲ့ အရေးယူရဲရမယ်။ အဲဒါတွေ ဘာမှမရှိဘူး။ တစ်နှစ်တာ ပွဲအချိန်ဇယားမှာလည်း ပျက်တဲ့သူ လည်းပျက်၊ ရက်မယူဘဲ ဝင်လုပ်တာတွေလည်းရှိတယ်။ ဒါတွေရှိတော့ တစ်နှစ်တာပွဲအချိန်ဇယားမှာ ယူထားတဲ့သူ နစ်နာတာပေ့ါ။ နိုင်ငံတကာအဆင့်မီသော၊ မျှတသော၊ သမာသမတ်ကျသော၊ နည်းစနစ်တွေ၊ နည်းဥပဒေတွေကို အဖွဲ့ချုပ်က အမြဲတမ်း ထုတ်ပြန်နေရမှာ။ အဖွဲ့ချုပ်က နည်းဥပဒေတွေကို တောက်လျှောက် ထုတ်ပြန်နေရမှာ။ ဒါအဖွဲ့ချုပ်ကို မလုပ်နိုင်ဘူး။ ပိုက်ဆံမရှိတာလား၊ လူမရှိတာလားတော့မသိဘူး။

"ကျွန်တော့်အမြင်ပြောရင် အား/ကာကို တင်တာက အားကစားသမားအာမခံရှိရမယ်၊ စာချုပ်ရှိရမယ်။ ဒါတွေကို ထိန်းချင်လို့ထင်တယ်။ ဘာလို့လဲဆိုတော့ နိုင်ငံခြားမှာသွားထိုးပြီးတော့ ထိုးကြေးမရဘဲ ပြန်လာတာရှိတယ်။ ပြည်တွင်းမှာလည်း ထိုးကြေးမရတာတွေရှိတယ်။ အဲဒါတွေမဖြစ်အောင် ကစားသမားကိုစရန်ပေးထားတယ်။ စာချုပ်ချုပ်ထားတယ်ဆိုတာမျိုးဖြစ်အောင် တင်ခိုင်းတယ်လို့ ယူဆတယ်။ ကစားသမားတွေ မနစ်နာအောင် တင်ခိုင်းတဲ့သဘောပေ့ါ။ ကျွန်တော်တို့ ပွဲစီစဉ်သူတွေအနေနဲ့ ပြည်တွင်းပွဲဆိုရင် ဖောင်ဒေးရှင်းရန်ပုံငွေ ငွေကျပ်ငါးသိန်း၊ ပြည်ပပွဲဆိုရင် ငွေကျပ် ၁၅ သိန်း အဖွဲ့ချုပ်ကို သွင်းရတယ်။ မျိုးဆက်သစ် ပွဲဆိုရင် မသွင်းရဘူး။ သုဝဏ္ဏမှာဆို ရုံငှားခက ငွေကျပ် ၁၅ သိန်း၊ သိမ်ဖြူဆိုရင် ရုံငှားခမပေးရဘူး။ လိုင်စင်ကြေးကတော့ A လိုင်စင်က သိန်း ၃၀၊ ဒါ့အပြင် တစ်နှစ်ကို ၁၀ သိန်းစီက သွင်းရသေးတယ်။ B လိုင်စင်ကသိန်း ၂၀ ၊ တစ်ပွဲကို ရန်ကုန်မှာလုပ်ရင် အနိမ့်ဆုံး သိန်း ၃၀၀ နဲ့ ၁၀၀၀ ကျော်ရှိတယ်။ ထိုးကြေးမပါရင်တော့ အနိမ့်ဆုံး သိန်း ၂၀၀ ကနေ ၇၀၀ အထိကုန်တယ်။ သန့်ရှင်းရေးခရော၊ မီးကြေးခ ထပ်ပေးရသေးတယ်။ ရုံပြင်ဆင်ခ သတ်သတ်ပေးရတယ်။ ရိုးရာလက်ဝှေ့တိုးတက်ဖို့ဆိုရင် ပွဲများများလုပ်တိုင်းလည်း ကမ္ဘာကိုထိုးဖောက်ဖို့ဆိုတာမဖြစ်နိုင်ဘူး။ နည်းပြပိုင်းကလည်း နည်းစနစ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့ လိုသေးတယ်။ နည်းစနစ်ကျကျ ကျင့်သုံးမှသာလျှင် ကမ္ဘာကိုထိုးဖောက်နိုင်မှာဖြစ်တယ်။ ပြီးတော့ နည်းစနစ် ပိုင်းဆိုင်ရာ ဖွံ့ဖြိုးဖို့ဆိုရင် အဖွဲ့ချုပ်မှာ တာဝန်ရှိတယ်။ အဖွဲ့ချုပ်က နည်းပြတွေကို နည်းစနစ်ပိုင်းဆိုင်ရာတွေ၊ Workshop တွေ လုပ်ပေးရမယ်။ နိုင်ငံတကာက တတ်ကျွမ်းတဲ့သူတွေကိုခေါ်ရမယ်။ ပတ်တံတောင်တို့၊ တန်ပြန်ထောက်တာတို့ဆို ဒီကလူတွေ မသုံးတတ်ဘူး။ သတ်ကိုးသတ်မှာရှိတဲ့ နည်းစနစ်တွေက အများကြီးပဲ။ ဒါတွေကို နောက်ပိုင်း လက်ဝှေ့သမားတွေ မသုံးတတ်ဘူး။ ဒါကြောင့် နိုင်ငံတကာကိုသွားမယ်ဆိုရင် တကယ်ရင်လေးစရာဖြစ်နေတယ်"ဟု ပြောသည်။

ပြည်တွင်း၌ ရိုးရာလက်ဝှေ့ပွဲများကို စီစဉ်ကျင်းပနေသူ ကိုနိုင်မိုး(အင်တာတိတ်မန့်)က "ပွဲစီစဉ်မှုအခက်အခဲများနဲ့ပတ်သက်လို့ ပြောရရင်တော့ ကျွန်တော်တို့ဖြစ်စေချင်တာက နှစ်စမှာ တစ်နှစ်စာထိုးဖို့ ပွဲအချိန်ဇယားက ပွဲစီစဉ်သူတွေနဲ့ အဖွဲ့ချုပ်နဲ့ညှိပြီး အား/ကာ တင်ပြီးသား။ ပြောရရင် အဖွဲ့ချုပ်နဲ့ပဲ ပြီးစေချင်တာ။ လိုအပ်တာတွေ တစ်ခါတည်းတောင်း ခုတော့ ဟိုကတောင်းလိုက်၊ ဒီကတောင်းလိုက်နဲ့ ပွဲတစ်ပွဲဖြစ်ဖို့ ရှေ့မရောက်တော့ဘူး။ ပြီးတော့ အဖွဲ့ချုပ်က မူဝါဒတွေပြောင်းလဲဖို့ လိုအပ်နေပြီ။ ဥပမာ ထိုင်းမှာဆို မွေထိုင်း အလွတ်တန်း ချန်ပီယံမရှိဘူး။ ဝိတ်တန်းအလိုက် ချန်ပီယံတွေပဲရှိတာ။ နိုင်ငံတကာမှာလည်း ဒီလိုပဲ ကျင့်သုံးနေကြတာများတယ်။ ခုတော့ မြန်မာနိုင်ငံမှာက အလွတ်တန်းချန်ပီယံဆိုပြီးတော့ ထားတာရှိနေတယ်။ အဲဒါတွေ၊ နည်းစနစ်ပိုင်းတွေ အများကြီး ပြောင်းလဲပေးဖို့ အဖွဲ့ချုပ်က လုပ်ပေးရမှာ။ ဒါမှ ရိုးရာလက်ဝှေ့ ကမ္ဘာကို ထိုးဖောက်နိုင်ဖို့ အလားအလာရှိမှာဖြစ်တယ်"ဟု ပြောသည်။

အထက်မြန်မာပြည်မှ ရိုးရာလက်ဝှေ့ပွဲများကို နှစ်စဉ်အဆက်မပြတ်စီစဉ်နေသော ကိုဒဿကလည်း "လတ်တလော ရိုးရာလက်ဝှေ့လောကနဲ့ ပတ်သက်ပြီး အရင်အစိုးရလက်ထက်ကဆို ဒီ ဒိုင်းမွန်းပလာဇာမှာ လက်ဝှေ့ပွဲလုပ်ဖို့ကို ခဏခဏ တားမြစ်ခံရတယ်။ ပွဲမိန့်ကျဖို့ အနည်းဆုံး နှစ်လကျော်၊ သုံးလလောက် အချိန်ပေးလိုက်ရတယ်။ တကယ်ဆို ဝန်ကြီးဌာနက ယုံကြည်ကိုးစားလို့ ကိုယ်စားလှယ်လွှတ်ပေးလိုက်တဲ့ မြန်မာနိုင်ငံရိုးရာလက်ဝှေ့ အဖွဲ့ချုပ်ခွင့်ပြုရင် ပွဲစီစဉ်လို့ရရမှာ။ ခုတော့ အဖွဲ့ချုပ်ရှိပါလျက်နဲ့ အဲဒီကနေတစ်ဆင့် ဝန်ကြီးဌာနကို ပြန်တင်နေရတော့ အဆင့်ဆင့်ကြာပြီး တော်တော်စောင့်ရတယ်။ ဒီကြားထဲ ခွင့်မပြုရင် ပွဲစီစဉ် စာချုပ်ချုပ်ထားတဲ့ဟာတွေ ခဏခဏ ပြဿနာဖြစ်တယ်။ ဝန်ကြီးဌာနက တစ်ခါတလေ ပွဲကျင်းပခါနီး ကပ်မှခွင့်မပြုတာတွေရှိတယ်။ အဲဒါတွေက ရိုးရာလက်ဝှေ့တိုးတက်မှု ပြဿနာတစ်ရပ်ထဲမှာ ပါပါတယ်။ ထိုင်းနိုင်ငံမှာဆို မွေထိုင်းကို ကြိုက်တဲ့နေရာ၊ ကြိုက်တဲ့ အချိန်ထိုး သက်ဆိုင်ရာက ခွင့်ပြုတယ်။

"ဒါကြောင့်လည်းသူတို့က ခုဆိုရင် ကမ္ဘာကိုထိုးဖောက်နိုင်တဲ့အထိ အောင်မြင်မှုရှိနေတာ။ ကျွန်တော်တို့ဆီမှာက ရိုးရာလက်ဝှေ့ပွဲတစ်ပွဲဖြစ်ဖို့ကို ခုချိန်ထိ အဆင့်ဆင့် တင်နေရတော့ တော်တော်လေး အခက်အခဲဖြစ်နေသေးပါတယ်။ ဒါပေမယ့် ခုနောက်ပိုင်းတော့ အရင်နဲ့စာရင် အဆင်ပြေလာပါပြီ"ဟု ပြောသည်။

**ရိုးရာလက်ဝှေ့အနာဂတ်မှာ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရိုးရာလက်ဝှေ့ပွဲတွေကို ပြည်တွင်းမှာလည်း ဒီထက်ပိုမိုထွန်းကားအောင်နဲ့ ပြည်ပကိုလည်း ထိုးဖောက်နိုင်ဖို့ဆိုရင် ဖြေလျှော့မှုတွေ ဒီထက်ပိုလုပ်ပေးဖို့ လိုအပ်တယ်။ အဖွဲ့ချုပ်အနေနဲ့ နိုင်ငံတကာ အဆင့်မီ စည်းမျဉ်းတွေ၊ ဥပဒေတွေကို ရေးဆွဲနိုင်ရမယ်။ အစိုးရက ငွေအားနဲ့မကူညီ မပံ့ပိုးနိုင်ရင်တောင် လူအားနဲ့ ကူညီပံ့ပိုးပေးမယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တွေ ဒီထက်ပိုမို စိတ်ဝင်စားလာ**

# မြန်မာ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အနာဂတ်

မောင်ပါဝါ


*ဇန်နဝါရီ ၁၁ ရက်နေ့မှအဆက်*

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယင်းနည်းစနစ်ဖြင့် စက်တပ်ဆင်အင်အား 100 MW နှင့်အထက်ရှိ ဆောင်ရွက်ဆဲ ရေအားလျှပ်စစ်စီမံကိန်း ၅၀ ထက်မနည်း ရှိနေပြီး တချို့နိုင်ငံများ၌ စက်တပ်ဆင်အင်အား 3000 MW အထိပင်ရှိသော စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း လေ့လာသိရှိရသည်။

ဥပမာ - ယူဂိုစလားဗီးယားနှင့် ရိုမေးနီးယားနိုင်ငံ နယ်ခြားမြစ် Danube River ပေါ်တွင် Low-head Dam (34 m) (Derdap-II) (1971) တည်ဆောက်လျက် သက်ဆိုင်ရာ နိုင်ငံများဘက်ရှိ ဓာတ်အားပေးစက်ရုံများမှ စက်တပ်ဆင်အင်အား ၁၁၄၀ မဂ္ဂါဝပ်စီဖြင့် စုစုပေါင်း ၂၂၈၀ မဂ္ဂါဝပ်ကိုလည်းကောင်း၊ Low-head Dam (34 m) (Iron Gates-I) (1972) တည်ဆောက်လျက် ၁၀၅၀ မဂ္ဂါဝပ်စီဖြင့် စုစုပေါင်း ၂၁၀၀ မဂ္ဂါဝပ်ကို လည်းကောင်း လျှပ်စစ်ထုတ်ယူသုံးစွဲလျက်ရှိသည်။ Iron Gates -I Low-head Dam ၏ ဖြတ်ပိုင်းပုံနှင့် စီမံကိန်းစနစ်ချပုံ (Lay-out Plan) ကို ပုံ (၆) ဖြင့် ဖော်ပြလိုပါသည်။ (25th ICOLD)

ပုံ (၆)

Iron Gates No. I Dam (Romania - Serbia)




Source: Hydrotehnica, 60 (2015)

ယင်းတည်ဆောက်မှုနည်းစနစ်သည်လည်းရာခိုင်နှုန်းပြည့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိဟု မှတ်ယူနိုင်ခြင်းမရှိပါ။ ရေအားတာဘိုင်စက်များ (Turbines)ကို မြစ်ချောင်းများအတွင်း ချထားရခြင်းကြောင့် မြစ်ချောင်း အထက်ပိုင်း၊ အောက်ပိုင်း ဂေဟစနစ်များအပေါ် သက်ရောက်မှုရှိသည့်အပြင် မူလရေစီးကြောင်းပြောင်းလဲခြင်းတို့ ဖြစ်ပေါ်စေသည်။ သို့ရာတွင် စီမံကိန်းအရွယ်အစားမှာ Run-of-the-river Dam ဖြစ်သဖြင့် ထိခိုက်မှုဖြေလျှော့နိုင်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ရေနေသတ္တဝါများနှင့် ၎င်းတို့၏ ဂေဟစနစ်အပေါ် သက်ရောက်ထိခိုက်နိုင်မှုကို ပုံ (၇) ဖြင့်လည်း ဖော်ပြလိုပါသည်။

ပုံ (၇)


**တမံအထက်ပိုင်း / အောက်ပိုင်း ငါးများ၊ ငါးသားပေါက်များ ဖြတ်သန်းကူးလူးနိုင် မှုအတားအဆီးပြပုံ**




ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ အဓိကနိုင်ငံကြီးများတွင် တည်ဆောက်ပြီး ရေလှောင်တမံကြီးများအနက် ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲခြင်းနှင့် ဆက်စပ်မှုကို ပုံ(၆) ဖြင့် ဖော်ပြထားပြီး ၎င်းတမံကြီးများတွင် ရာခိုင်နှုန်းအတော်များများမှာ ဘက်စုံရေအရင်းအမြစ်ဖွံ့ဖြိုးမှု အကျိုးပြုတမံကြီးစီမံကိန်းများ (Integrated Water Resources Development Dam Projects) ပါဝင်ပါသည်။

ပုံ (၈)

**ကမ္ဘာ့အဓိကနိုင်ငံကြီးများ၏ ရေလှောင်တမံကြီးများ**




**မြန်မာနိုင်ငံ၏ လက်ရှိ ( ၂၀၁၆ နိုဝင်ဘာ ) ပြီးစီးထားသော ရေအားလျှပ်စစ်စက်ရုံများ**

မြန်မာနိုင်ငံ၏ လက်ရှိရေအားလျှပ်စစ်ကဏ္ဍတွင် ရေလှောင်တမံအမျိုးအစား (Storage Dam Type) ၂၃ ခုတို့၏ စက်တပ်ဆင်အင်အား ၃၀၆၉ မဂ္ဂါဝပ်၊ မြစ်ချောင်းများပေါ်တွင် Run-of-the-river Type တွင် အကျုံးဝင်သည့် ရေလွှဲဆည်များ (Weirs) ကဲ့သို့ ရေအားနိမ့်တမံများ (Low-head Dams) လေးခုတို့၏ စက်တပ်ဆင်အင်အား ၁၅၂ မဂ္ဂါဝပ် ရှိသဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အားမှာ ၃၂၂၁ မဂ္ဂါဝပ် ဖြစ်သည်။ ယင်းအနက် ၄၂၀ ဒသမ ၈ မဂ္ဂါဝပ်ကို JV/ BOT စီမံကိန်း (၂)ခု (ရွှေလီ-၁/ တာပိန်-၁)မှ ပြည်ပသို့ သယ်ယူဖြန့်ဖြူးခွင့် ရယူထားသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတချို့နှင့် အာဆီယံနိုင်ငံများ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးမှု အခြေအနေများကို ဇယား (၇) ဖြင့် နှိုင်းယှဉ်ဖော်ပြလိုပါသည်။

**ဇယား (၇)**

**အိမ်နီးချင်းနိုင်ငံ / အာဆီယံနိုင်ငံများ၏ လျှပ်စစ်ထုတ်ယူသုံးစွဲမှု အခြေအနေ**

အိမ်နီးချင်းနိုင်ငံ/ အာဆီယံနိုင်ငံများ၏ လျှပ်စစ်ထုတ်ယူသုံးစွဲမှု အခြေအနေ

| စဉ် | နိုင်ငံ | စက်တပ်ဆင်အင်အား (MW) (၂၀၁၂) | တစ်နှစ်ထုတ်လုပ်ဓာတ်အား (TWh) (၂၀၁၂) | လူတစ်ဦး တစ်နှစ် သုံးစွဲဓာတ်အား kWh (ယူနစ်) (၂၀၁၃) |
|---|---|---|---|---|
| ၁။ | တရုတ် | ၁,၃၇၀,၅၁၀ | ၄,၉၇၆ | ၃,၇၆၀ |
| ၂။ | အိန္ဒိယ | ၂၄၉,၀၀၀ | ၁,၁၄၃ | ၇၇၀ |
| ၃။ | ထိုင်း | ၃၄,၆၈၀ | ၁၉၂ | ၂,၄၉၀ |
| ၄။ | ဗီယက်နမ် | ၃၇,၆၀၀ | ၁၁၃ | ၁,၃၁၀ |
| ၅။ | မလေးရှား | ၂၉,၁၄၇ | ၁၃၄ | ၄,၄၇၀ |
| ၆။ | အင်ဒိုနီးရှား | ၅၁,၀၀၀ | ၂၂၉ | ၇၉၀ |
| ၇။ | စင်ကာပူ | ၁၂,၈၆၃ | ၄၆ | ၈,၈၄၀ |
| ၈။ | ဖိလစ်ပိုင် | ၁၆,၀၅၂ | ၇၆ | ၆၉၀ |
| ၉။ | ဘင်္ဂလားဒေ့ရှ် | ၁၃,၀၀၀ | ၄၆ | ၂၉၀ |
| ၁၀။ | လာအို (၂၀၁၆) | ၅,၅၇၅ | ၁၅.၂ | ၂,၂၃၀ |
| ၁၁။ | မြန်မာ (၂၀၁၆) | ၄,၈၈၇ | ၁၅.၈ | ၁၈၀ |

Source: World Bank, ELC. ACCS. 25, MOEE

**ရေလှောင်တမံကြီးများတည်ဆောက်မှုကြောင့် ထိခိုက်မှုများ**

ရေအားလျှပ်စစ်နှင့် ဘက်စုံသုံးရေလှောင်တမံကြီးများ (Mega Dams) ကို မြစ်ကြီးများနှင့် မြစ်လက်တက်များပေါ်တွင် တည်ဆောက်မှုကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများ အထင်ကရဖြစ်ပေါ်ခဲ့သော ရေအားလျှပ်စစ်စီမံကိန်းကြီး နှစ်ခုကို ဖော်ပြလိုပါသည်။ ၂၀၀၈ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် China Three Gorges Dam (22,500 MW) ကြောင့် ၁၀၀၀ စတုရန်းကီလိုမီတာ (၃၈၆ စတုရန်းမိုင်) ရေဖုံးလွှမ်းနစ်မြုပ်၍ လူဦးရေ ၁၃ သန်းခန့်ကို ရွှေ့ပြောင်းနေရာချထားခဲ့ပြီး မြို့ကြီး ၁၃ မြို့၊ မြို့ငယ် ၁၄၀၊ ကျေးရွာ ၁၃၅၀ နှင့် ရှေးဟောင်းအမွေအနှစ်များနှင့် အလုပ်ရုံနှင့် စက်ရုံပေါင်းများစွာ ရေနစ်မြုပ်ခဲ့သည်။ အလားတူပင် ၁၉၈၄ ခုနှစ်တွင် တည်ဆောက်ခဲ့သည့် ဘရာဇီး - ဥရုဂွေးနယ်စပ်ရှိ Itaipu Dam (14,000 MW) ကြောင့် ၁၃၅၀ စတုရန်းကီလိုမီတာ (၅၂၁ စတုရန်းမိုင်) နှင့် လူဦးရေ ၁၀၀၀၀ ခန့် ရွှေ့ပြောင်းနေရာချထားခဲ့ရသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံး ရေအားလျှပ်စစ်တမံကြီးများဖြစ်ကြသည့် ပေါင်းလောင်းတမံ အမြင့် ၄၃၀ ပေ ၏ ရေဝပ်ဧရိယာသည် ၆ ဒသမ ၅၆ စတုရန်းမိုင်နှင့် ရဲရွာ RCC တမံ အမြင့် ၄၃၃ ပေ၏ ရေဝပ်ဧရိယာသည် ၂၂ ဒသမ ၇၈ စတုရန်းမိုင် အသီးသီးရှိကြရာ ဖော်ပြပါ ကမ္ဘာ့တမံကြီးများနှင့် နှိုင်းယှဉ်လျှင် ထိခိုက်မှုမှာ လွန်စွာနည်းပါးသည်ဟု ယူဆနိုင်သည်။ ယင်းအပြင် ပေါင်းလောင်းနှင့် ရဲရွာရေလှောင်တမံများ၏ ရေဝပ်ဧရိယာများအတွင်း မြို့နှင့်ရွာများ လုံးဝမရှိပါ။ ရဲရွာ RCC တမံနှင့် ဇီဝရုပ်ကြွင်းလောင်စာ ကျောက်မီးသွေး၊ ဓာတ်ငွေ့နှင့် ရေနံတို့ နှိုင်းယှဉ်ရှင်းလင်းချက်ကို ပုံ(၉) ဖြင့် တင်ပြလိုပါသည်။

ပုံ (၉)

**ရဲရွာ RCC တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ**




**တမံကြီးများအား ချိုးဖောက်ဖယ်ရှားခြင်း**

အမေရိကန်နိုင်ငံတွင် ၁၉၃၀ ပြည့်နှစ်နောက်ပိုင်း မြစ်များ၊ ချောင်းများ၏ ဂေဟစနစ် (Ecosystems) ပြန်လည်တည်ဆောက်နိုင်ရန် သက်တမ်းလွန် ရေလှောင်တမံကြီး ၊ ငယ် ၁၀၀၀ ခန့်ကို ချိုးဖောက်ဖယ်ရှားခဲ့ကြောင်း ဖော်ပြထားပါသည်။ အထူးခြားဆုံးမှာ ၂၀၁၄ ခုနှစ်တွင် တမံအမြင့် ၆၄ မီတာ (၂၁၀ ပေ) ရှိ Glines Canyon Dam ကို ဖယ်ရှားခဲ့သဖြင့် ယနေ့အထိ ကမ္ဘာ့အမြင့်ဆုံး တမံကြီးတစ်ခုကို ဖယ်ရှားဖျက်ဆီးခြင်း ဖြစ်ပါသည်။

ကမ္ဘာ့ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစားအလိုက် စက်တပ်ဆင်အင်အားနှင့် နှစ်စဉ်ပျမ်းမျှထုတ်လုပ်လျှပ်စစ်ဓာတ်အားတို့ကို ဇယား (၈) ဖြင့် ဖော်ပြလိုပါသည်။

**ဇယား (၈)**

**ကမ္ဘာ့ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အလိုက် စက်တပ်ဆင်အင်အား (၂၀၁၃)**

| စဉ် | အကြောင်းအရာ | ကမ္ဘာ့ တပ်ဆင်စက်အင်အား (GW) | နှစ်စဉ်ထုတ်လုပ်နိုင်သည့် ဓာတ်အား (TWh) |
|---|---|---|---|
| ၁။ | နေရောင်ခြည်စွမ်းအင် (pV) | ၁၃၉,၀၀၀ | ၁၆၀ |
| ၂။ | CSP Plant | ၃,၄၀၀ | ၉ |
| ၃။ | လေစွမ်းအင် | ၃၁၈,၀၀၀ | ၆၂၀ |
| ၄။ | ဘူမိအပူစွမ်းအင် | ၁၂,၀၀၀ | ၇၆ |
| ၅။ | ဒီရေစွမ်းအင် | ၁,၅၀၀ | ၁.၂ |
| ၆။ | အကြီးစားရေအားလျှပ်စစ် | ၁,၂၀၀,၀၀၀ | ၃,၅၁၅ |
| ၇။ | အသေးစားရေအားလျှပ်စစ် | ၉၀,၀၀၀ | ၂၆၅ |
| ၈။ | ဇီဝလောင်စာစွမ်းအင် | စက်ရုံထောင်ဂဏန်း | ၄၀၅ |


Source: Renewable Energy, D. Chivers

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ ရင်းနှီးမြှုပ်နှံမှု**

လက်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်၊ တိုင်းရင်းသားကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (BOT)၊ ပြည်ပနိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ် (JV/ BOT) (၃) ရပ်အောက်တွင် ရေအားလျှပ်စစ်စက်ရုံ ၂၇ ခုအပါအဝင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ (Coal-fired Thermal Power Station)၊ အပူရှိန်သုံး ဓာတ်ငွေ့စက်ရုံ (Gas Turbine Thermal Power Stations) များ၏ စက်တပ်ဆင်အင်အားများအခြေအနေကို ပုံ (၁၀)နှင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ရောစပ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု (Generation Mix) ကို ပုံ (၁၁) တို့ဖြင့် ဖော်ပြထားပါသည်။ ကျောက်မီးသွေးသုံးစက်ရုံမှာ ယင်းဖော်ပြပါကာလအတွင်း စမ်းသပ်လည်ပတ် အဆင့်သာရှိ၍ Generation Mix တွင် ထည့်သွင်းထားခြင်းမရှိပါ။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**စက်တပ်ဆင်အင်အား** (Installed Capacity) | **ရောစပ်လျှပ်စစ်ဖြန့်ဖြူးမှု** (Generation Mix)




ပုံ (၁၀) ပုံ (၁၁)

နိုင်ငံတော်၏တတိယကာလတို ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ အထိ) စတင်နှစ်တွင် ရေအားလျှပ်စစ်စက်ရုံ ၁၆ ခု၊ ကျောက်မီးသွေးစက်ရုံ တစ်ခုနှင့် ဓာတ်ငွေ့စက်ရုံ ၁၀ ခုတို့၏ စုစုပေါင်း စက်တပ်ဆင်အင်အား ၃၄၉၄ ဒသမ ၉ (ဆို ၃၄၉၅) မဂ္ဂါဝပ်ရှိသည့်အနက် ရေအားလျှပ်စစ်စက်ရုံ ၁၆ ရုံ၏ စက်တပ်ဆင်အင်အားမှာ ၂၆၆၀ မဂ္ဂါဝပ်ရှိခဲ့ပါသည်။ ရေအားလျှပ်စစ်ကဏ္ဍတွင် (က)နိုင်ငံပိုင်ငွေကြေး၊ (ခ)တိုင်းရင်းသားကုမ္ပဏီများ(BOT)နှင့်(ဂ)နိုင်ငံခြား ကုမ္ပဏီများနှင့် အကျိုးတူ (JV/BOT) စနစ်တို့ဖြင့် လုပ်ကိုင်ရန် MoU ၊ MoA ၊ JVA စီမံကိန်း စုစုပေါင်း ၄၄ ခု (စက်တပ်ဆင်အင်အား ၄၂၄၂၆ ဒသမ ၅ မဂ္ဂါဝပ်) ကို လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ကုန်ဆုံးမည့် နှစ် ၃၀ အမျိုးသားလျှပ်စစ်မဟာစီမံချက်ကို ကနဦးက ချမှတ်ပြီး ကာလတိုငါးနှစ်သက်တမ်းများအတွင်းပြီးစီးရမည့်စီမံကိန်းများကိုလည်း သတ်မှတ်ခဲ့ကြောင်း သိရှိရသည်။

သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်ဆဲစီမံကိန်းများ မပြီးစီးခဲ့သည့်အပြင် စတင်နိုင်သောစီမံကိန်းများကိုလည်း လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပါ။ ၂၀၃၀ - ၂၀၃၁ ခုနှစ်တွင်ပင် ကုန်ဆုံးမည့် နှစ် ၂၀ လျှပ်စစ်မဟာစီမံချက်ကို ပြန်လည်ချမှတ်ခဲ့ရသည်။ ယနေ့ လျှပ်စစ်လုံလောက်မှုမရှိသည့် အခြေအနေများမှာ ကာလတို သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိ၍ ဖြစ်ပါသည်။ တတိယကာလတို ငါးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် ရနိုင်စွမ်းလျှပ်စစ်အရင်းအမြစ်များ (Electricity Sources) မှ ထုတ်ယူသုံးစွဲနိုင်မှုနည်းပါးခဲ့ကြောင်းကိုလည်း တွေ့ရှိရသည်။

ဓာတ်အားသယ်ပို့ဖြန့်ဖြူး စနစ် (Transmission System) ကို မူလလျှပ်စစ်ထုတ်ယူခြင်း (Generation) မရရှိနိုင်သေးဘဲ ဒေသအနှံ့ ဖြန့်ကြက်၍ တည်ဆောက်ခြင်းကြောင့် "ထုတ်လုပ် - သယ်ပို့ - ဖြန့်ဖြူး" သုံးရပ်တွင် ဟန်ချက်ညီညီလုပ်ဆောင်နိုင်ခြင်းမရှိသဖြင့် မလိုအပ်သော ငွေကြေးပိုမိုကုန်ကျမှုများ ဖြစ်ပေါ်စေခဲ့သည်ဟု ယူဆနိုင်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မလေးရှားရောက်မြန်မာလုပ်သားများအတွက် ဝမ်းမြောက်ဖွယ်

(၁-၆-၂၀၁၆) ကာလနောက်ပိုင်း မလေးရှားနိုင်ငံမှပြန်ရောက်လာသော မြန်မာနိုင်ငံသားများ Passport မိတ္တူစာရွက်နှင့် အောက်ပါအလုပ်ဝင်ရောက်လုပ်ကိုင်လိုသူများ လျှောက်ထားနိုင်သည်။

**စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန်** (၁၀၀၀) ဦး (လူဦးရေတစ်ထောင်)

(၁) နေထိုင်နိုင်ရန်အဆောက်အအုံနှင့် စားသောက်စရိတ်ပေးမည်။

(၂) အခြေခံလစာ US Dollar (၁၅၀)နှင့်ညီမျှသော မြန်မာကျပ်ငွေပေးမည်။

(၃) လုပ်ငန်းအကျိုးအမြတ်၏ (၂၀%)ခွဲဝေခံစားခွင့်ပြုမည်။

(၄) လုပ်ငန်းဆောင်ရွက်နိုင်မှုအပေါ်မူတည်၍ လုပ်ငန်းပမာဏနှင့် အခြေခံလစာတိုးမြှင့်ပေးမည်။

(၅) လုပ်ငန်းဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါလုပ်ငန်းကာလအား နှစ်(၆၀)အထိ စာချုပ်ချုပ်ဆို လုပ်ကိုင်နိုင်သည်။

**လုပ်ငန်းအမျိုးအစား** - ကာလတို၊ ကာလလတ်၊ ကာလရှည် လူနှင့် သဘာဝပတ်ဝန်းကျင် အကျိုးပြု စိုက်ပျိုးရေးလုပ်ငန်းအား တစ်ဦးလျှင်(၅)ဧကမှ (၁၀)ဧကအထိ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ပေးမည်။

**လုပ်ငန်းဆောင်ရွက်ရမည့်နေရာ** - မြန်မာနိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု ခရီးသွားယာဉ်လိုင်းများ ရောက်ရှိသွားလာသည့် နေရာဒေသများဖြစ်သည်။

**မှတ်ချက်။** ။ မိမိလုပ်ငန်းဆောင်ရွက်လိုသည့် နေရာဒေသအား ရွေးချယ်ခွင့်ပြုမည်။

**ဆက်သွယ်ရန်လိပ်စာ** - အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက် အမှတ်(၃-၇)၊ ရေဘားလားလမ်းမကြီး၊ ရွှေဘားလားအိမ်ရာ၊ အထယုကွင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၅၅၅၀၇၈၉၊ ၀၉-၇၈၅၅၅၁၇၈၉၊ ၀၉-၇၈၅၅၅၂၇၈၉၊ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၊ နေပြည်တော်ရုံးချုပ်၊ အမှတ်(၈၆)၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၀၂၉၇၊၀၉-၇၈၈၅၇၅၅၃၆၊ ၀၉-၇၉၉၄၆၆၈၈၂၊ ၀၉-၇၉၆၄၆၃၃၆၈၊ ရမည်းသင်းရုံးခွဲ၊ အမှတ်(က/၃၄၄)၊ ရွာတန်းလမ်း၊ ရဲကျောင်းမြောက်ဘက်၊ လက်ဆည်ကန်ရပ်ကွက်၊ ရမည်းသင်းမြို့နယ်၊ ဖုန်း-၀၆၄-၄၀၇၄၆၊ ၀၉-၄၀၃၇၄၇၀၀၇



## ဝန်ထမ်းခေါ်ယူခြင်း

မလေးရှားနိုင်ငံတွင် ဝန်ထမ်းအဖြစ် သွားရောက်လုပ်ကိုင်မည့်သူများနှင့် ပြန်လည်ရောက်ရှိလာသူများ လျှောက်ထားရန်ဖြစ်သည်။

(၁) အခြေခံမိုင်းတွင်းလုပ်သား (၁၀၀)ဦး
(၂) လုံခြုံရေးဝန်ထမ်း (၅၀) ဦး
(၃) အခြေခံစားသောက်ကုန်ထုတ်မှုဝန်ထမ်း (၅၀) ဦး

**အမှတ်စဉ်(၁)အတွက်**

**အရည်အချင်း** - ရိုးသားကြိုးစားသူဖြစ်ရမည်။
**အနိမ့်ဆုံးလစာ** - ကျပ် ၁ သိန်း ၅ သောင်း (စရိတ်ငြိမ်း)
**လုပ်ငန်းဆောင်ရွက်ရမည့်နေရာ** - ရမည်းသင်းမြို့နယ်၊ မိုးထိမိုးမိလုပ်ကွက်(A)
**ဆက်သွယ်ရန်လိပ်စာ** - အမျိုးသားကြီးပွားတိုးတက်ရေးရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက်၊ နေပြည်တော်ရုံးချုပ်၊ အမှတ်၈၆၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ၀၆၇-၄၂၀၂၉၇၊ ၀၉-၇၈၈၅၇၅၅၃၆၊ ၀၉-၇၉၉၄၆၆၈၈၂၊ ၀၉-၇၉၆၄၆၃၃၆၈။ ရမည်းသင်းရုံးခွဲ၊ အမှတ်(က/၃၄၄)၊ ရွာတန်းလမ်း၊ ရဲကျောင်းမြောက်ဘက်၊လက်ဆည်ကန်ရပ်ကွက်၊ ရမည်းသင်းမြို့နယ်၊ ၀၆၄-၄၀၇၄၆၊ ၀၉-၄၀၃၇၄၇၀၀၇

**အမှတ်စဉ် (၂) (၃) အတွက်**

**အရည်အချင်း** - ရိုးသားကြိုးစားသူဖြစ်ရမည်။
**အနိမ့်ဆုံးလစာ** - ကျပ် ၁ သိန်း ၅ သောင်း+ပုံ့ပိုးငွေ
**ဆက်သွယ်ရန်လိပ်စာ** - အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက် အမှတ်၃-၇၊ ရေဘားလားလမ်းမကြီး၊ ရွှေဘားလားအိမ်ရာ၊ အထယုကွင်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၀၉-၇၈၅၅၅၀၇၈၉၊ ၀၉-၇၈၅၅၅၁၇၈၉၊ ၀၉-၇၈၅၅၅၂၇၈၉



## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပန်းဆိုးတန်းနှင့်ကမ်းနားလမ်းထောင့်ဆိပ်ကမ်းရုံးချုပ် အဆောက်အအုံ၏ အမိုးနှင့်နံရံများ၌ မိုးယိုစိမ့်မှုမရှိစေရန်အဆင့်မြင့်နည်းပညာသုံး၍ ပြုပြင်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဆောင်ရွက်မည့်လုပ်ငန်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၌ မိုးယိုစိမ့်မှုမရှိစေရေးအတွက် အမိုးဧရိယာ ၂၉၇၉၁ဒသမ၅ စ/ပေနှင့် နံရံဧရိယာ ၂၃၄၅၀ စ/ပေတို့အား အဆင့်မြင့်နည်းပညာသုံး၍ ပြုပြင်ပေးခြင်းလုပ်ငန်း။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်/အချိန်** - ၁၈-၁-၂၀၁၇ရက်မှ၂၀-၁-၂၀၁၇ရက်အထိ(ရုံးချိန်အတွင်း)

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၁-၂၀၁၇ရက် (သောကြာနေ့)(၁၃း၀၀)နာရီ

၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ်(၁၀)၊ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြအင်ဂျင်နီယာဌာန

၆။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၉- ၅၁၈၃၀၈၅ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဆောက်လုပ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄၀ယ/၃၄၅၄၈၊ Honda Click 110 M/C ယာဉ်အမည်ပေါက်သူ ဒေါ်ခင်မမ ၉/မရမ(နိုင်)၀၂၂၁၄၁ မှ(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၆ဂ/၉၈၄၄ ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)တွင် သင်တန်းကျောင်းအတွင်း အင်တာနက်ကွန်ရက် ဖြန့်ဖြူးခြင်းလုပ်ငန်းအတွက် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့်နေရာ** - သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၁၊ ၀၆၇-၄၀၅၁၀၁

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁-၂၀၁၇ ရက် ညနေ ၁၆း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အပိုဒ်ခွဲ(က)ပါ လိပ်စာ၌ ရုံးချိန်အတွင်း ၀ယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စုံစမ်းမေးမြန်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) တွင် လူနာများအား ကုသမှုပေးရန် FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲဓာတ်မှန်သုံးဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ၀ယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁-၂-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ပစ္စည်းများစာရင်းအသေးစိတ်ကို ရုံးချိန်အတွင်း ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်း၀ယ်ယူနိုင်ပါသည်။

**၀ယ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)**
**ဖုန်း-၀၆၇-၄၂၁၄၆၂**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရေနံ့သာအနာကြီးရောဂါ အထူးကုဆေးရုံကြီးတွင် အောက်ဖော်ပြပါ အဆောက်အအုံနှစ်ခု တည်ဆောက်/ပြုပြင်မွမ်းမံရန်အတွက် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၁-၁) ၃၂၀၀ ဂါလန်ဆံ့ ရေစင်
(၁-၂) အစည်းအဝေးခန်းမ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၇-၁-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၁-၂၀၁၇ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ရေနံ့သာအနာကြီးရောဂါအထူးကုဆေးရုံကြီး**
**မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၉-၆၅၀၂၅၈၃**

---

**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့**

## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲ စည်ပင်သာယာရေးကော်မတီများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် မြို့ပြလမ်းများဆောင်ရွက်ရန် ခန့်မှန်းကတ္တရာ ၇၀၀ တန်ကို ၀ယ်ယူလိုပါသဖြင့် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်-

(က) **တင်ဒါလျှောက်လွှာရယူနိုင်မည့် ရက်၊ အချိန်၊ နေရာ** - ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၊ တောင်ကြီးမြို့

(ခ) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်၊ အချိန်၊ နေရာ** - ၂၄-၁-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၊ တောင်ကြီးမြို့

(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့် ရက်၊ အချိန်၊ နေရာ** - ၂၅-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီမှ ညနေ ၁၆း၃၀ နာရီအထိ ရှမ်းပြည်နယ်စည်ပင်သာယာရေး ကော်မတီ၊ တောင်ကြီးမြို့

၂။ ကတ္တရာအိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့်ကတ္တရာအားထုတ်လုပ်သည့် နိုင်ငံအမည်၊ ကတ္တရာ(၁)တန်ဈေးနှုန်း၊ ကတ္တရာ(၁)တန်တွင်ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီးသွင်းကုန်ပစ္စည်းခွန် (Custom Duty) ပေးဆောင်ပြီးကြောင်းထောက်ခံချက်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ကတ္တရာ အရည်အသွေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာ အရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်-

| | | |
|---|---|---|
| Specific Gravity@25/25deg C | 1.01-1.04 | D-20 |
| Penetration@25degC | 80-100 | D-5 |
| Softening point degC | 43-48 | D-36 |
| Ductility at 25deg C(cm) | 100Min; | D-113 |
| Loss on Heating(%) | 0.5 Max; | D-6 |
| Droap in Penetration after Heating Point | 20 Max; | D-5 |
| Flash Point degC | 220 Min; | D-92 |
| Solubility in Trichloroethane % wt | 99.5 Min; | D-2042 |
| Organic Matter in Soluble in Trich wt | 0.2 Max; | D-2042 |
| Wax Content PCT | 2.0 Max; | DIN-52015 |

၃။ တင်သွင်းမည့်ကတ္တရာ ဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ(၁)တန်၏ ပင်မတန်ဖိုး (အထိုင်ဈေးပေါ်တွင်)ပြည်တွင်းအခွန်ဦးစီးဌာနသို့ ပေးချေရမည့် (With Holding Tax) ကိုခုနှိမ်ပြီး ကျန်ငွေအား အရစ်ကျပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီ၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၂၃၉၁၅ သို့ဖြစ်စေ၊ တင်ဒါတင်သွင်းသူကိုယ်တိုင်လာရောက်၍ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ရုံးအဆောက်အအုံဆောက်လုပ်ခြင်း (၈၀'×၄၀'×၃၂')
(ခ) ၄" အပီစီတွင်းနှင့် ရေကန်၊ ရေစင်ဆောက်လုပ်ခြင်း
(ဂ) ခြံစည်းရိုးခတ်ခြင်း (၁၈၀'×၁၅၀')

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်းတင်သွင်းရန် ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၂-၁-၂၀၁၇ ရက်
(ခ) **တင်ဒါပိတ်ရက်** - ၂၅-၁-၂၀၁၇ရက် ညနေ ၄နာရီအထိ
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး

အသေးစိတ်အချက်အလက်များသိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၀၃၂၇၆၉နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဖုန်း-၀၇၁-၂၆၂၄၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

**ထားဝယ်တက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ **ခေါ်ယူသည့်တင်ဒါ** - ထားဝယ်တက္ကသိုလ်၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း
၂။ **တင်ဒါသက်တမ်း** - ၄-၂-၂၀၁၇ (စနေနေ့)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ထားဝယ်တက္ကသိုလ်၊ ငွေလက်ခံဌာန
၄။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၁-၂၀၁၇ (တနင်္လာနေ့)
၅။ **နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက်၊ အချိန်၊ နေရာ** - ၂၇-၁-၂၀၁၇ (သောကြာနေ့) ၁၆း၀၀ နာရီ ထားဝယ်တက္ကသိုလ်၊ သင်တန်းရေးရာဌာန
၆။ အသေးစိတ်အချက်အလက်များကိုအထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်-၀၅၉-၂၂၀၇၄ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါကြီးကြပ်မှုကော်မတီ**
**ထားဝယ်တက္ကသိုလ်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင်၊ ရန်ကုန်တိုင်းဒေသကြီးမှ အောက်ဖော်ပြပါ အမှတ်(၁၀၄/၁၀၈)၊ ကမ်းနားလမ်း၊ အလုံမော်တော်ယာဉ်ဝင်းရှိ အဆောက်အအုံ(၄)လုံးနှင့် မြေကွက်လွတ်တို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၃)နှစ်သက်တမ်း (၁)နှစ်တစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) နှစ်ထပ်ရုံး(၁)ရုံး(၄၅'×၁၄')၊ ယာဉ်ရပ်နားရုံ(၁)ရုံ(၇၇'×၇၂')၊ စက်ပစ္စည်းသိုရုံ(၁)ရုံ(၆၁'×၃၁')၊ ယာဉ်ပြင်အလုပ်ရုံ(၁)ရုံ(၇၁'×၈၇')၊ မြေကွက်လွတ်ဧရိယာ ၆၅၇ စတုရန်းမီတာ
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၆-၁-၂၀၁၇ ရက်မှ ၂၅-၁-၂၀၁၇ ရက်ထိ နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ
(ဂ) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၂၆-၁-၂၀၁၇ရက် ၁၂း၀၀နာရီ ရုံးအမှတ် ၅၂၊ နေပြည်တော်
(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁-၂၀၁၇ရက် မွန်းလွဲ ၁၃နာရီ
(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ် ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့
(စ) **Deposit ပေးသွင်းနိုင်သည့်နေရာ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။
(ဆ) **စာရင်းပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၅၂၊ နေပြည်တော်
(ဇ) **တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်

၂။ အဆိုပါ ရန်ကုန်တိုင်းဒေသကြီးမှ ကမ်းနားလမ်း၊ အလုံမော်တော်ယာဉ်ဝင်းရှိ အဆောက်အအုံ(၄)လုံးနှင့် မြေကွက်လွတ်တို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၅၀၄၃၂၊ ၂၅၁၈၂၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အဆိုပြုတင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်းနှင့် မော်တင်လမ်းကြားရှိ လမ်းသစ်အိမ်ရာစခန်း တိုက် ၁၁ လုံး၊ မြေဧရိယာ ၄ ဒသမ ၇၁၇ဧကခန့်တွင် အထပ်မြင့်စီးပွားရေးအဆောက်အအုံများပါဝင်သော ပြန်လည်အဆင့်မြှင့်တင်ရေးအိမ်ရာ စီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းအား အဆောက်အအုံပုံစံရေးဆွဲမှုနှင့် ဆောက်လုပ်မှုယှဉ်ပြိုင်သည့်စနစ်ဖြင့် ပွင့်လင်းမြင်သာစွာပြုလုပ်မည်ဖြစ်ပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းပါရန် အောက်ပါအတိုင်း ဖိတ်ခေါ်အပ်ပါသည်။

(၁) **တင်ဒါပုံစံနှင့် စည်းကမ်းချက်များ ထုတ်ယူနိုင်သည့်ရက်** - ၁၆-၁-၂၀၁၇ ရက်(တနင်္လာနေ့)မှ ၂၇-၁-၂၀၁၇ရက်(သောကြာနေ့)ထိ
(၂) **တင်ဒါတင်သွင်းရမည့် နေ့ရက်** - ၂၇-၂-၂၀၁၇ ရက် (တနင်္လာနေ့)
(၃) **တင်ဒါအဆိုပြုလွှာ ရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ ရုံးအမှတ် ၄၀၊ နေပြည်တော်
- အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ် ၂၂၈/၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**တင်ဒါခေါ်ယူရေးဆပ်ကော်မတီ**
**ဖုန်း-၀၆၇-၄၀၇၇၀၁၊ ၀၁-၂၄၅၆၈၆**

---

## ချိပ်ပိတ်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ဗန်းမော်တက္ကသိုလ်တွင် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက် အစမ်းလေ့ကျင့်ပွဲနှင့် ဖေဖော်ဝါရီ ၄ ရက်နှင့် ၅ ရက်များတွင် ကျင်းပပြုလုပ်မည့် အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းခွင့်ပြုနိုင်ရေးအတွက် စာချုပ်ချုပ်ဆို ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် ဗန်းမော်တက္ကသိုလ်ရှိ ကြော်ငြာသင်ပုန်းများတွင် ကပ်ထားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၆၁၄၈၂၉၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးရေးလုပ်ငန်းဆပ်ကော်မတီ**
**ဗန်းမော်တက္ကသိုလ်**

---

**မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**

## သရက်ခရိုင် ကတ္တရာပုံးခွံလေလံတင်ရောင်းချရန် ကြော်ငြာ

၁။ မကွေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ သရက်ခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကတ္တရာပုံးခွံများအား အောက်ပါနေ့ရက်တွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (က) **လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၂-၁-၂၀၁၇ ရက်
(ခ) **လေလံတင်ရောင်းချမည့် ရက်/အချိန်** - ၂၇-၁-၂၀၁၇ ရက် ၁၀း၀၀ နာရီ
- လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ သရက်ခရိုင်၊ သရက်မြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)၊ သရက်ခရိုင်ရုံး ဖုန်း-၀၆၈-၂၁၀၂၃၊ ၀၆၈-၂၁၀၈၉ တို့သို့ ရုံးချိန် အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၁-၂၀၁၇ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၉-၁-၂၀၁၇ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀ နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသခံမှုခံယူနေသော လူနာများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ၀ယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**မြန်မာနိုင်ငံ FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ၊ (ခ) ဓာတ်ခွဲခန်းသုံးဆေးများ

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁-၂၀၁၇ ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၅ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပဲခူးမြို့၊ မြို့နယ်တရားသူကြီးရုံး**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၉**

၁။ ဒေါ်ကျော့ကေဇင် **နှင့်** စုလေမန်
၂။ ဦးအောင်မြတ်ခိုင် အမှတ်(၆၅၀)၊
၃။ ဦးအောင်ပြည့်ဟိန်း ကျောက်ဖူးကုန်း(၁)လမ်း၊
**(အတူနေမောင်နှမများ)** မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့။
အမှတ်(၆၅၀)၊ ကျောက်ဖူးကုန်း(၁)လမ်း၊ **(ယခုနေရပ်လိပ်စာမသိ)**
မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့။

တရားလိုများ တရားပြိုင်

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်ကွက်၊ ကျောက်ဖူးကုန်း (၁)လမ်း၊ အမှတ် (၆၅၀)နေ တရားပြိုင်ဖြစ်သည့် စုလေမန်(ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုလက်ရှိထားနေထိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် သင့်အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်(၁၃၇၈ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်ခင်လေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လွင်မိုးထွေး)
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပဲခူးမြို့နယ်တရားရုံး**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ် သချာၤအထူးပြု မဟာတန်းမှ မောင်အောင်ကျော်မျိုး၏ဖခင် ဦးရှွင်နှင့် ဦးသောင်းရွှင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသောင်းရွှင် (ခ) ဦးရွှင်**
**၅/ရဘန(နိုင်)၀၆၁၃၉၇**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် သချာၤ စတုတ္ထနှစ်မှ မမျိုးသီတာကျော်၏ဖခင် ဦးဘိုဝင်းနှင့် ဦးဗိုလ်ဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဗိုလ်ဝင်း (ခ) ဦးဘိုဝင်း**
**၅/ခဥန(နိုင်)၀၁၅၀၇၆**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုတက္ကသိုလ် သချာၤ စတုတ္ထနှစ်မှ မပြည့်ပြည့်ဖြိုး၏ဖခင် ဦးစိန်ဝင်းနှင့် ဦးစန်းဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်ဝင်း (ခ) ဦးစန်းဝင်း**
**၅/တဆန(နိုင်)၀၁၂၅၅၃**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ် ရူပဗေဒအထူးပြု ဘာသာရပ်မဟာသိပ္ပံတန်းမှ မနီလာစိုး၏ဖခင် ဦးလှတင့်နှင့် ဦးလှတင့်ဆွေသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှတင့်ဆွေ (ခ) ဦးလှတင့်**
**၅/ထခန(နိုင်)၀၃၆၂၀၅**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ် သချာၤအထူးပြု မဟာသိပ္ပံတန်းမှ မဖူးနှင်းသွယ်၏ဖခင် ဦးမောင်မောင်သင်းနှင့် ဦးသင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသင်း (ခ) ဦးမောင်မောင်သင်း**
**၅/အရတ(နိုင်)၀၇၂၅၃၆**

---

## မိဘအမည်မှန်

ပဲခူးမြို့၊ အထက(၃)၊ သတ္တမတန်း(A)မှ မချိုသီဟဝင်း၏ မိဘအမည်မှန်မှာ ဦးသီဟသိန်း ၇/ပခန(နိုင်)၃၉၃၇၇၀ နှင့် ဒေါ်ပိုင်ပိုင်နွယ် ၇/ပခန(နိုင်)၂၉၈၈၁၃ တို့ဖြစ်ပါကြောင်း။

**ဦးသီဟသိန်း-ဒေါ်ပိုင်ပိုင်နွယ်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်/ဦးပိုင်အမှတ် ၆၅၅၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဒေါ်နွဲ့မွန်အောင် အမည်ပေါက် ပါမစ်မြေကွက်အား ဦးသန်းထွန်းဦး-ဒေါ်စိမ့်စမ်းဇော်၊ ၉/ကပတ(နိုင်)၁၆၉၈၈၆၊ ၉/ကပတ(နိုင်)၁၆၉၉၄၄၊ (ဘ) ဦးလှိုင်၊ ဦးဇော်မောင်းမှ မြေပေးမိန့်မူရင်း၊ နှစ်ဦးသဘောတူအရပ်ကတိ အရောင်းအ၀ယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်များတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်- ၁ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ချမ်းအေးအနောက်မီးလောင်ပြင်၊ ဦးပိုင်အမှတ် ၉၀၊ ဧရိယာ ၀ဒသမ၀၃၆ဧကရှိ ဦးဘိုလေး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်သူသူတင်၊ ဒေါ်မူမူသွင်၊ ဒေါ်သီရိသက်ပိုင်ထွန်း၊ ဒေါ်ရတီသက်ပိုင်ထွန်း၊ ၉/ပမန(နိုင်)၀၀၂၇၇၅၊ ၉/ပမန(နိုင်)၀၂၅၁၆၅၊ ၉/ပမန(နိုင်)၂၇၈၅၆၉၊ ၉/ပမန(နိုင်)၂၇၁၀၀၂၊ (ဘ) ဦးဘိုလေး၊ ဦးတင်ထွန်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းသစ္စာကျိန်ဆိုချက်မူရင်း၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်း၊ ဦးဘိုလေး၊ ဒေါ်သန်းစိန်၊ ဦးတင်စိုးလွင်၊ ဒေါ်ကြူကြူလွင်သေဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်မူရင်းများတင်ပြ၍ မှတ်ပုံတင်အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် မြေပုံ/ရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**



"အထူးဝမ်းမြောက်ဂုဏ်ပြုပူဇော်ခြင်း"

ရန်ကုန်မြို့နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊အဘိဓမ္မပိဋက မဟာဌာန၊ ပါမောက္ခ / ဌာနမှူး ၊ သန်လျင်မြို့ ၊ ထန်းပင်ကုန်းရပ်ကွက် ၊ အောင်သုခဒီပါအေးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် **ဒေါက်တာဘဒ္ဒန္တဓေတိန္ဒ** အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ၊ (၄)ရက်၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရမှ **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ဖြင့် ဆက်ကပ်ပူဇော်သည်ကို သိရှိရပါသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများက အတိဂါရဝဖြင့် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုပူဇော်အပ်ပါသည်ဘုရား။

ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် အာစိဏ္ဏကံကုသိုလ်ရှင်များ
ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့။

"တိုးတက်လာစေသည့် ပညာရေးအတွက် ထူးချွန်ထက်မြက်သူများ ဆုံစည်းရာ"



# မြို့မဂုဏ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက-၁၃/၂၂/၂၃၆

☆အရည်အချင်းစစ်မှန်သည့် ပညာတတ်တစ်ယောက်ဖြစ်ရန်
"မြို့မဂုဏ်" ကျောင်းတော်ဆီသို့ အရောက်လှမ်းခဲ့ပါ.....
☆ သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ
၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပါပြီ.....



အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
PH: 09-781900186, 09-781900187

## အိမ်အကူအလိုရှိသည်

ကလေး(၂)ဦး၏ ဝေယျာဝစ္စ ဆောင်ရွက်ရမည်။ ကလေးအသက် ၃ နှစ်နှင့် ၁ နှစ် ၈ လ ပြည်တွင်း/ပြည်ပ ခရီးဝေးလိုက်ပါနိုင်သူ စိတ်ရှည်ကျွမ်းကျင်သူဖြစ်ရမည်။ ထမင်းဟင်း ချက်တတ်ရမည်။

ဆက်သွယ်ရန်
ဖုန်း-၀၉-၂၆၂၄၃၇၁၃၉၊
၀၉-၉၆၀၉၄၄၄၂၄

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ ယုဇနလမ်း၊ Hi Way Complex အိမ်ရာ၊ တိုက်အမှတ်C၊ အခန်းအမှတ် ၄၀၁ တိုက်ခန်းသည် အမည်ပေါက် ဒေါ်မြင့်မြင့်ကြည် ၁၂/လသန(နိုင်)၀၀၆၆၅၉ဖြစ်ပါသည်။ အဆိုပါအခန်းအမည်ပေါက်ထံမှ ဦးဟယ်ရယ်စတန်လီ ၁၂/တမန(နိုင်)၀၆၁၄၆၆-ဒေါ်ခင်သန္တာစိုး ၁၂/ဗဟန(နိုင်)၀၁၈၀၁၃ က စာချုပ်စာတမ်းဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုအမည် ပြောင်းလဲရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)၊ နေပြည်တော်သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာ(၂)
မြေနှင့်အိမ်ရာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်ဒ-၄၂၆၈၊ ဦးသိန်းဟန် (ဘ)ဦးမြအောင် ၉/လဝန(နိုင်)၀၄၉၉၂၇ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမြဝင်းအောင် (ဘ)ဦးစိန်အောင်မင်း ၉/ပမန(နိုင်)၁၅၈၀၅၅မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့် ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ချစ်သားငယ်လေး ဒေါက်တာဟိန်းခန့်ကျော် အတွက်

# မွေးနေ့မင်္ဂလာဆုပန်လွှာ

ယနေ့ ၁၅-၁-၂၀၁၇ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နှစ်ပေါင်းရာကျော်တိုင် ကာယ၊ စိတ္တနှစ်ဖြာသောသုခဖြင့် သားငယ်၏ ရည်မှန်းချက် လိုရာဆန္ဒများပြည့်မြောက်အောင်မြင်ပြီး မိသားစု၏ အေးမြသောမေတ္တာများဖြင့် ထာဝရချမ်းမြေ့ပျော်ရွှင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

**ဖေဖေ-ဦးချစ်ကို(တရားလွှတ်တော်ရှေ့နေ)**
**မေမေ-ဒေါ်ခင်နွဲ့နွဲ့(ဒုတိယခရိုင်တရားသူကြီး၊ မော်လမြိုင်ခရိုင်တရားရုံး)**
**ကိုကြီး-ဒေါက်တာဟိန်းထွဋ်အောင်(အိမ်မက်ဆုံရာ)**
**(Health Service Officer ,P.S.I International Myanmar)**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့ အထက(ခွဲ) ယခင် အလက ရွှေကြက်ယက်၏

## (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရေတာရှည်မြို့၊ အထက(ခွဲ) ရွှေကြက်ယက်ကျောင်းသား ကျောင်းသူဟောင်းများက (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အစဉ်အလာမပျက် ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) ပြည်ထောင်စုနေ့ နံနက်ပိုင်းတွင် နဝရတ်ခန်းမ၌ ကျင်းပပူဇော်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုပါက-
ဒေါ်ခင်အေးမြင့် အထပြ(ငြိမ်း)ရန်ကုန် ဖုန်း-၀၉-၃၁၃၅၆၁၁၈
ဦးဝင်းမောင်-ဒေါ်ခင်စန်းမြ မန္တလေး ဖုန်း-၀၉-၇၉၈၆၅၃၀၃
ဦးစောလှမြင့် ရေတာရှည် ဖုန်း-၀၉-၇၉၄၄၆၃၈၁၉
ရေတာရှည်မြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲငွေစာရင်းအမှတ် SF-343
အသေးစိတ်သိလိုပါက ဖုန်း-၀၉-၈၆၂၃၇၂၁သို့ ဆက်သွယ်ပါရန်။

ကျင်းပရေးကော်မတီ

ဗွန်ကရစ် အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက်ရှိပြီ
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းခုနှစ်(၂)တောင်ဒဂုံ။

ဒဂုံမြို့သစ်
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၈၁၄

| | | |
|---|---|---|
| ဦးရှိန်လင်း | နှင့် | ဦးဌေးလွင် |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း (၈) လမ်း၊ အမှတ် ၄၅၇၊ အေ/2၊ ပ-ထပ်နေ တရားပြိုင်ဦးဌေးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုပိုင်တိုက်ခန်းအတွင်းသို့ ကျူးကျော်ဝင်ရောက်နေထိုင်သူများအား နှင်ထုတ်ပေးစေလိုမှုနှင့် နစ်နာကြေးငွေကျပ် သိန်း (၅၀)ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်များကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်ဆွေဦး)
ဒုတိယခရိုင်တရားသူကြီး(၁၄)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5K/6224 Dong Feng Tractor Head (8 x 4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်နိုင် ၉/အမရ(နိုင်)၀၃၆၃၅၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

## ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတော်၌
၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၂၁

| | | |
|---|---|---|
| ဦးမင်းမင်းထွန်း | နှင့် | ၁။ ဦးအောင်သိန်း |
| | | ၂။ ဦးစိန်သောင်း |
| | | ၃။ ရိုရှောက်ခန်း |
| တရားလို | | တရားပြိုင်များ |

တရားပြိုင်(၁)(ယခင်နေရပ်လိပ်စာ) အမှတ်၁၄၁၊ ပထမထပ်၊ (၂)ရပ်ကွက်၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိ)၊ တရားပြိုင်(၂) (ယခင်နေရပ်လိပ်စာ) အမှတ် ၃၈၉၊ ရန်ကင်းလမ်း၊ ဘဝမြင့်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိ)၊ တရားပြိုင်(၃) (ယခင်နေရပ်လိပ်စာ) အမှတ် ၁၂၊ ၁၃၀ လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ် မင်္ဂလာတောင်ညွန့်မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် ၁၁/P၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၁၄၈ မြေကွက်နှင့် အိမ်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်အထက်ပါ အမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၈ခုနှစ် တပို့တွဲလဆန်း၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီအတွင်း အထက်ပါအမှုတရားစွဲဆိုချက်ကို ထုချေရှင်းလင်းစေရန် တရားရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများအစရှိသည်တို့ကိုလည်း တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(မင်းမင်းကြိုင်)
တွဲဖက်မြို့နယ်တရားသူကြီး
မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ

## လျှောက်ထားကြောင်းအကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ်၊ တရားမအထွေထွေမှု အမှတ်-၁၈၈

ပျံလွန်တော်မူသူအရှင်ဦးသုမင်္ဂလ ၁၂/ကမရ(သ)၀၀၀၆၁၇ ၌ ကျန်ရှိရစ်သောပစ္စည်းများအကြောင်းဒေါ်ခင်ညိမ်း......... **(လျှောက်ထားသူ)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၁၉၉)နေ ဒေါ်ခင်ညိမ်းက ပျံလွန်တော်မူသူ ဦးသုမင်္ဂလ၏ အစ်မဖြစ်သည်ဟူ၍ ပျံလွန်တော်မူသူ ဦးသုမင်္ဂလကျန်ရှိရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာကို ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများသူတို့ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းပျံလွန်တော်မူသူ ဦးသုမင်္ဂလမှာ ကျန်ရစ်သောပစ္စည်းများအပေါ် ရရန်ရှိသူဟူသမျှတို့သည်ဤရုံးသို့ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) နံနက် ၁၀ နာရီတွင် လာရောက်ရမည်။ ၎င်းနေ့ရက်တွင်လျှောက်ထားသူဒေါ်ခင်ညိမ်း၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်/မသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်အုန်းတင့်)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၈၉၄၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးကျော်ဇင်မင်း(ခ)ဂျမ်းတော အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်စိန် ၁၃/ကတန(နိုင်)၀၃၁၉၅၀ (ဘ)ဦးဗိုလ်ရွှေမှ မြေကွက်နေရာချထားပေးခြင်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူဝယ်သူ ကျမ်းကျိန်ဆိုချက်၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုဇယားမူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ EPC အနီးနေ ဦးအောင်ကျော်ခိုင်နှင့် တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း(၂)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၄၄နေ ဦးကိုကိုခိုင်တို့၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ

မွန်ပြည်နယ်၊ သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဘူတာလမ်းရှိဦးပိုင်အမှတ် ၃၉၊ ကွင်းအမှတ် ၅၃၊ အောက်ကျင်းရပ်၊ မြေဧရိယာ ၀ဒသမ၁၉၉ဧကရှိ ဦးဘသန်းခိုင် အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက်အိမ်တစ်လုံးတို့သည် ဒေါက်တာဦးဘသန်းခိုင်နှင့်ဒေါ်ခင်ထားရီတို့ ပိုင်ဆိုင်ခဲ့ကာ ၎င်းတို့ကွယ်လွန်ပြီးနောက် သားသမီး (၇)ဦးဖြစ်သော (၁)ဒေါ်ခင်သန်းမြင့်၊ (၂)ဒေါ်ခင်အေးမြင့်၊ (၃) ဦးအောင်ကျော်ခိုင်၊ (၄) ဒေါ်ခင်ဌေးမြင့်၊ (၅) ဦးအောင်ခင်၊ (၆) ဦးကိုကိုခိုင်၊ (၇) ဦးမင်းဟန်တို့ ခုနစ်ဦးယနေ့ချိန်ထိ အမွေဆက်ခံပိုင်ဆိုင်ခဲ့သော မြေကွက်နှင့် နေအိမ်အဆောက်အအုံဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အဆောက်အအုံတို့အား အမွေဆိုင်များ၏ သဘောတူညီမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမွေဆိုင်မြေပေါ်ရှိအဆောက်အအုံအားဖြိုးဖျက်၍ အသစ်ထပ်မံတိုးချဲ့ခြင်း၊ အိမ်ငှားထားရှိခြင်းများတစ်စုံတစ်ရာမပြုလုပ်ရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်ကျော်ခိုင်နှင့် ဦးကိုကိုခိုင်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးတင်မိုးအောင် | ဒေါ်ဇာဇာမြင့်ဆွေ | ဦးဝင်းကို |
| LL.B | LL.B | LL.B |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၁၁၁၉၆ | စဉ်-၉၉၀၆ | စဉ်-၄၄၆၉၉ |

အမှတ်၈၄၊ မင်းလမ်း၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့

## အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ တိဿလမ်း၊ သရက်တော၊ အမှတ် (၂၄၁၅)၊ မြေအကျယ်အဝန်း (ပေ ၁၄၀×ပေ ၄၀)ရှိ မြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူခဲ့ပြီး လက်ရောက်ရရှိလျက် ဦးမြသောင်း၊ ဒေါ်လုံးတို့အား မေတ္တာဖြင့် အခမဲ့နေထိုင်ခွင့်ပေးခဲ့ပါသည်။ ၎င်းတို့က ခြံမြေမှထွက်ခွာမပေးသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက ပဲခူးခရိုင်တရားရုံးတရားမကြီးမှုအမှတ် ၅/၂၀၁၃ဖြင့် ဖယ်ရှားနှင်ထုတ်ပေးစေလိုမှုစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသည့်အတွက် တရားမဇာရီမှုအမှတ် ၅၄/၂၀၁၅ အရ ဆောင်ရွက်ခဲ့ပြီး တရားရုံးကော်မရှင်က ဦးမြသောင်း၊ ဒေါ်လုံးတို့အား ခြံမြေမှဖယ်ရှားနှင်ထုတ်ပေးခဲ့ပြီးဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေက ခြံမြေကို လက်ရောက်ရရှိပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေသည် ခြံမြေ ဝယ်ယူသည့်အချိန်မှစပြီး ယနေ့အချိန်ထိ ၂၄နှစ်လုံးလုံး အနှောင့်အယှက်ကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ခဲ့ခြင်းဖြစ်ပါသည်။

အထက်ပါခြံမြေနှင့်ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေ၏ အတိအလင်းခွင့်ပြုချက်မရရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ရန်ကုန် ဦးစိုးမြင့် (LL.B) ဒေါ်ညိုညိုဝင်း (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၈၅) အထက်တန်းရှေ့နေ(စဉ်-၄၇၃၃၄)
အမှတ် ၃၃/၃၉၊ အခန်း (၃၇)၊ ပထပ်၊ Strand Condominium,
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၀)ရပ်ကွက်၊ မြေကွက်အမှတ် (၂၁၀၁)၊ မြေအကျယ်အဝန်း(၄၀×၆၀)ပေရှိ ဒေါ်ကေသွယ်မိုး(ခ)ဒေါ်သင်းသင်းထွေး(ခ)ရီစလင်းလှဝေ ၁၂/ဗဟန(နိုင်)၀၄၇၄၆၈ အမည်ပေါက် ပါမစ်မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသူရိန်လင်း ၁/မကတ(နိုင်)၀၅၀၄၉၃ မှ စာချုပ်အဆက်အစပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် မည်သည့်အရှုပ်အရှင်းမျှမရှိပါကြောင်းဝန်ခံ၍ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးချမ်းမွန် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၆၁၉၂)
လိုင်း(အီး)၊အခန်း(၂)၊(ဆ)ရပ်ကွက်၊မြောက်ဥက္ကလာပဆေးရုံဝန်ထမ်းအိမ်ရာ၊
မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၀၂၅၈၉၈၂၃

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်ဒင် (ထားဝယ်)၊ အကောက်ခွန်ဦးစီးမှူး(ငြိမ်း)**

**အသက်(၉၃)နှစ်**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်နှင့် ဇနီး ဒေါ်ခင်သန်းဝင်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)တို့၏ဖခင် ဦးကျော်ဒင်သည် ၇-၁-၂၀၁၇ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းလှနှင့် ညီအစ်ကိုမောင်နှမများ**
**Tun Tauk Sa Industry Co.,Ltd**
**Lin Shwe Sin Co.,Ltd**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်းစန်းအေး**

**အသက်(၈၃)နှစ်**

ဦးခင်မောင်ရီ(အမြဲတမ်းအတွင်းဝန်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)-ဒေါ်ဥမ္မာကိုတို့၏ မိခင် ဒေါ်စန်းစန်းအေးသည် ၉-၁-၂၀၁၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းလှနှင့် ညီအစ်ကိုမောင်နှမများ**
**Tun Tauk Sa Industry Co.,Ltd**
**Lin Shwe Sin Co.,Ltd**

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**မန္တလေးခရိုင်တရားရုံး**

**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၉၂**

| | | |
|---|---|---|
| ဦးကျော်ကျော်ခိုင် ပါ-၂ | **နှင့်** | ဒေါ်တင်တင်မြ (ခ) ဒေါ်လောင်ကျိုး |
| **တရားနိုင်များ** | | **တရားရှုံး** |

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၇၃၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၇ခုနှစ် မတ် ၁ ရက် (၁၃၇၈ခုနှစ် တပေါင်းလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ကွင်းအမှတ် ၈၉၆၊ ဦးပိုင်အမှတ် ၆/စ၊ ဧရိယာ ၀ ဒသမ ၀၈၄၅၈ဧက၊ ၃၂ လမ်း၊ ၆၅-၆၆ကြား၊ ဒေါ်တင်တင်မြ (ခ) ဒေါ်လောင်ကျိုး ပိုင်ဆိုင်သောမြေနှင့် အဆောက်အအုံ။

**ကြမ်းခင်းဈေး ကျပ်သိန်း ၁၂၀၀၀။**

**ရောင်းချရန်စည်းကမ်းများ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။
ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်လှကြည်)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## ဒေါက်တာဒေါ်ကြည်ကြည်ဝင်း ၁၂/မဂတ(နိုင်)၀၂၂၇၂၀
## သိစေရန် သတိပေးကြော်ငြာ

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၃၆၁၊ အခန်း ၁၀တွင်နေထိုင်သူ ဦးကျော်ဖေယျဦး(ခ)ကျော်ကျော် ၁၀/ကထန(နိုင်)၀၁၄၈၆၀ ၏ တာဝန်ပေးချက်အရ-

ဒေါက်တာဒေါ်ကြည်ကြည်ဝင်း အမှတ် ၄၁၊ ဗြဟ္မစိုရ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင်နေထိုင်သူသည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ဖေယျဦး (ခ) ကျော်ကျော်ထံသို့ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ချုပ်ဆိုထားသည့် နှစ်ခန်းတွဲ၊ ရှစ်ထပ် (PENTHOUSE) အာရ်စီ၊ ဓာတ်လှေကားပါတိုက်သစ်ဆောက်လုပ်ရန် နှစ်ဦးသဘောတူကတိစာချုပ်တို့ကိုပြသ၍ ဒေါက်တာဒေါ်ကြည်ကြည်ဝင်း ရရှိပိုင်ဆိုင်သည်ဆိုသော အမှတ် ၂၂/B၊ မြေညီ၊ ဗြဟ္မစိုရ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းတစ်ခန်းကိုကြိုတင်၍ ၂၄-၆-၂၀၁၅ရက်တွင် ငွေကျပ်သိန်း(၁၅၀၀)ဖြင့် ရောင်းချပေး၍ ငွေအကျေပေးချေဝယ်ယူခဲ့ကာ လူကြီးမင်း ဒေါက်တာဒေါ်ကြည်ကြည်ဝင်းက ဦးကျော်ဖေယျဦး၏ဇနီး ဒေါ်ချိုချိုအေးသို့ G.P ပေးအပ်ထားခဲ့သည်ဟု သိရပါသည်။

၂။ လူကြီးမင်း ဒေါက်တာဒေါ်ကြည်ကြည်ဝင်းသည် အဆိုပါ ကွန်ဒိုတိုက်ခန်းကို ပေးအပ်ရန် အကြောင်းအမျိုးမျိုးပြကာ အချိန်ဆွဲနေသဖြင့် ၅-၁၀-၂၀၁၆ ရက်တွင် ပေးအပ်မည်ဟု ကတိပြုထားသော်လည်း ကတိပျက်ကွက်၍ ရှေ့နေမှတစ်ဆင့် ၁၀-၁၀-၂၀၁၆ ရက်တွင် နို့တစ်စာထုတ်ဆင့်လျက် ၁၈-၁၀-၂၀၁၆ ရက် နောက်ဆုံးထားကာ တိုက်ခန်းကိုဖြစ်စေ၊ တိုက်ခန်းမပေးနိုင်လျှင် တိုက်ခန်းတန်ဖိုးပေးထားငွေ၏ (၂)ဆနှင့် ညီမျှသော ငွေကိုပေးရန် အကြောင်းကြားခဲ့ရာ လူကြီးမင်းက အချိန်ဆွဲနေပြီး ၁၀-၁၂-၂၀၁၆ ရက်တွင် ပေးအပ်ပါမည်ဟုကတိပြုသည်ကိုလည်းမပေးအပ်ဘဲ ကတိဖောက်ဖျက်ခဲ့သည်ဟု သိရပါသည်။

၃။ သို့ပါ၍ ၂၄-၁-၂၀၁၇ရက်နောက်ဆုံးထားကာ လူကြီးမင်း ဒေါက်တာဒေါ်ကြည်ကြည်ဝင်းက ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ဖေယျဦး(ခ)ကျော်ကျော်ထံသို့ အဆိုပါကွန်ဒိုတိုက်ခန်းကို ပေးအပ်ပါရန်နှင့် ထိုနေ့ရက်တွင် ကွန်ဒိုတိုက်ခန်းမပေးအပ်နိုင်ပါက ကွန်ဒိုတိုက်ခန်းတန်ဖိုးပေးထားငွေ၏ (၂)ဆကို ပေးလျော်ရမည်ဖြစ်ကြောင်းနှင့် အကယ်၍ မပေးပါက တရားစွဲဆိုတောင်းခံရမည်ဖြစ်ကြောင်း လေးစားစွာအထူးသတိပေး ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| | |
|---|---|
| **၁။ ဦးလှမြင့် (ဒဂုံ)** | **၂။ ဦးတင်အောင်ကြည်(တောင်သုံးလုံး)** |
| **(စဉ်-၉၀၁၂)** | **(စဉ်-၃၀၇၂၂)** |
| **H.G.P,WIPO(SWITZERLAND)** | **LL.B (အထက်တန်းရှေ့နေများအဖွဲ့)** |

**အမှတ် ၂၆၃/သုံးလွှာ၊ ဗားကရာလမ်း၊ မြေနီ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၀၃၁၈၁၀၊ ၀၉-၄၂၀၀၁၈၇၃၄**

## (၇)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

**မောင်စည်သူကို (ခ) ဆန်နီမွေး (ပခုက္ကူ)**

**(၁၅-၁-၂၀၁၀) - (၁၅-၁-၂၀၁၇)**

သားကြီးရေ အချိန်ကာလ(၇)နှစ်ဆိုပေမယ့် တစ်နေ့မှ မေ့မရဘူး သားရယ် သားကြီးကို ရည်စူးပြီး နေ့စဉ်၊ လစဉ်ပြုရသော ကုသိုလ်များနှင့် ယနေ့(၇)နှစ်ပြည့်တွင် ပြုလုပ်ရသော ကောင်းမှုအစုစု၏ ကုသိုလ်အဖို့ကို သားကြီးအား အမျှ… အမျှ… အမျှ ပေးဝေပါတယ်။ သားကြီး မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ-

**ဖေဖေ - ဦးဇော်ဝင်းအောင်**
**မေမေ - ဒေါ်ငြိမ်းငြိမ်း**
**ညီလေး၊ ညီမလေးနှင့် တူမလေးယုရွှေရည်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/8706 MITSUBISHI Fuso FS 54JVZ Truck (8x4)®T/S ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၅/မရန(နိုင်)၁၄၄၁၄၀ မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၆၃၃၉နစ်ဆန်းကွန်ဒါ CM 87 BE ထရပ် (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နေခြည်ဦး ၅/မရန(နိုင်)၁၄၆၆၄၉မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၃၂၄၃ MITSUBISHI Canter L/T ယာဉ် လက်ဝယ်ရှိသူ ဒေါ်ခင်စန်းဝင်း ၅/ယမပ(နိုင်)၀၃၆၀၂၅ မှ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (မုံရွာ)**

### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၁၃၁၇၆ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဆမ်နွန်း ၁၃/ကတန(နိုင်)၀၇၀၂၉၉ မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး (ကျိုင်းတုံ)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် DD/3645 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/3390 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/8084 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဒေါ်သိန်းရွှေ (မိတ္ထီလာ)

**အသက် (၇၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာနေ (ဦးထွန်းလှ-ဒေါ်အေးပွဲ)တို့၏သမီး၊ (ဦးသာဖေ-ဒေါ်စောတင်)တို့၏ သမီးချွေးမ၊ [ဦးညွန့်မောင်၊ တိုင်း/ဂျာ(ငြိမ်း)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်]၏ ချစ်လှစွာသော ဇနီး၊ ဦးမြင့်သောင်း (ဆင်မင်းဘိလပ်မြေစက်ရုံ)- ဒေါ်နီနီအေး (အထက-၄၊ ကျောက်ဆည်)၊ ဦးအောင်ကျော်ဆင့်-ဒေါ်ယဉ်ယဉ်မြင့် (အထက-၆၊ ထားဝယ်)၊ ဦးကျော်ကျော် (မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကလောမြို့)တို့၏မိခင်၊ မောင်ဝေယံမြင့်၊ မောင်ဖေယျာလင်း၊ မောင်ဇော်လင်းထိန်၊ မခိုင်ခိုင်စိုးစံ၊ မသော်သော်ထက်တို့၏အဘွားသည် ၁၁-၁-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁-၂၀၁၇ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မိတ္ထီလာမြို့၊ မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ရွှေဘိုတက္ကသိုလ်၊ မြန်မာစာအထူးပြု ဘာသာရပ်မှ မောင်အောင်ကြည်လင်း၏ဖခင် ဦးထွန်းငွေနှင့်ဦးမောင်ငို ၅/ကသန(နိုင်)၀၁၃၈၂၉သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထွန်းငွေ(ခ)ဦးမောင်ငို**

**မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်(၄၅)၊ ဦးပိုင်အမှတ်(၁၇) မြေချိန်ဧရိယာ ၀ဒသမ၁၂၀၈ဧကရှိ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၇)ဟုခေါ်တွင်သည့် မြေကွက်နှင့် အဆောက်အအုံပိုင်ရှင် ဒေါ်ခင်ညွန့် ၁၀/မလန(နိုင်)၀၅၀၅၉၈**

## ပြန်လည်ရှင်းလင်းကြေညာချက်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အိမ်အမှတ် (၁၇)နေ ဒေါ်ခင်ညွန့် ၁၀/မလမ(နိုင်)၀၁၁၅၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာ အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်(၅/၁၁)နေ ဦးသိန်းအောင် ၁၀/မလမ(နိုင်)၁၃၃၃၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၁-၁-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အသိပေးတားမြစ်ကန့်ကွက်ခြင်း ခေါင်းစဉ်ပါ ကြေညာချက်မှာ တည်ဆဲတရားဥပဒေ၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေများနှင့် ညီညွတ်မှုမရှိ၍ ကျွန်ုပ်၏မိတ်ဆွေက လိုက်နာဆောင်ရွက်မည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ညွန့်မှာ အသက်အရွယ်ကြီးရင့်သော်လည်း ကျန်းမာရေး အထူးကောင်းမွန်လျက်ရှိသည့်အပြင် သတိကောင်းစွာရှိပြီး အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်သည့် အခြေအနေရှိသဖြင့် ၃၀-၁၂-၂၀၁၆ရက်တွင် အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကို ဥပဒေ နှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် ၉-၁-၂၀၁၇ရက်၌လည်း အိမ်နှင့်မြေကွက် အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ကို မိခင်ကြီး၏ လွတ်လပ်သော သဘောဆန္ဒဖြင့် ဥပဒေနှင့်အညီ အသိသက်သေလူကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ဗွေနှိပ်ပြီး ချုပ်ဆိုဆောင်ရွက်ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လွှဲအပ်ညွှန်ကြားသူ ဦးသိန်းအောင်က လွှဲအပ်ညွှန်ကြားချက်ပေးရာတွင် မမှန်မကန် ထိမ်ချန်၍ လွှဲအပ်ညွှန်ကြားချက်များပေးအပ်သည်ကို သတင်းစာတွင် အသိပေးတားမြစ်ကန့်ကွက်ကြေညာခြင်းဖြစ်၍ လိုက်နာရန် အကြောင်းမရှိသည့်အပြင် ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို ဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးသိန်းအောင်မှာ ဒေါ်ခင်ညွန့်၏ သားတစ်ဦးဖြစ်သော်လည်း ရန်ကုန်မြို့နေ အထက် တန်းရှေ့နေ ဦးသန်းထိုက် (လိုင်စင်အမှတ်-၃၉၂၄၅)ထံမှ တစ်ဆင့် ( ၃-၁-၂၀၁၇)ရက်စွဲပါ အသိပေး အကြောင်းကြားစာတွင် ဖြစ်ရပ်မှန်များကို ထိမ်ချန်ပြီး နို့တစ်စာပေးပို့ခဲ့ခြင်းအား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းပေးရန် ၅-၁-၂၀၁၇ရက်တွင် အသိပေးပြန်ကြားစာ ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အသိပေး ပြန်ကြားစာတွင် အထက်တန်းရှေ့နေ ဦးသန်းထိုက် အောင်မှတစ်ဆင့် ပေးပို့သော အကြောင်းကြားစာ(နို့တစ်စာ)မှာ ဌာနဆိုင်ရာနှင့် နိုင်ငံတော် အကြီးအကဲများထံသို့ မိတ္တူပေးပို့ထား၍ ရှေ့နေကျင့်ဝတ်၊ စည်းကမ်းများနှင့်ညီညွတ်မှု မရှိသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်သွားရန်လည်း ကျွန်ုပ်၏မိတ်ဆွေများက စီစဉ်လျက်ရှိပါကြောင်း အများသိရှိစေရန်အတွက် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်ပေးသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **(ဒေါ်ခင်ညွန့်)** | **ဒေါ်လွင်လွင်ကျော်ခင်(LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၄၂)** |
| | **အမှတ်၂၇၊ တောင် ၁လမ်း၊** |
| | **ရွှေပြည်အေးရပ်၊ မော်လမြိုင်မြို့** |
| | **(ဒေါ်ခင်ညွန့်၏ တရားလွှတ်တော်ရှေ့နေ)** |

## ဦးကြည်စိန် (ဥက္ကံ)

**ဦးစီးအရာရှိ (ဒု)ဗိသုကာ (ငြိမ်း)**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**အသက် (၈၉)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွန်ကုန်း ဌေးကြွယ် (က) ရပ်ကွက်၊ အမှတ် ၄၁၊ သတိပဋ္ဌာန်လမ်းနေ (ဒေါ်ခင်လှလှ)၏ ခင်ပွန်း၊ ဦးကျော်ကျော်မိုး-ဒေါ်တိုးနှင်းခိုင်၊ ဦးကျော်ဆန်း-ဒေါ်နိုင်နိုင်ဝင်း၊ ဦးကျော်ကျော်မိုး- ဒေါ်ကေတီဇော်တို့၏ဖခင်၊ မခိုင်သဉ္ဇာဝင်း၊ မအိအိဖြိုးကျော်၊ မထက်မြတ်နိုးဦးတို့၏အဘိုးသည် ၁၂-၁-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၈း၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၈-၁-၂၀၁၇ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## (၂၂)နှစ်မြောက် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

**ဒေါ်ညွန့်ညွန့်ရီ @ Ms. Mary Moe**

**(မန္တလေးမြို့၊ တိုင်းချစ်ကွန်ဗင့်ကျောင်းသူဟောင်း)**

**အသက်(၅၇)နှစ်**

မေမေကွယ်လွန်ခဲ့တာ ၁၅-၁-၂၀၁၇ရက်မှာ (၂၂)နှစ်ပြည့်ပါပြီ။ ကျေးဇူးကြီးမား မေမေ့မေတ္တာများနဲ့ အနစ်နာခံပေးဆပ်မှုတွေကို ခံစားနားလည်ပိုသိလာရပါတယ်။ နိဗ္ဗာန်မရမီ ဘဝဆက်တိုင်း မေမေ့ကိုကျေးဇူးဆပ်ခွင့်ရပါစေလို့ နေ့စဉ်ဆုတောင်းရပါတယ်။ ယနေ့ပြုလုပ်တဲ့ ရည်စူးကုသိုလ်နဲ့ပြုခဲ့ပြီးသမျှ ကုသိုလ်အစုစုတို့ကို အမျှပေးဝေပါတယ် မေမေ။ ရောက်ရှိရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေခင်ဗျာ။

**မေမေ အမျှ အမျှ အမျှ**

**သာဓု သာဓု သာဓု**

**သား**
**မောင်မြင့်ကိုကို မိသားစု၊ ရန်ကုန်မြို့**
**မေမေ့မိတ်ဆွေများဆက်သွယ်ပါရန် ဖုန်း-၀၉-၇၇၂၅၈၂၉၀၈**

## ဒေါ်မြတ်မြတ်မိုး ၁၂/ဥကတ(နိုင်)၁၅၈၅၉၉နှင့် အများသိစေရန်

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၀၂၈/ခ)နေ ဦးအောင်အောင်ခိုင်(ခ)အောင်အောင် ၁၂/ဥကတ(နိုင်)၁၄၁၁၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်အောင်ခိုင်(ခ)အောင်အောင် ၁၂/ဥကတ(နိုင်)၁၄၁၁၄၂၏ဇနီး၊ ဦးမောင်မောင်သန်း၏သမီး ဒေါ်မြတ်မြတ်မိုး ၁၂/ဥကတ(နိုင်)၁၅၈၅၉၉သည် လင်မယား နှစ်ဦးပိုင်လက်ဝတ်လက်စားများ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်ရှိ အိမ်၏စာချုပ်၊ အဖြူရောင်ပါဂျဲရိုးမော်တော်ယာဉ်အမှတ် 5I-7253၏ အုံနာဘုတ်စာအုပ်နှင့် စာချုပ်စာတမ်းများ၊ ၎င်း၏အစ်ကို ဦးသိုက်မင်းအား ယုံကြည်စွာအပ်နှံထားသည့် ငွေကျပ်သိန်း(၁၀၀)တို့အား ယူဆောင်၍ (၂၄-၁၁-၂၀၁၆)ရက်က ယခုလက်ရှိနေထိုင်လျက်ရှိသော တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၀၂၈/ခ)နေအိမ်ပေါ်မှ ၎င်း၏သဘောဆန္ဒအလျောက် ဆင်းသွားခဲ့ကြောင်း သိရှိရပါသည်။

ဤကြော်ငြာပါသည့်ရက်မှစ၍ ဒေါ်မြတ်မြတ်မိုးအား လက်ခံထိန်းသိမ်းထားသူများက ခုနစ်ရက်အတွင်း အထက်ဖော်ပြပါပစ္စည်းများနှင့်အတူ ဒေါ်မြတ်မြတ်မိုးအား ခင်ပွန်းသည်ရှိရာ အထက်ပါနေအိမ်သို့ ကလေးများနှင့်အတူ အေးချမ်းစွာပြန်လည်အပ်နှံရန် အကြောင်းကြားအပ်ပါသည်။ ဦးအောင်အောင်ခိုင်(ခ)အောင်အောင်၏ ဇနီး ဒေါ်မြတ်မြတ်မိုးအား ဖြားယောင်းသွေးဆောင်လက်ခံထားသူမည်သူ့ကိုမဆို ကျွန်ုပ်တို့၏မိတ်ဆွေက တည်ဆဲတရားဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမောင်မောင်စော** | **ဒေါ်ဝါဝါဝင်းသစ်** | **ဦးအောင်မျိုးဦး** |
| **စဉ်-၇၀၇၂** | **စဉ်-၇၁၇၈** | **စဉ်-၈၂၃၀** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် ၈၃/၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**၁၁-၁-၂၀၁၇ရက်စွဲပါ မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(၂၉)ပါ ဦးမောင်မောင်သန်း ၁၂/ဥကတ(နိုင်)၁၀၉၆၁၅နှင့် ဒေါ်အောင် ၁၂/ဥကတ(နိုင်)၁၀၉၆၁၆ တို့၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလှသောင်း၏ ဦးအောင်အောင်ခိုင်(ခ)အောင်အောင် ၁၂/ဥကတ(နိုင်)၁၄၁၁၄၂နှင့် အများသိစေရန်ကြေညာခြင်း အကြောင်းအရာပါ ကြော်ငြာနှင့်စပ်လျဉ်း၍**

## ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၁၀၂၈/ခတွင် နေထိုင်သူ ဦးအောင်အောင်ခိုင်(ခ) အောင်အောင် ၁၂/ဥကတ(နိုင်)၁၄၁၁၄၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်အောင်ခိုင်(ခ)အောင်အောင်သည် ဦးမောင်မောင်သန်းနှင့် ဒေါ်အောင်တို့၏သားသမက်တော်စပ်သူဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်အောင်ခိုင်(ခ)အောင်အောင်နှင့် ဦးမောင်မောင်သန်းနှင့် ဒေါ်အောင်တို့၏သမီးဖြစ်သူ ဒေါ်မြတ်မြတ်မိုးနှင့် မြေးများအား အတူတကွနေထိုင်ရန်အတွက် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၁၀၂၈/ခ နေအိမ်အား ပြင်ဆင်၍ တစ်သက်တာနေထိုင်ရန် ဦးမောင်မောင်သန်းနှင့် ဒေါ်အောင်တို့မှ ကတိပြုပြောကြားခဲ့ပါသည်။ ထိုကဲ့သို့ ပြောကြားခဲ့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အဆိုပါအိမ်အား ကျပ်သိန်း ၁၀၀အကုန်အကျခံကာ လက်သမားများဖြင့် ပြန်လည်ပြင်ဆင်ဆောက်လုပ်၍ မိသားစုနှင့်အတူ ပြောင်းရွှေ့ကာ နေထိုင်ခဲ့ခြင်းဖြစ်ပြီး ခေါင်းအုံး၊ မွေ့ရာလုပ်ငန်းအား ဆိုင်ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်း သိရှိရပါသည်။ ဦးမောင်မောင်သန်းနှင့် ဒေါ်အောင်တို့၏ခွင့်ပြုချက်မရဘဲ အဆိုပါနေအိမ်တွင် ကျူးကျော်ဝင်ရောက်နေထိုင်ခဲ့ခြင်းမျိုး မဟုတ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်အောင်ခိုင်(ခ)အောင်အောင်က အဆိုပါအိမ်အား ငွေကြေးအကုန်အကျခံကာ ပြင်ဆင်၍ လက်ရှိနေထိုင်ခြင်းဖြစ်သဖြင့် လူကြီးမင်းတို့၏၁၁-၁-၂၀၁၇ရက်စွဲပါ ကြေညာချက်အား လိုက်နာဆောင်ရွက် ရန်မလိုအပ်ပါ၍ လူကြီးမင်းဘက်မှ ဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်မည်ဆိုပါက ကျွန်ုပ်တို့၏မိတ်ဆွေက ဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမောင်မောင်စော** | **ဒေါ်ဝါဝါဝင်းသစ်** | **ဦးအောင်မျိုးဦး** |
| **စဉ်-၇၀၇၂** | **စဉ်-၇၁၇၈** | **စဉ်-၈၂၃၀** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် ၈၃/၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# မောင်တောခရိုင်အတွင်း လစ်လပ်သွားသော ဆရာမများနေရာတွင် ဆရာ ၅၀၀ ကျော် အစားထိုးခန့်အပ်

**သတင်း - ဇင်ဦး၊ ကိုမင်း**

**မောင်တော ဇန်နဝါရီ ၁၄**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း လစ်လပ်သွားသောနေရာများအတွက် ဆရာ ၅၀၀ ကျော် ခန့်အပ်ပြီးဖြစ်ကြောင်း ယနေ့နံနက် ၉ နာရီက မောင်တောမြို့ အထက(၁) ခန်းမ၌ ကျင်းပသည့် နေ့စားလပေးမူလတန်းပြဆရာ လောင်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက ပြောသည်။

မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့သည် ဆရာမများနေထိုင်ရေး၊ အခက်အခဲရှိသည့် ဒေသဖြစ်သဖြင့် ဆရာများကို တာဝန်ပေးအပ်ခြင်းဖြစ်သည်။ မောင်တောခရိုင်အတွင်း လစ်လပ်သည့် မောင်တောမြို့နယ်အတွက် ၂၈၈ ဦးနှင့် ဘူးသီးတောင် မြို့နယ်အပါအဝင် လစ်လပ်နေရာများအတွက် ၂၅၃ ဦးကို ခန့်ထားခြင်းဖြစ်ကာ စုစုပေါင်း ကျောင်းဆရာဦးရေ ၅၄၁ ဦး ခန့်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်နယ်ပညာရေးမှူး ဦးအောင်ကျော်ထွန်းက "ဒေသကအခုတည်ငြိမ်နေပြီ။ လုံခြုံရေးဆိုင်ရာ လိုအပ်တဲ့အပိုင်းတွေကိုလည်း ပြည်နယ် / ခရိုင်အုပ်ချုပ်ရေးမှူးတွေနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ဌာနက အစဉ်အလာအရ နေ့စားလပေး တစ်နှစ် အစမ်းခန့်ထားပြီး ဆရာအတတ်ပညာတွေပေးတယ်၊ သင်တန်းတွေပေးတယ်။ သင်တန်းတွေပေးပြီးရင် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပြီးတော့ ဝန်ထမ်းတစ်ယောက် ရပိုင်ခွင့်ရှိတဲ့ အခွင့်အရေးတွေရရှိအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# ကမ္ဘာ့ချန်ပီယံလုပွဲမစ်ဒယ်ဝိတ်တန်းတွင် အောင်လအန်ဆန် အမှတ်ဖြင့် အရေးနိမ့်

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မိုးမခ**


**ဂျကာတာ ဇန်နဝါရီ ၁၄**

One Championship အဖွဲ့က ဦးဆောင်ကျင်းပသော ကိုယ်ခံပညာ ပေါင်းစုံပြိုင်ပွဲကြီးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ယနေ့ညပိုင်းကကျင်းပရာ ကမ္ဘာ့ချန်ပီယံလုပွဲ မစ်ဒယ်ဝိတ်တန်းတွင် မြန်မာနိုင်ငံကိုယ်စားပြုယှဉ်ပြိုင် ထိုးသတ်သော ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်သည် ရုရှားနိုင်ငံသား လက်ရှိချန်ပီယံ ဗစ်တာလီ ဗစ်ဒက်ရှ်ကို အမှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

လက်ရှိချန်ပီယံဗစ်တာလီဗစ်ဒက်ရှ်ကို ယှဉ်ပြိုင်ထိုးသတ်ရန် စိန်ခေါ်သော အောင်လအန်ဆန်သည် ပထမအချီပွဲစသည်နှင့် မူလသူပိုင်သော ဂျူဂျစ်စုနည်းကို သုံးရန်အခွင့်စောင့်သော်လည်း လက်ရှိချန်ပီယံဗစ်တာက အခွင့်အရေးမပေးဘဲ ဘယ်ဝိုက်လက်သီးတစ်လုံးဖြင့် အောင်လမျက်နှာကို တစ်လုံးပစ်သွင်းပြီး ယိုင်လဲအကျတွင် အပေါ်စီးမှ လိုက်လံထိုးသတ်သည်။ ယင်းပွဲတွင် လက်သီးပါဝါရှိပြီး တံတောင်ရိုက်ချက်တွင် နာမည်ကြီးသော လက်ရှိချန်ပီယံဗစ်တာက အချီတိုင်းအပေါ်စီးမှနေ၍ တရစပ်ထိုးသတ်မှုကြောင့် အောင်လသုံးချီမြောက်တွင် ညာမျက်ခုံးကွဲ ဆေးစစ်ခံယူခဲ့ရသည်။ သို့သော် ဆရာဝန်က ပြန်လည်ထိုးသတ်ခွင့်ပြုသောကြောင့် အောင်လပြန်လည် ယှဉ်ပြိုင်ထိုးသတ်သော်လည်းအသာစီးမရဘဲ ငါးချီပြည့်တွင် အမှတ်ဖြင့် အရှုံးပေးလိုက်ရသည်။ ယင်းပွဲတွင် အောင်လအန်ဆန်သည် ယခင်ပွဲများနှင့်မတူ ယှဉ်ပြိုင်ထိုးသတ်မှုမှာသွက်လက်မှုမရှိဘဲ မြန်မာစပါးအုံးဟုပင် နာမည်ကြီးနေသော MMA လောကတွင် နှစ်သစ်အစရှုံးပွဲနှင့် ကြုံခဲ့ရသည်။

အောင်လအန်ဆန်သည် ပြီးခဲ့သော ၂၀၁၆ ခုနှစ်က သုံးပွဲယှဉ်ပြိုင် ထိုးသတ်ရာတွင် သုံးပွဲစလုံးနိုင်ခဲ့သော်လည်း ယခုနှစ် ၂၀၁၇ နှစ်စတွင် သူ့အိပ်မက်ကမ္ဘာ့ချန်ပီယံ မစ်ဒယ်ဝိတ်တန်း ချန်ပီယံလုပွဲတွင် ငါးချီပြည့် အနိုင်မခံအရှုံးမပေး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အမှတ်ပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ယနေ့ယှဉ်ပြိုင် ထိုးသတ်သော အခြားပွဲစဉ်များတွင် မာတင် (ဩစတြေးလျ) က ကာဆူနိုရီ (ဂျပန်)ကို ပထမအချီမှာပင် အလဲထိုးဖြင့် လည်းကောင်း၊ ဘဂျမ်း(ဖိလစ်ပိုင်)က ဗင်ဆန် (နယ်သာလန်) ကို အမှတ်ဖြင့်လည်းကောင်း၊ အီရာဆူအိုရာ (ယူကရိန်း)က ချိုရစ်မိုမက်(အီဂျစ်)ကိုအမှတ်ဖြင့် လည်းကောင်း၊ အန်တိုနီ(နယ်သာလန်)က မန်ဆိုနီ(မလေးရှား)ကိုပထမအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ စတိုရန်နော (ဘူလ်ဂေးရီးယား) နှင့် ဆာကျစ်ဂူဆီရမ်(တူရကီ) တို့ပွဲတွင် ဆာဂျစ် ဒုတိယအချီတွင် ပြိုင်ဘက်အပေါ် ဖောင်းသဖြင့် ဒိုင်ပွဲရပ်ဖြင့် မည်သူ့ကိုမှ အနိုင်မပေးဘဲ သရေဖြင့် ပြီးဆုံးခဲ့သည်။



အောင်လအန်ဆန်နှင့် ဗစ်တာလီ ဗစ်ဒက်ရှ်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်

# တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း လူရွေးချယ်

**သတင်း-ရဲရင့်ရှိုင်း**

**ရန်ကုန် ဇန်နဝါရီ ၁၄**

ဇန်နဝါရီ ၁၉ ရက်မှ ၂၄ ရက်အထိ တရုတ်နိုင်ငံ၌ ကျင်းပမည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အပြီးသတ်ကစားသမား ၂၂ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပဏာမကစားသမား ၃၀ ထဲမှ ရှစ်ဦး လျှော့ချကာ ၂၂ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာ ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အိမ်ရှင် တရုတ်၊ ယူကရိန်း၊ ထိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဇန်နဝါရီ ၁၉ ရက်တွင် ယူကရိန်းအသင်း၊ ဇန်နဝါရီ ၂၁ ရက်တွင် တရုတ်အသင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်ခင်စောဦး၊ နည်းပြချုပ်အဖြစ် ရော်ဂျာရိုင်နာ၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်နိုင်နှင့် ဒေါ်သက်သက်ဝင်း၊ ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်၊ နည်းစနစ်အကြံပေးအဖြစ် ဦးအေးမောင်ကြီး၊ ကစားသမားများအဖြစ် **ဂိုး**- မြဖူးငုံ၊ ဇာဇာမြင့်၊ မေဇင်နွယ်၊ **နောက်တန်း** - ဝေဝေအောင်၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာထွန်း၊ ဇင်မာဝင်း၊ ဖူးပွင့်ခိုင်၊ စန်းစန်းမော်၊ **အလယ်တန်း**- ခင်မာလာထွန်း၊ မေစံပါယ်ဖူး၊ ရူပါခိုင်၊ အေးမျိုးမြတ်၊ ဝင်းသီတာထွန်း၊ မေသူကျော်၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ **ရှေ့တန်း** - ရီရီဦး၊ ဂျူလိုင်ကျော်၊ ခင်မိုးဝေနှင့် နီလာဝင်းတို့ ပါဝင်ကြသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်တွင် အဓိကပြိုင်ပွဲများအဖြစ် ဧပြီလတွင် ၂၀၁၈ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ၊ မေလတွင် ၂၀၁၇ အာဆီယံ အမျိုးသမီးပြိုင်ပွဲနှင့် ဩဂုတ်လတွင် (၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

# ယာဉ်လိုင်းစနစ်သစ် ပြေးဆွဲရာတွင် ခရီးသွားပြည်သူများအား တက္ကသိုလ်ကင်းထောက်များ ကူညီမည်

**ကိုလတ် (သတင်းစဉ်)**

**ရန်ကုန် ဇန်နဝါရီ ၁၄**

ရန်ကုန်မြို့နေပြည်သူများအတွက် ယာဉ်လိုင်းပေါင်း ၆၀ ကျော် ပါဝင်မည့် အများပြည်သူပို့ဆောင်ရေး ယာဉ်လိုင်းစနစ်သစ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ရာ ရန်ကုန်ရှိ တက္ကသိုလ်ကောလိပ်ရှစ်ခုမှ တက္ကသိုလ်ကင်းထောက်များက စေတနာ့ဝန်ထမ်းအဖြစ် အခြားလူမှုရေးအဖွဲ့အစည်းများနှင့်အတူ ခရီးသွားပြည်သူများအား ပါဝင်ကူညီဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

ယင်းအစီအစဉ်အရ တက္ကသိုလ်ကင်းထောက် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦးတို့သည် ကမာရွတ်မြို့နယ်အတွင်းရှိ ကားမှတ်တိုင်များ၌ ခရီးသွားပြည်သူများ သိရှိနိုင်ရန် ကားလိုင်းအမှတ်များ၊ လမ်းညွှန်မြေပုံများကို ဖော်ပြထားသည့် အသိပညာပေးလက်ကမ်းစာစောင်များအား ခရီးသွားပြည်သူများထံ ဖြန့်ဝေပေးခြင်း၊ ခရီးသွားပြည်သူများ အခက်အခဲများ သိရှိရန်နှင့် ဖြေရှင်းပေးနိုင်ရန်အတွက် စစ်တမ်းကောက်ယူခြင်းနှင့် ခရီးသွားပြည်သူများ သွားလာရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုအဖွဲ့အစည်းများနှင့်အတူ ဇန်နဝါရီ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်တို့တွင် နံနက် ၇ နာရီမှ ည ၇ နာရီအထိ စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

တက္ကသိုလ်ကင်းထောက်များ၊ ခရီးသွားပြည်သူများအား ကူညီမည့်အစီအစဉ်နှင့် ပတ်သက်ပြီး ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန စတုတ္ထနှစ်ကျောင်းသား တက္ကသိုလ်ကင်းထောက်တာဝန်ခံ မောင်ကောင်းဆက်ဟိန်းက "ကျွန်တော်တို့ ကင်းထောက်တွေ လိုက်နာစောင့်ထိန်းရတဲ့ ကတိသုံးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ သူတစ်ပါးအား အချိန်မရွေးကူညီရမယ်ဆိုတဲ့ ကတိအတိုင်း အခုလို ရန်ကုန်မြို့မှာ စနစ်သစ်နဲ့ ပြေးဆွဲမယ့် ယာဉ်လိုင်းနဲ့ပတ်သက်ပြီး ခရီးသွားပြည်သူတွေကို ကူညီပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို လူမှုရေးအသင်းအဖွဲ့က တာဝန်ရှိသူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်အကောင်အထည်ဖော်ရမှာဖြစ်လို့ အများကြီးဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောကြားသည်။


တက္ကသိုလ်ကင်းထောက်တာဝန်ခံ
မောင်ကောင်းဆက်ဟိန်း



ပညာပန်းတိုင်(၁) - ဘားနဒ်လမ်းသွယ် ၊အမှတ်(၂)လမ်းမကြီး၊ဦးမင်းဒင်ရပ်ကွက်၊နေပြည်တော်၊ပျဉ်းမနားမြို့၊ဖုန်း - ၀၆၇၂၁၄၃၁ ၊ ၀၉ ၈၃၀၀၅၂၄ ၊၀၉၄၂၀၇၁၁၃၄၆၊ ၀၉၄၂၀၇၃၃၅၅၅
ပညာပန်းတိုင်(၂) - ပဒုမ္မာလမ်း၊ ဘောဂဝတီရပ်ကွက်၊ (အေးငြိမ်းချမ်းသာဂီလာနဘိုးဘွားရိပ်သာရှေ့)၊နေပြည်တော်၊ပျဉ်းမနားမြို့၊ ဖုန်း - ၀၆၇၂၁၄၃၁ ၊ ၀၉ ၈၃၀၀၅၂၄ ၊ ၀၉၄၂၀၇၁၁၃၄၆၊ ၀၉၄၂၀၇၃၃၅၅၅

# မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကြမ်း

## အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ

( ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
ခုနှစ်၊ လဆန်း ရက်
( ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း (၁)**

**စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

**အခန်း(၁) အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

၁ ။ **ဤဥပဒေကို ရည်ညွှန်းဖော်ပြခြင်း၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ**

(က) ဤဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(၁) **သက်ဆိုင်ရာဥပဒေ**ဆိုသည်မှာ နိုင်ငံတော်၏ အတည်ဖြစ်လျက်ရှိသော ဥပဒေများဖြစ်ပြီး သက်ဆိုင်ရာကိစ္စရပ်အပေါ်တွင် အကျိုးသက်ရောက်မှု ရှိသော ဥပဒေ၊ စည်းမျဉ်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက် သို့မဟုတ် အခြားသောခွင့်ပြုမိန့် သို့မဟုတ် စာချုပ်စာတမ်း တစ်ရပ်ရပ်ကိုဆိုသည်။

(၂) **တွဲဖက်လုပ်ကိုင်သူ** ဆိုသည်မှာ

(ကက) အထူးသဖြင့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သည့်အခါတွင် -

(၁) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၊

(၂) ဆက်စပ်သည့်အဖွဲ့အစည်း၊

(၃) ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးနှင့်

(၄) ကုမ္ပဏီကို ထိန်းချုပ် အုပ်ချုပ်နေသော သို့မဟုတ် ကုမ္ပဏီ၏ ကြီးကြပ်အုပ်ချုပ်ခြင်းကို ခံရသောပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(ခခ) ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးဦး (ကုမ္ပဏီတစ်ခု အပါအဝင်) နှင့် သက်ဆိုင်သည့် အခါတွင် -

(၁) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသော သို့မဟုတ် ဆောင်ရွက်မည်ဖြစ်သော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် အတူတကွ လုပ်ကိုင် ဆောင်ရွက်နေသူ တစ်ဦးဦး သို့မဟုတ်

(၂) သက်ဆိုင်သည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ အခြားနည်း တစ်ရပ်ရပ်ဖြင့် တရားဝင်သော်လည်းကောင်း၊ တရားမဝင်သော်လည်းကောင်း တွဲဖက်ဆောင်ရွက်ခဲ့သည့် သို့မဟုတ် တွဲဖက် ဆောင်ရွက်မည့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ်

(၃) သက်ဆိုင်သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် တစ်ဦးဦးကို ဆိုသည်။

သို့သော် အောက်ပါအကြောင်းကြောင့်မျှဖြင့် အပိုဒ်ခွဲငယ်(ကက) သို့မဟုတ် အပိုဒ်ခွဲငယ် (ခခ)အရ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဟု သတ်မှတ်နိုင်သည့်သူများကို မည်သည့် ကိစ္စရပ်တွင်မျှ ထည့်သွင်းခြင်းမပြုရ-

(၄) အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှု သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆက်စပ် ဆောင်ရွက်မှု တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် တာဝန်များကို ဆောင်ရွက်ရာတွင် ပုဂ္ဂိုလ်တစ်ဦးသို့ အကြံပေးခြင်း သို့မဟုတ် ၎င်းကိုယ်စား ပြုလုပ် ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၅) ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားအလိုက် ကုမ္ပဏီတွင်ပါဝင်သူ၏ အစည်းအဝေး၌ ပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်စားလှယ် သို့မဟုတ် ကိုယ်စားအဖြစ် ခန့်အပ်ခံရခြင်း။

(၃) **အခွင့်အာဏာအပ်နှင်းခြင်းခံရသောအရာရှိ** ဆိုသည်မှာ ဤဥပဒေတွင် ပါရှိသော ကိစ္စရပ်အတွက် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန်အလို့ငှာ ပြည်ပကော်ပိုရေးရှင်းတစ်ခုက ခန့်အပ်ထားသော နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

(၄) **ဘုတ်အဖွဲ့ သို့မဟုတ် ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာအဖွဲ့အဖြစ် အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြသော ကုမ္ပဏီ၏ ဒါရိုက်တာများကိုဆိုသည်။ ဒါရိုက်တာ တစ်ဦးတည်းရှိသည့် ကုမ္ပဏီတွင် အဆိုပါ ဒါရိုက်တာအဖွဲ့ ဆိုသည်မှာ ထိုဒါရိုက်တာ တစ်ဦးကို ဆိုသည်။

(၅) **ကုမ္ပဏီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် တည်ဆဲကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၆) **ကြွေးမြီပေးဆပ်ရသူ** ဆိုသည်မှာ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်တွင် ကုမ္ပဏီ၏ အခြေပစ္စည်းစာရင်းသို့ ငွေကြေး ထည့်ဝင်ရန် တာဝန်ရှိသူများ အားလုံးကို ဆိုသည်။ ထို့ပြင် မည်သူများသည် ကြွေးမြီပေးဆပ်ရသူများဖြစ်သည် ဆိုသည်ကို ဆုံးဖြတ်ရန် အတွက် တရားစွဲဆို ဆောင်ရွက်မှုများနှင့် အပြီးသတ်ဆုံးဖြတ်ချက် မချမှတ်မီ တရားစွဲဆိုဆောင်ရွက်မှုများတွင် ကြွေးမြီပေးဆပ်ရသူတစ်ဦး ဖြစ်သည်ဟု စွပ်စွဲဖော်ပြခံရသူများလည်း ပါဝင်သည်။

(၇) **ကော်ပိုရေးရှင်း** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်း ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဤဥပဒေမှအပ အခြားနိုင်ငံတစ်ခုခု၏ ဥပဒေ တစ်ရပ်ရပ်အပါအဝင် အခြားဥပဒေ တစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင် ထားသောအဖွဲ့ အဖွဲ့အစည်း တစ်ရပ်ကိုဆိုသည်။

(၈) **တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိသော တရားရုံးကို ဆိုသည်။

(၉) **ဒီဘင်ချာ** ဆိုသည်မှာ ကုမ္ပဏီမှ ချေးယူထားသော ငွေအတွက် အဆိုပါ ကုမ္ပဏီ မှ ထုတ်ပေးသော သက်သေခံလက်မှတ်ကိုဆိုသည်။ ယင်းတွင် ဒီဘင်ချာ စတော့ ရှယ်ယာလည်း ပါဝင်သည်။

(၁၀) ဤဥပဒေတွင်ပါရှိသော ကိစ္စရပ်များအတွက် **ဒါရိုက်တာ** ဆိုသည်မှာ ကုမ္ပဏီ တစ်ခု သို့မဟုတ် အခြား အဖွဲ့အစည်းတစ်ခု၏ -

(ကက) ဒါရိုက်တာရာထူးနေရာတွင် ခန့်အပ်ခံရသူ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခံရသူဖြစ်ပြီး အဆိုပါ ရာထူးနေရာတွင် ထမ်းဆောင်နေသူ ပုဂ္ဂိုလ်တစ်ဦးဦး၊ သို့မဟုတ်

(ခခ) ဒါရိုက်တာ သို့မဟုတ် အလှည့်ကျ ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခြင်း မခံရသော်လည်း အောက်ပါအတိုင်း ဆောင်ရွက်နေသူ တစ်ဦးဦးကိုဆိုသည်-

(၁) ဒါရိုက်တာ ရာထူးနေရာတွင် ခန့်အပ်ခြင်းခံရသကဲ့သို့ ထမ်းဆောင်နေသူ၊ သို့မဟုတ်

(၂) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ ဒါရိုက်တာများကို ၎င်း၏ ညွှန်ကြားချက် သို့မဟုတ် ဆန္ဒနှင့်အညီလိုက်နာ ဆောင်ရွက်စေရန် သို့မဟုတ် ထိုသို့လိုက်နာ ဆောင်ရွက်စေရန် ညွှန်ကြားချက်ပေးသူ သို့မဟုတ် ဒါရိုက်တာအဖွဲ့က ကျင့်သုံးဆောင်ရွက်နိုင်သည့်အခွင့်အာဏာများကိုကျင့်သုံး ဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ကျင့်သုံးဆောင်ရွက်မှုအား ထိန်းချုပ်သူ။

ပုဂ္ဂိုလ်တစ်ဦး၏ အတတ်ပညာဆိုင်ရာ လုပ်ငန်းတာဝန်များကို လျော်ကန် စွာဆောင်ရွက်၍ ပုဂ္ဂိုလ်တစ်ဦးဦး၏ အကြံပေးမှုကြောင့် သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ်သည် ဒါရိုက်တာများ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် စီးပွားရေးလုပ်ငန်းဆက်သွယ် ဆောင်ရွက်မှုရှိခြင်းတို့ကြောင့် ဒါရိုက်တာများက လိုက်နာဆောင်ရွက်သည်ဆိုသော အကြောင်းမျှ ဖြင့် ဤပုဒ်မခွဲ၏ အပိုဒ်ခွဲ(ခခ) အပိုဒ်ခွဲငယ် (၂) ပါ ပြဋ္ဌာန်းချက်အား ကျင့်သုံးခြင်းနှင့် သက်ဆိုင်မှု မရှိစေရ။

(၁၁) **တည်ဆဲကုမ္ပဏီ** ဆိုသည်မှာ ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် ကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၁၂) **ကျွမ်းကျင်သူ** ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် အင်ဂျင်နီယာ၊ တန်ဖိုး သတ်မှတ်သူ၊ စာရင်းကိုင်နှင့် ရေးသားဖော်ပြချက်တစ်ရပ် ပြုစုရာတွင် အတတ်ပညာဆိုင်ရာ ခွင့်ပြုချက်ပေးရသူတစ်ဦးဦးကို ဆိုသည်။

(၁၃) **ငွေကြေးအထောက်အပံ့** ဆိုသည်တွင် ငွေချေးခြင်း၊ အာမခံလက်မှတ် ပေးခြင်း၊ အာမခံခြင်း၊ တာဝန်တစ်ရပ်ရပ်ကို စွန့်လွှတ်ခြင်း သို့မဟုတ် ကြွေးမြီ သို့မဟုတ်အခြား တစ်ခုခုကို စွန့်လွှတ်ခြင်းအားဖြင့် ငွေကြေး အထောက်အပံ့ ပေးခြင်းတို့ ပါဝင်သည်။

(၁၄) **နိုင်ငံခြားကုမ္ပဏီ** ဆိုသည်မှာ ပြည်ပကော်ပိုရေးရှင်း သို့မဟုတ် အခြား နိုင်ငံခြားသား တစ်ဦးဦး သို့မဟုတ် ၎င်းတို့ ပေါင်းစည်းလျက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ သတ်မှတ်ဖော်ပြထားသည့် ပိုင်ဆိုင်မှု ပမာဏ ထက်ပိုမိုသည့် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်တစ်ရပ်ရှိသော နိုင်ငံတော်၌ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီကိုဆိုသည်။

(၁၅) ကုမ္ပဏီ တစ်ခုနှင့် ဆက်နွယ်နေသည့် **အစုများပိုင်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ဆက်နွယ်နေသည့် လက်အောက်ခံ ကုမ္ပဏီတစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏ အစုများကို ပိုင်ဆိုင်သည့် ကုမ္ပဏီကိုဆိုသည်။

(၁၆) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကို ကြီးကြပ်သည့် သို့မဟုတ် ဆောင်ရွက်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းကို ဆိုသည်။

(၁၇) **အရာရှိ (Officer)** ဆိုသည်မှာ ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်း တစ်ခုတွင် အောက်ပါတို့အား ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည် -

(ကက)ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ စီးပွားရေးလုပ်ငန်းအားလုံးကို လည်းကောင်း၊ အဓိကအပိုင်းကိုလည်းကောင်း အကျိုးသက်ရောက်စေမည့် ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်သူ သို့မဟုတ် ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် ပါဝင်သူ၊ သို့မဟုတ်

(ခခ) ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ ခိုင်မာတောင့်တင်းမှုကို သိသာစွာ အကျိုးသက်ရောက်စေနိုင်သည့် ရာထူး နေရာအား ရရှိထားသူ။

(၁၈) **အော့ပ်ရှင် (option)** ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း သဘောတူညီထားသည့် ဈေးနှုန်းဖြင့် အစုရှယ်ယာများ သို့မဟုတ် သက်သေခံလက်မှတ်များ ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်နိုင်သည့် အခွင့်အရေးကို ဆိုသည်။

(၁၉) **အများအားဖြင့် နေထိုင်သူ** ဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေအရ အမြဲတမ်းနေထိုင်ခွင့် ရရှိထားသူ သို့မဟုတ် (၁၂)လတာ ကာလ တစ်ခုချင်းစီတွင် နိုင်ငံတော်အတွင်း အနည်းဆုံး ၁၈၃ ရက် နေထိုင်သူကို ဆိုသည်။ (၁၂)လတာ ကာလဆိုသည် -

(ကက)တည်ဆဲကုမ္ပဏီ သို့မဟုတ် ရုပ်သိမ်းခဲ့သည့် ဥပဒေတစ်ရပ်ရပ် အရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည့် အဖွဲ့အစည်းဖြစ်ပါက ဤဥပဒေ စတင်အာဏာသက်ရောက်သည့် နေ့မှ စတင်ရမည်၊

(ခခ)ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖြစ်ပါက ဖွဲ့စည်းမှတ်ပုံတင်သည့် နေ့မှ စတင်ရမည်၊

(၂၀) **သာမန်ဆုံးဖြတ်ချက်** ဆိုသည်မှာ သာမန်ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေ အစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင် တက်ရောက်၍ ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(၂၁) **ပြည်ပကော်ပိုရေးရှင်း** ဆိုသည်မှာ နိုင်ငံတော် ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုကို ဆိုသည်။

(၂၂) **ပိုင်ဆိုင်မှုအကျိုးခံစားခွင့်** ဆိုသည်မှာ ကုမ္ပဏီတွင် တရားဝင် သို့မဟုတ် သာတူညီမျှရထိုက်သော သို့မဟုတ် သတ်မှတ်ဖော်ပြထားသည့် အကျိုးခံစားခွင့် တစ်ရပ်ကိုဆိုသည်။ အောက်ဖော်ပြပါ နည်းလမ်းများ အပါအဝင် ကုမ္ပဏီတစ်ခုတွင် ပိုင်ဆိုင်မှုအကျိုးခံစားခွင့်များကို ရရှိနိုင်သည် -

(ကက)ဖော်ပြပါ ကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်း၊ သို့မဟုတ်

(ခခ) ဖော်ပြပါကုမ္ပဏီတွင် အစုရှယ်ယာများကို တိုက်ရိုက်ပိုင်ဆိုင်ခြင်းဖြင့် ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့် ပိုင်ဆိုင်၍ဖြစ်စေ ရရှိထားသည့် အခြားကုမ္ပဏီတစ်ခု၌ အစုရှယ်ယာများကို တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေပိုင်ဆိုင်ခြင်း၊ သို့မဟုတ်

(ဂဂ) ကုမ္ပဏီ၏ ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို ဆန္ဒမဲပေးနိုင်ခွင့်အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကြီးကြပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေး ရရှိသောသူအဖြစ် သဘောတူညီချက် ရှိခြင်း။

(၂၃) **ပြစ်ဒဏ်ပမာဏ** ဆိုသည်မှာ ပြည်ထောင်စုဝန်ကြီးမှ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် ငွေဒဏ်ပမာဏ (၁)ခုအတွက် ကျပ်ငွေဖြင့် ပေးဆောင်ရမည့် ငွေကြေးပမာဏကို ဆိုသည်။

(၂၄) **သတ်မှတ်ဖော်ပြထားသည့်** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သည့် စည်းမျဉ်း စည်းကမ်း၊ နည်းဥပဒေ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ ဇယား သို့မဟုတ် ပုံစံအရ ဖြစ်စေ၊ ယင်းတို့တွင်ဖြစ်စေ သတ်မှတ် ဖော်ပြထားသည့် အကြောင်းအရာ သို့မဟုတ် ကိစ္စရပ်များ ထုတ်ပြန်ခြင်းကို ဆိုသည်။

(၂၅) **သတ်မှတ်ဖော်ပြထားသည့် ပိုင်ဆိုင်မှုပမာဏ** ဆိုသည်မှာ ပြည်ထောင်စု ဝန်ကြီးမှ အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် ရာခိုင်နှုန်းတစ်ရပ်အဖြစ် ဖော်ပြထားသည့် ပမာဏကို ဆိုသည်။

(၂၆) **ယခင်ဥပဒေ** ဆိုသည်မှာ ၁၉၁၄ ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ဆိုသည်။

(၂၇) **အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ**ဆိုသည်မှာ ဤဥပဒေအရဖြစ်စေ၊ ရုပ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုကို ဆိုလိုပြီး ယင်းသည် အောက်ပါကန့်သတ်ချက်များကို လိုက်နာရမည်-

(ကက)ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ် ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူ ဦးရေ (၅၀) ဦးအထက် မပိုစေရ၊

(ခခ) ကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေး သက်သေခံ လက်မှတ်များကို အများပြည်သူမှ ဝယ်ယူနိုင်ရန်အတွက် ကမ်းလှမ်းခြင်း တစ်စုံတစ်ရာ မပြုလုပ်ရ၊

ဤအဓိပ္ပာယ်ဖော်ပြချက်အရ လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သူများက ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခု သို့မဟုတ် အစုရှယ်ယာများကို ပူးတွဲပိုင်ဆိုင်ကြလျှင် ၎င်းတို့အား ပါဝင်သူဦးရေတစ်ဦး အဖြစ်သာ မှတ်ယူရမည်။

(၂၈) **ကမကထပြုသူ** ဆိုသည်မှာ ပုဒ်မ ၂၁၄ ပါ ကိစ္စရပ်များအတွက် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ခုလုံးတွင် ဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းတွင်ဖြစ်စေ မှားယွင်း တင်ပြသော သို့မဟုတ် မှန်ကန်မှုမရှိသော ရေးသား ဖော်ပြချက်များ ပြုစုဆောင်ရွက်ရာတွင် ပါရှိသောသူတစ်ဦးဦးကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌ ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ရာတွင် ပါဝင်ဆောင်ရွက်သော ပုဂ္ဂိုလ်များအတွက် ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(၂၉) **ကုမ္ပဏီ၏အလားအလာညွှန်းတမ်း** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများသို့မဟုတ် ဒီဘင်ချာများသို့မဟုတ် အခြားငွေချေး သက်သေခံ လက်မှတ်များကို ပေးချေဝယ်ယူရန်အတွက် အများပြည်သူသို့ ကမ်းလှမ်း သည့် ကုမ္ပဏီ၏ အလားအလာ ဖော်ပြချက်သို့မဟုတ် အကြောင်းကြားစာ သို့မဟုတ် ဖြန့်ဝေစာ သို့မဟုတ် ကြေညာချက် သို့မဟုတ် အခြားဖိတ်ခေါ်ချက် တစ်ရပ်ရပ်ကို ဆိုလိုသည်။ သို့သော် ယင်းတွင် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်းကို တရားဝင်ပြုစုဆောင်ရွက်ထားသည့် အကြောင်းသာ ဖော်ပြထားသော ကြေညာချက် တစ်ရပ်ရပ် ပါဝင်ခြင်း မရှိစေရ။

(၃၀) **အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ** ဆိုသည်မှာ ဤဥပဒေအရ ဖြစ်စေ သို့မဟုတ် ရုပ်သိမ်းခဲ့ပြီးသော ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်း ထားသော အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ မဟုတ်သည့် ကုမ္ပဏီကို ဆိုသည်။

(၃၁) **မှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များ** ဆိုသည်မှာ အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်စာရင်းတစ်ခုဖြင့် ကုမ္ပဏီမှ ရေးသွင်းပြုစု ထားသည့် ငွေချေး သက်သေခံလက်မှတ် တစ်ရပ်ရပ်ကို ဆိုသည်။

(၃၂) **မှတ်ပုံတင်ထားသောရုံး** ဆိုသည်မှာ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင် သည့် စီရင်ပိုင်ခွင့်ကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်လွှာ မတင်မီတစ်ဆက်တည်းဖြစ်သော (၆)လ ကာလအတွင်း ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးအဖြစ် ကာလအကြာရှည်ဆုံးရှိသည့် နေရာကို ဆိုသည်။

(၃၃) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဤဥပဒေအရ ကုမ္ပဏီများအား မှတ်ပုံတင် ဆောင်ရွက်ခြင်း တာဝန်ကို ထမ်းဆောင်ရန်နှင့် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သော ဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင် အရာရှိသို့ အပ်နှင်းထားသည့် အခြားလုပ်ပိုင်ခွင့်များကို ကျင့်သုံးရန် နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းကို ဆက်ခံသည့်ဌာန သို့မဟုတ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း သို့မဟုတ် ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

*စာမျက်နှာ ၂ သို့*

စာမျက်နှာ ၁ မှ

(၃၄) **အဖွဲ့အစည်း** (ကုမ္ပဏီအပါအဝင်) တစ်ခု၏ ဆက်စပ်သည့် အဖွဲ့အစည်း ဆိုသည်မှာ-
(ကက) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်
(ခခ) အဖွဲ့အစည်း၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခု၊ သို့မဟုတ်
(ဂဂ) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီ တစ်ခုခုကို ဆိုသည်။

(၃၅) **ဆက်နွှယ်သည့်ပုဂ္ဂိုလ်** ဆိုသည်မှာ -
(ကက) ကုမ္ပဏီ အပါအဝင် အဖွဲ့အစည်းတစ်ခုနှင့် သက်ဆိုင်သည့်အခါ အဖွဲ့အစည်းကို ထိန်းချုပ်သည့် ပုဂ္ဂိုလ်နှင့်
(ခခ) အဖွဲ့အစည်းအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့်အခါ
(၁) ပုဂ္ဂိုလ်တစ်ဦး၏ ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုမှအပ ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးဦး၊
(၂) ထိုပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူ တစ်ဦးဦး၏ အိမ်ထောင်ဖက် သို့မဟုတ် မိဘ သို့မဟုတ် ကလေးတစ်ဦးဦး၊
(၃) အထက် အပိုဒ် (ကက) သို့မဟုတ် (ခခ) အပိုဒ်ခွဲငယ် (၁) နှင့် (၂) တို့တွင် ရည်ညွှန်းဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။

(၃၆) **သတ်မှတ်စီစဉ်ထားသည့်ဘဏ်** ဆိုသည်မှာ သက်ဆိုင်ရာလုပ်ငန်းနှင့် ဆောင်ရွက်မှုများကို ပြုလုပ်ရန်အတွက် ၂၀၁၆ ခုနှစ် ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ အသိအမှတ်ပြုထားသည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးထားသည့် ဘဏ်တစ်ခုခုကို ဆိုသည်။

(၃၇) **အာမခံအကျိုးခံစားခွင့်** ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်အရ သတ်မှတ်ဖော်ပြထားသည့် သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ အပေါင်စာချုပ်ပေါင်နှံခြင်း သို့မဟုတ် အာမခံ အကျိုး ခံစားခွင့်ဆိုင်ရာ အခြားပုံစံ တစ်ရပ်ရပ်ကို ဆိုသည်။

(၃၈) **အစုရှယ်ယာ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာမတည်ငွေရင်းတွင် ပါဝင်သော အစုရှယ်ယာကို ဆိုလိုသည်။

(၃၉) **ထိုးမြဲလက်မှတ်** ဆိုသည်မှာ မှတ်ပုံတင်အရာရှိထံ တင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့် စာရွက်စာတမ်းပေါ်တွင်မဆို အသိအမှတ်ပြုကြောင်း သေချာစေသည့် အမှတ်အသားကို ဆိုသည်။ ယင်းသည် စာရွက်ပေါ်တွင် မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန် မလိုအပ်ဘဲ မှတ်ပုံတင်အရာရှိမှ လက်ခံသည့် နည်းလမ်းဖြင့် အီလက်ထရွန်နစ်ပုံစံပေါ်တွင် လက်မှတ်ရေးထိုးသူ၏ အမည်ပါရှိနိုင်သည်။ ဤဥပဒေတွင်ပါရှိသော မှတ်ပုံတင်အရာရှိထံ တင်ပြသော သို့မဟုတ် ထုတ်ပေးသော မည်သည့် စာရွက်စာတမ်းပေါ်တွင် မဆို လက်မှတ်ရေးထိုးရန် ဆိုသည်မှာ ထိုးမြဲလက်မှတ်ကို ဆိုလိုသည်။

(၄၀) **အသေးစားကုမ္ပဏီ** ဆိုသည်မှာ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ မှအပ အောက်ဖော်ပြပါစည်းကမ်းချက်များနှင့် ညီညွတ်မှုရှိသော ကုမ္ပဏီကိုဆိုသည် -
(ကက) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံ ကုမ္ပဏီများတွင် (၃၀) အထက် မပိုသော ဝန်ထမ်းဦးရေရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ဝန်ထမ်းအရေ အတွက်အောက်တွင် ရှိခြင်း၊
(ခခ) ယင်းကုမ္ပဏီနှင့် ယင်း၏လက်အောက်ခံ ကုမ္ပဏီများတွင် ယခင်နှစ်၏ တစ်နှစ်တာဝင်ငွေစုစုပေါင်းသည် သိန်း(၅၀) အောက်တွင်ရှိခြင်း သို့မဟုတ် ဤဥပဒေအရ သတ်မှတ်ဖော်ပြ ထားသည့် ငွေပမာဏအောက်တွင်ရှိခြင်း။

(၄၁) **ကြွေးမြီစစ်ဆေးချက်** ဆိုသည်မှာ အောက်ပါကိစ္စရပ်တစ်ခုစီတွင် အဆိုပါ ကုမ္ပဏီများနှင့် သက်ဆိုင်သည့် သို့မဟုတ် အခါအားလျော်စွာ သတ်မှတ်ဖော်ပြထားသည့် စာရင်းကိုင်စံနှုန်းများနှင့်အညီ ဖြစ်စေ ရမည်-
(ကက) ကုမ္ပဏီသည် သာမန် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှုများတွင် ပေးချေရမည် ဖြစ်သော ကြွေးမြီများကို ပေးချေနိုင်စွမ်းရှိခြင်းနှင့်
(ခခ) ကုမ္ပဏီ၏ ပိုင်ဆိုင်သော ပစ္စည်းများသည် ယင်း၏ ပေးရန် တာဝန်ရှိမှုများထက် ပိုနေခြင်း။

(၄၂) **အထူးဆုံးဖြတ်ချက်** ဆိုသည်မှာ အထူးဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေ အစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင် တက်ရောက်၍ ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံထက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(၄၃) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ-
(ကက) ကုမ္ပဏီတစ်ခုသည် အောက်ပါအခြေအနေတစ်ခုခုနှင့် ကိုက်ညီလျှင် အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်-
(၁) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ ဘုတ်အဖွဲ့ဖွဲ့စည်းမှုအား ထိန်းချုပ်ထားခြင်း၊ သို့မဟုတ်
(၂) အခြားကုမ္ပဏီသည် အဆိုပါကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက် အများဆုံးအနက်မှ တစ်ဝက် ထက်ပိုသည့် မဲများကိုအသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှု အား ထိန်းချုပ်နိုင်ခြင်း၊ သို့မဟုတ်
(၃) အမြတ်ငွေသော် လည်းကောင်း၊ မတည်ငွေရင်းသော် လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏ ထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေး မရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီ၏ ထုတ်ဝေထားသော အစုရှယ်ယာများ၏ တစ်ဝက်ထက် ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီမှ ပိုင်ဆိုင် ထားခြင်း၊ သို့မဟုတ်
(၄) အမြတ်ငွေသော် လည်းကောင်း၊ မတည်ငွေရင်းသော် လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့် ပမာဏ ထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေး မရရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီမှ ထုတ်ဝေ ထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစု တိုင်း၏ ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။
(ခခ) အထက်အပိုဒ်(ကက)ပါ အခြေအနေတစ်ခုခုနှင့် ကိုက်ညီသည့် လက်အောက်ခံ ကုမ္ပဏီမှ ထပ်မံဖွဲ့စည်းသည့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံ ကုမ္ပဏီ ဖြစ်သည်။

(၄၄) **ကူးပြောင်းကာလ** ဆိုသည်မှာ ဤဥပဒေ စတင်အာဏာသက်ရောက်သည့် နေ့မှစတင်၍ (၁၂)လ ဖြစ်သောကာလကို ဆိုသည်။

(၄၅) ကုမ္ပဏီတစ်ခုနှင့် ဆက်နွှယ်နေသည့် မူရင်းအစုများ ပိုင်ဆိုင်သည့် ကုမ္ပဏီဆိုသည်မှာ ဆက်နွှယ်နေသော ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုကိုဆိုလိုပြီး ယင်းကုမ္ပဏီ ကိုယ်တိုင် ကုမ္ပဏီတစ်ခုခု၏ လက်အောက်ခံ မဟုတ်သော ကုမ္ပဏီတစ်ခုခုကို ဆိုသည်။

(၄၆) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(၄၇) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲမှုများ ပြုလုပ်ရန်နှင့် မှတ်ပုံတင်အရာရှိကိုကြီးကြပ်ရန် တာဝန်ရှိသည့် ပြည်ထောင်စု ဝန်ကြီး သို့မဟုတ် ပြည်ထောင်စုဝန်ကြီး အဆင့်ရှိသူ အခြားပုဂ္ဂိုလ် တစ်ဦးဦးကို ဆိုသည်။

(၄၈) **ရောင်းချသူ** ဆိုသည်မှာ ပုဒ်မ ၂၀၅တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များ အတွက် အောက်ပါအခြေအနေများတွင် အရောင်းအဝယ် ပဋိညာဉ် စာချုပ် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ရွေးချယ်ဝယ်ယူခြင်း ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်ကိုဖြစ်စေ ချုပ်ဆိုဆောင်ရွက်သည့် ပုဂ္ဂိုလ်အားလုံးကို ဆိုသည်-
(ကက) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ထုတ်ဝေသည့် နေ့ရက်တွင် ကုမ္ပဏီကရယူမည့် ပစ္စည်းတစ်စုံတစ်ရာ အတွက် ပေးချေရမည့်ငွေကို အပြည့်အဝပေးချေထားမှု မရှိသေးခြင်း၊ သို့မဟုတ်
(ခခ) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ဖြင့် ငွေကြေးထည့်ဝင်စေရန် ကမ်းလှမ်း၍ ရရှိသည့်အကျိုးအမြတ်မှ ပေးချေရမည့်ငွေအား အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ ပေးချေထားခြင်း သို့မဟုတ် ပေးချေရန် လက်ခံထားခြင်း၊ သို့မဟုတ်
(ဂဂ) အဆိုပါ ပဋိညာဉ်စာချုပ်သည် ယင်း၏တရားဝင်မှု သို့မဟုတ် အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှုတို့သည် အလားအလာ ညွှန်းတမ်း (Prospectus) ဖြင့် ကမ်းလှမ်း၍ ရရှိသည့် အကျိုးအမြတ် ရလဒ်အပေါ်တွင် တည်မှီနေခြင်း။

## အပိုင်း (၂)

## ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၊ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် အခွင့်အာဏာများ

### အခန်း (၂) ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ

၂။ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်နိုင်သော ကုမ္ပဏီများနှင့်အဖွဲ့အစည်းများ
အောက်ပါ ကုမ္ပဏီများကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်နိုင်သည်-
(က) အောက်ပါ အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအမျိုးအစား နှစ်ခု အနက်မှ တစ်ခု -
(၁) ကုမ္ပဏီ၏ဝန်ထမ်းအဖြစ်ခန့်ထားသူများ ပါဝင်ခြင်းမရှိသော ပါဝင်သူ ဦးရေ (၅၀) ဦးထက် မပိုသည့်သူများ ပါရှိနိုင်သော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ၊ သို့မဟုတ်
(၂) ကုမ္ပဏီတွင် ပါဝင်သူ ဦးရေ အကန့်အသတ်မရှိ ပါရှိနိုင်သော အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီ။
(ခ) ကုမ္ပဏီတွင် ပါဝင်သူ ဦးရေ အကန့်အသတ်မရှိသည့် ခံဝန်ချက်အားဖြင့် တာဝန် ကန့်သတ်ထားသည့်ကုမ္ပဏီ။
(ဂ) ကုမ္ပဏီတွင် ပါဝင်သူဦးရေ အကန့်အသတ်မရှိသည့် တာဝန်ကန့်သတ်မထား သည့် ကုမ္ပဏီ။

၃။ ဤဥပဒေအရ မှတ်ပုံတင်နိုင်သော အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းများ
အခန်း(၉)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဤဥပဒေအရသော်လည်းကောင်း၊ အခြားသော ဥပဒေများအရ သော်လည်းကောင်း ဖွဲ့စည်းတည်ထောင်ထားသည့် အောက်ပါ အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းများသည် ဤဥပဒေအရ မှတ်ပုံတင် နိုင်သည်-
(က) စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့၊
(ခ) ပြည်ပကော်ပိုရေးရှင်း၊
(ဂ) ဤဥပဒေအရ သော်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း ကုမ္ပဏီတစ်ခုအဖြစ် မှတ်ပုံတင်ခွင့်ရှိသည့်အခြား ကော်ပိုရေးရှင်း တစ်ရပ်ရပ်နှင့်
(ဃ) အခါအားလျော်စွာ ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အခြားသော အဖွဲ့အစည်းများ။

### အခန်း (၃) ကုမ္ပဏီများ၏ အခြေခံလိုအပ်ချက်နှင့် အခွင့်အာဏာများ

၄။ ကုမ္ပဏီတစ်ခု၏ အခြေခံလိုအပ်ချက်များ
(က) ဤဥပဒေအရ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသောကုမ္ပဏီသည် အောက်ပါ အချက်များရှိရမည်-
(၁) အမည်၊
(၂) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊
(၃) ထုတ်ဝေသည့်အစုရှယ်ယာအနည်းဆုံးတစ်ခုရှိခြင်း (သို့ရာတွင် ခံဝန် ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီတစ်ခုတွင် အစု ရှယ်ယာ မတည်ငွေရင်းထားရှိရန် မလိုအပ်)၊
(၄) ပါဝင်သူ ဦးရေ အနည်းဆုံးတစ်ဦး၊
(၅) အပိုဒ်(၆)နှင့်အညီ အနည်းဆုံး ဒါရိုက်တာတစ်ဦးရှိရမည်ဖြစ်ပြီး ၎င်းသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦး၊
(၆) ကုမ္ပဏီသည် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါက အနည်းဆုံး ဒါရိုက်တာ(၃)ဦး ရှိရမည်ဖြစ်ပြီး ၎င်းတို့အနက်မှတစ်ဦးသည် နိုင်ငံတော်အတွင်း အများအားဖြင့် နေထိုင်သူတစ်ဦးနှင့်
(၇) နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသည့် ရုံးခန်း လိပ်စာတစ်ခု။
(ခ) ကုမ္ပဏီတစ်ခုသည် -
(၁) ကုမ္ပဏီအတွင်းရေးမှူးတစ်ဦးကို ခန့်အပ်နိုင်သည့်အပြင် အများသုံး ရုံးတံဆိပ်တစ်ခုလည်း ထားရှိနိုင်သည်။

၅။ ကုမ္ပဏီ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုနှင့် အခွင့်အာဏာများ။
(က) ကုမ္ပဏီသည်-
(၁) ၎င်းတွင် ပါဝင်သူများ၏ အခွင့်အရေးနှင့် သီးခြားဖြစ်သော ကိုယ်ပိုင် အခွင့်အရေးများရှိသည့် တရားဝင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းမပြုသရွေ့ အခွင့်အရေးများ၊ အခွင့် အာဏာများနှင့် အကျိုးခံစားခွင့်များ အပြည့်အဝ ဆက်လက်တည်ရှိ ရမည်။ ၎င်းပြင်
(၂) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်တို့အရ နိုင်ငံတော်အတွင်း၌ သော် လည်းကောင်း၊ ပြင်ပ၌သော် လည်းကောင်း အောက်ပါကိစ္စ ရပ်များအား ဆောင်ရွက်နိုင်ခွင့် အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ရန်၊ လုပ်ငန်းဆောင်ရွက်မှု များ ပြုလုပ်ရန် တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ခွင့် အပြည့်အဝရှိ သည် -
(ကက) အစုရှယ်ယာများ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီတွင် အစု ရှယ်ယာများအဖြစ် ပြောင်းလဲနိုင်သောအခြားငွေချေး သက်သေခံ လက်မှတ်များကို ထုတ်ဝေခြင်း၊
(ခခ) ကုမ္ပဏီ၌ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ ပိုင်ဆိုင်နိုင် သည့် အော့ပ်ရှင်(option)များ ပေးခြင်း၊
(ဂဂ) ကုမ္ပဏီပိုင်ပစ္စည်း တစ်ရပ်ရပ်အပေါ်တွင် အာမခံအကျိုးခံစားခွင့် တစ်ရပ်ပေးခြင်း၊
(ဃဃ) ကုမ္ပဏီ၏ ပစ္စည်းတစ်ရပ်ရပ်ကို ကုမ္ပဏီတွင် ပါဝင်သူများအား ပစ္စည်းအနေဖြင့် သော်လည်းကောင်း၊ အခြားနည်းဖြင့်သော် လည်းကောင်း ခွဲဝေပေးခြင်း။
(ခ) ကုမ္ပဏီ၏လုပ်ကိုင်ဆောင်ရွက်နိုင်မှု၊ အခွင့်အရေးများ၊ အခွင့်အာဏာများ သို့မဟုတ် အကျိုးခံစားခွင့်များကို ကန့်သတ်ထားရှိမှုသာလျှင် ယင်းတို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ပါရှိနိုင်သည်။
(ဂ) ကုမ္ပဏီတစ်ခုသည် အခြားကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခုအဖြစ် ရပ်တည်နိုင်ပြီး လက်အောက်ခံကုမ္ပဏီများစွာကို တည်ထောင်နိုင်သည့်အပြင် ယင်းတို့၏ အစုရှယ်ယာများကိုလည်း ပိုင်ဆိုင်နိုင်သည်။

### အခန်း (၄) ဤဥပဒေအရ ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၆။ ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်သည့်နည်းလမ်း
(က) တစ်ဦးတစ်ယောက်မှသော်လည်းကောင်း၊ သင်းဖွဲ့ဆောင်ရွက်ကြသူများမှ သော် လည်းကောင်း ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ ဖွဲ့စည်းတည်ထောင် ရန်နှင့် မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားတင်ပြနိုင်သည်-
(၁) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီ ဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းတို့ ထည့်ဝင်ထားသည့် အစုများအတွက် ပေးချေရန် ကျန်ငွေ တစ်စုံတစ်ရာ ရှိလျှင် ၎င်းအရေအတွက်အထိ ကန့်သတ်ထားသည့် ကုမ္ပဏီ၊ သို့မဟုတ်
(၂) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီဖြစ်သော ကုမ္ပဏီတွင် ပါဝင်သူတို့၏ တာဝန်ကို ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းအရ ၎င်းကုမ္ပဏီ ဖျက်သိမ်းသည့်အခါ ၎င်းကုမ္ပဏီ၏ အခြေပစ္စည်းအဖြစ် ကူဝင်ထောက်ပံ့ရန် အသီးသီးတာဝန်ခံကြသည့် ငွေပမာဏအထိ ကန့်သတ်ထားသည့် ကုမ္ပဏီ၊ သို့မဟုတ်
(၃) တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတွင် ပါဝင်သူတို့၏တာဝန်ကို တစ်စုံတစ်ရာကန့်သတ်မထားသည့် ကုမ္ပဏီ။
(ခ) ကုမ္ပဏီတစ်ရပ်ရပ်ကို ဤဥပဒေအရ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် တင်ပြရမည် ဖြစ်ပြီး အောက်ပါအချက်များကို ထည့်သွင်းဖော်ပြရမည်-
(၁) အဆိုပြုတင်ပြသော ကုမ္ပဏီ၏အမည်၊
(၂) အဆိုပြုတင်ပြသော ကုမ္ပဏီအမျိုးအစား၊
(၃) လျှောက်ထားသူတစ်ဦးစီ၏ အမည်အပြည့်အစုံနှင့် လိပ်စာ၊
(၄) အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ဒါရိုက်တာများနှင့် အတွင်းရေးမှူးများ၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့်လိပ်စာ၊
(၅) အဆိုပြုတင်ပြသောကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး အဖြစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းတို့မှ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊
(၆) အခြား အကြောင်းကြားစာဖြင့် တင်ပြခြင်းမရှိလျှင် အဆိုပြုတင်ပြသော ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊ အဆိုပါလိပ်စာကို အဆိုပြုတင်ပြသော ကုမ္ပဏီ၏ ပို့ဆောင်ဆက်သွယ်နိုင်သည့် လိပ်စာ ဖြစ်ရန် သတ်မှတ်ရမည်။
(၇) မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကွဲလွဲခဲ့လျှင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်သည့် နေရာလိပ်စာ၊
(၈) အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ၊ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -
(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အမည် အပြည့်အစုံနှင့် လိပ်စာ၊
(ခခ) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့သည် ကုမ္ပဏီတွင် ပါဝင်မည့်သူအဖြစ်လည်းကောင်း၊ ၎င်းတို့ အတွက် အချိုးကျသတ်မှတ်ပေးထားသည့် အစုရှယ်ယာများ အတွက် ငွေကြေးထည့်ဝင်ကြမည်ကို လည်းကောင်း စာဖြင့် ရေးသားထားသည့် သဘောတူညီချက်၊
(ဂဂ) ကုမ္ပဏီတွင် ပါဝင်မည့်သူ တစ်ဦးစီသို့ ထုတ်ဝေမည့် အစုရှယ်ယာ အရေအတွက်နှင့် အမျိုးအစား၊
(ဃဃ) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဖော်ပြမည့်ငွေကြေး၊
(ငင) အစုရှယ်ယာ တစ်ခုစီအတွက် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပေးချေရန် သဘောတူညီကြသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေ ပမာဏ၊
(စစ) မှတ်ပုံတင်သည့် အချိန်တွင် အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေပြီးခြင်း ရှိမရှိ ဖော်ပြချက်၊
(ဆဆ) အဆိုပြုတင်ပြသော ကုမ္ပဏီသည် မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီတစ်ခု ရှိမရှိ ဖော်ပြချက်၊
(ဇဇ) အဆိုပြုတင်ပြသောကုမ္ပဏီသည်ဖွဲ့စည်းတည်ထောင်သည့် အချိန်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခု ဟုတ် မဟုတ် ဖော်ပြချက်။

စာမျက်နှာ ၃ သို့

*စာမျက်နှာ ၂ မှ*

(ဃ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီနှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင် -

(ကက) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံး၏ အမည် အပြည့်အစုံနှင့် လိပ်စာ၊

(ခခ) အဆိုပြုတင်ပြသော ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ၎င်းတို့သည် ကုမ္ပဏီတွင် ပါဝင်မည့်သူအဖြစ် စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(ဂဂ) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက သဘောတူ၍ ထည့်ဝင်မည့် အဆိုပြု တင်ပြသော အာမခံပမာဏ၊

(ဃဃ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်းရှိခဲ့လျှင် -

(၁) ထုတ်ဝေမည့်အစုရှယ်ယာအရေအတွက်နှင့် အမျိုးအစား၊

(၂) ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ဖော်ပြမည့် ငွေကြေး၊

(၃) အစုရှယ်ယာ တစ်ခုစီအတွက် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးစီက ပေးချေရန် သဘောတူညီကြသည့် ငွေပမာဏ ရှိခဲ့လျှင် ယင်းငွေပမာဏ၊

(၄) မှတ်ပုံတင်သည့် အချိန်တွင် အဆိုပါ အစုရှယ်ယာများ အတွက် အပြည့်အဝငွေပေးချေပြီးခြင်းရှိမရှိ။

(ဂ) မှတ်ပုံတင်ဆောင်ရွက်ခြင်းအတွက် တင်ပြသည့်လျှောက်လွှာသည် -

(၁) လျှောက်ထားသူတစ်ဦးစီက လက်မှတ်ရေးထိုးပြီးဖြစ်ရမည်၊

(၂) လျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များအားလုံးသည် မှန်ကန်ကြောင်း လျှောက်ထားသူတစ်ဦးစီက တာဝန်ယူ ထုတ်ဖော်ကြေညာချက်တစ်ရပ်ပါရှိရမည်၊ ၎င်းပြင်

(၃) ဤဥပဒေပါနောက်ဆက်တွဲများတွင်ဖော်ပြထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းပုံစံနှင့်များစွာခြားနားမှုရှိသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ရပ်ကို အသုံးပြုရန် ကုမ္ပဏီက တင်ပြလာသည့်အခါ အနည်းဆုံး လျှောက်ထား တင်ပြသူတစ်ဦးက မှန်ကန်ကြောင်း အတည်ပြုထားသည့် အဆိုပြုကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူတစ်စောင်အားပူးတွဲတင်ပြပါရှိရမည် သို့မဟုတ် ဤဥပဒေပါ နောက်ဆက်တွဲဇယားတွင် ဖော်ပြပါရှိသောပုံစံကိုကုမ္ပဏီက အသုံးပြုရန်ရည်ရွယ် ကြောင်း ဖော်ပြပါရှိသည့်ရေးသားဖော်ပြချက်တစ်စောင်ကို တင်ပြရမည်။

(ဃ) လျှောက်လွှာတင်သွင်းသည့်အခါတွင် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင် အရာရှိထံသို့ ပေးသွင်းရမည်။

(င) လျှောက်ထားသူသည် လျှောက်လွှာမူရင်းကွဲများနှင့် လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများအားလုံးကို ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အပိုဒ် (၅)၊ (၈)၊ နှင့် (၉)တို့တွင်ရည်ညွှန်းဖော်ပြထားသည့်သဘော တူညီချက်မူရင်းများနှင့်အတူသိမ်းဆည်းထားရမည်။ ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်သည့်အခါ ထိုစာရွက်စာတမ်းများအား ကုမ္ပဏီထံသို့ပေးအပ်၍ကုမ္ပဏီ၏မှတ်တမ်းများအဖြစ်ဆက်လက်ထိန်းသိမ်းထားရှိရမည်။

၇။ ပုဒ်မ ၆ နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက်အလက်များအား မှားယွင်းတင်ပြခဲ့ပါက ယင်းအတွက် ပြစ်ဒဏ်ပမာဏ(၅၀) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၈။ **မှတ်ပုံတင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက် တင်ပြလာသည့် လျှောက်လွှာတစ်စောင်အား လက်ခံရရှိသည့်အခါ လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်လျက် -

(၁) လျှောက်လွှာအား မှတ်ပုံတင်ရမည်၊ ၎င်းပြင်

(၂) အောက်ပါအချက်များကို ဖော်ပြလျက် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တစ်စောင်ကို ထုတ်ပေးရမည် -

(ကက) ကုမ္ပဏီ၏အမည်၊

(ခခ) ကုမ္ပဏီ အမျိုးအစား၊

(ဂဂ) ကုမ္ပဏီသည် ဤဥပဒေအရ ကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားကြောင်း၊

(ဃဃ) မှတ်ပုံတင်သည့်နေ့၊

(ငင) သတ်မှတ်ဖော်ပြထားသည့် အခြား အကြောင်းအရာများ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာအုပ်အား ထိန်းသိမ်းထားရှိရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၆ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ သို့မဟုတ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ဖော်ပြထားသည့်အတိုင်း လိုအပ်သော စာရွက်စာတမ်းများမှအပ အခြားစာရွက်စာတမ်းများကို တောင်းဆိုခြင်း မပြုရ။

၉။ **မှတ်ပုံတင်ခြင်း၏ အကျိုးသက်ရောက်မှု**

ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီ မှတ်ပုံတင်သည့်နေ့ရက်မှစတင်၍ လျှောက်လွှာတွင် အမည်စာရင်းတင်ပြခဲ့သည့် ကုမ္ပဏီတွင် ပါဝင်မည့်သူများသည် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှုသက်သေခံလက်မှတ်တွင်ပါရှိသည့် အမည်ဖြင့် သီးခြားဥပဒေဆိုင်ရာအရည်အချင်းရှိသည့် ကုမ္ပဏီတွင် ပါဝင်သူများ ဖြစ်ရမည်။ ဤဥပဒေ၏ ပုဒ်မ ၅ သို့မဟုတ် အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်က ကန့်သတ်ထားခြင်း မရှိစေဘဲ ကုမ္ပဏီသည် ယင်း၏ လုပ်ငန်းတာဝန်များ အားလုံးကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့်အပြင် အစဉ်အဆက်ဆက်ခံဆောင်ရွက်ခွင့်ရှိရမည်။

၁၀။ **ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်၏ ပြည့်စုံ ခိုင်လုံမှုရှိခြင်း**

ပုဒ်မ ၈ အရ မှတ်ပုံတင်အရာရှိမှ ထုတ်ပေးသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံ လက်မှတ်သည် ဤဥပဒေအရ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ အားလုံးကို ပြည့်စုံစွာလိုက်နာဆောင်ရွက်ပြီးဖြစ်၍ ထိုသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့် နေ့မှစ၍ ကုမ္ပဏီသည် ဤဥပဒေအရ တရားဝင်မှတ်ပုံတင်ဖွဲ့စည်း တည်ထောင်ပြီးဖြစ်ကြောင်း ပြည့်စုံခိုင်လုံသည့် သက်သေခံအထောက်အထားဖြစ်သည်။

## အခန်း (၅) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၁၁။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတွက် လိုအပ်ချက်များနှင့် ယင်း၏ အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီတစ်ခုစီတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု ရှိရမည်ဖြစ်ပြီး ယင်း၏ စည်းကမ်းချက်များအရ ကုမ္ပဏီနှင့် ကုမ္ပဏီတွင် ပါဝင်သူများသည် ၎င်းတို့ တစ်ဦးစီက အသီးသီး ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသကဲ့သို့ ၎င်းတို့အပေါ်တွင် စည်းနှောင်မှုရှိသည်။ ထိုဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၌ ပါဝင်သူ တစ်ဦးစီနှင့် ၎င်းတို့၏ ဆက်ခံသူများ၊ တရားဝင်ကိုယ်စားလှယ်များက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ စည်းကမ်းချက်များကို လိုက်နာရမည့် သဘောတူညီချက်တစ်ရပ်ဖြစ်သည်။

(ခ) ကုမ္ပဏီ၊ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့၊ ဒါရိုက်တာတစ်ဦးစီနှင့် ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးစီတို့သည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဤဥပဒေနှင့်အညီ ပြင်ဆင် ဖော်ပြထားသည်မှတစ်ပါး ဤဥပဒေတွင် ပြဋ္ဌာန်းဖော်ပြထားသည့် အခွင့်အရေးများ၊ အခွင့်အာဏာများ၊ တာဝန်များနှင့် ဝတ္တရားများရှိသည်။

(ဂ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ရန်အတွက် တင်ပြသည့် လျှောက်လွှာတွင် အမည်စာရင်းဖော်ပြပါရှိသည့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီနှင့် နောက်ပိုင်း၌ ကုမ္ပဏီတွင် ပါဝင်မည့်သူများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား လိုက်နာဆောင်ရွက်ကြမည်ဖြစ်ကြောင်း မှတ်ယူရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရကုမ္ပဏီတွင် ပါဝင်သူများကကုမ္ပဏီသို့ ပေးသွင်းရမည့် ငွေအားလုံးကို၎င်းတို့မှ ကုမ္ပဏီသို့ပေးချေရမည့်အကြွေး တစ်ရပ်ကဲ့သို့ ဖြစ်စေရမည်။

၁၂။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိရမည့် အကြောင်းအရာများ**

(က) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထည့်သွင်းဖော်ပြရန်အတွက် ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ကိစ္စရပ်များနှင့် ကုမ္ပဏီမှ ထည့်သွင်းဖော်ပြလိုသော အခြားကိစ္စရပ်များ ပါရှိနိုင်သည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤဥပဒေနှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသော အပိုင်းများသည် အကျိုးသက်ရောက်ခြင်းရှိမည် မဟုတ်။

(ခ) ဤဥပဒေ၏ နောက်ဆက်တွဲတွင် ဖော်ပြထားသည့် ပုံစံကို ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအဖြစ်အသုံးပြုနိုင်သည်။

(ဂ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ လုပ်ငန်းရည်ရွယ်ချက်ကို ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် သတ်မှတ်နိုင်သည်။

(ဃ) ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းကို နိုင်ငံတော်အတွင်း၌တည်ရှိကြောင်း ဖော်ပြရမည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(စ)နှင့်အညီ တည်ဆဲကုမ္ပဏီတစ်ခု၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် အခြားသော ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ စာရွက်စာတမ်းများသည် ဤဥပဒေ စတင်အာဏာသက်ရောက်ပြီးနောက်ပိုင်းတွင် ယင်းကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကဲ့သို့အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဤဥပဒေနှင့် ဆန့်ကျင်နေပါက ဆန့်ကျင်နေသောအပိုင်းများသည် အကျိုးသက်ရောက်ခြင်းရှိမည် မဟုတ်။

(စ) တည်ဆဲကုမ္ပဏီတစ်ခု၏ ယခင်သင်းဖွဲ့စည်းမျဉ်းတွင် အတိအလင်း ဖော်ပြထားသော လုပ်ငန်းရည်ရွယ်ချက်များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းကို ပြင်ဆင်ရန် ကုမ္ပဏီတွင် ပါဝင်သူများက မဲပေးဆုံးဖြတ်၍ ပယ်ဖျက်ခြင်း မပြုခဲ့လျှင် ကူးပြောင်းကာလကုန်ဆုံးသည်အထိ ဆက်လက်အသုံးပြုနိုင်သည်။ ကုမ္ပဏီ၏ အဆိုပါရည်ရွယ်ချက်များအား ဆက်လက်ထားရှိမည် ဖြစ်သည်ဟု ကုမ္ပဏီမှ အထူးဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ပြီးကြောင်းကို သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ပြုစုထားသည့် အကြောင်းကြားစာတစ်စောင်အား မှတ်ပုံတင်အရာရှိထံသို့ တင်ပြခဲ့ခြင်းမရှိလျှင် ကုမ္ပဏီ၏ရည်ရွယ်ချက်များကို အဆိုပါကူးပြောင်းကာလ ကုန်ဆုံးပြီး နောက်ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ ဤပုဒ်မခွဲသည် ပုဒ်မ ၂၉ အား ထိခိုက်စေခြင်း မရှိစေရ။

၁၃။ **တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအတွက် သီးခြား လိုအပ်ချက်များ**

အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(က) အများနှင့် မသက်ဆိုင်သော ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီအမည်၏ နောက်ဆုံးတွင် လီမိတက်ဟုလည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ဖြစ်ပါက အများ နှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက် ဟုလည်းကောင်း ဖော်ပြချက်၊

(ခ) ကုမ္ပဏီတွင် ပါဝင်သူများ၏ တာဝန်ကို ကန့်သတ်ထားကြောင်း၊

(ဂ) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာ အမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေကြေး၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦး ငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်း ငွေကြေးထည့်ဝင်သူများသည် အနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည် ဖြစ်ကြောင်း။

၁၄။ **ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများ အတွက် သီးခြားလိုအပ်ချက်များ**

(က) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(၁) ကုမ္ပဏီအမည်ကို ယင်းအမည်၏နောက်ဆုံးတွင် "ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသော" ဟု ဖော်ပြချက်၊

(၂) ကုမ္ပဏီတွင် ပါဝင်သူများ၏ တာဝန်ကို ခံဝန်ချက်ပမာဏတစ်ရပ်ဖြင့် ကန့်သတ်ထားကြောင်း၊

(၃) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူအဖြစ် ရှိနေကြစဉ်ကာလတွင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ငွေပမာဏများပေးချေရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများတွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်ခြင်းမပြုသည့်နောက်ပိုင်း (၁)နှစ် ကာလအတွင်း၌ ကုမ္ပဏီတွင်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီက ပဋိညာဉ် ပြုလုပ်ထားသော ကုမ္ပဏီ၏တာဝန်များနှင့် အကြွေးများပေးရန် တာဝန်ယူကြောင်း၊ ၎င်းပြင် စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါတွင် ကုန်ကျစရိတ်များနှင့် အခွန်အခများပေးချေရန်၊ ကုမ္ပဏီတွင် ပါဝင်သူများအကြား စုပေါင်းထည့်ဝင်ကြေးနှင့် သက်ဆိုင်သော အခွင့်အရေးများကို စာရင်းညှိနှိုင်းရန်၊ သတ်မှတ်ထားသော ငွေပမာဏထက် မကျော်လွန်သည့် အဆိုပါ ငွေပမာဏများ ပေးချေရန်အတွက် ကုမ္ပဏီ၏ အခြေပစ္စည်းများတွင် ထည့်ဝင်ရန် တာဝန်ယူကြောင်း၊

(ခ) ကုမ္ပဏီတွင် အစုရှယ်ယာမတည်ငွေရင်း ရှိခဲ့လျှင် -

(၁) ကုမ္ပဏီမှ ထုတ်ဝေရန်အဆိုပြုထားသည့် အစုရှယ်ယာအမျိုးအစားများနှင့် အဆိုပါအစုရှယ်ယာများအတွက် သတ်မှတ်သည့် ငွေအမျိုးအစားနှင့်

(၂) ကုမ္ပဏီတွင် ငွေကြေးထည့်ဝင်သူကအနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည် ဖြစ်ကြောင်း။

(ဂ) ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားပြီး အစုရှယ်ယာ မတည်ငွေရင်း မပါရှိသည့်အပြင် ယခင်ဥပဒေ စတင်အကျိုးသက်ရောက်သည့် နေ့ရက်နောက်ပိုင်းတွင် မှတ်ပုံတင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီမှ ခွဲဝေပေးရမည့် အကျိုးအမြတ်ကို ရထိုက်ခွင့်ရှိသည့် အခွင့်အရေးတစ်ရပ်အား ကုမ္ပဏီတွင် ပါဝင်သူ တစ်ဦးဦးမှအပ အခြားသူတစ်ဦးဦးအဖြစ် ပေးအပ်ရန် ရည်ရွယ်သည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ကုမ္ပဏီ၏ ဆုံးဖြတ်ချက် တစ်ရပ်ရပ်တွင် ပါရှိသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ပျက်ပြယ်သည်။

၁၅။ **တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခု၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းများအတွက် သီးခြား လိုအပ်ချက်များ**

တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီများသည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် အောက်ပါတို့ကို ဖော်ပြရမည် -

(က) ကုမ္ပဏီအမည်၊ ယင်းကုမ္ပဏီအမည်၏ နောက်ဆုံးတွင် တာဝန်ကန့်သတ်မှု မရှိသော ကုမ္ပဏီဟု ပါရှိရမည်၊

(ခ) ကုမ္ပဏီတွင် ပါဝင်သူများ၏ တာဝန်ကို ကန့်သတ်ထားခြင်း မရှိကြောင်း၊

(ဂ) ကုမ္ပဏီမှ ထုတ်ဝေရန် အဆိုပြုထားသည့် အစုရှယ်ယာ အမျိုးအစားများနှင့် အဆိုပါ အစုရှယ်ယာများအတွက် သတ်မှတ်သည့်ငွေအမျိုးအစား၊

(ဃ) ကုမ္ပဏီတွင် အစုရှယ်ယာအတွက် ကနဦး ငွေကြေးထည့်ဝင်သူများနှင့် နောက်ပိုင်း ငွေကြေးထည့်ဝင်သူများသည် အနည်းဆုံးအစုရှယ်ယာတစ်စု ထည့်ဝင်ရမည်ဖြစ်ကြောင်း။

၁၆။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ခု၏ ဖွဲ့စည်းမှုပုံစံ**

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် -

(က) မြန်မာဘာသာဖြင့် ရေးသားပြုစုရမည်၊

(ခ) မြန်မာ၊အင်္ဂလိပ် နှစ်ဘာသာဖြင့်လည်း ရေးသားပြုစုနိုင်သည်၊ ၎င်းပြင်

(ဂ) စာပိုဒ်များဖြင့် ခွဲခြားပြုစုလျက် အမှတ်စဉ်များကို တစ်ဆက်တည်း ရေးသား ဖော်ပြရမည်။

၁၇။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း**

ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းတွင် ပါရှိသော သီးခြားစည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ချမှတ်၍ ၎င်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ စည်းကမ်းချက်များကို ပြောင်းလဲ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်ပြီး ထိုသို့ပြုလုပ်သည့် ပြောင်းလဲ ပြင်ဆင်မှု သို့မဟုတ် ဖြည့်စွက်မှုသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် မူလကတည်းက ထည့်သွင်းပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ ကဲ့သို့ပင် အကျိုးသက်ရောက်စေရမည့်အပြင် ယခုကဲ့သို့ အထူးဆုံးဖြတ်ချက်အရ ပြောင်းလဲပြင်ဆင်နိုင်သည်။

၁၈။ **ပြောင်းလဲပြင်ဆင်မှုအား အတည်ပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

(က) ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာကို ပြောင်းလဲ ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူတစ်စောင်နှင့်အတူ ထိုသို့ ပြောင်းလဲ ပြင်ဆင်ရန် အထူးဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင် အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင် အရာရှိသည် ထိုတင်ပြချက်အား မှတ်ပုံတင်ရမည်။ မှတ်ပုံတင် သက်သေခံ အထောက်အထား လက်မှတ်သည် ထိုသို့ ပြောင်းလဲ ပြင်ဆင်မှုများအတွက် ဤဥပဒေအရ လိုအပ်သည့် ပြဋ္ဌာန်းချက်များကို အပြည့်အဝလိုက်နာ ဆောင်ရွက်ပြီးဖြစ်ကြောင်း သက်သေခံ အထောက်အထားဖြစ်စေရမည် ဖြစ်ပြီး ထိုသို့ ပြောင်းလဲ ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ဖြစ်စေရမည်။

(ခ) တရားရုံးသည် သင့်သည်ထင်မြင်ပါက ဤပုဒ်မအရ မှတ်ပုံတင်အရာရှိထံ စာရွက်စာတမ်းများ တင်ပြရမည့်ကာလကို မည်သည့်အချိန်တွင်မဆို တိုးမြှင့်ပေးရန် အမိန့်တစ်ရပ် ချမှတ်နိုင်သည်။

၁၉။ **ပြောင်းလဲပြင်ဆင်မှုအား (၂၈) ရက်အတွင်း မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းအတွက် အကျိုးသက်ရောက်မှုများ**

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှုသည် ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်မှတ်ပုံတင် ဆောင်ရွက်ရခြင်း မရှိသေးလျှင် အကျိုးတစ်စုံတစ်ရာ သက်ရောက်ခြင်း မရှိစေရ။

၂၀။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲပြင်ဆင်မှု၏ အကျိုးသက်ရောက်မှုများ**

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖော်ပြပါရှိသည့် စည်းကမ်းချက်တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိသော်လည်း ကုမ္ပဏီတွင် ပါဝင်သူများသည် ၎င်းတို့အနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် ဆောင်ရွက်သည့် နေ့ရက်နောက်ပိုင်းတွင် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုကြောင့် ပြောင်းလဲပြင်ဆင်သည့် နေ့ရက်က ၎င်းတို့လက်ဝယ်ရှိသော အစုရှယ်ယာ အရေအတွက်ထက် ပိုမိုသည့်အစုရှယ်ယာများကို ရယူရန် သို့မဟုတ် ထည့်ဝင်ရန် လိုအပ်လာလျှင် သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်း ထည့်ဝင်ရမည်တာဝန်များကို ပိုမိုဖြစ်ပေါ်လာစေခဲ့လျှင် သို့မဟုတ် ကုမ္ပဏီသို့ အခြားနည်းအားဖြင့် ငွေပေးချေရန် ရှိလာခဲ့လျှင် ထိုသို့ပြောင်းလဲပြင်ဆင်မှုသည် ၎င်းတို့အပေါ်တွင် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် ကုမ္ပဏီတွင် ပါဝင်သူများက ပြောင်းလဲပြင်ဆင်မှုမပြုမီသော် လည်းကောင်း၊ ပြုလုပ်ပြီးသည့်အခါတွင်သော်လည်းကောင်း စာဖြင့်ရေးသားလျက် ထိုပြောင်းလဲပြင်ဆင်မှုနှင့် သက်ဆိုင်စေမည်ဖြစ်ကြောင်း သဘောတူညီကြသည်ဆိုလျှင် ဤပုဒ်မနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၁။ **ကုမ္ပဏီတွင် ပါဝင်သူများသို့ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း မိတ္တူများကို ပေးအပ်ရခြင်း**

ကုမ္ပဏီအားလုံးသည် ကုမ္ပဏီတွင်ပါဝင်သူများအနက် တစ်ဦးဦးမှ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း မိတ္တူတစ်စောင်ကို တောင်းဆိုလာပါက တောင်းဆိုသည့် နေ့ရက်မှ (၁၄) ရက်အတွင်း ကုမ္ပဏီမှ သတ်မှတ်ထားသည့် သင့်လျော်သောငွေပမာဏကို သတ်မှတ်ဖော်ပြထားသည့် ငွေပမာဏ မကျော်လွန်စေဘဲ ပေးဆောင်စေလျက် ပေးပို့ရမည်။

၂၂။ ကုမ္ပဏီသည် ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းပျက်ကွက်ခဲ့လျှင် ကျူးလွန်မှုတစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ(၂)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၂၃။ **ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုများအား မိတ္တူအားလုံးတွင် မှတ်သားဖော်ပြရခြင်း**

ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြင်ဆင်မှုတစ်ရပ် ပြုလုပ်သည့်အခါတွင် ပြောင်းလဲပြင်ဆင်မှု ပြုလုပ်သည့်နေ့ရက်နောက်ပိုင်းထုတ်ဝေသည့် အဆိုပါ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း၏ မိတ္တူအားလုံးသည် ပြောင်းလဲပြင်ဆင်မှုနှင့်အညီ ဖြစ်စေရမည်။

၂၄။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြောင်းလဲပြီးသည့်အခါတွင် ကုမ္ပဏီသည် ပြောင်းလဲ ပြင်ဆင်မှုကို ပြုလုပ်သည့်နေ့ရက်နောက်ပိုင်း ပြောင်းလဲပြင်ဆင်မှုနှင့် အညီ မဖြစ်သည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်း၏မိတ္တူများကို ထုတ်ဝေခဲ့လျှင် ထိုသို့ ထုတ်ဝေခဲ့သည့် မိတ္တူ တစ်စောင်စီအတွက် ပြစ်ဒဏ်ပမာဏ (၂)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင် ရမည်။ ထို့အပြင်အဆိုပါ ပျက်ကွက်မှုကို သိလျက်နှင့် တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ အားလုံး သို့မဟုတ် အခြားအရာရှိများသည်လည်းအလားတူ ပြစ်ဒဏ်အတွက် တာဝန်ရှိသည်။

## အခန်း (၆) ကုမ္ပဏီအမည်များ

၂၅။ **ကုမ္ပဏီအမည်နှင့် အမည်ပြောင်းလဲခြင်း**

(က) ကုမ္ပဏီတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များပေါ်ပေါက်စေနိုင်သည့် အမည်ကို မှတ်ပုံတင်ထားသည့် တည်ဆဲ အဖွဲ့အစည်းတစ်ခု၏ အမည်နှင့် တူညီသော အမည်ကို သော်လည်းကောင်း၊ ထိုအမည်နှင့် ဆင်တူသော အမည်ကိုသော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန် ဆောင်ရွက်နေသည့် အမည်အား အသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည့်အခါမှတစ်ပါးမှတ်ပုံတင် ဆောင်ရွက်ခြင်း မပြုရ။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

(ခ) ကုမ္ပဏီတစ်ခုသည် တမင်ကြံရွယ်ချက် သို့မဟုတ် အခြားသော အကြောင်းမရှိဘဲ အထက်တွင်ဖော်ပြထားသော သဘောတူညီချက်မပါရှိဘဲ လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များ ပေါ်ပေါက်စေနိုင်သည့် ယခင်ကမှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲအဖွဲ့အစည်းတစ်ခု၏ အမည်နှင့် တူညီသော အမည်ကိုသော် လည်းကောင်း၊ ထိုအမည်နှင့် ဆင်တူသောအမည်ကိုသော် လည်းကောင်း မှတ်ပုံတင်ခဲ့လျှင် ဖော်ပြပါ အဖွဲ့အစည်းသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်း၏ ကုမ္ပဏီအမည်အား ပြောင်းလဲနိုင်သည်။

(ဂ) ပြည်ထောင်စုဝန်ကြီး၏ စာဖြင့်ရေးသားထားသော ကြိုတင် သဘောတူညီချက်ပါရှိသည့် ကိစ္စရပ်မှအပ မည်သည့်ကုမ္ပဏီမဆို အောက်ပါစကားရပ်များ ပါဝင်သော အမည်ဖြင့် မှတ်ပုံတင်ခြင်း မပြုရ -

(၁) "နိုင်ငံတော်အစိုးရ"၊ "နိုင်ငံတော်"၊ "ဗဟိုဘဏ်"၊ "ပြည်ထောင်စုအစိုးရ"၊ "သမ္မတ"၊ "ဝန်ကြီးဌာန"သို့မဟုတ် "မြန်မာနိုင်ငံတော်အစိုးရ" သို့မဟုတ် မြန်မာနိုင်ငံတော်၏ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုံးဌာန သို့မ ဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က အဆိုပြုသော သို့မဟုတ် ယင်းတို့က ထောက်ခံတင်ပြသော စကားရပ်တစ်ခုခုပါဝင်သည့် အမည် သို့မဟုတ်

(၂) စည်ပင်သာယာရေး သို့မဟုတ် နိုင်ငံတော်အမိန့်ဖြင့်ဖွဲ့စည်းထားသောအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့အစည်း တစ်ရပ်ရပ် သို့မဟုတ် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် လူမှုအဖွဲ့အစည်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း တစ်ရပ်ရပ်ကဲ့သို့ ယူဆနိုင်သည့် စကားရပ်တစ်ခုခု ပါဝင်သည့် အမည်။

(ဃ) ကုမ္ပဏီတစ်ခုခုသည် အထူးဆုံးဖြတ်ချက်ချမှတ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာတင်ပြ၍ ယင်း၏ အမည်အား ပြောင်းလဲနိုင်သည်။ ကုမ္ပဏီသည် အဆိုပါ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် (၂၈) ရက် အတွင်း ထိုအကြောင်းကြားစာကို တင်ပြရမည်။

(င) ကုမ္ပဏီတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲသည့်အခါတွင် မှတ်ပုံတင်အရာရှိ အနေဖြင့် အဆိုပါအမည်သစ်သည် လက်ခံဆောင်ရွက်ပေးနိုင်သည့် အမည်ဖြစ်ပြီး ဤဥပဒေကိုသော်လည်းကောင်း၊ အခြားဥပဒေတစ်ရပ်ရပ်ကို သော်လည်းကောင်း ချိုးဖောက်ခြင်းမရှိကြောင်း တွေ့ရှိရလျှင် အဆိုပါ အမည်သစ်ကို မှတ်ပုံတင် စာအုပ်ရှိ ယခင်အမည်၏ နေရာတွင် ထည့်သွင်းရေးသားဖော်ပြရမည့်အပြင် ပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေသည့် ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံ လက်မှတ်တစ်ခုကို ထုတ်ပေးရမည်။ ကုမ္ပဏီအမည် ပြောင်းလဲမှုသည် အဆိုပါသက်သေခံလက်မှတ်ကို ထုတ်ပေးသည့်အခါတွင် စတင်အကျိုးသက်ရောက်စေရမည်။

(စ) အမည်ပြောင်းလဲ ပြင်ဆင်ခြင်းသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ဃ) နှင့် (င) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ခြင်း မရှိသေးလျှင် အဆိုပါ အမည်ပြောင်းလဲ ပြင်ဆင်ခြင်းအား တရားဝင်အသုံးပြုနိုင်ခြင်းမရှိ။ အထူးဆုံးဖြတ်ချက် ချမှတ်ပြီးနောက် (၂၈) ရက်အတွင်း မှတ်ပုံတင်ခြင်းမရှိလျှင် အဆိုပါ အမည်ပြောင်းလဲပြင်ဆင်မှုသည် လုံးဝပျက်ပြယ်သည်။

(ဆ) အမည်ပြောင်းလဲမှုသည် ကုမ္ပဏီ၏ အခွင့်အရေး သို့မဟုတ် တာဝန် တစ်စုံတစ်ရာကို အကျိုးသက်ရောက်ခြင်း မရှိစေရ။ အမည်ပြောင်းလဲထားသည့် ကုမ္ပဏီသည် ၎င်းကသော်လည်းကောင်း၊ ၎င်းအပေါ်တွင်လည်းကောင်း တရားစွဲဆို ဆောင်ရွက်မှု တစ်စုံတစ်ရာတွင် ထိခိုက်ခြင်းမရှိစေရ။ ယခင်ကုမ္ပဏီအမည်ဖြင့် ၎င်းအပေါ် ဆက်လက်ပြုလုပ်သော သို့မဟုတ် စတင်ဆောင်ရွက်သော တရားစွဲဆိုမှု တစ်စုံတစ်ရာသည် ကုမ္ပဏီ၏ အမည်သစ်ဖြင့်လည်း ဆက်လက် ဆောင်ရွက်နိုင်သည်။

၂၆။ **အမည်ပြောင်းလဲရန် ညွှန်ကြားခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခု၏ မှတ်ပုံတင်ထားခဲ့သည့် အမည်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်း မပြုသင့်ကြောင်း သင့်လျော်သည့်အကြောင်းပြချက်များကို လက်ခံယုံကြည်လျှင် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြ ထားသည့် နေ့ရက်၌ ကုမ္ပဏီအမည်အား ပြောင်းလဲရန် စာဖြင့်ရေးသား၍ အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိမှ ကုမ္ပဏီသို့ ပေးပို့နိုင်သည်။ သတ်မှတ်ဖော်ပြထားသည့် နေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့် နေ့ရက်မှ ရက်ပေါင်း (၆၀)ထက် မနည်းသည့်နေ့ရက် ဖြစ်ရမည်။

(ခ) ကုမ္ပဏီသည် ယင်း၏အမည်အား အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလအတွင်း ပြောင်းလဲခြင်းမပြုခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ၎င်းမှရွေးချယ်ပေးသော အမည်အသစ်တစ်ခုကို မှတ်ပုံတင်စာအုပ်တွင် ထည့်သွင်း ရေးသားဖော်ပြနိုင်ပြီး အဆိုပါအမည်အသစ်သည် ဤအပိုင်းအရ မှတ်ပုံတင်နိုင်သည့် အမည်ဖြစ်စေရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)အရ အမည်အသစ်တစ်ခုကို မှတ်ပုံတင်ပေးခဲ့လျှင် ကုမ္ပဏီ၏ အမည်အသစ်ကို မှတ်တမ်းတင်ပြီး ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ် တစ်စောင်ကို ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်အသစ်အား မှတ်ပုံတင်ခြင်းသည် ပုဒ်မ ၂၅ အရ ပြောင်းလဲသကဲ့သို့ အကျိုးသက်ရောက်စေရမည်။

၂၇။ **ကုမ္ပဏီအမည်အား အသုံးပြုခြင်း**

ကုမ္ပဏီတစ်ခုအနေဖြင့် ယင်း၏အမည်သည် အောက်ပါကိစ္စရပ်များတွင် ရှင်းလင်းစွာ ဖော်ပြရမည် -

(က) ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ပေးပို့ဆောင်ရွက်သည့် စာဖြင့်ရေးသား ဆက်သွယ်ဆောင်ရွက်မှုများအားလုံးနှင့်

(ခ) ကုမ္ပဏီ၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေသော သို့မဟုတ် ဖြစ်တည်စေမည့် ကုမ္ပဏီမှသော်လည်းကောင်း၊ ကုမ္ပဏီ၏ ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများ အားလုံး။

**အခန်း (၇) ကုမ္ပဏီ၏ ဆက်သွယ်ဆောင်ရွက်မှုများ**

၂၈။ **ဆောင်ရွက်ချက်များ တရားဝင်ခြင်း**

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ကန့်သတ်ထားခြင်းမရှိစေဘဲ ကုမ္ပဏီတွင် ထိုဆောင်ရွက်ချက်အား ပြုလုပ်ရန် သို့မဟုတ် ထိုပစ္စည်းအား လွှဲပြောင်းရန် သို့မဟုတ် လက်ခံရယူရန်အတွက် လုပ်ကိုင်နိုင်စွမ်း သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခွင့်အာဏာ မရှိခဲ့သည်ဆိုသည့် အကြောင်းကြောင့် ကုမ္ပဏီ၏ ဆောင်ရွက်ချက်များ၊ ကုမ္ပဏီသို့သော်လည်းကောင်း၊ ကုမ္ပဏီမှသော်လည်းကောင်း ပစ္စည်းလွှဲပြောင်းခြင်းများတို့သည် ပျက်ပြယ်ခြင်း မရှိစေရ။

(ခ) ဆောင်ရွက်ချက်တစ်ခုသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံး မဖြစ်သော်လည်း ထိုသို့ဆောင်ရွက်ရန် ကုမ္ပဏီ၏ လုပ်ကိုင်နိုင်စွမ်းကို ထိခိုက်ခြင်း မရှိစေရ။

၂၉။ **ပဋိညာဉ်စာချုပ်များနှင့် စာချုပ်စာတမ်းများ ချုပ်ဆိုဆောင်ရွက်ခြင်း**

(က) ပဋိညာဉ်စာချုပ်တစ်ရပ်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် သီးခြားလုပ်ထုံးလုပ်နည်း တစ်ရပ်ပါရှိသော ဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် ကုမ္ပဏီက ပဋိညာဉ် စာချုပ်တစ်ရပ်ကို ချုပ်ဆိုခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ ပြုလုပ်ခွင့်ကို ကုမ္ပဏီမှ အတိအလင်း ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွင့်အာဏာ အပ်နှင်းခံရပြီး ကုမ္ပဏီ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူ တစ်ဦးဦးက ကျင့်သုံး ဆောင်ရွက်နိုင်သည်။ အဆိုပါ အခွင့်အာဏာ ကို ရုံးတံဆိပ်ခတ်နှိပ်ခြင်းမပြုဘဲ ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) စာချုပ်စာတမ်းအား အောက်ပါပုဂ္ဂိုလ်များက လက်မှတ်ရေးထိုးခဲ့လျှင် ကုမ္ပဏီသည် ရုံးတံဆိပ်ခတ်နှိပ်ရန် မလိုဘဲစာချုပ်စာတမ်းတစ်ရပ်အား ချုပ်ဆိုနိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ (၂) ဦး၊ သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဂ) ကုမ္ပဏီတစ်ခုသည် စာချုပ်စာတမ်းတစ်ခုအား ရုံးတံဆိပ်ခတ်နှိပ်ပြီး ထိုသို့ ရုံးတံဆိပ်ခြင်းကို အောက်ပါ ပုဂ္ဂိုလ်တို့က သက်သေပြုခြင်းဖြင့် ချုပ်ဆိုဆောင်ရွက်နိုင်သည် -

(၁) ကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးတည်းရှိပါက အဆိုပါ ဒါရိုက်တာ၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ (၂) ဦး၊ သို့မဟုတ်

(၃) ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးနှင့် ကုမ္ပဏီ၏အတွင်းရေးမှူး။

(ဃ) ကုမ္ပဏီတစ်ခုသည် ပဋိညာဉ်စာချုပ်စာတမ်းတစ်ခုကို တရားဝင် သဘောတူစာချုပ် အဖြစ် ချုပ်ဆိုမည်ဖြစ်ကြောင်း အတိအလင်းဖော်ပြပြီး ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ နှင့်အညီ ချုပ်ဆိုခြင်းဖြစ်ပါက ပဋိညာဉ်စာချုပ်စာတမ်း တစ်ခုအား တရားဝင် သဘောတူ စာချုပ်တစ်ခုအဖြစ် ချုပ်ဆိုနိုင်သည်။

(င) ဤပုဒ်မသည် ကုမ္ပဏီတစ်ခုက တရားဝင်သဘောတူစာချုပ်အပါအဝင် စာချုပ်စာတမ်း တစ်ခုကို ဤဥပဒေတွင် ဖော်ပြထားသည့် နည်းလမ်းများ အပါအဝင် စာချုပ် ချုပ်ဆို ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ကန့်သတ်ထားခြင်း မရှိစေရ။

၃၀။ **ကုမ္ပဏီတစ်ခု နှင့် အခြားပုဂ္ဂိုလ်များအကြား ဆက်သွယ်ဆောင်ရွက်ခြင်း**

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ ပုဒ်မ ၃၁ တွင်ဖော်ပြ မှတ်ယူခြင်းများကို အသုံးပြုနိုင်သည်။ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအား အာမခံသူ တစ်ဦးဦးသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းတွင် အဆိုပါ မှတ်ယူရမည့်အချက်များသည် မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့်မရှိစေရ။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီထံမှ ပစ္စည်းတစ်စုံတစ်ရာကိုရရှိသူ သို့မဟုတ် ရထိုက် ခွင့်ရှိသူတစ်ဦးဦးနှင့် ဆက်သွယ် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုဒ်မ ၃၁ ပါ မှတ်ယူ ရမည့်အချက်များကို အထောက်အထားပြု ဆောင်ရွက်နိုင်ခွင့်ရှိသည်။ ကုမ္ပဏီနှင့် အခြား ပုဂ္ဂိုလ်များသည် ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်း တွင်အဆိုပါမှတ်ယူရမည့်အချက်များသည် မှန်ကန်ခြင်းမရှိပါဟု ပြောဆိုခွင့်မရှိစေရ။

(ဂ) ဆက်သွယ်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက လိမ်လည်လှည့်ဖြား၍ ပြုမူခဲ့ခြင်း သို့မဟုတ် စာချုပ် စာတမ်းတစ်ခုကို လိမ်လည် အတုပြုခဲ့ခြင်းများရှိခဲ့လျှင်ပင် အဆိုပါ မှတ်ယူရမည့် အချက်များကို ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်သူများ သည် အထောက် အထားပြုဆောင်ရွက်နိုင်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်မှုပြုသည့်အချိန်တွင် အောက်ပါ အချက်အလက်များကို သိရှိခဲ့လျှင် သို့မဟုတ် သံသယရှိခဲ့လျှင် ၎င်းအနေဖြင့် ပုဒ်မ ၃၁ ပါ မှတ်ယူရမည့်အချက်များကို အထောက်အထားပြု ဆောင်ရွက်နိုင်မည်မဟုတ် -

(၁) မှတ်ယူရမည့်အချက်မှာ မှန်ကန်မှုမရှိကြောင်း၊ သို့မဟုတ်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိ သို့မဟုတ် ကိုယ်စားလှယ်သည် လိမ်လည်လှည့်ဖြားဆောင်ရွက်ခဲ့ကြောင်း၊ သို့မဟုတ်

(၃) သက်ဆိုင်ရာ စာရွက်စာတမ်းသည် လိမ်လည်အတုပြုထားခြင်းဖြစ်ကြောင်း၊ သို့မဟုတ်

(၄) ဖော်ပြပါကိစ္စရပ်သည် သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့် ဆန့်ကျင်လျက်ရှိခဲ့ကြောင်း။

၃၁။ **ကုမ္ပဏီများနှင့် ဆက်သွယ်လုပ်ကိုင် ဆောင်ရွက်သည့် ပုဂ္ဂိုလ်များက အထောက်အထားပြုနိုင်သည့် မှတ်ယူနိုင်သည့် အချက်များ**

(က) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ လိုက်နာဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်စာအုပ်၌ ရေးသားဖော်ပြထားသော အချက်အလက်များတွင် ပါရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး ဖြစ်သူ တစ်ဦးအပေါ် အောက်ပါအတိုင်း မှတ်ယူနိုင်သည် -

(၁) တရားဝင် ခန့်အပ်တာဝန်ပေးထားသည်ဟု၊ ၎င်းပြင်

(၂) ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး ရှိခဲ့လျှင် ထိုတစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု။

(ဂ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ အရာရှိသို့မဟုတ် ကိုယ်စားလှယ် တစ်ဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူ တစ်ဦးကို အောက်ပါအတိုင်းမှတ်ယူနိုင်သည်-

(၁) တရားဝင် ခန့်အပ်တာဝန်ပေးထားသည်ဟု၊ ၎င်းပြင်

(၂) ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ကိုယ်စားလှယ်က သာမန်အားဖြင့် ကျင့်သုံးခွင့် သို့မဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်နှင့် တာဝန်များကို ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက သာမန်အားဖြင့် ကျင့်သုံးဆောင်ရွက်ခွင့်မရှိသည့် လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးအဖြစ် ကုမ္ပဏီက တင်ပြထားသူ တစ်ဦးဦးသည် အဆိုပါ လုပ်ပိုင်ခွင့်အားကျင့်သုံးရန် အခွင့်အာဏာ အပ်နှင်းထားခြင်းခံရသည်ဟု မှတ်ယူနိုင်သည်။

(င) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ ဒါရိုက်တာများ၊ အတွင်းရေးမှူး၊ အခြားအရာရှိများနှင့် ကိုယ်စားလှယ်များက ကုမ္ပဏီနှင့် သက်ဆိုင်သော ၎င်းတို့၏ တာဝန်များကို လျော်ကန်စွာဆောင်ရွက်ကြောင်း မှတ်ယူနိုင်မည်။

(စ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)နှင့်အညီ လက်မှတ်ရေးထိုး ဆောင်ရွက်ထားလျှင် အဆိုပါ စာချုပ်စာတမ်းအား ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးဦးသည် စာချုပ်စာတမ်းတစ်ရပ်ကို အောက်ပါအတိုင်း ဆောင်ရွက်ထားလျှင် ကုမ္ပဏီမှ တရားဝင်ချုပ်ဆို ဆောင်ရွက်ထားသည်ဟု မှတ်ယူနိုင်မည် -

(၁) ပုဒ်မ ၂၉ ပုဒ်မခွဲ(ဂ) နှင့်အညီ စာချုပ်စာတမ်းတွင် ကုမ္ပဏီ၏ ရုံးတံဆိပ်ကို ခတ်နှိပ်ထားခြင်းနှင့်

(၂) ပုဒ်မ ၂၉ ပုဒ်မခွဲ (ဂ)နှင့်အညီ ထိုသို့ ရုံးတံဆိပ် ခတ်နှိပ်ခြင်းအား သက်သေပြုခြင်း။

(ဇ) ပုဂ္ဂိုလ်တစ်ဦးဦးသည် ကုမ္ပဏီ၏ကိုယ်စား စာရွက်စာတမ်းတစ်ခုခု သို့မဟုတ် စာရွက်စာတမ်းတစ်ခုခု၏ မိတ္တူမှန်ကို ထုတ်ပေးရန် အခွင့်အာဏာရှိသည့် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အခြားအရာရှိ သို့မဟုတ် ကိုယ်စားလှယ် တစ်ဦးဦးသည် အဆိုပါစာရွက်စာတမ်းမှာ အစစ်အမှန်ဖြစ်ကြောင်း သို့မဟုတ် မိတ္တူမှန်ဖြစ်ကြောင်း အာမခံနိုင်သည့် အခွင့်အာဏာလည်း ရှိသည်ဟု မှတ်ယူနိုင်မည်။

**အခန်း (၈) ကုမ္ပဏီ မှတ်ပုံတင်ခြင်း မပြုမီက ဆောင်ရွက်ချက်များ**

၃၂။ **ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမတိုင်မီ ကုန်ကျစရိတ်များ**

ဤအခန်းတွင် ဖော်ပြထားသော အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအား တည်ထောင် မှတ်ပုံတင်ခြင်း မတိုင်မီ အမှန်ကုန်ကျခဲ့သည့်စရိတ်များကို ကုမ္ပဏီ၏ ပိုင်ဆိုင် ပစ္စည်းများမှ ကျခံပေးချေနိုင်သည်။

၃၃။ **ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များ**

(က) ဤပုဒ်မနှင့် ပုဒ်မ ၃၄ မှ ၃၆ အထိ တို့တွင် ပါရှိသော ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်း မပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ဟူသည် အောက်ပါတို့ကို ဆိုသည် -

(၁) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ကုမ္ပဏီအနေဖြင့် ရည်ရွယ်ပြီး ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်၊ သို့မဟုတ်

(၂) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီနှင့် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ရန် စဉ်းစားသုံးသပ်နေသည့်အချိန်တို့တွင် ကုမ္ပဏီကိုယ်စားလူတစ်ဦးက ချုပ်ဆိုသော ပဋိညာဉ်စာချုပ်။

(ခ) ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ပြီးနောက် သင့်လျော်သည့် ကာလအတွင်း ကုမ္ပဏီသည် အတည်ပြုဆောင်ရွက်နိုင်သည်။

(ဂ) အတည်ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်သည် ယင်းအား ချုပ်ဆိုစဉ်က ကုမ္ပဏီသည် စာချုပ်ဝင်တစ်ဦးဖြစ်ဘိသကဲ့သို့ တရားဝင် အကျိုးသက်ရောက်သည်။

(ဃ) ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို အကျိုးသက်ရောက်စေရန်အတွက် ဒါရိုက်တာများက ဆုံးဖြတ်ချက် တစ်ရပ်ချမှတ်ခြင်းဖြင့်သော်လည်းကောင်း၊ ပုဒ်မ ၂၉ အရ ပဋိညာဉ်စာချုပ်တစ်ရပ်အား ကုမ္ပဏီကိုယ်စားချုပ်ဆိုနိုင်သည့် အခြားသောနည်းလမ်းများအတိုင်း ကုမ္ပဏီမှ အတည်ပြုနိုင်သည်။

(င) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ထိုကုမ္ပဏီက အတည်မပြုနိုင်ခဲ့လျှင် သို့မဟုတ် ပုဒ်မ ၃၅ အရ တရားရုံးက တရားဝင်ကြောင်း မသတ်မှတ်ခဲ့လျှင် ကုမ္ပဏီသည် အဆိုပါ ပဋိညာဉ်စာချုပ်အား အတည်ပြုခြင်း သို့မဟုတ် အဆိုပါပဋိညာဉ်စာချုပ်မှ အကျိုးခံစားခွင့် တစ်စုံတစ်ရာကို ရယူခံစားမပြုရ။

၃၄။ **ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ သဘော သက်ရောက်သော အာမခံချက်များ**

(က) ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တွင် အတိအလင်း ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်မှ တစ်ပါး ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ပြုလုပ်ထားသည့် ပုဂ္ဂိုလ်က သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို အောက်ပါအတိုင်း ထားရှိရာရောက်သည်-

(၁) ကုမ္ပဏီအား ပဋိညာဉ်စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလတစ်ရပ်ရပ်အတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် စာချုပ်ချုပ်ဆိုပြီးနောက် သင့်လျော်သည့် ကာလအတွင်း ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်မည်ဟုလည်းကောင်း၊

(၂) ကုမ္ပဏီသည် ပဋိညာဉ်စာချုပ်ကို စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် ကာလအတွင်း သို့မဟုတ် ထိုသို့ဖော်ပြပါရှိခြင်း မရှိခဲ့လျှင် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ပြီးနောက် သင့်လျော်သည့်ကာလအတွင်းအတည်ပြုဆောင်ရွက်မည်ဟု လည်းကောင်း။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) အရ သဘောသက်ရောက်သော အာမခံချက်တစ်ရပ်ကို ချိုးဖောက်ခြင်းအတွက် တရားစွဲဆိုဆောင်ရွက်မှုတစ်ရပ်တွင် ရရှိထိုက်သော နစ်နာကြေး ပမာဏသည် ပဋိညာဉ်စာချုပ်အား အတည်ပြုပြီးနောက် ပယ်ဖျက်သကဲ့သို့ စာချုပ်အရ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုခဲ့သည့်အတွက် ကုမ္ပဏီ၏ ချိုးဖောက်မှုအပေါ် နစ်နာကြေး တောင်းဆိုသည့် တရားစွဲဆိုမှုတွင် ရရှိထိုက်သော နစ်နာကြေးပမာဏအတိုင်း ဖြစ်စေရမည်။

(ဂ) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင် ပုဒ်မ ၃၃ အရ ကုမ္ပဏီမှ အတည်ပြုထားသည့် ပဋိညာဉ်စာချုပ်တစ်ရပ်မှတစ်ပါး ကုမ္ပဏီသည် ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းမပြုမီကချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်ပါ အလားတူ စည်းကမ်းချက်များဖြင့် သို့မဟုတ် အစားထိုးပြင်ဆင် ဖော်ပြထားသည့် စည်းကမ်းချက်များဖြင့် ပဋိညာဉ်စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့လျှင် သက်ဆိုင်သော ပုဂ္ဂိုလ်၏ တာဝန်ရှိမှုသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ နစ်နာမှုအတွက် လျော်ကြေးပေးရန် တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်အရ တာဝန်ရှိမှုအပါအဝင် ကင်းလွတ်ခွင့်ပြုရမည်။

၃၅။ **အတည်ပြုရန် ပျက်ကွက်ခြင်း**

(က) ကုမ္ပဏီအား ဖွဲ့စည်းတည်ထောင်ပြီးနောက်တွင်ကုမ္ပဏီက အတည်မပြုသော ကုမ္ပဏီ ဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အပေါ် စာချုပ်ဝင် တစ်ဦးသည် တရားရုံးသို့ တင်ပြ၍ အောက်ပါတို့နှင့် စပ်လျဉ်းသည့် အမိန့်တစ်ရပ် ချမှတ်ပေးရန် လျှောက်ထားနိုင်သည် -

(၁) ပဋိညာဉ်စာချုပ်အရ မြေပစ္စည်းဖြစ်စေ၊ အခြားပစ္စည်းဖြစ်စေ ရရှိထားသည့် ပစ္စည်းများကို အဆိုပါစာချုပ်ဝင်ထံသို့ ပြန်ပေးစေရန် ကုမ္ပဏီသို့ ညွှန်ကြားခြင်း၊ သို့မဟုတ်

(၂) အဆိုပါပစ္စည်း သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့် သက်ဆိုင်သည့် စာချုပ်ဝင်အား ခံစားခွင့်ပြုသည့် အခြားသက်သာခွင့်များ၊ သို့မဟုတ်

(၃) ပဋိညာဉ်စာချုပ် တစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ အတည်ပြုခြင်း။

(ခ) ပုဒ်မ ၃၄ ပုဒ်မခွဲ (ခ)နှင့်အညီ အမိန့်တစ်ရပ်အား ချမှတ်ပြီးသည်ဖြစ်စေ မပြီးသည် ဖြစ်စေ တရားရုံးသည် သင့်လျော်မျှတသည်ဟု ယူဆလျှင် ၎င်းမှ သင့်သည် ထင်မြင်သည့် အမိန့်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ သက်သာခွင့် တစ်ရပ်ရပ်ကို သော်လည်းကောင်း ချမှတ် ဆောင်ရွက်နိုင်သည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

**၃၆။ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်ခြင်း**

ကုမ္ပဏီက အတည်ပြုထားသော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်းမပြုမီက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အား ချိုးဖောက်မှုအတွက် ကုမ္ပဏီအပေါ် ပြုလုပ်သည့် တရားစွဲဆိုမှုတွင် တရားရုံးသည် ကုမ္ပဏီ၊ တရားစွဲဆိုမှုတွင် ပါဝင်သည့် အခြားစာချုပ်ဝင်များ၏ လျှောက်ထားချက်၊ သို့မဟုတ် ၎င်းကိုယ်တိုင် တွေ့ရှိချက်များအပေါ် အခြေခံ၍ လျော်ကြေးပေးစေရန်ကို သော်လည်းကောင်း၊ တရားရုံးက သင့်သည် ထင်မြင်သည့် အခြားသက်သာခွင့်ပေးစေရန်ကို သော်လည်းကောင်း ချမှတ်နိုင်သည့်အပြင် ကုမ္ပဏီအပေါ်တွင် လည်းကောင်း၊ ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့သည့် ပုဂ္ဂိုလ်အပေါ်တွင် လည်းကောင်း အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**အခန်း(၉)ဤဥပဒေအရ မှတ်ပုံတင်ခွင့်ရှိသော သို့မဟုတ် မှတ်ပုံတင်ရမည့် အခြားကော်ပိုရေးရှင်းများ**

**နိုင်ငံတော်အတွင်း အာဏာတည်လျက်ရှိသော အခြားသောဥပဒေများအရ ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်းများ**

**၃၇။ မှတ်ပုံတင်ဆောင်ရွက်နိုင်သည့် ကော်ပိုရေးရှင်းများ**

(က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ခြွင်းချက်များနှင့် ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ နိုင်ငံတော်အတွင်း အာဏာတည်သည့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်းများသည် ဤ ဥပဒေအရ တာဝန် ကန့်သတ်မထားသည့်ကုမ္ပဏီ သို့မဟုတ် အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီ သို့မဟုတ် ခံဝန်ချက်အားဖြင့်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုခုအဖြစ် မှတ်ပုံတင်နိုင်သည်။ အဆိုပါအဖွဲ့အစည်းကို ဖျက်သိမ်းရန် ရည်ရွယ်၍ မှတ်ပုံတင်ခြင်းသည် တရားမဝင်ဖြစ်သည်ဟု မှတ်ယူခြင်း မပြုရ။

(ခ) အထူးကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ယခင်ဥပဒေမတိုင်မီက အာဏာတည်လျက်ရှိသည့် ကုမ္ပဏီအက်ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသည့် ဤဥပဒေ စတင်အာဏာတည်သည့်နေ့အထိ တည်ရှိသော ကော်ပိုရေးရှင်းများအားလုံးသည် အစုရှယ်ယာအားဖြင့်တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီများအဖြစ် သတ်မှတ်ဖော်ပြထားသည့် လိုအပ်ချက်များနှင့်အညီ ဤဥပဒေအရ မှတ်ပုံတင်ဆောင်ရွက်ရမည်။

(ဂ) ပုဒ်မ ၃၇၊ ၃၈ နှင့် ၃၉ ပါ ပြဋ္ဌာန်းချက်များသည် ပြည်ပကော်ပိုရေးရှင်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

**၃၈။ ကော်ပိုရေးရှင်း၏အမည်တွင် "လီမိတက်" စာသားအား ဖြည့်စွက်ခြင်း**

ကော်ပိုရေးရှင်းတစ်ခုကို ဤဥပဒေအရ တာဝန်ကန့်သတ်ထားရှိပြီး မှတ်ပုံတင်သည့်အခါ "လီမိတက်" သို့မဟုတ် "အများပိုင် ကုမ္ပဏီလီမိတက်" သို့မဟုတ် အခန်း(၆) တွင် ဖော်ပြထားသည့် အလားတူစကားရပ်များကို ကော်ပိုရေးရှင်းအမည်တွင် ထည့်သွင်း လျက် မှတ်ပုံတင်ရမည်။

**၃၉။ တည်ဆဲကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ်**

မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပြီး သတ်မှတ်ဖော်ပြထားသည့် လျှောက်လွှာကြေးများကို ပေးသွင်းသည့်အခါတွင် မှတ်ပုံတင်အရာရှိသည် ကော်ပိုရေးရှင်းကို ဤဥပဒေအရ မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။ ထိုသို့ ဆောင်ရွက်ပြီးနောက် အဆိုပါ ကော်ပိုရေးရှင်းသည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်၍ မှတ်ပုံတင်ထားသည်ဟု မှတ်ယူရမည်။ ၎င်းအပြင် အဆိုပါ ကော်ပိုရေးရှင်းသည် အစဉ်အဆက်ဆက်ခံဆောင်ရွက်ခွင့်ရှိစေရမည်ဖြစ်ပြီး လိုအပ်လျှင် ရုံးတံဆိပ်ထားရှိနိုင်သည်။

**စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များ**

**၄၀။ အသင်းအဖွဲ့များအတွက် ကန့်သတ်တားမြစ်ချက်များ**

အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ယင်းဥပဒေနှင့်အညီ-

(က) အသင်းအဖွဲ့ကို ယင်းအသင်းအဖွဲ့ကသော်လည်းကောင်း၊ ယင်းတို့၏ အဖွဲ့ဝင်များက သော်လည်းကောင်း အကျိုးအမြတ်ရယူရန် ရည်ရွယ်ချက်ဖြင့် အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ဤဥပဒေအရ ဖွဲ့စည်းခြင်း မပြုရ။

(ခ) ဤပုဒ်မနှင့် ဆန့်ကျင်ပြီး စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သော အသင်းအဖွဲ့တစ်ခုခုတွင် ပါဝင်သူအားလုံးသည် အဆိုပါ စီးပွားရေးလုပ်ငန်းတွင် ဆောင်ရွက်ရသည့် တာဝန်ရှိမှုများအားလုံးအတွက် တစ်ဦးချင်းအလိုက် တာဝန်ရှိသည်။

၄၁။ ပုဒ်မ ၄၀ နှင့် ဆန့်ကျင်ပြီး ဖွဲ့စည်းထားသည့် အသင်းအဖွဲ့တစ်ခုခုတွင် ပါဝင်သူတစ်ဦးဦးသည် ပြစ်ဒဏ်ပမာဏ (၃) ခု ထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၂။ စီးပွားရေးလုပ်ငန်းနှင့် အလားတူကိစ္စရပ်များအတွက် တည်ထောင်သည့် အသင်းအဖွဲ့များကို မှတ်ပုံတင်ရန် အခွင့်အာဏာ**

(က) တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ် တည်ထောင်နိုင်သော အသင်းအဖွဲ့တစ်ခုသည် စီးပွားရေးလုပ်ငန်းများကို အထောက်အကူပြုရန် သို့မဟုတ် အခြားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်အတွက် တည်ထောင်ခဲ့ကြောင်း သို့မဟုတ် တည်ထောင်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်း၏ အကျိုးအမြတ် (ရှိခဲ့လျှင်) သို့မဟုတ် ယင်း၏ရည်ရွယ်ချက်များကို မြှင့်တင်ဆောင်ရွက်ရာမှ ရရှိသော အခြားဝင်ငွေများကို အသုံးပြုကြောင်း သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ကြောင်းနှင့် ယင်းအဖွဲ့အစည်းတွင် ပါဝင်သူများသို့ အကျိုးအမြတ် တစ်စုံတစ်ရာ ခွဲဝေပေးခြင်းကို တားမြစ်ထားကြောင်း မှတ်ပုံတင်အရာရှိမှ ကျေနပ်လက်ခံစေရန် တင်ပြနိုင်လျှင် ယင်း၏ အမည်တွင် "တရားဝင်တည်ထောင်ထားသော" ဟူသည့်စကားရပ် ဖြည့်စွက်၍ လိုင်စင်ပေးအပ်ခြင်းဖြင့် အဆိုပါအသင်းအား မှတ်ပုံတင်ခွင့်ပြုနိုင်သည်။

(ခ) ဤပုဒ်မအရ မှတ်ပုံတင်အရာရှိသည် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ၎င်းက သင့်သည် ထင်မြင်သည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် လိုင်စင်တစ်ရပ်ကို ပေးအပ်နိုင်သည်။ အဆိုပါ စည်းမျဉ်း စည်းကမ်းများသည် ဖော်ပြပါ အသင်းအဖွဲ့ အပေါ်တွင် စည်းနှောင်မှုရှိပြီး မှတ်ပုံတင်အရာရှိက ညွှန်ကြားလျှင် အသင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ ထည့်သွင်းဖော်ပြရမည်။

(ဂ) အသင်းအဖွဲ့သည် မှတ်ပုံတင်ပြီးနောက် ယင်း၏အမည်တွင် "လီမိတက်"ဟူသော စကားရပ်အား ထည့်သွင်းအသုံးပြုခြင်းမှအပ တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီများမှ ရရှိသောအခွင့်အရေးများအားလုံးကို ရရှိခံစားနိုင်ပြီး ကုမ္ပဏီများ၏ တာဝန်များအားလုံးကိုလည်း လိုက်နာဆောင်ရွက်ရမည်။

(ဃ) ဤပုဒ်မအရ ပေးအပ်ထားသည့် လိုင်စင်တစ်ရပ်ကို မည်သည့်အခါတွင်မဆို မှတ်ပုံတင်အရာရှိက ပြန်လည်ရုပ်သိမ်းနိုင်ပြီး ထိုသို့ ရုပ်သိမ်းခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အသင်းအဖွဲ့အားမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်ဖြစ်ပြီး အသင်းအဖွဲ့သည် ဤပုဒ်မအရ ပေးအပ်ထားသည့် သက်သာခွင့်များနှင့် အခွင့်အရေးများကို ရရှိခံစားနိုင်ခြင်းမှ ရပ်စဲစေရမည်။ သို့ရာတွင် လိုင်စင်အား ထိုသို့ ရုပ်သိမ်းခြင်းမပြုမီ မှတ်ပုံတင်အရာရှိသည် ထိုသို့ ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း စာဖြင့်ရေးသားဖော်ပြထားသည့် သင့်လျော်သည့် အကြောင်းကြားစာကို (၂၈) ရက်ထက်နောက်မကျစေဘဲ အသင်းအဖွဲ့ထံသို့ ပေးပို့ရမည်ဖြစ်ပြီး အဆိုပါအကြောင်းကြားသည့် ကာလအတွင်း အသင်းအဖွဲ့အနေဖြင့် ထိုသို့ရုပ်သိမ်းခြင်း မပြုထိုက်ကြောင်း တင်ပြချက်တစ်ရပ်ကို ပြုလုပ်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည်။

(င) မှတ်ပုံတင်အရာရှိသည် -

(၁) လိုင်စင်တွင် လိုက်နာဆောင်ရွက်ရန် ဖော်ပြခဲ့သော စည်းမျဉ်း စည်းကမ်းများရှိခဲ့လျှင် ယင်းစည်းမျဉ်း စည်းကမ်းများအစား သို့မဟုတ် ယင်းစည်းမျဉ်း စည်းကမ်းများအပြင် မှတ်ပုံတင်အရာရှိမှ သင့်သည်ထင်မြင်သည့် စည်းမျဉ်း စည်းကမ်းများဖြင့် လိုင်စင်ကို ပြောင်းလဲပြင်ဆင်နိုင်သည်၊ သို့မဟုတ်

(၂) ယခင်ထုတ်ပေးခဲ့သော လိုင်စင်အစား လိုင်စင်အသစ်တစ်ရပ်ကို ထုတ်ပေးနိုင်သည်။

(စ) ပြည်ထောင်စုဝန်ကြီးသည် ဤပုဒ်မ၏ ပုဒ်မခွဲ(င) အရ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ဖြင့် ပြောင်းလဲပြင်ဆင်မှု သို့မဟုတ် လိုင်စင်တစ်ရပ် ထုတ်ပေးမှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိထံ ညွှန်ကြားနိုင်သည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အခြားသက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေဘဲ အဆိုပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရမည်။

**ပြည်ပကော်ပိုရေးရှင်းများအား မှတ်ပုံတင်ခြင်း**

**၄၃။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်းစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ခြင်း**

(က) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခုခုသည် ဤအခန်းအရ မှတ်ပုံတင်ထားခြင်းမရှိဘဲ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် ကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခုခုသည် နိုင်ငံတော်အတွင်း အောက်ပါတို့ကို ပြုလုပ်ဆောင်ရွက်ခြင်း ရှိကာမျှနှင့် နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည်ဟု မှတ်ယူခြင်း မရှိစေရ -

(၁) တရားစွဲဆိုမှုတစ်ရပ်တွင် အမှုသည်တစ်ဦးဖြစ်ခြင်း သို့မဟုတ် ဖြစ်လာခြင်း၊ သို့မဟုတ် တရားစွဲဆိုမှုတစ်ရပ် သို့မဟုတ် တောင်းဆိုမှု သို့မဟုတ် အငြင်းပွားမှု တစ်ရပ်ကို ဖြေရှင်းခြင်း၊ သို့မဟုတ်

(၂) ဒါရိုက်တာများ သို့မဟုတ် အစုရှယ်ယာရှင်များ၏ အစည်းအဝေးများကို ကျင်းပခြင်း သို့မဟုတ် ၎င်းတို့၏ အဖွဲ့အစည်းအတွင်းပိုင်း စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၃) ဘဏ်ငွေစာရင်းတစ်ခု ဖွင့်လှစ်ထားရှိခြင်း၊ သို့မဟုတ်

(၄) သီးခြားကန်ထရိုက်တာတစ်ဦးမှတစ်ဆင့် ပစ္စည်းများရောင်းချမှုကို ပြုလုပ်ခြင်း၊ သို့မဟုတ်

(၅) လုပ်ငန်းလက်ခံရရှိခြင်း တစ်ရပ်သည် နိုင်ငံတော်၏ ပြင်ပတွင် လက်ခံရရှိခဲ့မှသာလျှင် စည်းနှောင်မှုရှိသော ပဋိညာဉ်စာချုပ်တစ်ရပ်ဖြစ်လာမည့် လက်ခံခြင်း သို့မဟုတ် ရရှိခြင်း၊ သို့မဟုတ်

(၆) ငွေကြေးများ ချေးပေးခြင်း၊ ကြွေးမြီသက်သေခံချက် ပြုလုပ်ခြင်း သို့မဟုတ် ပစ္စည်းများအပေါ်တွင် ကြွေးမြီတာဝန်တင်ရှိခြင်း၊ သို့မဟုတ်

(၇) ယင်း၏ကြွေးမြီများမှ တစ်ရပ်ရပ်ကို ရရှိခြင်း သို့မဟုတ် တောင်းယူခြင်း သို့မဟုတ် အဆိုပါ ကြွေးမြီများနှင့် စပ်လျဉ်းသည့် ငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်သည့် အခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခြင်း၊ သို့မဟုတ်

(၈) အခါအားလျော်စွာ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည့် အလားတူလုပ်ငန်းဆောင်ရွက်မှုများ မဟုတ်သည့် ရက်ပေါင်း (၃၀) ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် သီးခြားလုပ်ငန်း ဆောင်ရွက်ချက်တစ်ရပ်ကို ပြုလုပ်ခြင်း၊ သို့မဟုတ်

(၉) ယင်း၏ရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် ပစ္စည်းများကို ထိန်းသိမ်းထားခြင်း။

(ဂ) နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများကို ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခုခုက ဆောင်ရွက်ခြင်း ရှိမရှိနှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် အခါအားလျော်စွာ လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည်။ သို့ရာတွင် အဆိုပါ လမ်းညွှန်ချက်များသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရမည်။

(ဃ) ပြည်ထောင်စုဝန်ကြီးသည် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရသော်လည်းကောင်း၊ မိမိ၏ တွေ့ရှိချက်အရသော်လည်းကောင်း အလားတူအခြေအနေတွင် ကော်ပိုရေးရှင်းတစ်ခုခုကိုဖြစ်စေ သို့မဟုတ် ကော်ပိုရေးရှင်းအမျိုးအစား တစ်ရပ်ရပ်ဖြစ်စေ နိုင်ငံတော်အတွင်း စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း ရှိမရှိကို သတ်မှတ်ဖော်ပြထားနိုင်သည်။

**၄၄။ ပြည်ပကော်ပိုရေးရှင်း၏အမည်**

(က) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် လိမ်လည်လိုသော သို့မဟုတ် အခြားနည်းအားဖြင့် လှည့်စားနိုင်သော သို့မဟုတ် ရှုပ်ထွေးစေနိုင်သော ကိစ္စရပ်များပေါ်ပေါက်စေနိုင်သည့် မှတ်ပုံတင်ထားပြီးဖြစ်သော တည်ဆဲအဖွဲ့အစည်းတစ်ခု၏ အမည်နှင့် တူညီသော အမည်ကိုသော်လည်းကောင်း၊ ထိုအမည်နှင့် ဆင်တူသော အမည်ကိုသော်လည်းကောင်း၊ တည်ဆဲအဖွဲ့အစည်းမှ ဖျက်သိမ်းရန် ဆောင်ရွက်နေသည့် အမည်အား အသုံးပြုနိုင်ရန် ထိုအဖွဲ့အစည်း၏ သဘောတူညီချက်ကို မှတ်ပုံတင်အရာရှိထံ တင်ပြနိုင်သည့် အခါမှတစ်ပါး မှတ်ပုံတင်ဆောင်ရွက်ခြင်းမပြုရ။ ပြည်ပကော်ပိုရေးရှင်းတွင် ဖြစ်ပေါ်လာနိုင်သည့် ရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်စေရန်အတွက် ယင်း၏အမည်တွင် ယင်းနိုင်ငံ သို့မဟုတ် အခြားခွဲခြားသိမြင်နိုင်သည့်စာသား သို့မဟုတ် စကားရပ်များကို ထည့်သွင်းဖော်ပြနိုင်သည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏အမည်အား ပြောင်းလဲရန် ပြုလုပ်သည့်အခါ အမည်ပြောင်းလဲပြီးနောက် (၂၈)ရက်အတွင်း အမည်ပြောင်းရန် တင်ပြရမည့် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များသည် လိုအပ်သော ပြောင်းလဲချက်များ အားလုံးနှင့်အတူ အမည်ပြောင်းလဲမှုတစ်ရပ်အား မှတ်ပုံတင်ရာတွင် သက်ဆိုင်စေရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ဤဥပဒေနှင့်အညီ အမည်ပြောင်းလဲမှုအား မှတ်ပုံတင်ပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ မှတ်ပုံတင်ထားသော အမည်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန်အတွက် လိုအပ်ပါက အဆိုပါအမည်အား ပြောင်းလဲစေရန် ညွှန်ကြားနိုင်ပြီး အဆိုပါ ပြည်ပကော်ပိုရေးရှင်းသည် မှတ်ပုံတင်အရာရှိက ညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ (၂)လအတွင်း ယင်း၏မှတ်ပုံတင်ထားသည့်အမည်ကို ပြောင်းလဲရန် လိုအပ်သည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၅။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၄၄ တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် အဆိုပါကော်ပိုရေးရှင်း၊ ဒါရိုက်တာအားလုံးနှင့် အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိများသည် ပြစ်ဒဏ်ပမာဏ (၃) ခုထက် မပိုသော ဒဏ်ငွေအဖြစ် ပေးဆောင်ရန်တာဝန်ရှိသည်။

**၄၆။ လုပ်ငန်းဆောင်ရွက်မှုများ တရားဝင်ဖြစ်ခြင်း**

ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၄၃ သို့မဟုတ် ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအား အဆိုပါ ပြည်ပကော်ပိုရေးရှင်းမှ ချုပ်ဆို ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုတစ်ရပ်ရပ်၏ တရားဝင်မှု သို့မဟုတ် အတည်ပြုနိုင်မှုတို့အား ထိခိုက်စေခြင်း မရှိစေရ။

**၄၇။ မှတ်ပုံတင်ရန်အတွက် လျှောက်ထားခြင်း**

(က) ဤအပိုင်းအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို မှတ်ပုံတင်အရာရှိထံပေးပို့တင်ပြရမည်ဖြစ်ပြီး ၎င်းသည်-

(၁) သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လျှောက်ထားခြင်း ဖြစ်ရမည်၊ ၎င်းပြင်

(၂) ပြည်ပကော်ပိုရေးရှင်းက သော်လည်းကောင်း၊ ယင်းကိုယ်စားသော်လည်းကောင်း လက်မှတ်ရေးထိုးထားခြင်း ဖြစ်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်များအပြင် လျှောက်လွှာတွင်-

(၁) ပြည်ပကော်ပိုရေးရှင်း၏အမည်ကို ဖော်ပြရမည်၊

(၂) လျှောက်လွှာတင်သည့်နေ့တွင် ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများနှင့် အတွင်းရေးမှူးတို့၏ အမည်အပြည့်အစုံ၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်၊

(၃) ပြည်ပကော်ပိုရေးရှင်းမှ ခန့်အပ်ထားသည့် အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိတစ်ဦးကို ခန့်အပ်ထားသည်ဟု ဖော်ပြရမည်ဖြစ်ပြီး ၎င်း၏အမည် အပြည့်အစုံ၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာများကို ဖော်ပြရမည်၊ ၎င်းအရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ ကိုယ်စား နိုင်ငံတော်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်းများကို လက်ခံဆောင်ရွက်ရန် အခွင့်အာဏာ အပ်နှင်းခြင်းခံရသူ ဖြစ်သည်၊

(၄) အခွင့်အာဏာ အပ်နှင်းခြင်းခံရသောအရာရှိအဖြစ် အမည်ဖော်ပြထားသော ပုဂ္ဂိုလ်သည် ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိအဖြစ် ဆောင်ရွက်ရန်အတွက် စာဖြင့်ရေးသားသဘောတူညီချက် ပြုလုပ်ထားကြောင်း ဖော်ပြရမည်၊

(၅) ပြည်ပကော်ပိုရေးရှင်း၏ နိုင်ငံတော်အတွင်း၌ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာအပြည့်အစုံကို ဖော်ပြရမည်၊

(၆) မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာနှင့် ကွဲလွဲခဲ့လျှင် ပြည်ပကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာ၏ လိပ်စာအပြည့်အစုံ သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာ တစ်နေရာထက်ပိုနေပါက အဓိကနေရာ၏ လိပ်စာအပြည့်အစုံအား ဖော်ပြရမည်၊

(၇) ကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် ၎င်း၏ မူလနိုင်ငံရှိ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော အဓိကနေရာ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်၊

(၈) လျှောက်လွှာတွင် ဖော်ပြပါရှိသည့် အချက်အလက်များ အားလုံးသည် မှန်ကန်ကြောင်း ပြည်ပကော်ပိုရေးရှင်းမှ တာဝန်ယူထုတ်ဖော်ကြေညာချက်တစ်ရပ် ပါရှိရမည်၊ ၎င်းပြင်

(၉) ပြည်ပကော်ပိုရေးရှင်းကို ဖွဲ့စည်းတည်ထောင်သည့်သက်သေခံ အထောက်အထားအား ပူးတွဲတင်ပြရမည့်အပြင် ကော်ပိုရေးရှင်း ဖွဲ့စည်းခြင်းဆိုင်ရာ စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူတစ်စောင်၊ ယင်းအား မြန်မာဘာသာဖြင့် ရေးသားထားခြင်း မရှိလျှင် အဆိုပါ ကော်ပိုရေးရှင်းကိုယ်စား ဒါရိုက်တာတစ်ဦးက တရားဝင် အတည်ပြုထားသည့် အင်္ဂလိပ်ဘာသာဖြင့် အကျဉ်းချုပ်ဖော်ပြချက်နှင့် မြန်မာဘာသာဖြင့်လည်း ပြန်ဆိုထားသည့် စာရွက်စာတမ်းကိုတင်ပြရမည်။

(ဂ) လျှောက်လွှာတင်သွင်းသည့်အခါ သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို မှတ်ပုံတင်အရာရှိထံ ပေးသွင်းရမည်။

(ဃ) လျှောက်လွှာ၊ ယင်းနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းများ၏ မူရင်းကွဲများနှင့် ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)(၄)တွင် ဖော်ပြပါရှိသည့် သဘောတူညီချက်၏ မူရင်းကို အခွင့်အာဏာ အပ်နှင်းခြင်းခံရသောအရာရှိက သိမ်းဆည်းထားရမည်ဖြစ်ပြီး ပြည်ပကော်ပိုရေးရှင်း၏ မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရမည်။

၄၈။ ပုဒ်မ ၄၇ အရ လျှောက်ထားရာတွင် လျှောက်ထားသူက လျှောက်လွှာတွင် အချက်အလက်များအား မှားယွင်းတင်ပြခဲ့ပါက ပြည်ပကော်ပိုရေးရှင်းသည် ပြစ်ဒဏ်ပမာဏ (၁၀၀) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**၄၉။ ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်ခြင်း**

(က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေပါ လိုအပ်ချက်များနှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်တင်ပြလာသည့် ပြည်ပကော်ပိုရေးရှင်း လျှောက်လွှာတစ်စောင်အား ၎င်းအနေဖြင့် ဤအခန်းအတွက်ထားရှိသော မှတ်ပုံတင်စာအုပ်၏အပိုင်းတစ်ခုတွင် မှတ်ပုံတင်သွင်းရမည်။ ၎င်းအပြင် အောက်ပါအချက်များကိုဖော်ပြလျက် မှတ်ပုံတင်ခြင်းဆိုင်ရာ သက်သေခံလက်မှတ် တစ်စောင်ကို ထုတ်ပေးရမည်-

(၁) ကော်ပိုရေးရှင်း၏ အမည်၊

(၂) ကော်ပိုရေးရှင်းအား ဤဥပဒေအရ ပြည်ပကော်ပိုရေးရှင်းတစ်ခုအဖြစ် မှတ်ပုံတင်ထားကြောင်း၊

(၃) မှတ်ပုံတင်သည့်နေ့၊

(၄) သတ်မှတ်ဖော်ပြထားသည့် အခြားအကြောင်းအရာများ။

(ခ) မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ထားကြောင်း ထိန်းသိမ်းထားရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းမှာ ကောင်းမွန်ခိုင်မာစွာ ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်းကို သိရှိနိုင်စေရန်အတွက် မှတ်ပုံတင်အရာရှိက စာရွက်စာတမ်းများ ထပ်မံ လိုအပ်သည်ဟု သင့်သည် ထင်မြင်သည်မှအပ ပုဒ်မ ၄၇ တွင် ဖော်ပြထားသော သို့မဟုတ် ယင်းပုဒ်မအရ လိုအပ်သော မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အခြားစာရွက်စာတမ်းတစ်စုံတစ်ရာကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အကြောင်းအချက်မှတစ်ပါး တင်ပြရန် လိုအပ်ခြင်း မရှိစေရ။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

၅၀။ **ပြည်ပကော်ပိုရေးရှင်းမှ အမည်အား အသုံးပြုခြင်း**

နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသော ပြည်ပကော်ပိုရေးရှင်းအားလုံးသည် ၎င်းတို့၏ အမည်အပြည့်အစုံနှင့် ၎င်းတို့အား ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံ၏ အမည်တို့ကို အောက်ပါကိစ္စရပ်များတွင် သေချာစေရန်-

(က) ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ ကိုယ်စားသော်လည်းကောင်း ပေးပို့ဆောင်ရွက်သည့် စာဖြင့်ရေးသားဆက်သွယ် ဆောင်ရွက်မှုများအားလုံးတွင် ရှင်းလင်းစွာ ဖော်ပြရမည်၊

(ခ) ကော်ပိုရေးရှင်း၏ တရားဝင်တာဝန်တစ်ရပ်ကို ထင်ရှားစေမည့် သို့မဟုတ် ဖြစ်တည်စေမည့် ကော်ပိုရေးရှင်းမှသော်လည်းကောင်း၊ ကော်ပိုရေးရှင်း၏ ကိုယ်စားသော်လည်းကောင်း ထုတ်ပြန်သော သို့မဟုတ် လက်မှတ်ရေးထိုးသော စာရွက်စာတမ်းများအားလုံးတွင် ရှင်းလင်းစွာ ဖော်ပြရမည်၊ ၎င်းပြင်

(ဂ) မှတ်ပုံတင်ထားသော ရုံးခန်းနေရာနှင့် နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာတို့၌ ပေါ်လွင်ထင်ရှားစွာ ဖော်ပြထားရမည်။

၅၁။ **အသေးစိတ်အချက်အလက်များကို ပြောင်းလဲပြင်ဆင်ခြင်း**

နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ပြောင်းလဲပြင်ဆင်ခြင်းဆိုင်ရာ အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိထံသို့ ရက်ပေါင်း(၂၈)ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပေးပို့တင်ပြရမည် -

(က) ပြည်ပကော်ပိုရေးရှင်းအား ဖွဲ့စည်းသည့် စာရွက်စာတမ်း သို့မဟုတ် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအား ပြောင်းလဲပြင်ဆင်ခြင်း၊

(ခ) ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာများပြောင်းလဲခြင်း သို့မဟုတ် ဒါရိုက်တာများ၏ အမည်များ သို့မဟုတ် နေထိုင်ရာလိပ်စာများ ပြောင်းလဲခြင်း၊

(ဂ) ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ထိုသို့ ပြည်ပတွင် လုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာ၏ လိပ်စာပြောင်းလဲခြင်း၊ သို့မဟုတ်

(ဃ) နိုင်ငံတော်အတွင်း ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ သို့မဟုတ် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် အဓိကနေရာလိပ်စာ ပြောင်းလဲခြင်း၊ အဆိုပြုချက် ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို အဆိုပါ လိပ်စာပြောင်းလဲခြင်းမပြုမီ ကြိုတင်ပေးပို့ရမည်။

(င) အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ယင်း၏ လိပ်စာအတွက်သော်လည်းကောင်း၊ ပြည်ပကော်ပိုရေးရှင်းကိုယ်စား နိုင်ငံတော်အတွင်း စာရွက်စာတမ်း၊ စာချုပ်စာတမ်း ဆောင်ရွက်မှုများ လက်ခံပြုလုပ်ရန်အတွက် အာဏာအပ်နှင်းထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးအား ခန့်အပ်ခြင်း သို့မဟုတ် ၎င်း၏ အသေးစိတ်အချက်အလက်များအတွက် သော်လည်းကောင်း ပြောင်းလဲခြင်း၊ ထိုသို့ ပြောင်းလဲမှုအတွက် အကြောင်းကြားစာကို (၇)ရက် အတွင်း ပေးပို့ရမည်။

၅၂။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် အဆိုပါ ပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့် အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိတို့အားလုံးသည် ပြစ်ဒဏ်ပမာဏ(၅)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရန်တာဝန်ရှိသည်။

၅၃။ **ပြည်ပကော်ပိုရေးရှင်းမှ နှစ်စဉ်တင်ပြဆောင်ရွက်ရမည့်ကိစ္စရပ်များ**

(က) နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော ပြည်ပကော်ပိုရေးရှင်းအားလုံးသည် အောက်ပါတို့ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်-

(၁) ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး (၂၈) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် ပြုစုထားသော နှစ်စဉ်အစီရင်ခံစာနှင့်

(၂) (၁၅)လ ထက်မပိုသော ကာလအတွင်းဖြစ်ပြီး ပြက္ခဒိန်နှစ်တစ်ခုထက် မကျော် လွန်စေဘဲ -

(ကက) ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည်အထိပြုစုထားသော လက်ကျန် ရှင်းတမ်း (balance sheet)၊

(ခခ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေထွက်ငွေဖော်ပြချက် စာရင်း (Cash Flow Statement) မိတ္တူတစ်စောင်နှင့်

(ဂဂ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်ဖော်ပြချက် စာရင်း (Profit & Loss Statement) မိတ္တူတစ်စောင်၊

ကော်ပိုရေးရှင်းအနေဖြင့် ၎င်း၏ မူလနိုင်ငံတွင် ဥပဒေအရ ပြုစုတင်ပြရန် လိုအပ်သောပုံစံ၊ ပါဝင်ရမည့် အသေးစိတ်အချက်အလက်များ၊ လိုအပ်သည့် စာရွက်စာတမ်း မိတ္တူများ ပါရှိစေလျက် တင်ပြရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့်အတိုင်း ကော်ပိုရေးရှင်းမှာ ၎င်း၏ မူလနိုင်ငံဥပဒေအရ ဖော်ပြပါစာရွက်စာတမ်းများကို တင်ပြရန် မလိုအပ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် နိုင်ငံတော်အတွင်း ၎င်း၏စီးပွားရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင်ဖော်ပြပါရှိသည့် ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြရန် ကုမ္ပဏီအား တောင်းဆိုနိုင်သည်။ ကော်ပိုရေးရှင်းအား ဤဥပဒေအရ အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထားသကဲ့သို့ ကော်ပိုရေးရှင်းမှ ပြုစုတင်ပြရန်လိုအပ်သည့် အဆိုပါပုံစံဖြင့်ဖြစ်စေ၊အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့်ဖြစ်စေ အဆိုပါ စာရွက်စာတမ်းများအား ပြုစုဆောင်ရွက်ရမည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတော်အတွင်း အသေးစားကုမ္ပဏီတစ်ခုအဖြစ်ဆောင်ရွက်ခြင်းရှိမရှိကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မအရ တင်ပြရမည့် ဘဏ္ဍာရေးဆိုင်ရာ စာရွက်စာတမ်းတစ်ရပ်ရပ်ကို စာရင်းစစ်ဆေးစေခိုင်းနိုင်သည်။ ဤပုဒ်မခွဲအရ ဆုံးဖြတ်ချက်ချမှတ်ရာတွင် မှတ်ပုံတင်အရာရှိသည် ပြည်ပကော်ပိုရေးရှင်း၏ စီးပွားရေးလုပ်ငန်းများမှာ နိုင်ငံတော်အတွင်းအသေးစားကုမ္ပဏီတစ်ခုအဖြစ်ဆောင်ရွက်ခြင်း ရှိ မရှိကို ထည့်သွင်းဆုံးဖြတ်နိုင်သည်။

၅၄။ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ပုဒ်မ ၅၃ ပါ ဆောင်ရွက်ရမည့် အချက်များအား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် အဆိုပါ ပြည်ပကော်ပိုရေးရှင်း၊ ဒါရိုက်တာများနှင့်အခွင့်အာဏာ အပ်နှင်းခြင်းခံရသော အရာရှိတို့အားလုံးသည် သက်ဆိုင်ရာ ချိုးဖောက်မှု တစ်ရပ်စီအတွက် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၅၅။ **နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုအား ရပ်စဲသည့် ပြည်ပကော်ပိုရေးရှင်း**

(က) နိုင်ငံတော်အတွင်း၌ ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုအား ရပ်စဲပြီး (၂၁) ရက်အတွင်း ထိုသို့ ရပ်စဲမှုအား သတ်မှတ်ဖော်ပြထားသည့်ပုံစံတွင်ဖော်ပြလျက် အကြောင်းကြားချက် တစ်ရပ်ကို တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို ပြည်ပကော်ပိုရေးရှင်းက လိုက်နာဆောင်ရွက်ခြင်းရှိကြောင်း မှတ်ပုံတင်အရာရှိက ယုံကြည်သည့်အခါ မှတ်ပုံတင်စာရင်းမှ အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အမည်ကို ပယ်ဖျက်ရမည်။

(ခ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ခြင်း မရှိကြောင်း မှတ်ပုံတင်အရာရှိက သင့်လျော်သည့် အကြောင်းဖြင့် ယုံကြည်သည့်အခါ မှတ်ပုံတင်အရာရှိသည် ထိုသို့ တွေ့ရှိချက်များကို ဖော်ပြလျက်အကြောင်းကြားစာတစ်စောင်အား ပြည်ပကော်ပိုရေးရှင်းထံသို့ ပေးပို့နိုင်သည်။ ထိုအကြောင်းကြားစာတွင် ပေးပို့သည့် နေ့မှ (၂၈) ရက်အတွင်း အကျိုးအကြောင်း တစ်စုံတစ်ရာ ဖော်ပြပြန်ကြားလာခြင်း မရှိခဲ့လျှင် ယင်းပြည်ပကော်ပိုရေးရှင်း၏ အမည်ကို မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းအတွက် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ကြေညာမည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းသည် နိုင်ငံတော်အတွင်း၌ စီးပွားရေးလုပ်ငန်းကို ဆက်လက် လုပ်ကိုင်ဆောင်ရွက်နေကြောင်း ပြန်ကြားချက်ကို အကြောင်းကြားစာ ပေးပို့သည့် နေ့မှ (၂၈) ရက်အတွင်း မှတ်ပုံတင်အရာရှိက လက်ခံရရှိခြင်း မရှိခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အကြောင်းကြားစာတစ်စောင်အား ထပ်မံပေးပို့နိုင်ပြီးနိုင်ငံတော်ပြန်တမ်းတွင်လည်း ထည့်သွင်းဖော်ပြနိုင်သည်။ ယင်းအကြောင်းကြားစာတွင် အကြောင်းကြားစာပေးပို့သည့်နေ့မှ (၃)လ ကုန်ဆုံးသည့်အခါ ယင်း ပြည်ပကော်ပိုရေးရှင်း၏ အမည်အား အခြားသော ထည့်သွင်း စဉ်းစားရမည့်အချက်များ မပေါ်ပေါက်ခဲ့လျှင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) အရ ပေးပို့သည့်အကြောင်းကြားစာတွင် ဖော်ပြပါရှိသည့် ကာလကုန်ဆုံးသည့်အခါ မှတ်ပုံတင်အရာရှိသည် အခြားသော ထည့်သွင်းစဉ်းစားရမည့်အချက်များ မပေါ်ပေါက်ခဲ့လျှင် ပြည်ပကော်ပိုရေးရှင်း၏ အမည်အား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်နိုင်ပြီး ထိုသို့ပယ်ဖျက်သည့် အကြောင်းကြားစာကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် အပိုင်း(၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက ပေးပို့သည့် အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် ပြည်ပကော်ပိုရေးရှင်းအား မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

(စ) ပြည်ပကော်ပိုရေးရှင်းတစ်ခုသည် ယင်း၏ မူလနိုင်ငံတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရန် စတင်ပြုလုပ်လျှင် သို့မဟုတ် ဖျက်သိမ်းခဲ့လျှင် သို့မဟုတ် မှတ်ပုံတင်ထားခြင်းမှ ပြန်လည်ပယ်ဖျက်ခဲ့လျှင် -

(၁) အဆိုပါနေ့မှ (၂၈) ရက်အတွင်း အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိသည် ဖော်ပြပါအကြောင်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ တစ်ဦးအား ခန့်အပ်သည့်အခါ ထိုသို့ ခန့်အပ်ကြောင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အကြောင်းကြားစာကို မှတ်ပုံတင်အရာရှိသို့ ပေးပို့တင်ပြရမည့်အပြင်

(၂) တရားရုံးသည် ပြည်ပကော်ပိုရေးရှင်း၏ မူလနိုင်ငံအတွက် တာဝန်ပေးထားသော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မှတ်ပုံတင်အရာရှိမှ လျှောက်ထားတင်ပြလာလျှင် ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးကို နိုင်ငံတော်အတွင်း၌ ခန့်အပ်ပေးရမည်။

(ဆ) ပြည်ပကော်ပိုရေးရှင်းအား ဖျက်သိမ်းပြီးကြောင်း သို့မဟုတ် မှတ်ပုံတင်ထားခြင်းကို ပြန်လည်ပယ်ဖျက်ပြီးကြောင်း အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်းခံရသော အရာရှိက တင်ပြအကြောင်းကြားခြင်းကို မှတ်ပုံတင်အရာရှိက လက်ခံရရှိသည့်အခါ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်စာရင်းမှ အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏အမည်ကို ပယ်ဖျက်ရမည်။

(ဇ) တရားရုံးက ခန့်အပ်တာဝန်ပေးအပ်သည့် ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် -

(၁) ပြည်ပကော်ပိုရေးရှင်း၏ ပစ္စည်းများကို ခွဲဝေခြင်းတစ်ရပ်ရပ် မပြုလုပ်မီ သင့်လျော်သည့် အချိန်ကာလအတွင်း နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ကြေညာခြင်းဖြင့် မြီရှင်များအားလုံးက ပြည်ပကော်ပိုရေးရှင်းအပေါ် တောင်းဆိုမှုများပြုလုပ်နိုင်ရန်အတွက် ဖိတ်ခေါ်ရမည်၊

(၂) တရားရုံး၏အမိန့်တစ်ရပ်မပါရှိဘဲ ပြည်ပကော်ပိုရေးရှင်း၏ အခြား မြီရှင်တစ်ဦးကို နှုတ်ပယ်၍ မြီရှင်တစ်ဦးသို့ ငွေပေးချေခြင်း မပြုရ၊ ၎င်းပြင်

(၃) တရားရုံး၏ အမိန့်တစ်ရပ်ရပ်ဖြင့် အခြားနည်းဖော်ပြထားခြင်းမရှိလျှင် နိုင်ငံတော်အတွင်းရှိ ပြည်ပကော်ပိုရေးရှင်း၏ ပစ္စည်းများကို ပြန်လည်ရယူခြင်းနှင့် ရောင်းချခြင်းတို့ကို ပြုလုပ်၍ ယင်း၏ မူရင်းနိုင်ငံတွင် တာဝန် ပေးထားသော ပြည်ပကော်ပိုရေးရှင်း၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေး အရာရှိထံသို့ အထက်ပါအတိုင်း ရယူရောင်းချသည့် ပစ္စည်းများ၏ အသားတင် ငွေပမာဏကို ပေးချေရမည်။

(ဈ) ပြည်ပကော်ပိုရေးရှင်းတစ်ခုအား ယင်း၏ပစ္စည်းများသည် နိုင်ငံတော်အတွင်း ဖျက်သိမ်းသည့်အခါ မူရင်းနိုင်ငံအတွက် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ခန့်အပ်ထားခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(ဇ)အရ ပြန်လည်ရရှိသည့် ငွေပမာဏအား ပေးချေနိုင်ရန် အတွက် အမိန့်တစ်ရပ်ချမှတ်ပေးနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထား နိုင်သည်။

၅၆။ **ဤဥပဒေအရ မှတ်ပုံတင်ထားသော ပြည်ပကော်ပိုရေးရှင်းများနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ ပေးပို့ဆောင်ရွက်ခြင်း**

(က) စာရွက်စာတမ်းတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ပြည်ပကော်ပိုရေးရှင်းတစ်ခုထံသို့ ပေးပို့ဆောင်ရွက်ရမည် -

(၁) နိုင်ငံတော်အတွင်းရှိ အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ မှတ်ပုံတင်ထားသော ရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ သော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊

(၂) အဆိုပါ ပြည်ပကော်ပိုရေးရှင်း၏ အခွင့်အာဏာအပ်နှင်းခြင်း ခံရသော အရာရှိ၏ လိပ်စာသို့ လူကိုယ်တိုင် သော်လည်းကောင်း၊ စာတိုက်မှ သော်လည်းကောင်း ပေးပို့ခြင်းဖြင့်ဖြစ်စေ၊

အဆိုပါကိစ္စ တစ်ရပ်စီတွင် ဤဥပဒေနှင့်အညီ အကြောင်းကြား ဖော်ပြထားသည့် လိပ်စာသို့ ပေးပို့ဆက်သွယ်ဆောင်ရွက်ရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ ဆောင်ရွက်ခြင်းကို ကန့်သတ်တားမြစ်ခြင်း မရှိစေဘဲ ပြည်ပကော်ပိုရေးရှင်း၏ ဒါရိုက်တာ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများသည် နိုင်ငံတော်အတွင်း နေထိုင်ကြလျှင် စာရွက်စာတမ်းတစ်ရပ်အား ပြည်ပကော်ပိုရေးရှင်းသို့ပေးပို့ရာတွင် အနည်းဆုံး ဖော်ပြပါ ဒါရိုက်တာ နှစ်ဦးထံသို့ စာရွက်စာတမ်း မိတ္တူတစ်စောင်စီကို တရားဝင်ပေးပို့ဆောင်ရွက်ပေးခြင်းဖြင့် ပြုလုပ်နိုင်သည်။

(ဂ) ပြည်ပကော်ပိုရေးရှင်းတစ်ခု၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တင်ပြထားသည့် အကြောင်းကြားစာရှိ နောက်ဆုံးရုံးခန်းလိပ်စာသို့ စာရွက်စာတမ်းအား လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း ပြည်ပကော်ပိုရေးရှင်းသို့ တရားဝင်ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ဤပုဒ်မတွင် ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပြည်ပကော်ပိုရေးရှင်းတစ်ခုသို့ စာရွက်စာတမ်းများပေးပို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ဖော်ပြပါရှိသော အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် ထိုသို့ဆောင်ရွက်ခွင့်ပြုနိုင်သော တရားရုံး၏ အခွင့်အာဏာကို ထိခိုက်စေခြင်း မရှိစေရ။

**အခန်း (၁၀) ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း**

၅၇။ **ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် အမျိုးအစား ပြောင်းလဲရန် အထူးဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ အခြားသော အမျိုးအစားတစ်ရပ်ရပ်သို့ ပြောင်းလဲနိုင်သည်။

(ခ) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါအတိုင်း ပြောင်းလဲဆောင်ရွက်နိုင်သည်-

(၁) အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း၊

(၂) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ တစ်ခုသို့ပြောင်းလဲခြင်း၊

(၃) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုမှ အများနှင့် သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်းနှင့်

(၄) တာဝန်ကန့်သတ်မထားသည့်ကုမ္ပဏီတစ်ခုမှ အများနှင့်သက်ဆိုင်သော သို့မဟုတ် အများနှင့်မသက်ဆိုင်သောကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်း။

၅၈။ **အမျိုးအစားပြောင်းလဲရန်အတွက်လျှောက်ထားခြင်း**

(က) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီအမျိုးအစား ပြောင်းလဲရန်အတွက် လျှောက်ထားမှုအား သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အောက်ပါအချက်အလက်များနှင့်တကွ မှတ်ပုံတင်အရာရှိထံသို့ တင်ပြလျှောက်ထားရမည် -

(၁) ကုမ္ပဏီ၏ အမျိုးအစားအသစ်နှင့် အမည်ပြောင်းလဲမှုပြုလုပ်ခဲ့လျှင် ကုမ္ပဏီ၏ အမည်သစ်နှင့် ကုမ္ပဏီ၏ အမျိုးအစားအသစ် ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်သည့် အထူးဆုံးဖြတ်ချက်ကို တရားဝင်ချမှတ်ပြီးဖြစ်ကြောင်း အတည်ပြု ဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်၊

(၂) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရှိခဲ့လျှင် ၎င်းကို ပြင်ဆင်ရန် ဆုံးဖြတ်သည့် အထူးဆုံးဖြတ်ချက်ကို တရားဝင်ချမှတ်ပြီးဖြစ်ကြောင်းနှင့် နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပုံစံနှင့်မတူညီသော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတစ်ရပ်အား ကုမ္ပဏီက အသုံးပြုရန် ရည်ရွယ်သည့်အခါ ပြင်ဆင်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ မိတ္တူတစ်စောင်ကို အတည်ပြုဖော်ပြပါရှိသည့် ရေးသားဖော်ပြချက်၊

(၃) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြထားသည့် ကုမ္ပဏီ၏ အသေးစိတ် အချက်အလက်များ၌ ကုမ္ပဏီ အမျိုးအစား ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် အခြားသော ပြောင်းလဲမှု တစ်ရပ်ရပ်ကို ဖြည့်စွက်ဖော်ပြထားသည့်ရေးသားဖော်ပြချက်နှင့်

(၄) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုမှ အများနှင့် သက်ဆိုင်သော သို့မဟုတ် အများနှင့် မသက်ဆိုင်သော ကုမ္ပဏီတစ်ခုသို့ ပြောင်းလဲခြင်းကိစ္စရပ်အတွက်-

(ကက) ကုမ္ပဏီ၏ ဒါရိုက်တာများက အမျိုးအစားပြောင်းလဲခြင်းကြောင့် မြီရှင်များအတွက် ကြီးမားစွာ ထိခိုက် ခြင်းမရှိဟု ယူဆကြောင်းနှင့် ထိုသို့ယူဆရသည့် အကြောင်းပြချက်များပါရှိသော ရေးသား ဖော်ပြချက် တစ်စောင်နှင့်

(ခခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာမတည်ငွေရင်း မရှိပါက ပုဒ်မ ၆ ပုဒ်မခွဲ(ခ) အပိုဒ်(၈) အရ လိုအပ်သည့် အချက်အလက်များ ပါရှိသော ရေးသားဖော်ပြချက်နှင့် အစုရှယ်ယာထုတ်ဝေခြင်းအတွက် အထူးဆုံးဖြတ်ချက်ချမှတ်ပြီးဖြစ်ကြောင်း ရေးသားဖော်ပြချက်၊

(ခ) ကုမ္ပဏီသည်ယင်း၏ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ် အချက်အလက်များကိုပြောင်းလဲရန် မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားကြောင်းကို နိုင်ငံတော် ပြန်တမ်းနှင့် နိုင်ငံတော် တစ်ဝန်းထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာ တစ်ခုခုတို့တွင် အသိပေးကြေညာရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ) အရ ကုမ္ပဏီကထုတ်ပြန်သည့် ကြေညာချက်တွင် နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြပြီးနောက် (၂၈) ရက်အတွင်း မှတ်ပုံတင် အရာရှိသည် ကုမ္ပဏီကတင်ပြသည့် လျှောက်ထားမှုကို ပုဒ်မခွဲ (က) နှင့်အညီဖြစ်ကြောင်း ကျေနပ်လက်ခံပြီး တရားရုံး၏ အမိန့်တစ်ရပ်ရပ် အရတားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပေးမည် ဖြစ်ကြောင်း ဖော်ပြပါရှိစေရမည်။

(ဃ) (၂၈) ရက်အတွင်း တရားရုံးက ချမှတ်သည့် အမိန့်တစ်ရပ်ရပ် မရှိခဲ့လျှင် ပုဒ်မခွဲ (က) နှင့်အညီဖြစ်ကြောင်း ကုမ္ပဏီကတင်ပြသည့် လျှောက်ထားမှုကို ကျေနပ် လက်ခံပြီး (၂၈) ရက် ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ အမျိုးအစားအသစ်နှင့် သက်ဆိုင်သော ကုမ္ပဏီ၏ အသေးစိတ်အချက် အလက်များကို မှတ်ပုံတင် စာရင်း၌ ပြောင်းလဲပေးရမည်။

(င) ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းနှင့် ဆိုင်သော အသေးစိတ်အချက်အလက် များကို မှတ်ပုံတင်အရာရှိမှ မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပေးသည့်အခါ ဤပုဒ်မအရ ကုမ္ပဏီအမျိုးအစားပြောင်းလဲမှုသည် အကျိုးသက်ရောက်စေရမည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာအသေးစိတ် အချက်အလက်များကို မှတ်ပုံတင်စာရင်း၌ ပြောင်းလဲပြီးနောက် မှတ်ပုံတင် သက်သေခံလက်မှတ်အသစ်တစ်ခုကို ကုမ္ပဏီသို့ ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်ကို ဤပုဒ်မအရ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ် တွင် ဖော်ပြထားသော အမည်အတိုင်း ဖြစ်စေရမည်။

၅၉။ **ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု**

(က) ကုမ္ပဏီအမျိုးအစား ပြောင်းလဲခြင်းသည်-

(၁) ဥပဒေအရ ရပ်တည်နိုင်သည့်အဖွဲ့အစည်း အသစ်တစ်ရပ်ပေါ်ပေါက် လာခြင်း မရှိစေရ၊

(၂) ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် ဆောင်ရွက်နိုင်သည့်ကိစ္စရပ်တွင် ကုမ္ပဏီတွင် ပါဝင်သူများအပေါ် သတ်မှတ်သည့်ကိစ္စရပ်မှအပ ကုမ္ပဏီ၏ လက်ရှိပစ္စည်းများ၊ အခွင့်အရေးနှင့် တာဝန်များကို ထိခိုက်ခြင်း မရှိစေရ၊

(၃) ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများက သော်လည်းကောင်း၊ ၎င်းတို့ အပေါ်တွင်လည်းကောင်း ဆောင်ရွက်နေသည့် တရားစွဲဆိုမှုများကို ထိခိုက်စေခြင်းမရှိစေရ။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

(ခ) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့်ကုမ္ပဏီမှ အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအဖြစ်သို့ ပြောင်းလဲသည့်အခါတွင်-

(၁) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အာမခံသူအဖြစ် ကုမ္ပဏီတွင် ပါဝင်သူနှင့် ယခင်က ပါဝင်ခဲ့သူများ၏ တာဝန်ရှိမှုသည် ရပ်စဲပြီး ဖြစ်စေရမည်။

(၂) အာမခံချက်ပေးခြင်း သို့မဟုတ် အာမခံချက်ပေးရန် သဘောတူခြင်းကြောင့် ကုမ္ပဏီတွင်ပါဝင်သူဖြစ်လာသော ပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် ပါဝင်သူအဖြစ်မှ ရပ်စဲသည်။ သို့ရာတွင် ယင်းတို့သည် ကုမ္ပဏီမှ အစုရှယ်ယာများ ထုတ်ယူပါက ယင်းတို့သည် ကုမ္ပဏီတွင် ပါဝင်သူများအဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

(၃) ပုဒ်မ ၅၈ ပုဒ်မခွဲ(က) အပိုဒ်(၄) အပိုဒ်ခွဲ(ခခ) အရ ဆောင်ရွက်ရန် လိုအပ်သည့် ရေးသားဖော်ပြချက်တွင် ထည့်သွင်းဖော်ပြရန် လိုအပ်သော ကုမ္ပဏီတွင် ပါဝင်သူများ၏ စာရင်း၌ သတ်မှတ်ထားသောပုဂ္ဂိုလ်တစ်ဦးဦးသို့ အစုရှယ်ယာများအား ထုတ်ဝေမည်ဆိုလျှင် အောက်ပါကိစ္စရပ်များကို မှတ်ယူရမည် -

(ကက)အစုရှယ်ယာများအား အဆိုပါပုဂ္ဂိုလ်သို့ထုတ်ပေးထားကြောင်း၊

(ခခ) ထိုပုဂ္ဂိုလ်က ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ဆောင်ရွက်ရန် သဘောတူကြောင်းနှင့်

(ဂဂ) ထိုပုဂ္ဂိုလ်သည် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဖြစ်ကြောင်း။

## အပိုင်း (၃)

## ကုမ္ပဏီ၏မတည်ငွေရင်းနှင့် စပ်လျဉ်းသည့် အစုရှယ်ယာများ၊ ယင်းနှင့်သက်ဆိုင်သည့် အကြောင်းအရာများ

### အခန်း (၁၁) အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များ အစုရှယ်ယာ မတည်ငွေရင်း

၆၀။ **အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များအကြောင်း**

(က) ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦးဦး၏ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ဤဥပဒေအရသော်လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ပြဋ္ဌာန်းထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ဖြစ်စေရမည်။

(ခ) အစုရှယ်ယာတစ်ခုတွင်အမည်ခံတန်ဖိုး သို့မဟုတ် မူရင်းတန်ဖိုးတစ်ရပ်ပါရှိရန် မလို။

၆၁။ **အစုရှယ်ယာများနှင့် ဆက်စပ်ပါရှိသော အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်များ**

(က) ဤပုဒ်မ၏ ပုဒ်မခွဲ(ခ)နှင့်အညီ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာတစ်ခုသည် အဆိုပါ အစုရှယ်ယာအား ပိုင်ဆိုင်သူသို့ အောက်ပါအခွင့်အရေးများကို ရရှိစေရမည် -

(၁) ကုမ္ပဏီ၏ အစည်းအဝေးတစ်ခုတွင် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဆန္ဒမဲကောက်ယူရာ၌ ဆန္ဒမဲတစ်မဲ ပေးနိုင်ခွင့်၊

(၂) အမြတ်ဝေစု ခွဲဝေရာတွင် တူညီသည့်အချိုးအတိုင်း ရရှိခွင့်နှင့်

(၃) ကုမ္ပဏီ၏ ပိုင်ဆိုင်သည့်ပစ္စည်းများအား ခွဲဝေပေးရာတွင် တူညီသည့် အချိုးအတိုင်း ရရှိခွင့်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ (က) တွင်ဖော်ပြထားသော အခွင့်အရေးများကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ၏ စည်းမျဉ်းတွင်ဖြစ်စေ၊ အစုရှယ်ယာများထုတ်ဝေခြင်းအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များတွင်ဖြစ်စေ ငြင်းပယ်ခြင်း၊ ပြောင်းလဲ ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်သည်။

၆၂။ **ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံ လက်မှတ်များ အမျိုးအစားများ**

(က) အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေရန်နှင့် အဆိုပါအစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံ လက်မှတ်များနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များအား သတ်မှတ်ရန်အတွက် ကုမ္ပဏီတစ်ခု၏ အခွင့်အာဏာများတွင် ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေသည့် စည်းကမ်းချက်များအရ ဖြစ်စေ အောက်ပါအစုရှယ်ယာများကို ထုတ်ဝေနိုင်သည့် အခွင့်အာဏာများလည်း ပါဝင်သည် -

(၁) အစုရှယ်ယာအမျိုးအစား အမျိုးမျိုး၊

(၂) ပြန်လည်ရွေးနုတ်ရယူနိုင်သော အစုရှယ်ယာများ၊

(၃) မတည်ငွေရင်း ခွဲဝေခြင်း သို့မဟုတ် ဝင်ငွေပေးဝေခြင်းနှင့် သက်ဆိုင်သော ဦးစားပေး သို့မဟုတ် ကန့်သတ်ထားသည့် အခွင့်အရေးများ ပါရှိသော အစုရှယ်ယာများ၊

(၄) အထူးမဲပေးနိုင်သည့် သို့မဟုတ် ကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက်ထားရှိသော မဲပေးနိုင်သည့်အခွင့်အရေးများပါရှိသည့် အစုရှယ်ယာများနှင့်

(၅) မဲပေးနိုင်သည့် အခွင့်အရေးမပါရှိသော အစုရှယ်ယာများ။

(ခ) ဤဥပဒေအရဖြစ်စေ၊ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းအရဖြစ်စေ၊ အစုရှယ်ယာ ထုတ်ဝေသည့် စည်းကမ်းချက်များအရဖြစ်စေ ကုမ္ပဏီသည် အောက်ပါတို့ကိုလည်း ထုတ်ဝေနိုင်သည် -

(၁) အစုရှယ်ယာရယူရန်အတွက် အော့ပ်ရှင် (option) များ၊

(၂) အစုရှယ်ယာများအဖြစ် ပြောင်းလဲနိုင်သည့် အခြားငွေချေး သက်သေခံလက်မှတ်များနှင့်

(၃) အခြားသောအကျိုးခံစားခွင့်များ။

### အစုရှယ်ယာ ထုတ်ဝေခြင်း

၆၃။ **အစုရှယ်ယာများ ထုတ်ဝေခြင်း**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တို့နှင့်အညီ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို မည်သည့်အချိန်တွင် မဆို ဒါရိုက်တာအဖွဲ့ဝင်များက သင့်သည် ထင်မြင်သော စည်းကမ်းချက်များအား သတ်မှတ်၍ ပုဂ္ဂိုလ်တစ်ဦးဦးသို့ ထုတ်ဝေရောင်းချနိုင်သည်။

(ခ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အစုရှယ်ယာများကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ငွေပေးချေရန် ထုတ်ဝေရောင်းချနိုင်သည်။ အစုရှယ်ယာများကို တစ်စိတ်တစ်ဒေသအားဖြင့် ငွေပေးချေပြီး ထုတ်ဝေရောင်းချခဲ့လျှင် အစုရှယ်ယာထုတ်ဝေသည့် စည်းကမ်းချက်၌ မည်သည့်အချိန်တွင် ငွေပေးချေစေရန် တောင်းခံမည်ဖြစ်ကြောင်းနှင့် အစုရှယ်ယာရှင်သည် အဆိုပါတောင်းခံသည့် ငွေအားပေးချေရန် တာဝန်ရှိကြောင်းဖော်ပြ ပါရှိစေရမည်။

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ဒါရိုက်တာများသည် ကုမ္ပဏီ၏ မတည်ငွေရင်းကို အစုရှယ်ယာများ ထပ်မံထုတ်ဝေရောင်းချခြင်းဖြင့် တိုးမြှင့်ရန် ဆုံးဖြတ်သည့်အခါ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးစီက ပိုင်ဆိုင်ထားသည့် လက်ရှိ အစုရှယ်ယာ အချိုးအစားအားဖြင့် မည်သည့်အစုရှယ်ယာ အမျိုးအစားဖြစ်စေ အဆိုပါ အစုရှယ်ယာများကို ၎င်းတို့မှ ဝယ်ယူကမ်းလှမ်းနိုင်ရန် ထည့်သွင်း ဖော်ပြနိုင်သည်။

၆၄။ **ထုတ်ဝေသည့် အစုရှယ်ယာများအားတန်ဖိုးသတ်မှတ်ခြင်း**

(က) ထုတ်ဝေရောင်းချမည့် အစုရှယ်ယာများအတွက် တန်ဖိုးကို ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အစုရှယ်ယာများ ထုတ်ဝေရောင်းချခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့်မပြုလုပ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာအဖွဲ့သည် -

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ်ဖော်ပြချက်များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင် ထားရှိရမည်။

(၂) ထုတ်ဝေရောင်းချခြင်းအတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိ ငွေတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့သတ်မှတ်ဆောင်ရွက်မှုနှင့် အကဲဖြတ်မှုအခြေခံများကို မှတ်တမ်းတင်ထားရှိရမည်။ ၎င်းပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ချက်ချမှတ်ခဲ့လျှင် တန်ဖိုးသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(ကက)အစုရှယ်ယာများကို ထုတ်ဝေရောင်းချရန်အတွက် တန်ဖိုးသတ်မှတ်ချက်နှင့် စည်းကမ်းချက်များသည် ကုမ္ပဏီနှင့် ယင်းတွင် တည်ဆဲပါဝင်သူများအတွက် သင့်လျော်မျှတမှုရှိကြောင်း၊

(ခခ) အဆိုပါ တန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်းအတွက်ရရှိမည့် ဝင်ငွေပမာဏထက် မလျော့နည်းကြောင်း တွေ့ရှိရလျှင်။

(ဂ) အစုရှယ်ယာများ ထည့်ဝင်မှုနှင့် ထုတ်ဝေမှုအတွက် တန်ဖိုးကို ငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကို သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၅။ ပုဒ်မ ၆၄၏ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်သည့် ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၆၆။ **ငွေသားဖြင့် မပြုလုပ်ဘဲ တန်ဖိုးသတ်မှတ်ခြင်းနှင့်သက်ဆိုင်သည့် ခြွင်းချက်ကိစ္စရပ်များ**

ပုဒ်မ ၆၄ ၏ ပုဒ်မခွဲ(ခ) သည် အောက်ပါကိစ္စရပ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ -

(က) ကုမ္ပဏီ၏ ရှယ်ယာများကိုရယူရန် အော့ပ်ရှင် (option) တစ်ခုခုကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ခ) ကုမ္ပဏီ၌ အစုရှယ်ယာများအဖြစ်သို့ ပြောင်းလဲနိုင်သည့် အခြားငွေချေးသက်သေခံ လက်မှတ်များကို ပြောင်းလဲသတ်မှတ်ခြင်း၊

(ဂ) ကုမ္ပဏီ၏ သီးသန့်ဘဏ္ဍာငွေမှ အပြည့်အဝ ပေးချေထားသည့် အစုရှယ်ယာများကို တူညီသော အစုရှယ်ယာအမျိုးအစားအား ပိုင်ဆိုင်ထားသည့်ပါဝင်သူအားလုံးထံသို့ ၎င်းတို့၏ အစုရှယ်ယာအရေအတွက် အချိုးအစားဖြင့် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်း၊

(ဃ) ကုမ္ပဏီရှိအစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအမျိုးအစား တစ်ရပ်ရပ်တို့အား အဆိုပါအစုရှယ်ယာများ သို့မဟုတ် အဆိုပါအမျိုးအစားရှိ အစုရှယ်ယာများနှင့် တူညီသည့် အချိုးအစားအားဖြင့် စုပေါင်းခြင်းနှင့် ပိုင်းခြားခြင်း၊

(င) ကုမ္ပဏီရှိ အစုရှယ်ယာများ သို့မဟုတ် အမျိုးအစားတစ်ရပ်ရပ်ရှိ အစုရှယ်ယာတို့အား အဆိုပါအစုရှယ်ယာများ သို့မဟုတ် အဆိုပါအမျိုးအစားရှိ အစုရှယ်ယာများနှင့် တူညီသည့် ရှယ်ယာအချိုးအစားအားဖြင့် ထပ်ဆင့်ပိုင်းခြားခြင်း။

၆၇။ **လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းအတွက် တန်ဖိုးသတ်မှတ်ခြင်း**

(က) ကုမ္ပဏီ၏ အစုရှယ်ယာများ ရယူရန်အတွက် အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များအား ထုတ်ဝေရောင်းချမည့် တန်ဖိုးကို ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များအတွက် သို့မဟုတ် အဆိုပါအော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများအတွက် တန်ဖိုးသတ်မှတ်ခြင်းကို ငွေသားဖြင့် မပြုလုပ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ခဲ့ပါက ဒါရိုက်တာအဖွဲ့သည် -

(၁) ယင်းအား ပိုင်းခြားသတ်မှတ်နိုင်မည့် လုံလောက်သော အသေးစိတ်ဖော်ပြချက်များဖြင့် တန်ဖိုးသတ်မှတ်ခြင်းအား မှတ်တမ်းတင် ထားရှိရမည်၊

(၂) အော့ပ်ရှင် (option) များ၊ လဲလှယ်နိုင်သော ငွေချေးသက်သေခံ လက်မှတ်များ၊ အဆိုပါ အော့ပ်ရှင် (option) များနှင့် လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြင့် နောင်တွင်လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာများတို့အတွက် တန်ဖိုးသတ်မှတ်မှုအား သင့်လျော်သော လက်ရှိငွေတန်ဖိုးဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး ထိုသို့ သတ်မှတ်ဆောင်ရွက်မှုနှင့် အကဲဖြတ်မှု အခြေခံများကို မှတ်တမ်းတင်ထားရှိရမည်၊ ၎င်းပြင်

(၃) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့လျှင် တန်ဖိုးသတ်မှတ်ခြင်းကို ဆောင်ရွက်နိုင်သည် -

(ကက) အော့ပ်ရှင်(option)များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အဆိုပါ အော့ပ်ရှင် (option) နှင့် ငွေချေးသက်သေခံလက်မှတ်များဖြင့် နောင်တွင် လဲလှယ်မည့် သို့မဟုတ် ထုတ်ဝေမည့် အစုရှယ်ယာတို့အတွက် တန်ဖိုးသတ်မှတ်ချက်များ၊ စည်းကမ်းချက်များသည် ကုမ္ပဏီနှင့် ယင်းကုမ္ပဏီတွင် တည်ဆဲပါဝင်သူများအတွက် သင့်လျော်မျှတမှုရှိကြောင်းနှင့်

(ခခ) အဆိုပါ တန်ဖိုးသတ်မှတ်မှု၏ လက်ရှိငွေတန်ဖိုးသည် အော့ပ်ရှင် (option) များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အစုရှယ်ယာများအား ထုတ်ဝေရောင်းချခြင်းအတွက် ရရှိမည့် ဝင်ငွေပမာဏထက် မလျော့နည်းကြောင်း။

(ဂ) အော့ပ်ရှင်(option)များ သို့မဟုတ် အခြားလဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များ ထည့်ဝင်မှုနှင့် ထုတ်ဝေမှုအတွက် တန်ဖိုးကို ငွေသားဖြင့် မသတ်မှတ်ဘဲ အခြားတစ်ခုခုဖြင့် သတ်မှတ်ပါက ယင်းနှင့်စပ်လျဉ်း၍ ချုပ်ဆိုဆောင်ရွက်သည့် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်ကို သက်ဆိုင်ရာဥပဒေအရ တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီ၏ စာရင်းစာအုပ်များနှင့် မှတ်တမ်းများတွင် ထိန်းသိမ်းထားရှိရမည်။

၆၈။ ပုဒ်မ ၆၇ ၏ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်သည့် ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသောဒဏ်ငွေကို ပေးဆောင်ရမည်။

၆၉။ **တာဝန်ရှိမှုအား ထိခိုက်စေမည့် အစုရှယ်ယာများ ထုတ်ဝေခြင်းတွင် သဘောတူညီချက်ရယူရန်**

အစုရှယ်ယာပိုင်ဆိုင်သူ ဖြစ်လာမည့်ပုဂ္ဂိုလ်မှ စာဖြင့်ရေးသား၍ ကြိုတင်သဘောတူညီထားခြင်း မရှိလျှင် ကုမ္ပဏီသည် လူပုဂ္ဂိုလ်တစ်ဦး၏ တာဝန်ရှိမှုများကို ပိုမိုများပြားလာစေမည့် သို့မဟုတ် ၎င်းအပေါ်တွင် တာဝန်ရှိမှုတစ်ရပ်ရပ်ဖြစ်ပေါ်လာစေမည့် အစုရှယ်ယာတစ်ခုခုအား ထုတ်ဝေခြင်းသည် ပျက်ပြယ်စေရမည်။

၇၀။ **အစုရှယ်ယာများအတွက် ပေးချေရမည့် ငွေပမာဏအသီးသီးအပေါ်တွင် ကုမ္ပဏီက စီစဉ် ဆောင်ရွက်နိုင်မည့် အခွင့်အာဏာ**

ကုမ္ပဏီတစ်ခုသည် ယင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ အောက်ပါကိစ္စတစ်ရပ်ရပ်ကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်သည် -

(က) အစုရှယ်ယာများအတွက် ပေးချေရမည့် ငွေပမာဏနှင့် ပေးချေရမည့် အချိန်ကာလတို့ကို အစုရှယ်ယာပိုင်ရှင်များအကြား ခြားနား၍ အစုရှယ်ယာထုတ်ဝေမှုနှင့် သက်ဆိုင်သော စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်၊

(ခ) အစုရှယ်ယာအတွက် ပေးချေရမည့်ငွေပမာဏတစ်စိတ်တစ်ဒေသကို ပေးချေရန် တောင်းဆိုခြင်းမပြုသော်လည်း အစုရှယ်ယာရှင်မှ ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာအတွက် ပေးချေရန် ကျန်ရှိနေသော ငွေပမာဏအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပေးချေပါက လက်ခံနိုင်သည်၊

(ဂ) အစုရှယ်ယာတစ်ခုစီအတွက် ပေးချေထားသည့် ငွေပမာဏအချိုးအစားအလိုက် အမြတ်ငွေခွဲဝေမှုကို ပြုလုပ်နိုင်သည်။

၇၁။ **ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရန် အချိန်ကာလသတ်မှတ်ခြင်းနှင့် မှတ်တမ်းတင်ထားရှိခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေသည့်နေ့မှ (၂၁) ရက်အတွင်း ကုမ္ပဏီသည် -

(၁) ကုမ္ပဏီ၏ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းဖော်ပြရမည်။ ၎င်းပြင်

(၂) အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။ အဆိုပါအကြောင်းကြားစာတွင် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များကို ထုတ်ဝေခြင်းအတွက် ပေးချေသည့် တန်ဖိုးများနှင့် အဆိုပါ အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များအတွက် တန်ဖိုးကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ပေးချေပြီးခြင်း ရှိ မရှိတို့အား ထည့်သွင်းဖော်ပြရမည်။

(ခ) ပိုင်ဆိုင်သူ၏အမည်ကို ကုမ္ပဏီ၏ သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပြီးသည့်အခါ အစုရှယ်ယာ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ် တစ်ခုအား ထုတ်ဝေပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်အား ထုတ်ဝေခြင်းအတွက် တရားဝင်အတည်ဖြစ်မှုအား ထိခိုက်စေခြင်း မရှိစေရ။

၇၂။ ကုမ္ပဏီသည် ပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက်ခဲ့သော ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ(၅)ခုထက် မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

### ဦးစားပေးအစုရှယ်ယာများ

၇၃။ **ဦးစားပေးအစုရှယ်ယာများ ထုတ်ဝေရန်အတွက် လိုအပ်ချက်များ**

ဦးစားပေးအစုရှယ်ယာများတွင် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ဖော်ပြထားလျှင် သို့မဟုတ် အဆိုပါအစုရှယ်ယာများနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်အရ အတည်ပြုခဲ့လျှင် ကုမ္ပဏီတစ်ခုသည် ဦးစားပေးအစုရှယ်ယာများကို ထုတ်ဝေနိုင်သည် -

(က) မတည်ငွေရင်းကို ပြန်လည်ပေးချေခြင်း၊

(ခ) ပိုလျှံသည့် ပိုင်ဆိုင်ပစ္စည်းများနှင့် အကျိုးအမြတ်များတွင် ပါဝင်ခြင်း၊

(ဂ) စုပေါင်းထားသော အမြတ်ဝေစုများနှင့် သီးခြားစီဖြစ်သော အမြတ်ဝေစုများ၊

(ဃ) ဆန္ဒမဲပေးခြင်း၊

(င) အခြားဦးစားပေးအစုရှယ်ယာအမျိုးအစားများ သို့မဟုတ် အခြားအစုရှယ်ယာများထက် ဦးစားပေးပြီး အမြတ်ဝေစုများနှင့် မတည်ငွေရင်းကို ပေးချေခြင်းနှင့်

(စ) အစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူနိုင်ခြင်း ရှိ မရှိနှင့် ရှိခဲ့ပါက ထိုသို့ ပြန်လည် ရွေးနုတ်ရယူနိုင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ။

၇၄။ **ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူခြင်း**

(က) ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ယင်းတို့အား ပြန်လည် ရွေးနုတ်နိုင်ခွင့်ရှိသော စည်းကမ်းချက်များချမှတ်၍ ထုတ်ဝေသည့် ဦးစားပေး အစုရှယ်ယာများ ဖြစ်သည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် ပြန်လည်ရွေးနုတ် ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာအား အောက်ပါအတိုင်း ပြန်လည် ရွေးနုတ် ရယူနိုင်သည်-

(၁) တိကျစွာ သတ်မှတ်ထားသည့် အချိန်တွင် သို့မဟုတ် တိကျစွာသတ်မှတ်ထားသည့် အထူးအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လာသည့် အခါတွင်၊ သို့မဟုတ်

(၂) ကုမ္ပဏီမှ ရွေးချယ်ရယူသည့်အခါတွင်၊ သို့မဟုတ်

(၃) အစုရှယ်ယာရှင်က ရွေးချယ်ရယူသည့် အခါတွင်။

(ဂ) ကုမ္ပဏီသည် အောက်ပါအခြေအနေများ ပေါ်ပေါက်မှသာလျှင် ပြန်လည် ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေး အစုရှယ်ယာများအား ပြန်လည်ရွေးနုတ် ရယူနိုင်သည် -

(၁) အဆိုပါ အစုရှယ်ယာများအတွက် အပြည့်အဝ ငွေပေးချေပြီးဖြစ်ခြင်း၊

(၂) ကုမ္ပဏီ၏ အကျိုးအမြတ်များအားအသုံးပြု၍ သို့မဟုတ် ဦးစားပေး အစုရှယ်ယာများအား ပြန်လည်ရွေးနုတ်ရယူရန်ရည်ရွယ်၍ အစုရှယ်ယာအသစ်များ ထုတ်ဝေမှု၏ အကျိုးအမြတ်များအား အသုံးပြုခဲ့ခြင်းနှင့်

(၃) ပြန်လည်ရွေးနုတ်ရယူခြင်း ပြုလုပ်ခဲ့ပါက ကုမ္ပဏီတွင် ကြွေးမြီစစ်ဆေးချက်၌ ကျေနပ်လက်ခံနိုင်မည်ဖြစ်ကြောင်း ဒါရိုက်တာများမှ သင့်လျော်သော အကြောင်းအချက်များအပေါ် ဆုံးဖြတ်ခဲ့ခြင်း။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

(ဃ) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ)အရ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပြီးသည့်အခါ ဖော်ပြထားသည့် ငွေပမာဏသည် ပြန်လည်ရွေးနုတ်ရယူရန်အတွက် သတ်မှတ်ထားသည့်နေ့တွင် ပေးချေရမည့် ငွေပမာဏ ဖြစ်လာစေရမည်။

(င) ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများသည် ပြန်လည်ရွေးနုတ်ရယူပြီးသည့်အခါတွင် ပျက်ပြယ်စေရမည်။

(စ) ကုမ္ပဏီသည် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည် ရွေးနုတ်ရယူပြီးနောက် (၂၁) ရက်အတွင်း သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အဆိုပါ ပြန်လည်ရွေးနုတ်ရယူခြင်းအား မှတ်ပုံတင်အရာရှိထံ အကြောင်းကြား တင်ပြရမည်။

(ဆ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်ခြင်းသည် ပြန်လည်ရွေးနုတ်ရယူခွင့်ရှိသော ဦးစားပေးအစုရှယ်ယာများကို ပြန်လည်ရွေးနုတ်ရယူခြင်းအတွက် တရားဝင်အတည်ဖြစ်မှုအား ထိခိုက်စေခြင်း မရှိစေရ။

၇၅။ ကုမ္ပဏီသည် ပုဒ်မ ၇၄ ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ပျက်ကွက်ခဲ့သော ကုမ္ပဏီ၏ဒါရိုက်တာ တစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

**ဒီဘင်ချာများ**

၇၆။ **စဉ်ဆက်မပြတ် သုံးစွဲနိုင်သောဒီဘင်ချာများ**

ဤဥပဒေ မပြဋ္ဌာန်းမီက သော်လည်းကောင်း၊ ပြဋ္ဌာန်းပြီးနောက်တွင်သော်လည်းကောင်း ချုပ်ဆိုသည့် ဒီဘင်ချာ တစ်ရပ်ရပ် သို့မဟုတ် ဒီဘင်ချာ စာချုပ်တစ်ရပ်ရပ်တွင် ဖော်ပြပါရှိသော သတ်မှတ်ချက်တစ်ရပ်ရပ်သည် မည်သည့်အချိန်၊ မည်သည့်အကြောင်းကြောင့်မျှဖြင့် ပြန်လည် ရွေးနုတ်ရယူခွင့်မရှိသော သို့မဟုတ် ပြန်လည်ရွေးနုတ် ရယူခွင့်ရှိသောကြောင့် တရားမဝင်ဖြစ်ခြင်း မရှိစေရ။

၇၇။ **ပြန်လည်ရွေးနုတ်ရယူခဲ့သော ဒီဘင်ချာများကိုတစ်ချိန်ချိန်တွင်ထပ်မံထုတ်ဝေရန် ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ထုတ်ပြန်ထားသည့် စည်းကမ်းချက်များ၌ အခြားနည်းအတိအလင်းဖော်ပြထားခြင်းမရှိပါက ဤဥပဒေ အာဏာတည်ခြင်းမပြုမီတွင်ဖြစ်စေ၊ အာဏာတည်ပြီးနောက်တွင်ဖြစ်စေ ကုမ္ပဏီသည် ယခင်ကထုတ်ဝေခဲ့သော ဒီဘင်ချာတစ်ရပ်ရပ်ကို ပြန်လည်ရွေးနုတ်ရယူပြီးနောက် အဆိုပါ ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အား ဆက်လက်အကျိုးသက်ရောက်နေစေရန် ဆောင်ရွက်နိုင်ခွင့်ရှိစေရမည် သို့မဟုတ် ထိုသို့ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု အမြဲမှတ်ယူရမည်။ ကုမ္ပဏီသည် အဆိုပါ အခွင့်အာဏာအား ကျင့်သုံးဆောင်ရွက်သည့်အခါ ကုမ္ပဏီတွင် အလားတူ ဒီဘင်ချာများကို ထပ်မံထုတ်ဝေခြင်းဖြင့်သော်လည်းကောင်း၊ ယင်းတို့အစား အခြားဒီဘင်ချာများကို ထုတ်ဝေခြင်းဖြင့်သော်လည်းကောင်း ဒီဘင်ချာများအား ထပ်မံထုတ်ဝေရန် အခွင့်အာဏာရှိစေရမည် သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်ဟု အမြဲမှတ်ယူရမည်ဖြစ်သည်။ ထိုသို့ ထပ်မံထုတ်ဝေသည့်အခါတွင် အဆိုပါ ဒီဘင်ချာအား ယခင်က ထုတ်ဝေခဲ့ဖူးခြင်းမရှိသကဲ့သို့ ဒီဘင်ချာများအား ရရှိသူသည် အလားတူအခွင့်အရေးများနှင့် ဦးစားပေးအကျိုးခံစားခွင့်များကို ရရှိစေရမည် သို့မဟုတ် ထိုသို့ရရှိသည်ဟု အမြဲမှတ်ယူရမည်။

(ခ) ဒီဘင်ချာများကို ထပ်မံထုတ်ဝေနိုင်ရန်အတွက် ယင်းတို့အားဆက်လက်အကျိုးသက်ရောက်နေစေရန် ရည်ရွယ်ပြီး ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီးနောက်တွင်ဖြစ်စေ အဆိုပါဒီဘင်ချာများကိုကုမ္ပဏီက အမည်စာရင်းအဆိုပြုခံရသူသို့ လွှဲပြောင်းပေးအပ်ရသည့်အခါ ထိုအမည်စာရင်းအဆိုပြုခံရသူထံမှ လွှဲပြောင်းပေးမှုကို ဤပုဒ်မပါ ရည်ရွယ်ချက်များအတွက် ထပ်မံထုတ်ဝေခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ဒီဘင်ချာတစ်ရပ်ရပ်ကို ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ယင်းအစား ကုမ္ပဏီသို့ ဤပုဒ်မအရ ပေးအပ်ထားသည့် သို့မဟုတ် ကုမ္ပဏီကရရှိသည်ဟုမှတ်ယူသည့် အခွင့်အာဏာအရ အခြားဒီဘင်ချာတစ်ရပ်ရပ်ကို ထုတ်ဝေခြင်းကို ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီတွင်ဖြစ်စေ၊ ပြဋ္ဌာန်းပြီးနောက်တွင်ဖြစ်စေ ထပ်မံထုတ်ဝေခြင်း သို့မဟုတ် ထုတ်ဝေခြင်းဖြစ်စေ တံဆိပ်ခေါင်းခွန်ကိစ္စရပ် အလို့ငှာ ဒီဘင်ချာအသစ်တစ်ရပ်အား ထုတ်ဝေခြင်းအဖြစ် သတ်မှတ်ရမည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းသည် ထုတ်ဝေရမည့် ဒီဘင်ချာများ၏ တန်ဖိုးငွေပမာဏ သို့မဟုတ် အရေအတွက်ကို ကန့်သတ်ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အတွက် ဆောင်ရွက်ခြင်းမဖြစ်စေရ။ သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်အရ ထပ်မံထုတ်ဝေထားသည့် ဒီဘင်ချာတစ်ခုသည် အပြည့်အဝ တံဆိပ်ခေါင်းကပ်ထားသည်ဟု မှတ်ယူ၍ ယင်း၏ အာမခံချက်နှင့် စပ်လျဉ်း၍ ငွေထုတ်ချေးသူ တစ်ဦးဦးသည် တံဆိပ်ခေါင်းခွန် သို့မဟုတ် ယင်းနှင့် စပ်လျဉ်းသည့် ပြစ်ဒဏ်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်မလိုဘဲ ၎င်း၏ အာမခံချက်အား အတည်ပြုပေးစေရန်အတွက် မည်သည့်တရားစွဲဆို ဆောင်ရွက်မှုတွင်မဆို အဆိုပါ ဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်သည်။ သို့ရာတွင် ဒီဘင်ချာတွင် အပြည့်အဝ တံဆိပ်ခေါင်းကပ်ထားခြင်းမရှိသည်ကို ၎င်းမှ သိရှိခြင်း သို့မဟုတ် ၎င်း၏ ပေါ့လျော့မှုကြောင့် တွေ့ရှိခြင်းမရှိခဲ့လျှင် အဆိုပါ ဒီဘင်ချာကို သက်သေခံအဖြစ် ပေးအပ်တင်ပြနိုင်ခြင်း မရှိစေရ။ သို့ရာတွင် ကုမ္ပဏီသည် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်နှင့် ပြစ်ဒဏ်တို့ကို ပေးဆောင်ရန် တာဝန်ရှိစေရမည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကုမ္ပဏီတစ်ခု၏ဒီဘင်ချာများ အပြည့်အဝပေးချေပြီး သို့မဟုတ် အခြားနည်းဖြင့် ကျေနပ်လက်ခံပြီး သို့မဟုတ် ပျက်ပြယ်ပြီးဖြစ်သော ဒီဘင်ချာတစ်ရပ်ရပ်အစား အခြားဒီဘင်ချာများ သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေနိုင်ရန် အခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

၇၈။ **ဒီဘင်ချာများကိုရယူရန် ပဋိညာဉ်စာချုပ်အား အတိအကျ အကောင်အထည်ဖော်ဆောင်ရွက်စေခြင်း**

ကုမ္ပဏီတစ်ခု၏ ဒီဘင်ချာတစ်ရပ်ရပ်ကို ရယူရန်နှင့် ငွေပေးချေရန်အတွက် ယင်းကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ရပ်ကို သီးသန့်ဆောင်ရွက်ပေးစေရန် အမိန့်ဒီကရီတစ်ခုဖြင့် အတည်ပြု ဆောင်ရွက်နိုင်သည်။

**အစုရှယ်ယာအာမခံလက်မှတ်များနှင့်စပ်လျဉ်းသည့် ကူးပြောင်းဆောင်ရွက်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ**

၇၉။ **အစုရှယ်ယာအာမခံလက်မှတ်များ၏ အကျိုးသက်ရောက်မှု**

ပုဒ်မ ၈၁ နှင့် ၈၂ တို့နှင့်အညီ ဤဥပဒေစတင်အာဏာတည်သည့်နေ့အထိ ထုတ်ဝေထားသည့် အစုရှယ်ယာအာမခံလက်မှတ်တစ်ရပ်ရပ်အား ကိုင်ဆောင်ထားသူသည် ၎င်းအာမခံလက်မှတ်တွင် ဖော်ပြပါရှိသည့် အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ရထိုက်ခွင့်ရှိသည်။ အာမခံလက်မှတ်အား ပယ်ဖျက်၍အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များအဖြစ် လွှဲပြောင်းပေးနိုင်သည်။

၈၀။ **အစုရှယ်ယာအာမခံလက်မှတ်အား ကိုင်ဆောင်ထားသူ၏အမည်ကို မှတ်ပုံတင်ခြင်း**

ပုဒ်မ ၈၁ နှင့် ၈၂ ပါ ပြဋ္ဌာန်းချက်များ၊ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ အစုရှယ်ယာအာမခံလက်မှတ်တစ်ရပ်အား ကိုင်ဆောင်ထားသူသည် ကုမ္ပဏီက ပယ်ဖျက်ခြင်းအတွက် ယင်းအားအပ်နှံခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပါဝင်သူတစ်ဦးအနေဖြင့် ၎င်းတို့၏ အမည်များကို ထည့်သွင်းဖော်ပြခွင့် ရရှိစေရမည်။ အာမခံလက်မှတ်အားအပ်နှံခြင်း၊ ပယ်ဖျက်ခြင်းမရှိဘဲ ယင်းတွင်ဖော်ပြပါရှိသော အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် အစုရှယ်ယာအာမခံလက်မှတ်တစ်ရပ်ကို ကိုင်ဆောင်ထားသူ၏ အမည်အား ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းဖော်ပြသော အကြောင်းကြောင့် တစ်စုံတစ်ဦးအပေါ်တွင် ဆုံးရှုံးနစ်နာမှုများဖြစ်လာခဲ့လျှင် ကုမ္ပဏီသည် တာဝန်ရှိစေရမည်။

၈၁။ **ဤဥပဒေစတင်အာဏာတည်ပြီးနောက် အစုရှယ်ယာအာမခံလက်မှတ်များ ထပ်မံထုတ်ဝေမှု မပြုရခြင်း**

ဤဥပဒေ စတင်အာဏာတည်ပြီးနောက်တွင် ကုမ္ပဏီတစ်ခုသည် အစုရှယ်ယာအာမခံလက်မှတ်တစ်ရပ်ရပ်ကို ထုတ်ဝေခြင်းမပြုရ။

၈၂။ **အစုရှယ်ယာအာမခံလက်မှတ်များအား စွန့်လွှတ်၊ ပယ်ဖျက်သည်ဟု မှတ်ယူခြင်း**

(က) ဤဥပဒေ စတင်အာဏာသက်ရောက်ခြင်းမရှိမီက ထုတ်ဝေခဲ့သော အစုရှယ်ယာအာမခံလက်မှတ်များအားလုံးကို ယခင်ကစွန့်လွှတ်ထားခြင်း မရှိခဲ့လျှင် ကူးပြောင်းကာလ သို့မဟုတ် ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ) အရ သတ်မှတ်ထားသည့် အခြားကာလတစ်ရပ်ရပ် ကုန်ဆုံးသည်အထိ ယင်းတို့တွင်ပါရှိသော စည်းကမ်းချက်များနှင့်အညီ ဆက်လက်တရားဝင်စေရမည်ဖြစ်သည်။ ယင်းကာလ ကုန်ဆုံးပြီးနောက်တွင် အဆိုပါ အစုရှယ်ယာအာမခံလက်မှတ်များကို စွန့်လွှတ်၊ ပယ်ဖျက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ဤပုဒ်မ၏ ပုဒ်မခွဲ(က)အရ အစုရှယ်ယာအာမခံလက်မှတ်များကို ပယ်ဖျက်သည့်အကြောင်းကြောင့် ပုဂ္ဂိုလ်တစ်ဦးဦးတွင် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက် ကုမ္ပဏီတွင် တာဝန်တစ်စုံတစ်ရာ မရှိစေရ။

(ဂ) သက်ဆိုင်ရာကုမ္ပဏီက စာဖြင့်ရေးသားလျှောက်ထားလာလျှင် မှတ်ပုံတင်အရာရှိသည် ဤပုဒ်မ၏ ပုဒ်မခွဲ(က)တွင် ဖော်ပြပါရှိသည့် ကာလကို တိုးမြှင့်ပေးနိုင်သည်။ ကူးပြောင်းကာလကုန်ဆုံးချိန်တွင် စွန့်လွှတ်၊ ပယ်ဖျက်သည်ဟု မှတ်ယူရမည့် အာမခံလက်မှတ်များသည် ကုမ္ပဏီ၏ အကောင်းဆုံးဖြစ်သော အကျိုးစီးပွားအတွက် မဟုတ်ပါဆိုသော ကျိုးကြောင်းဆီလျော်မှုရှိသည့် တင်ပြချက်များအပေါ် ကျေနပ်လက်ခံခဲ့လျှင် မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ အာမခံလက်မှတ်များကို ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များကို လုပ်ဆောင်နိုင်သည်။

**အခန်း (၁၂) အစုရှယ်ယာများနှင့် အခြားငွေချေးသက်သေခံလက်မှတ်များကို လွှဲပြောင်းခြင်း**

၈၃။ **လွှဲပြောင်းဆောင်ရွက်ရန် လိုအပ်ချက်များ**

(က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီဖြစ်ပြီး အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို အခန်း(၁၃)အရ ပြုလုပ်ထားရှိသည့် ကုမ္ပဏီ၏ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် လွှဲပြောင်းပေးခြင်းခံရသူ၏ အမည်အား ရေးသွင်းဖော်ပြခြင်းဖြင့် လွှဲပြောင်းပေးနိုင်သည်။

(ခ) အစုရှယ်ယာများနှင့် ကုမ္ပဏီရှိ အခြားမှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းအား မှတ်ပုံတင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို လွှဲပြောင်းပေးသူက သော်လည်းကောင်း၊ လွှဲပြောင်းပေးခြင်းခံရသူကသော်လည်းကောင်း ပြုလုပ်နိုင်သည်။ ဤပုဒ်မ၏ ပုဒ်မခွဲ (ဂ)နှင့် (ဃ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီသည် လွှဲပြောင်းပေးခြင်းခံရသူ၏ အမည်နှင့် အခန်း(၁၃)အရ လိုအပ်သော အခြားအချက်အလက်များကို သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

(ဂ) သို့ရာတွင် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တွင်ပါရှိသည့် ပြဋ္ဌာန်းချက်မှတစ်ပါး အစုရှယ်ယာများ သို့မဟုတ် အခြားမှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းစာရွက်စာတမ်းများအား သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် အပြည့်အဝ တံဆိပ်ခေါင်းကပ်ပြီး လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူက လက်မှတ်ရေးထိုးဆောင်ရွက်ထားမှ ကုမ္ပဏီသည် လွှဲပြောင်းမှုကို မှတ်ပုံတင်ခြင်းပြုရမည်။ ထို့အပြင် ကုမ္ပဏီသို့ အောက်ပါအချက် အလက်များအား ပေးအပ်ရမည် -

(၁) လွှဲပြောင်းရန် အဆိုပြုထားသည့် အစုရှယ်ယာများ သို့မဟုတ် အကျိုးခံစားခွင့်များအတွက် သက်သေခံချက်ဖြစ်စေမည့် သက်ဆိုင်ရာ အထောက်အထား လက်မှတ်များနှင့်

(၂) လွှဲပြောင်းမှုအကြောင်းကြောင့် ပြည်ပကော်ပိုရေးရှင်းတစ်ခု သို့မဟုတ် အခြားနိုင်ငံခြားသားတစ်ဦးဦး သို့မဟုတ် ၎င်းတို့ပေါင်းစည်းလျက် ကုမ္ပဏီ၏ အစုရှယ်ယာများအပေါ် ပိုင်ဆိုင်မှုအကျိုးခံစားခွင့် တစ်ရပ်ရပ်ကို ရရှိလာခြင်း သို့မဟုတ် ရပ်စဲသွားခြင်းအကြောင်း လွှဲပြောင်းပေးသူ သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ၎င်းတို့နှစ်ဦးလုံးက ပြုလုပ်သည့် ကြေညာချက်။

(ဃ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် သက်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ်တွင်ပါရှိသည့် စည်းကမ်းချက်များ၌ အတိအလင်းအခွင့်အာဏာအပ်နှင်းထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေအရ အခြားနည်းခွင့်ပြုထားလျှင် သို့မဟုတ် ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအား လိုက်နာဆောင်ရွက်ရန် လိုအပ်လျှင် ဒါရိုက်တာအဖွဲ့သည် လွှဲပြောင်းခြင်းအတွက် လျှောက်လွှာနှင့် ဤပုဒ်မအရ လိုအပ်သော အခြားစာရွက်စာတမ်းများကို လက်ခံရရှိပြီးနောက် (၂၁) ရက်အတွင်း လွှဲပြောင်းမှုအား ဖော်ပြထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်၍ ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် (၇) ရက်အတွင်း အကြောင်းပြချက်များကို ထည့်သွင်းဖော်ပြလျက် ငြင်းပယ်သည့် အကြောင်းကြားစာကို လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူများထံသို့ ပေးပို့ခဲ့လျှင် ကုမ္ပဏီသည် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ရန် ငြင်းပယ်နိုင်သည်။

(င) ဤပုဒ်မ၏ ပုဒ်မခွဲ(ဂ) တွင် ပါရှိသည့် မည်သည့်ပြဋ္ဌာန်းချက်ကမျှ အစုရှယ်ယာ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ဥပဒေအရ လွှဲပြောင်းပေးခြင်း ခံရသူ တစ်ဦးဦးအား အစုရှယ်ယာရှင် သို့မဟုတ် ကုမ္ပဏီရှိ မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို လက်ဝယ်ထားရှိသူအဖြစ် မှတ်ပုံတင်စာရင်း ရေးသွင်းနိုင်သည့်ကုမ္ပဏီ၏ အခွင့်အာဏာတစ်ရပ်ရပ်ကို ထိခိုက်စေခြင်း မရှိစေရ။

၈၄။ ပုဒ်မ ၈၃ ပုဒ်မခွဲ(ဂ) နှင့် (ဃ) တို့အား လိုက်နာဆောင်ရွက်ရာတွင် ပျက်ကွက်မှုရှိခဲ့ပါက သိလျက်ဖြင့်ဆောင်ရွက်ခဲ့သည့် ဒါရိုက်တာအားလုံးသည် ပျက်ကွက်မှုဖြစ်ပေါ်သည့် ကာလအတွင်း ပြစ်ဒဏ်ပမာဏ (၃)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရန်တာဝန်ရှိသည်။

၈၅။ လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် လွှဲပြောင်းပေးသူတစ်ဦးဦးစီသည် သိလျက်ဖြင့်ဖြစ်စေ၊ ပေါ့လျော့၍ဖြစ်စေ ပုဒ်မ ၈၃ ပုဒ်မခွဲ (ဂ) အပိုဒ်(၂) အရ ပြုလုပ်သည့် ကြေညာချက်တွင် ကုမ္ပဏီသို့ မမှန်ကန်သော ဖော်ပြချက်တစ်ရပ်ရပ်ပြုလုပ်ပါရှိစေခဲ့လျှင် ထိုသို့ ပြုလုပ်မှုအတွက် ပြစ်ဒဏ်ပမာဏ (၁၅) ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၈၆။ **အစုရှယ်ယာများနှင့် အခြားအကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း မှတ်ပုံတင်ခြင်း**

(က) အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်းအား မှတ်ပုံတင်သည့် (၂၁) ရက်အတွင်း ကုမ္ပဏီသည် သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် လွှဲပြောင်းမှုအကြောင်းကြားစာအား မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်။

(ခ) ထိုသို့လွှဲပြောင်းခြင်းကြောင့် ကုမ္ပဏီသည် နိုင်ငံခြားကုမ္ပဏီတစ်ခုအဖြစ်သို့ ရောက်ရှိသည် သို့မဟုတ် နိုင်ငံခြားကုမ္ပဏီတစ်ခုအဖြစ်မှ ရပ်စဲသည်ဆိုသည်ကို အကြောင်းကြားစာတွင် ဖော်ပြရမည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းသည် အစုရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လွှဲပြောင်းခြင်း၏ တရားဝင်မှုကို ထိခိုက်ခြင်းမရှိစေရ။

၈၇။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၈၆ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် သိလျက်ဖြင့် ဆောင်ရွက်ခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးစီသည် ပြစ်ဒဏ်ပမာဏ (၁၅)ခုထက်မပိုသော ဒဏ်ငွေကို ပေးဆောင်ရမည်။

၈၈။ **တရားဝင်ကိုယ်စားလှယ်ဖြင့်လွှဲပြောင်းခြင်း**

ကုမ္ပဏီရှိ ကွယ်လွန်ခဲ့သော ပါဝင်တစ်ဦးဦး သို့မဟုတ် အခြားအကျိုးခံစားခွင့်ကို လက်ဝယ်ထားရှိသော ကွယ်လွန်သူတစ်ဦးဦး၏ အစုရှယ်ယာ သို့မဟုတ် အခြားသောအကျိုးခံစားခွင့်အား ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်ဖြင့် လွှဲပြောင်းခြင်းသည် ယင်းတရားဝင်ကိုယ်စားလှယ်မှာ အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့် ကုမ္ပဏီပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ မဟုတ်စေကာမူ အဆိုပါလွှဲပြောင်းမှုစာချုပ်အား ချုပ်ဆိုဆောင်ရွက်သည့်အချိန်၌ အကျိုးခံစားခွင့်နှင့် သက်ဆိုင်သည့်ကုမ္ပဏီပါဝင်သူ သို့မဟုတ် လက်ဝယ်ထားရှိသူ ဖြစ်သကဲ့သို့ တရားဝင်စေရမည်။

**အခန်း(၁၃)မှတ်ပုံတင်စာရင်းများနှင့် ကုမ္ပဏီရှိအကျိုးခံစားခွင့်များအား မှန်ကန်ကြောင်း ထောက်ခံခြင်း**

၈၉။ **ပိုင်ဆိုင်ခွင့်အထောက်အထားဖြစ်စေမည့် အစုရှယ်ယာများ၏ သက်သေခံလက်မှတ်**

(က) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက ပိုင်ဆိုင်သည့်အစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဖော်ပြချက်ပါရှိပြီး ပုဒ်မ ၂၉ နှင့်အညီ ကုမ္ပဏီ၏ ရုံးတံဆိပ်ခတ်နှိပ်ထားသော သို့မဟုတ် အခြားနည်းဖြင့် လက်မှတ်ရေးထိုးထားသော သက်သေခံလက်မှတ်တစ်ခုသည် အဆိုပါအစုရှယ်ယာ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်တွင် ဖော်ပြပါရှိသည့် ကုမ္ပဏီတွင်ပါဝင်သူ၏ မှန်ကန်ကြောင်း ထင်ရှားသောပိုင်ဆိုင်ခွင့် အထောက်အထား ဖြစ်စေရမည်။

(ခ) ကုမ္ပဏီ၏အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာများ သို့မဟုတ် အခြားမှတ်ပုံတင်ထားသောအကျိုးခံစားခွင့်များကို ထုတ်ဝေသတ်မှတ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းအား မှတ်ပုံတင်ပြီးနောက် (၂၈) ရက်အတွင်း အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ထုတ်ဝေသတ်မှတ်ထားသော သို့မဟုတ် လွှဲပြောင်းထားသော အစုရှယ်ယာများ၊ ဒီဘင်ချာများ၊ ဒီဘင်ချာစတော့ရှယ်ယာများ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များအားလုံး၏ သက်သေခံလက်မှတ်ကိုထုတ်ဝေခြင်းနှင့် သက်ဆိုင်သောစည်းကမ်းချက်များအား အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိလျှင် ပြီးစီးအောင်ဆောင်ရွက်၍ ပေးအပ်ရန်အတွက် အသင့်ပြုလုပ်ထားရှိရမည်။

(ဂ) ဤပုဒ်မ၏ ပုဒ်မခွဲ (ခ)နှင့်အညီထုတ်ပေးသော သက်သေခံလက်မှတ်အားလုံးတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုမ္ပဏီ၏အမည်၊

(၂) ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းလိပ်စာ၊

(၃) အစုရှယ်ယာသက်သေခံလက်မှတ်နှင့် သက်ဆိုင်လျှင် အစုရှယ်ယာအရေအတွက်၊ အစုရှယ်ယာများ၏အမျိုးအစား၊ အစုရှယ်ယာများအတွက် ပေးချေထားသည့်ငွေပမာဏ၊ အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသည့် ငွေပမာဏရှိခဲ့လျှင် ယင်းငွေပမာဏနှင့် အစုရှယ်ယာများအတွက် ငွေပေးချေပြီးဖြစ်သည့် ရာခိုင်နှုန်းနှင့်

(၄) မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များဖြစ်လျှင် အဆိုပါ ငွေချေးသက်သေခံလက်မှတ်အရေအတွက်၊ အမျိုးအစားနှင့် ပေးချေထားသော ငွေပမာဏ။ အစုရှယ်ယာအဖြစ်လဲလှယ်နိုင်သော ငွေချေးသက်သေခံလက်မှတ်များဖြစ်လျှင် ထိုသို့လဲလှယ်နိုင်မည့်အစုရှယ်ယာ သို့မဟုတ် အခြားသော အကျိုးခံစားခွင့်များ၏ အရေအတွက်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းသည် အစုရှယ်ယာ သို့မဟုတ် မှတ်ပုံတင်ထားသော အကျိုးခံစားခွင့်များကို လက်ဝယ်ထားရှိသူ တစ်ဦးဦး၏ အခွင့်အရေးများကို အကျိုးသက်ရောက်စေခြင်းမရှိစေရ။

၉၀။ **ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း**

(က) ကုမ္ပဏီတစ်ခုအား ဖွဲ့စည်းတည်ထောင်ရန်အတွက် လျှောက်လွှာတွင် ဖော်ပြပါရှိသော ကုမ္ပဏီတွင်ပါဝင်သူများအဖြစ် အမည်ဖော်ပြထားသူများကို ကုမ္ပဏီတွင်ပါဝင်သူများဖြစ်သည်ဟု သဘောတူလက်ခံထားကြောင်း မှတ်ယူရမည်ဖြစ်ပြီး ယင်းကုမ္ပဏီအား မှတ်ပုံတင်သည့်အခါ ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ ၎င်းတို့အား ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ရေးသားဖော်ပြရမည်။

(ခ) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် သဘောတူလက်ခံထား၍ ၎င်း၏အမည်ကို ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြထားသူများသည် ကုမ္ပဏီတွင်ပါဝင်သူများဖြစ်သည်။

(ဂ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီအားလုံးသည် ၎င်းတို့ကုမ္ပဏီတွင်ပါဝင်သူများ၏ နောက်ဆုံးအချက်အလက်များအထိပါရှိသော မှတ်ပုံတင်စာရင်းကို ထားရှိရမည်ဖြစ်ပြီး အောက်ပါ အချက်အလက်များကိုလည်း ယင်းမှတ်ပုံတင်စာရင်းတွင် ရေးသားဖော်ပြရမည်-

(၁) ကုမ္ပဏီတွင်ပါဝင်သူများ၏ အမည်များ၊ နေရပ်လိပ်စာများနှင့် မည်သည့်နိုင်ငံသားဖြစ်သည်ဟူသောအချက်များ၊

(၂) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြသည့် ရက်စွဲနှင့်

(၃) ပုဂ္ဂိုလ်တစ်ဦးအား ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲသည့် ရက်စွဲ။

(ဃ) အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတွင် အစုရှယ်ယာ မတည်ငွေရင်းရှိခဲ့လျှင် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်း၌ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ အောက်ပါတို့ကိုလည်း ဖော်ပြရမည် -

(၁) အစုရှယ်ယာများကိုထုတ်ဝေမှုပြုလုပ်သည့်ရက်စွဲ၊

(၂) ထုတ်ဝေမှုတစ်ရပ်စီတွင် ပါရှိသည့်အစုရှယ်ယာအရေအတွက်၊

(၃) ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးစီက ပိုင်ဆိုင်သည့်အစုရှယ်ယာများ၊

(၄) အစုရှယ်ယာများ၏အမျိုးအစား၊

*(ဆက်လက်ဖော်ပြပါမည်)*